**ဝါစနက** (န) [ဝါစန + ဏ + အ။ ကောတ္ထုဘာ။ ဝါစနေန ကာယတီတိ ဝါစနကံ။ ကပ္ပဒ္ဒုမ။ ဝါစနက-သံ။] (၁) မင်္ဂလာဂါထာကိုရွတ်ဖတ် ခြင်း။ (၂) မင်္ဂလာဂါထာကို ရွတ်ဖတ်ရာမှ ရသော (ဆွမ်း)။ (၁) မဟာသေဋ္ဌိ ဧကော ဗြာဟ္မဏော နိသိန္နော၊ ဗြာဟ္မဏာဝါစနကံ မညေ ဘဝိဿတိ၊ အဟမ္ပိ ဘဝိဿာမိ။ဇာ၊ ၄၊၄။၆၅။ (၂) ကတ္တိကမာသေ ဝါစနကံ လဘိတွာ---- ဝါနရံ သန္ဓာယ ဝဒတိ။ဇာ၊၄၊ ၂။၃၂၅။

**ဝါစနသီသ** (န) [ဝါစန + သီသ] ပို့ချ-သင်ကြား-ပေးခြင်းကို အဦးပြုခြင်း။ ဝါစနသီသေန သိက္ခာပနံ ဒဿိတံ။ဒီ၊ဋီ၊၃။၁၁၂။

**ဝါစနာမဂ္ဂ** (ပု)[ဝါစနာ + မဂ္ဂ]ပို့ချ-သင်ကြား-ပေးအပ်သော-စကား-ပါဠိ-အဋ္ဌကထာ- အစဉ်။

ဝေဒံ ဝိယ သက္ကတဘာသာယ ဝါစနာမဂ္ဂံ အာရောပေမ။ဝိ၊ဋ္ဌ၊၄။၅၆။ အဘိဓမ္မေ ဝါစနာမဂ္ဂေါ နာမ သာရိပုတ္တတ္ထေရပ္ပဘဝေါ။ အဘိ၊ဋ္ဌ၊၁။၁၈။ ဝါစနာမဂ္ဂတော(အဘိ၊ဋ္ဌ၊၁။၆)ပါဠိပ္ပဗန္ဓတော။ အဋ္ဌသာ၊ယော။၁၄။(-ဝိ၊သင်္ဂဟ။၄၄၇။မ၊ဋ္ဌ၊၃။၂၁၀။အဘိ၊ဋ္ဌ၊၃။၄၀၆။သာရတ္ထ၊၁။၁၉။ဒီ၊ဋီ၊၂။၁၂။မူလဋီ၊၁။၁၈)။

ဝါစနာမဂ္ဂနိဿိတ (တိ) [ဝါစနာမဂ္ဂ + နိဿိတ] ပို့ချ-သင်ပြ- ပေးအပ်သော- စကား- ပါဠိ- အဋ္ဌကထာ-အစဉ်ကိုမှီသော။ ဝါစနာမဂ္ဂ-နိဿိတ( ကင်္ခါ။၈၃ )န္တိ ကထာမဂ္ဂနိဿိတံ၊ အဋ္ဌကထာနိဿိတန္တိ အတ္ထော။ ကင်္ခါ၊ဋီ၊သစ်။၁၂၄။

ဝါစယ (ကာ၊ကြိ) [ဝစ + ဏာယ + ဟိ။ ဟိဝိဘတ် ကျေ။ ဝစတိ-မှ။] (သင်)ဆို-ယှဉ်-စေလော့။ ဓတံ မေ ဥပမံ ကတွာ၊ ပုတ္တေ ဝိဇ္ဇာသု ဝါစယ။ ဇာ၊၁။၃၂၈။ သိက္ခိတဗ္ဗယုတ္တာသု သိက္ခာသု ယောဇေဟိ။ဇာ၊ဋ္ဌ၊၄။၄၃၁။

ဝါစယမာန (တိ) [ဝစ+ဏာယ+မာန။ ဝစတိ-မှ။] ရွတ်ဖတ်စေ-ဆိုစေ (ပို့ချ-သင်ပြ)အပ်သော။ ရူပံ ဘိက္ခဝေ အနိစ္စံ ဝေဒနာ အနိစ္စာတိ ဣမံ သုတ္တံ ဝါစယမာနော--ဝါစံ နိစ္ဆာရေတိ။ ဝိ၊ဋ္ဌ၊၃။၈။ကင်္ခါ၊ဋီ၊သစ်။၃၅၀။

ဝါစယိံသု (ကာ၊ကြိ) [ဝစ+ဏာယ+ဥံ။ဝစတိ-မှ။] သင်စေ-ဆိုစေ -ပို့ချ -ကုန်ပြီ။ ဝိနယံ တေ ဝါစယိံသု၊ ပိဋကံ တမ္ဗပဏ္ဏိယာ။ဝိ၊၅။၃၆။ ဝိ၊ဋ္ဌ၊၁။၄၆။ဝိမတိ၊၁။၃၂။

ဝါစယုံ (ကာ၊ကြိ) [ဝစ + ဏာယ+ ဥံ။ဝစတိ-မှ။] သင်စေ- ဆိုစေ- ပို့ချ- ကုန်ပြီ။ ယမေဝ လောကာယတကံ၊ ပရိယာပုဏိံသု ဝါစယုံ။ ဝိ၊၄။၂၈၈။

ဝါစသိက (တိ) [ ဝစ + ဏိက။ ဝစသာ ကတံ ကမ္မံ ဝါစသိကံ။ရူ။၃၇၅။ (နီတိ၊သုတ္တ။၇၆၄။ နိရုတ္တိ။၄၆၃)။ ဝါစာ + ဏိက။ သာရတ္ထ၊၃။ ၂၆၉။ကင်္ခါ၊ဋီ၊သစ်။၁၆၃။ပါစိတ်၊ယော။၂၈၀၊ ၄၁၂။ ဝစသ-သံ။] (၁) ဝစီဒွါရ-နှုတ်-၌ ဖြစ်သော။ (၂) စကား-နှုတ်-ဖြင့်ပြုအပ်သော။ (၃)စကား-နှုတ်-ကြောင့်ဖြစ်သော။ (၁) (၂) သမုဋ္ဌာနာ ဝါစသိကာ အနန္တရဒသိနာ။ ဝိ၊ ၅။၁၇၅။ ဝါစသိကံ ပါဂဗ္ဘိယံ။မဟာနိ။၁၇၅။ ဝါစသိကော အနာစာရော နာမ ဝစီဒွါရေ ပညတ္တိသိက္ခာပဒဝီတိက္ကမော။ ဝိ၊ဋ္ဌ၊၄။၁၆၆။ ကာယေ ဘဝံ ကာယိကံ။ဝါစသိကစေတသိ-ကေသုပိ ဧသေဝ နယော။မဟာနိ၊ဋ္ဌ။၂၉၄။ ( -ဝိ၊၂၂။ဝိ၊၄။၃၁။မဟာနိ။၂၉၅။မိလိန္ဒ။၉၈၊ ၃၃၃။ဝိ၊ဋ္ဌ၊၃။၅၃)။(၃)အာပဇ္ဇေယျ ဝါစသိက (ဝိ၅။၃၇၄။ဝိ၊ဋ္ဌ၊၃။၃၁၇)န္တိ ဝါစတော သမုဋ္ဌိတံ အာပတ္တိံ အာပဇ္ဇေယျ။ သာရတ္ထ၊၃။၂၆၉။ ကင်္ခါ၊ဋီ၊သစ်။ ၁၆၃။ (-ပါစိတ်၊ယော။၂၈၀)။

ဝါစသိကယောဂ (ပု) [ ဝါစသိက + ယောဂ ] ဝစီဒွါရ- နှုတ်- ၌ဖြစ်သော လုံ့လပယောဂ။ ပယောဂေါ ပန ဒုဝိဓော ကာယိကော စ ဝါစသိကော စ ။ ကင်္ခါ။၁၀၈။

ဝါစသိကသီလ (န) [ဝါစသိက + သီလ] ဝစီဒွါရ-နှုတ်-၌ဖြစ်သောသီလ။ အမုသာ အပိသုဏာ ဝါစသိကသီလံ။ မ၊ဋ္ဌ၊၃။၃၀။

ဝါစသိကသုစရိတ (န) [ ဝါစသိက + သုစရိတ ] ဝစီသုစရိုက်၊ ဝစီဒွါရ - နှုတ် - ၌ဖြစ်သော သုစရိုက်။ တတ္ထ ကာယိကသုစရိတံ, ဝါစသိ-ကသုစရိတဉ္စ သီလက္ခန္ဓော။နေတ္တိ၊ဋ္ဌ။၄၀။

ဝါစဿာဒ (ပု) [ဝါစာ + အဿာဒ] ရှုန့်ရင်းသော စကား၌ - သာယာခြင်း-သာယာသောရာဂ။ နိသဇ္ဇာယ အဿာဒေါ နိသဇ္ဇဿာဒေါ၊ ဝါစာယ အဿာဒေါ ဝါစဿာဒေါ။---ဧတ္တ စ နဝဟိ ပဒေဟိ သမ္ပယုတ္တအဿာဒသီ-သေန ရာဂေါ ဝုတ္တော။ ဝိ၊ဋ္ဌ၊၂။၁၁၄။

**ဝါစသာဒရာဂ** (ပု) [ ဝါစသာဒ + ရာဂ ] ရုန့်ရင်းသောစကား၌ သာယာသောရာဂ။ ဝါစသာဒေ ဝါစသာဒရာဂေန မာတုဂါမံ ---- မုစ္စတိ။ ဝိ၊ ၅၊ ၂။ ၁၁၆(-၁၃၃)။

**ဝါစာ** (ထီ) [ဝစ + အ။ဝုစ္စတီတိ ဝါစာ၊သဒ္ဒဝါစာ။ အဘိ၊ ဋ္ဌ၊ ၁။ ၃၆၁။ သံ၊ ဋီ၊ ၁။ ၂၈၅။ ဝုစ္စတိ ဧတာယာတိ ဝါစာ။ ဝိညတ္တိ, ဝိရတိ, စေတနာ။ သံ၊ ဋီ၊ ၁။ ၂၈၅။ ဝစတိ ဧတာယာတိ ဝါစာ။ ပါစိတ်၊ ယော။ ၂။ ဝုစ္စတေတိ ဝါစာ။ အ။ ဓာန်၊ ဋီ။ ၁၀၅။ ဝဒ + ဏ။ ဝဒတိ ဧတာယာတိ ဝါစာ။ သာရတ္ထ၊ ၃။ ၂။ ဝါစာ-သံ။ ဝါယာ-ပြာ၊ အဒ္ဓမာဂဓီ။ ] (၁) စကား၊ စကားသံ၊ ပြောဆို - ရွတ်ဆို - ဟော - အပ်သော အသံ၊ သဒ္ဒဝါစာ။ (၂) နှုတ်၊ ဝစီဝိညတ်၊ ဝစီဒွါရ၊ ဝိညတ္တိဝါစာ။ (၃) သမ္မာဝါစာ၊ ဝိရတိ။ (၄) စေတနာ၊ ဝစီကံ၊ စေတနာဝါစာ။(၅) မိစ္ဆာ-ဝါစာ, သမ္မာဝါစာ။ (၆) (က) ဝစီဒွါရ၌ဖြစ်သော စောင့်စည်းခြင်း ။ (ခ) မဂ်ဟူသော စောင့်စည်းခြင်း၊သမ္မာဝါစာ။ (၇)ဝါစာသုတ် (၂-သုတ်)။ (၁) စကား၊ စကားသံ၊ ပြောဆို-ရွတ်ဆို-ဟော-အပ်သောအသံ၊ သဒ္ဒဝါစာ။ ဝါစာ သုဘာသိတာ ဟောတိ။ သံ၊ ၁။ ၁၉၀။ အံ၊ ၂။ ၂၁၃။ ဝါစာတိ သမုလ္လပနဝါစာ။ သံ၊ ဋ္ဌ၊ ၁။ ၂၄၉။ သမုလ္လပနဝါစာတိ သဒ္ဒဝါစာ။ သံ၊ ဋီ၊ ၁။ ၂၈၅။ဝါစာ ဂိရာ ဗျပ္ပထော။အဘိ၊ ဓ။ ၁၆၈၊ ၁၈၉။ ဝါစာ ဂိရာတိအာဒီသု ဝုစ္စတီတိ ဝါစာ။အဘိ၊ ဋ္ဌ၊ ၁။ ၃၆၁။ ဝါစ(မ၊ ဋ္ဌ၊ ၂။ ၂၆၃)န္တိ ဝစီယောသံ။မ၊ ဋီ၊ ၂။ ၂၈၃။ ဧဝံ သုဘာသိတာ ဝါစာ(မ္မ၊ ၂၀)တိ သုဘာသိတာ ဝါစာ နာမ တေပိဋကံ ဗုဒ္ဓဝစနံ။ မ္မ၊ ဋ္ဌ၊ ၁။ ၂၄၂။ ( -ဝိ၊ ၁။ ၅၄၊ ဒီ၊ ၂။ ၁၂၈။ ဒီ၊ ၃။ ၁၄-၅။ သံ၊ ၁။ ၁၅၉၊ ၃၆၇။ အံ၊ ၃။ ၁၃၀။ အဘိ၊ ပု။ ၁၃၃။ ပဋိသံ။ ၃၇)။

(၂) နှုတ်၊ဝစီဝိညတ်၊ဝစီဒွါရ၊ဝိညတ္တိဝါစာ။ ဝါစာယ သံဝရော္တိ။ ဝိ၊ ၁။ ၉၄။ အတ္ထာပတ္တိ ကာယတော သမုဋ္ဌာတိ၊ န ဝါစတော န စိတ္တတော။ ဝိ၊ ၄။ ၂၁၅။ သိယာ ဝါစတော စ စိတ္တတော စ သမုဋ္ဌာတိ။ ဝိ။ ၅။ ၄။ " ကြမာယ သံယာဋ္ဌိယာ ကထိနံ အတ္ထရာမိ " တိ ဝါစာ ဘိန္ဒိတဗ္ဗာ ။ ဝိ၊ ၅။ ၃၀၉။ ဝါစာယ ဒုစ္စရိတံ စရတိ။ အံ၊ ၁၃၇။ ဝါစာယာတိ ဝစီဒွါရေန စတုဗ္ဗိမံ ဒုစ္စရိတံ စရတိ။ အံ၊ ဋ္ဌ၊ ၂။ ၁၁၈။ ဝါစာယ စေ ကတံ ကမ္မံ။ သံ၊ ဋ္ဌ၊ ၁။ ၂၄၉။(-ဝိ၊ ၄။ ၂၁၄-၅။ ဝိ၊ ၅။ ၂၈-၁၀၊ ၁၄-၅။ သံ၊ ၂။ ၄၁၈။ အဘိ၊ က။ ၁၅၀။ ခုဒ္ဒက။ ၆။ ဝိ၊ ဋ္ဌ၊ ၃။ ၁၀၊ ၁၇-၈၊)။

(၃) သမ္မာဝါစာ၊ ဝိရတိ။ ယာ စတူဟိ ဝစီဒုစ္စရိတေဟိ အာရတိ ဝိရတိ ---- အယံ ဝုစ္စတိ သမ္မာဝါစာ။ အဘိ၊ ဝိ။ ၁၁၃။ ဒိဋ္ဌိသ-င်္ကပ္ပေါ ဝါစာ ------ ဘာဝနာပဋိဝေဓော မဂ္ဂသစ္စံ။ ပဋိသံ။ ၂၉၉။ (၄) စေတနာ၊ဝစီကံ၊ စေတနာဝါစာ။ သမ္ဗဇာနမုသာဝါဒေါ နာမ ဝိသံဝါဒနပုရေက္ခာရဿ ဝါစာ ဂိရာ။ဝိ၊ ၂။ ၂။ ဝါစာတိ မိစ္ဆာဝါစာပရိယာပန္နဝစနသမုဋ္ဌာပိ-ကာ စေတနာ။ဝိ၊ ဋ္ဌ၊ ၃။ ၂ ။ဝဒတိ ဧတာယာတိ ဝါစာ၊ ဝစနသမုဋ္ဌာပိကာ စေတနာ။သာရတ္ထ၊ ၃။ ၂။ ပိသုဏံ ဝါစံ ပဟာယ, ပိသုဏာယ ဝါစာယ ပဋိဝိရတော သမဏော ဂေါတမော။ ဒီ၊ ၁။ ၄။ တေသံ မူလဘူတာ စေတနာပိ ပိသုဏာဝါစာဒိနာမမေဝ လဘတိ၊ သာ ဧဝ ဣဓာဓိပ္ပေတာ။ ဒီ၊ ဋ္ဌ၊ ၁။ ၇၃။ ဖရုသဝါစာ ဘိက္ခဝေ အာသေဝိတာ ဘာဝိတာ ဗဟုလီ-ကတာ နိရယသံဝတ္တနိကာ။ အံ၊ ၃။ ၇၈။ ယာ သာ ဝါစာ အဏ္ဍကာ ကက္ကသာ ပရကဋုကာ --- တထာရူပိ ဝါစံ ပဟာယ။အဘိ၊ ဓ။ ၂၆၀။ ဧတ္ထ စ ဝါစ(နေတ္တိ။ ၁၆၁)န္တိ စတ္တာရိ ဝစီသု-စရိတာနိ ဂဟိတာနိ။နေတ္တိ၊ ဋ္ဌ။ ၂၆၅။ (-ဝိ၊ ၅။ ၂၂၇။ ဒီ၊ ၁။ ၆၀။ မ၊ ၁။ ၃၅၆-၃၅၈။ မ၊ ၂။ ၅၅-၇။

ဓမ္မ။၂၇။သုတ္တနိ။၂၉၈-၉။ဒီဋ္ဌ၊၃။၁၆၃။အဘိ၊
ဋ္ဌ၊၁။၄၂၅။ဓမ္မ၊ဋ္ဌ၊၁။၃၉၅)။
(၅)မိစ္ဆာဝါစာ, သမ္မာဝါစာ။ ဝါစာတိပိ န
ဟောတိ(မ၊၂။၂၁၆)တိ မိစ္ဆာဝါစာ သမ္မာဝါ-
စာတိပိ နာနတ္တံ န ဟောတိ။ မ၊ဋ္ဌ၊၃။၁၈၄။
(၆)(က) ဝစီဒွါရ၌ဖြစ်သော စောင့်စည်းခြင်း။
(ခ) မဂ်ဟူသော စောင့်စည်းခြင်း၊သမ္မာဝါစာ။
ကာယေန သံဝုတာ အာသိံ၊ ဝါစာယ ဥဒ
စေတသာ။ ထေရီ။၃၇၉။ ဝါစာယာတိ
ဝါစသိကေန သံဝရေန သံဝုတာ အာသိန္တိ
ယောဇနာ။ ---- အပရော နယော -----
ဝါစာယာတိ သမ္မာဝါစာယ သင်္ဂသော မိစ္ဆာ-
ဝါစာယ ပဟာနာ မဂ္ဂသံဝရေနေဝ ဝါစာယ
သံဝုတာ အာသိန္တိ အတ္ထော။ ထေရီ၊ဋ္ဌ။၂၂။
(၇) ဝါစာသုတ် (၂-သုတ်)။ ဒိဋ္ဌိဝါစာယ
ဝါယမာ။ အံ။၂။၁၂၅။ သုပိနာ စ ဝဿာ
ဝါစာ။ အံ၊၂။၂၁၅။

ဝါစာအသံဝရ (ပု) [ဝါစာ + အသံဝရ] ဝစီဒွါရ၌ (ဖြစ်သော) မစောင့်စည်းခြင်း။ စောပနာကာ-ယအသံဝရော ဝါစာအသံဝရော မနောအ-သံဝရော ---- ယဒါ တာဒိသံယေဝ ဇဝနံ ဝိနာ---စောပနဿ ဥပ္ပန္နတ္တာ "မနောဒွါ"န္တိ သင်္ချံ န ဂစ္ဆတိ။ ဧတ္ထ အသံဝရော ဝါစာအ-သံဝရော နာမ။အဘိ၊ဋ္ဌ၊၁။၁၃၈-၉။(-နေတ္တိ၊ ဋ္ဌ။၁၇၉။နေတ္တိ၊ဝိ။၂၄၈)။

ဝါစာအသံဝရဒွါရ (န) [ ဝါစာအသံဝရ + ဒွါရ ။ ဝါစာ + အသံဝရဒွါရ ] (က) ဝစီဒွါရ၌ဖြစ်သော မစောင့်စည်းခြင်း၏ဒွါရ။ (ခ) ဝစီဒွါရ ဟု ဆိုအပ်သော မစောင့်စည်းခြင်း၏ ဖြစ်ရာ ဒွါရ။ (က) (ခ) စောပနကာယအသံဝရဒွါရ-ဝသေန ပန ဝါစာအသံဝရဒွါရဝသေန စ ဥပ္ပဇ္ဇတိ။အဘိ၊ဋ္ဌ၊၁။၁၄၈။ (-၁၃၉။မူလဋီ၊၁။ ၈၂။အနုဋီ၊၁။၈၇)။

ဝါစာကတ (တိ) [ဝါစာ + ကတ] (မုသား)စကား ဖြင့် (ကြံ၍) ပြုအပ်သာ။ ဝါစာကတာ (ဇာ၊ ၂။၂၃၉) တိ ဧတေ မန္တာ နာမ မုသာဝါဒေန စိန္တေတွာ ကတာ။ဇာ၊ဋ္ဌ၊၇။၆၆။

ဝါစာကမ္မ (န) [ဝါစာ + ကမ္မ] နှုတ်-ဝစီဝိညတ်-ဖြင့်ပြုအပ်သောအမှု၊ ဝစီကံ။ အဒိန္နာဒါနံ သင်္ဃဠ တဒုပနိဗ္ဗဒ္ဓံ ဝါစာကမ္မံ ဥပဋ္ဌပေတိ။ ပေဋကော။ ၁၉၄၊၂၇၉။ ကာယကမ္မံ သုစိ နေသံ၊ ဝါစာကမ္မံ အနာဝိလံ။ဓမ္မ၊ဋ္ဌ၊၂။၂၉၂။ အံ၊ဋီ၊၂။၂၅၃။

ဝါစာကမ္မန္တ (ပု) [ ဝါစာ + ကမ္မန္တ ] သမ္မာဝါစာ, သမ္မာကမ္မန္တ။ ( သမ္မာဝါစာစေတသိက်နှင့် သမ္မကမ္မန္တစေတသိက် )။ ဝါစာကမ္မန္တေသု ဂဟိတေသု ဂဟိတောဝ ဟောတိ တပ္ပက္ခိ-ကတ္တာ။အဘိ၊ဋ္ဌ၊၁။၂၆၄။(-ပဋိသံ၊ဋ္ဌ၊၁။၁၈၂။ သံ၊ဋ္ဌ၊၁။၄၆။သံ၊ဋီ၊၁။၈၉)။

ဝါစာကမ္မန္တာဇီဝ (ပု) [ဝါစာ + ကမ္မန္တ + အာဇီဝ] သမ္မာဝါစာ , သမ္မာကမ္မန္တ , သမ္မာအာဇီဝ။ သီလန္တိ ဝါစာကမ္မန္တာဇီဝါ။မ၊ဋ္ဌ၊၄။၂၃၁။သံ၊ဋ္ဌ၊ ၁။၈၄။ နေတ္တိ၊ဋ္ဌ။၂၃၉။ ဝါစာကမ္မန္တာဇီဝါတိ သမ္မာဝါစာကမ္မန္တာဇီဝါ မဂ္ဂပရိယာပန္နာ ဧဝ။ မ၊ဋီ၊၃။၄၁၉။ (-မဟာနိ၊ဋ္ဌ။၇၁)။

ဝါစာကမ္မပါရိသုဒ္ဓိ (ထီ) [ဝါစာကမ္မ + ပါရိသုဒ္ဓိ ] ဝစီကံ၏ စင်ကြယ်ခြင်း၊ နှုတ်- ဝစီဝိညတ်-ဖြင့် ပြုအပ်သောအမှု၏ စင်ကြယ်ခြင်း။ ---- ဝါစာကမ္မပါရိသုဒ္ဓိ မနောကမ္မပါရိသုဒ္ဓိ။ ပေဋကော။ ၂၁၆။

ဝါစာကမ္မာဓိဋ္ဌာန (န) [ ဝါစာကမ္မ + အဓိဋ္ဌာန ] ဝစီကမ္မာဓိဋ္ဌာနသုတ်၊ ဝစီကံလျှင် တည်ရာရှိသောသုတ်။ တတ္ထ ကတမံ ဝါစာကမ္မာဓိ-ဋ္ဌာနံ။ သုဘာသိတံ ဥတ္တမမာဟု သန္တော၊ ---- စတ္တာရိမာနိ စ ဝစီသုစရိတာနိ။ ဣဒံ ဝါစာကမ္မာဓိဋ္ဌာနံ။ ပေဋကော။၂၁၆။

**ဝါစာကလဟ** (ပု) [ဝါစာ + ကလဟ] နှုတ်ဖြင့် ငြင်းခုံခြင်း။ ကလဟောတိ ကာယကလဟောပိ ဝါစာကလဟောပိ။ အံ၊ဋ္ဌ၊၃။ ၂၇၄။ အဘိ၊ဋ္ဌ၊၂။၄၉၅။သာရတ္ထ၊၃။၄၈၀။ မမ္မယဋ္ဌနာဒိဝသေန ဝါစာယ ကာတဗ္ဗော ကလဟော ဝါစာကလဟော။အံ၊ဋီ၊၃။ ၂၉၃။ (-ပဋိသံ၊ဋ္ဌ၊ ၁။၁၁၂။မဟာနိ၊ဋ္ဌ။ ၂၂၇)။

**ဝါစာဂဏနာ** (ထီ) [ဝါစာ + ဂဏနာ] စကားကို ရေတွက်ခြင်း၊ စကားအရေအတွက်။ ----- ဝါစာဂဏနာယ စေဝ ဣတ္ထိဂဏနာယ စ အာပတ္တိယော။ ကင်္ခါ။၁၃၀။

**ဝါစာဂိရာ** (ထီ) [ ဝါစာ + ဂိရာ။ ဝိ၊ဋ္ဌ၊၄။ ၂၃၈။ သာရတ္ထ၊၃။ ၂၆၉။ကင်္ခါ၊ဋီ၊သစ်။၁၆၃။ပါစိတ်၊ ယော ။၂၈၀၊ ၆၃၁- တို့အလိုမူ ဝါစာ-ကို ဝါစာယ ဖွင့်ရကား ဝါကျသာ။ ] (၁)ဝါစာဟု ဆိုအပ်သော စကား။ (၂) နှုတ်မြွက်ခြင်း၊ စကားပြောဆိုခြင်း၊ စကားကို အဖန်ဖန်ပြော ဆိုခြင်း၊ အဖန်ဖန်ပြောဆိုအပ်သောစကား။ (ဝါကျကြံခိုက် အနက်ပေးပုံ--ဝါစာ=ဝါစာယ၊ နှုတ်ဖြင့်။အနာလပန္တော၊ မပြောမဆို။ဂိရံ စ၊ အသံကိုလည်း။ နော စ ဘဏေယျ။ မမြွက် မဆို။ဟု ပေးပါ။ (၁) (၂) အနာလပန္တော မနုဇေန ကေနစိ၊ ဝါစာဂိရံ နော စ ပရေ ဘဏေယျ။ ဝိ၊၅။၃၇၄။ အဘိ၊ဋ္ဌ၊၁။၁၃၆။ ဝါစာဂိရန္တိ ဝါစာသင်္ခါတံ ဂိရံ, ဝါစာနုစ္ဆာရဏံ ဝါ။ မူလဋီ။၁။၇၈။

**ဝါစာဂေါစရ**[၁] (တိ) [ဝါစာ + ဂေါစရ] (ငြင်းခုံသည်၏အစွမ်းဖြင့်ဖြစ်သော) စကားလျှင်ကျက်စားရာအာရုံရှိသော၊ စကားကိုသာ အာရုံ စိုက်သော၊သူ။ ပရိမုဋ္ဌာ ပဏ္ဍိတာသာ၊ ဝါစာဂေါစရဘာဏိနော။ ဝိ၊၃။၄၉၆။ မ၊၃။၁၉၂။ ဥဒါန။ ၁၅၀။ဇာ၊၁။ ၁၈၈။ ဝါစာဂေါစရဘာဏိနောတိ ရာကာရဿ ရဿာဒေသော ကတော၊ ဝါစာဂေါစရာ န သတိပဋ္ဌာနာဒိဂေါစရာ, ဘာဏိနော စ။ဝိ၊ဋ္ဌ၊၃။၄၃၃။(-မ၊ဋ္ဌ၊ ၄။၁၄၆။ ဥဒါန၊ ဋ္ဌ။ ၂၉၀။ ဇာ၊ ဋ္ဌ၊၃။၄၆၅ )။ ကလဟဝသေန ပဝတ္တဝါစာယေဝ ဂေါစရာ ဧတေသန္တိ ဝါစာဂေါစရာ။သာရတ္ထ၊၃။၃၅၀။ မ၊ဋီ၊၃။၃၄၉။

**ဝါစာဂေါစရ**[၂] (ပု) [ဝါစာ + အဂေါစရ](အရိယာတို့၏) စကား၏ ကျက်စားရာ မဟုတ်သော မုသာဝါဒ။ အောက်ပုဒ်ကြည့်။

**ဝါစာဂေါစရဘာဏီ** (တိ) [ဝါစာဂေါစရ + ဘဏ+ ဏီ] (၁)စကားလျှင်ကျက်စားရာ အာရုံရှိသည် ဖြစ်၍ ပြောဆိုတတ်သော၊သူ။ (၂) စကား၏ ကျက်စားရာမဟုတ်သော မုသာဝါဒကိုပြော ဆိုတတ်သော၊သူ။ (၁) (၂) ဝါစာဂေါစရဘာဏိနော (ဥဒါန။၁၅၀)တိ ယေသံ ဝါစာ ဧဝ ဂေါစရော ဝိသယော၊ တေ ဝါစာဂေါစရဘာဏိနော၊ ဝါစဝတ္ထုမတ္တသေဝ ဘာဏိနော အတ္ထဿ အပရိညာတတ္တာ။အထ ဝါ ဝါစာယ အဂေါစရံ အရိယာနံ ကထာယ အဝိသယံ မုသာဝါဒံ ဘဏန္တီတိ ဝါစာဂေါစရဘာဏိနော။---အထ ဝါ ဝါစာဂေါစရာ ဧဝ ဟုတွာ ဘာဏိနော၊ သယံ အဇာနိတွာ ပရပတ္တိကာ ဧဝ ဟုတွာ ဝတ္တာရောတိ အတ္ထော။ဥဒါန၊ဋ္ဌ။ ၂၉၀။

**ဝါစာဒုရုတ္တ** (န) [ဝါစာ + ဒုရုတ္တ] မကောင်းသဖြင့် ဆိုအပ်သောစကား။ ဝါစာဒုရုတ္တာနိ မနုဿလောကေ ။ ဇာ၊၁။၉၅။ ဇာ၊ဋ္ဌ၊၃။၁၅။ ဝါစာဒုရုတ္တာနိပိ တေ ခမာမိ။ဇာ၊၁။ ၂၃၀။

**ဝါစာဒေါသဘယဋ္ဋိတ** (တိ) [ဝါစာ + ဒေါသ + ဘယ + အဋ္ဋိတ ] နှုတ်ဒဏ်ထားခြင်းဘေး, အမျက်ထွက်ခြင်းဘေးဖြင့် နှိပ်စက်အပ်သော။ ဝါစာဒေါသဘယဋ္ဋိတာ။အပ၊၂။ ၂၉၄။ထေရီ။ ၄၀၆။ ဝါစာဒေါသဘယဋ္ဋိတာတိ ဝစီဒဏ္ဍ-

ဘယေန စေဝ ဒေါသဘယေန စ အဋ္ဋိတာ ပိဋ္ဋိတာ။ ထေရီဋ္ဌ။၂၁၀။

ဝါစာနိစ္ဆာရဏ (န) [ ဝါစာ + နိစ္ဆာရဏ ] နှုတ်မြွက်ခြင်း၊ စကားကို-မြွက်ဆို-ပြောဆို-ခြင်း။ ဇာတကဋ္ဌကထာ ဧဝ ဟတ္ထံ ပသာရေတွာ "ဒါနံ ဒဿာမိ၊ အတ္ထိ ကိဉ္စိ " တိ ဝါစာနိစ္ဆာရဏံ။ စရိယာ၊ဋ္ဌ။၁၀၃။(-မဋ္ဌီ၊၁။၃၂၅။မဋ္ဌီ၊၂။၂၈၃)။

ဝါစာနိပုဏ (ပု) [ဝါစာ + နိပုဏ]စကားဖြင့်သိမ်မွေ့သူ။ အဿီကလယော၊ ဝါစာနိပုဏော။ ရူ။၁၉၄-နှာ။

ဝါစာနုစ္စာရဏ (န) [ဝါစာ + အနုစ္စာရဏ (အနု+ ဥစ္စာရဏ။] ဝါစာဂိရာ၂- ကြည့်။

ဝါစာနုရက္ခီ (တိ) [ဝါစာ + အနုရက္ခီ (- အနု + ရက္ခ + ဏီ။] နှုတ်ကိုစောင့်စည်းလေ့ရှိသော၊ သူ။ ဝါစာနုရက္ခီ မနသာ သုသံဝုတော။ဓမ္မ။ ၅၃။ နေတ္တိ။၁၅၈။ စတုန္နံ ဝစီဒုစ္စရိတာနံ ဝဇ္ဇနေန ဝါစာနုရက္ခီ။ဓမ္မဋ္ဌ၊၂။၂၆၁။(-နေတ္တိ၊ ဋ္ဌ။၂၆၁။နေတ္တိ၊ဝိ။၃၃၉)။

ဝါစာနုရူပ (တိ) [ဝါစာ + အနုရူပ] စကားအား လျော်သော။ အရိယဝေါဟာရဝသေနေဝ ပဝတ္တာဝါစာ, ဝါစာအနုရူပဥ္စ ပဝတ္တကာယာ, ကာယာနုရူပဥ္စ ပဝတ္တာဝါစာ။ ဣတိဝုတ်၊ဋ္ဌ။ ၂၀၆။

ဝါစာပဋိဗဒ္ဓ (တိ) [ဝါစာ + ပဋိဗဒ္ဓ] စကားနှင့် စပ်သော။ ဝစသာယတ္တေတိ ဝစသာ အာယတ္တေ၊ ဝါစာပဋိဗဒ္ဓတ္တေတိ ဝဒန္တိ။သီဋ္ဌီ၊သစ်၊ ၂။၁၉၄။

ဝါစာပဋိသန္ထာရ (ပု) [ဝါစာ + ပဋိသန္ထာရ] နှုတ်-စကား-ဖြင့်-ပျူငှါလောကဝတ်-အစေ့အစပ်-ပြုခြင်း။ အထေတံ ဝါစာပဋိသန္ထာရံ ဥပါဒါယ ဧဝမဝေါစုမှ။ မိလိန္ဒ။၉။

ဝါစာပတောဒ (ပု) [ဝါစာ + ပတောဒ] စကား ဟူသော-နှင်တံ-တပြာ၊ နှင်တံ-တပြာ- နှင့် တူသောစကား။ ဝစနပတောဒ-လည်းကြည့်။ ဝါစာပတောဒေန ယဋ္ဌေတိ။ ဝိဋ္ဌ၊၂။၁၃၃။

ဝါစာပတောဒန (န) [ဝါစာ + ပတောဒန] ဝါစာ-ပတောဒ-ကြည့်။ တီသသတမတ္တာ ပရိဗ္ဗာဇကာ ဝါစာပတောဒနေဟိ တုဒိံသု။ ဒီဋ္ဌီ၊၁။ ၃၇၆။

ဝါစာပမာဏ (န) [ ဝါစာ + ပမာဏ ] စကား ပမာဏ၊ စကား၏-အတိုင်းအရှည်-ပမာဏ။ ဧဝံ သဗ္ဗတ္ထ ဝါစာပမာဏံ ဝေဒိတဗ္ဗံ။ ဝိဋ္ဌ၊၃။ ၁၆။ ကခ်ါ။၁၉၄။

ဝါစာပယတိ (ကာ၊ကြိ) [ဝစ + ဏာပယ +တိ ] ဆို- ရွတ်- ဖတ်- စေ၏။ ပို့ချ - သင်ပြ-၏။ ဝါစာပေတိ ဝါစာပယတိ။ရူ။၅၄၃။

ဝါစာပရိစိတဗုဒ္ဓဝစနဓမ္မ (ပု) [ဝါစာ + ပရိစိတ+ ဗုဒ္ဓ + ဝစန + ဓမ္မ] နှုတ်ဖြင့်လေ့ကျက်အပ်ပြီးသော မြတ်စွာဘုရား၏ စကားတော်တည်းဟူသော တရား။---- ယေပိ ပုဗ္ဗေ သဇ္ဈာယ-မူလိကာ ဝါစာပရိစိတဗုဒ္ဓဝစနဓမ္မာ။ အံ၊ဋ္ဌ၊ ၂။၃၆၄။

ဝါစာပရိစ္ဆေဒ (ပု) [ဝါစာ + ပရိစ္ဆေဒ] စကား၏ အပိုင်းအခြား။ ဝါစာပရိစ္ဆေဒေါ ပနေတ္ထ ကထံ ဝေဒိတဗ္ဗော။ကခ်ါဋ္ဌီ၊သစ်။၃၅၃။

ဝါစာပရိညာ (ထီ) [ဝါစာ + ပရိညာ] စကားကို ပိုင်းခြား၍သိခြင်း။ ဝါစာပရိညာ ဝစီမော-နေယျံ။မဟာနိ။၄၄၊၂၆၀။ စူဠနိ။၇၃။ ဒီဋ္ဌ၊၃။ ၁၈၆။ တဿာ ဝါစာယ သမုဒယာဒိတော ပရိဇာနနံ ဝါစာယ ပရိညာ။ဒီဋ္ဌီ၊၃။၂၁၅။အံ၊ဋ္ဌီ၊၂။၂၀၈။

ဝါစာပရိယန္တ (ပု) [ ဝါစာ + ပရိယန္တ ] စကား အပိုင်းအခြား။ ယသ္မိံ ပရေ ဝါစာပရိယန္တံ ဝဒန္တိ။သုတ္တနိ။၃၁၀။သုတ္တနိ၊ဋ္ဌ၊၁။၂၅၂။

ဝါစာပရိယောသာန (န) [ဝါစာ+ပရိယောသာန] စကား၏ပြီးဆုံးခြင်း၊ စကားကိုပြီးဆုံးစေခြင်း။

ဂမနာယ ကတံ ဝါစာပရိယောသာနံ ကတွာ။ သီ၊ဋီ၊သစ်။ ၂။၁၉၄။

**ဝါစာပါဂဗ္ဗိ( ဗ္ဘိ )ယ** (န) [ဝါစာ+ ပါဂဗ္ဘိယ။ဝါစာ+ ပါဂဗ္ဘိယ-ပြာ။] နှုတ်ကြမ်းတမ်း ခက်မာခြင်း၊ မသင့်တင့်သော စကားကို မြွက်ဆိုခြင်း။ ဝစီပါဂဗ္ဘိယ-ကိုလည်းကြည့်။ ပဂဗ္ဘောတိ ဝါစာပါဂဗ္ဗိယေန သမန္နာဂတော။ အံ၊ဋီ၊ ၂။ ၃၆၁။(-ဇာ၊ဋ္ဌ၊၁။၃၀၆)။

**ဝါစာပိတ** (တိ) [ဝစ + ဏာပေ + တ။ နိရုတ္တိ။ ၆၅၁။] ရွတ်ဆိုစေအပ်ပြီးသော၊ သင်ပြ-ပို့ချ-အပ်ပြီးသော။ တေဟိ ဝါစာပိတံ မန္တပဒံ။ သီ၊ဋီ၊သစ်၊ ၂။ ၂၇၃။

**ဝါစာပေတိ** (ကာ၊ကြိ) [ ဝစ + ဏာပေ + တိ။ ဝစတိ-မှ။ ရူ။၅၄၃။နီတိ၊ဓာတု။၃၁။ ] ပြော-ဆို- ရွတ်အံ - ရွတ်ဖတ် - စေ၏ - ခိုင်း၏။ ပဝေဏိပေါတ္ထကံ ဝါစာပေတိ။ ဒီ၊ဋ္ဌ၊ ၂။၁၀၉။ (-အံ၊ဋီ၊၃။၁၆၀)။ ဝါစာပေတိ-ဒီ၊ဋ္ဌ၊ ၂။၁၀၉။ အံ၊ဋီ၊၃။၁၆၀။ ဝါစာပေထ-မ၊ဋ္ဌ၊၁။ ၂၄၁။ ဝါစာပေသိ-အံ၊ဋ္ဌ၊ ၂။၁၀၇။ ဝါစာပေသာမ-သာရတ္ထ၊၃။၃၂၉။

**ဝါစာပေတွာ** (ကာ၊ကြိ၊ဝိ) [ ဝစ+ဏာပေ+တွာ ] ပြော-ဆို-ရွတ်အံ-ရွတ်ဖတ်- စေ၍၊ ပို့ချ၍။ ဓမ္မံ ဝါစာပေတွာ ( ဝိ၊ဋ္ဌ၊၁။၃၀၆ ) တိ ဓမ္မံ ကထာပေတွာ။သာရတ္ထ၊ ၂။၁၄၉။---ပဝေဏိ-ပေါတ္ထကံ ဝါစာပေတွာ အနုစ္ဆဝိကမေဝ ဒဏ္ဍံ ပဝတ္တယန္တိ။ အံ၊ဋ္ဌ၊၃။၁၅၃။

**ဝါစာပေထ** (ကာ၊ကြိ) [ ဝစ + ဏာပေ + ထ ] (သင်တို့) ရွတ်ဖတ်စေ-သင်ကြား-ပို့ချ-ဟော ကြား-ကုန်လော့။ ဇေ ပဗ္ဗဇိတံ ပဏ္ဍော-သာပေတွာ ဓမ္မံ ဝါစာပေထ။မ၊ဋ္ဌ၊၁။ ၂၄၁။

**ဝါစာပေယျ** (န) [ ဝါစာပိယ(=ဝါစာ + ပိယ) + ဏျ] (က) နူးညံ့-သိမ်မွေ့-ပြေပြစ်-ချစ်ဘွယ်-သောစကားကိုပြောဆိုခြင်း။ (ခ) ချစ်ဘွယ်သောစကား။ (က) (ခ) ကေန ဝါ ဝါစာပေ-ယျေနာ (ဇာ၊ ၂။၃၆၆) တိ ဗြာဟ္မဏ ကေန ပိယဝစနေန တေ တယာ လဒ္ဓါ။ ဇာ၊ဋ္ဌ၊၇။ ၃၆၂။ “ တာတ မာတုလာ ” တိအာဒိနာ နယေန သဏှဝါစာဘဏနံ ဝါစာပေယျံ နာမ၊ ပိယဝါစာတိ အတ္ထော။သံ၊ဋ္ဌ၊၁။၁၃၃။အံ၊ဋ္ဌ၊၃။ ၁၉၄။ ဝါစာယ ပိယသ္သ ပိယကရဿ ကမ္မံ ဝါစာပေယျံ။ သံ၊ဋီ၊၁။၁၇၉။ ဝါစာယ ပိယံ ဝါစာပိယံ၊ တဿ ကမ္မံ ဝါစာပေယျံ။ အံ၊ဋီ၊ ၃။ ၂၀၄။ (-ကင်္ခါ၊ဋ္ဌ။ ၈၉)။

**ဝါစာပေသိ** (ကာ၊ကြိ) [ ဝစ + ဏာပေ + ဤ ] ပြောဆို- ရွတ်အံ- ရွတ်ဖတ်- စေပြီ- ခိုင်းပြီ။ အမစ္စော သုဝဏ္ဏပဋ္ဋံ ဂဟေတွာ သကလန-ဂရေ ဝါစာပေသိ။ ဇာ၊ဋ္ဌ၊၄။ ၂၅၈။ (-အံ၊ဋ္ဌ၊ ၂။ ၁၀၇။စရိယာ၊ဋ္ဌ။၁၄၄)။

**ဝါစာပေသာမ** ( ကာ၊ကြိ ) [ ဝစ + ဏာပေ+ သာမ ] (ငါတို့) ပြော-ဆို-ရွတ်အံ-ရွတ်ဖတ်-စေကုန်အံ့-ခိုင်းကုန်အံ့။ တံ မယံ နဂရမင်္ဂလံ ဝါစာပေသာမ။ သာရတ္ထ၊၃။၃၁၉။

**ဝါစာဖန္ဒိတ** (န) [ ဝါစာ + ဖန္ဒိတ ] နှုတ်၏တုန်လှုပ်ခြင်း၊ နှုတ်ကို တုန်လှုပ်စေခြင်း၊နှုတ်ဖြင့်-တုန်လှုပ်-လှုပ်ရှား-ခြင်း။ သုခသေယျပုစ္ဆန-ဝသေန ဝါစာဖန္ဒိတာနိ --- ဘဝိဿန္တိ။ ဇာ၊ဋ္ဌ၊၃။ ၂၃။

**ဝါစာဘာသန** (န) [ဝါစာ + ဘာသန] စကားကို ပြောဆိုခြင်း (စကားပြောခြင်း)။ မဂ္ဂက္ခဏေ တထာ ဝါစာဘာသနံ ဉာဏပ္ပဝတ္တိဥ္စ သန္ဓာယ ပဋိညာ ကတာရဿ။ အဘိ၊ဋ္ဌ၊၃။ ၂၂၆။

**ဝါစာဘိဂီတ** (တိ) [ဝါစာ + အဘိဂီတ] နှုတ်ဖြင့်-ပြောဆို-လျှောက်ထား-အပ်သော။ ဝါစာဘိ-ဂီတ (ဝိမာန။၈၁) န္တိ ဝါစာယ အဘိဂီတံ။ ဝိမာန၊ဋ္ဌ။ ၂၂၉။

**ဝါစာဘိလာပ** (ပု) [ဝါစာ + အဘိလာပ] စကား

ပြောဆိုခြင်း။ ဝါစာဘိလာပေါ အဘိသဇ္ဇနာ ဝါ ။ သုတ္တနိ။ ၂၈၇။အပ၊၁။၁၁။ သုတ္တနိ၊ဋ၁။ ၈၇။---- မမ ဝါစာဘိလာပေါ, တသ္မိံ သိနေဟဝသေန အဘိသဇ္ဇနာ စ ဇာတာ။သုတ္တနိ၊ ဋ၁။၈၇။အပ၊ဋ၁။၁၅၁၊၁၉၆။

ဝါစာဘိဟာရ (ပု) [ဝါစာ + အဘိဟာရ။ဝါစာယ အဘိဟာရော ဝါစာဘိဟာရော။ မဋီ၊၂။ ၁၉၈။အံဋီ၊၃။၃၆၈။] နှုတ်(စကား)ဖြင့် ရှေးရှုဆောင်ခြင်း။ တတ္ထ ကာယာဘိဟာရော, ဝါစာဘိဟာရောတိ ဒုဝိဓော အဘိဟာရော။ ဝိ၊ဋ၊၂။၂၄၉။ ဝါစာဘိဟာရော နာမ မနုဿာ ဘိက္ခုဿ သန္တိကံ ဂန္တွာ---- ပဝါရေန္တိ။မ၊ဋ၊ ၂။၁၆၆။ အံ၊ဋ၊၃။၃၅၅။ ( -သာရတ္ထ၊၃။၆၁။ ဝိမတိ၊၂။၃၀)။

ဝါစာမတ္တ (န) [ဝါစာ + မတ္တ] စကားမျှ၊ စကား သက်သက်။ ဥပေက္ခော စ န ဝါစာမတ္တေန။ ဒီ၊ဋီ၊၁။၂၈၄။သီ၊ဋီ၊သစ်၊၂။၁၉၂။

ဝါစာမတ္တက (န) [ဝါစာမတ္တ + က] ဝါစာမတ္တ-ကြည့်။ ကိဉ္စာပိ မေ ဧတေန ဝါစာမတ္တကေန ---- ဝဒတိ။ စရိယာ၊ဋ၊၂၄၃။

ဝါစာမုနိ (ပု) [ ဝါစာ + မုနိ ] ဝစီမုနိ-ကြည့်။ ကာယမုနိံ ဝါစာမုနိံ မနောမုနိမနာသဝံ။ မဟာနိ။၄၄။ ဝစီဒုစ္စရိတပ္ပဟာနဝသေန ဝါစာမုနိ။ မဟာနိ၊ဋ၊၁၅၂။

ဝါစာယတ (တိ) [ ဝါစာ + ယတ ] (၁) နှုတ်စောင့်စည်းသော၊ နှုတ်-ဝစီဒွါရ-ဖြင့်-စောင့်စည်း- ငြိမ်းအေး- သော၊ အပြစ်ကင်းသော စကားကို ပြောဆိုတတ်သော၊သူ။ (ပု) (၂) နှုတ်- ဝစီဒွါရ- ဖြင့်စောင့်စည်းခြင်း။ (၁) ဝါစာယတော (မဟာနိ။၁၆၅) တိ ယတ္တော ပရိယတ္တော ဂုတ္တော ဂေါပိတော ရက္ခိတော ဝူပသန္တော။မဟာနိ။၁၆၉။ သ ဝေ ဝါစာယတော(သုတ္တနိ။၄၁၂။မဟာနိ။၁၆၅)တိ သော ဝါစာယ ယတော သံယတော စတုဒေါသဝိရဟိတဝါစံ ဘာသိတာ ဟောတိ။ သုတ္တနိ၊ ဋ၊၂။၂၆၄။ မဟာနိ၊ဋ။၂၇၉။(ပု)(၂)အောက် ပုဒ်ကြည့်။

ဝါစာယတပဝတ္တိတ (တိ) [ဝါစာယတ+ပဝတ္တိတ] နှုတ်စောင့်စည်းခြင်းသည် ဖြစ်စေအပ်သော။ ဝါစာယတပဝတ္တိတဘာဝတော "အနုပဋ္ဌိပါဋိယာဝ ကိတ္တယိဿာမိ" တိ ဝဒတိ။ ဒီ၊ဋီ၊ ၂။၂၄၀။

ဝါစာယုတ္တိ (ထီ) [ဝါစာ + ယုတ္တိ] စကား၏-သင့်လျော်ခြင်း - အသင့်ယုတ္တိ။ န စ နိစ္စောတိ ကုတောယံ ဝါစာယုတ္တိ။ အနုဋီ၊၃။၉၇။

ဝါစာရမ္မဏ (န) [ ဝါစာ + အာရမ္မဏ ] စကား တည်းဟူသော အာရုံ၊ ဝစီဝိညတ်နှင့်စကား သံတည်းဟူသောအာရုံ။ ဝါစာရမ္မဏေ ဉာဏံ ဝစီမောနေယျံ။မဟာနိ။၄၄၊၂၆၀။ စူဠနိ။၇၃။ ဒီ၊ဋ၊၃။၁၈၆။ ဣတိဝုတ်၊ဋ။၂၀၄။ တတ္ထ စောပနဝါစဉ္စေဝ သဒ္ဒဝါစဉ္စ အာရဗ္ဘ ပဝတ္တာ ပညာ ဝါစာရမ္မဏေ ဉာဏံ။ဒီ၊ဋီ၊၃။၂၁၅။အံ၊ ဋီ၊၂။၂၀၈။

ဝါစာလ (တိ) [ဝါစာ+လ။ ကုစ္ဆိတာ ဝါစာ အဿ သန္တီတိ ဝါစာလော။ နိန္ဒာယံ လော။ဓာန်၊ဋီ၊ ၇၃၅။ ဝါစာ+အာလ။ရူ။၃၉၈။ ဝါစာ+လ္လ။ မောဂ်၊၄။၈၇။ ဗဟု ကုစ္ဆိတံ ဝါစံ ဘာသတေတိ ဝါစာလော။ ဝါစာ၊အာလ။၅၊၂။၁၂၅။ ပါဏိနီ - သုတ်ဖြင့် အာလ- ပစ္စည်းသက်။ ဝါစာလ-သံ။ ဝါယာလ-ပြာ။ အဒ္ဓမာဂဓီ။ ] စက်ဆုပ် - ကဲ့ရဲ့ - အပ်သော စကားရှိသူ။ ဝါစာလော ဗဟုဂါရယှ၊ ဝစော, ဝတ္တာ တု သော ဝဒေါ။ဓာန်။၇၃၅။

ဝါစာလပိတ (န) [ဝါစာ + လပိတ] နှုတ်ဖြင့်ပြောဆိုခြင်း။ ဒန္ဓဝိဒံသကဟသိတဉ္စ ဝါစာလပိတဉ္စ ကာယကိဉ္စာဒိကိဉ္စိတဉ္စ။မဟာနိ၊ဋ။၂၇၈။

**ဝါစာဝတ္ထု** (န) [ဝါစာ + ဝတ္ထု] စကား၏အကြောင်း။ သတိ ဝါစာဝတ္ထုသ္မိံ။ သာရတ္ထ၊၁။ ၇၄။အနုဋီ၊၁။ ၂၂။

**ဝါစာဝတ္ထုက** (န) [ဝါစာ + ဝတ္ထဗ္ဗ +ဝတ္ထု+ က] နှုတ်-စကား-ဖြင့်ဆို-အပ်-သင့်-ထိုက်-သော အကြောင်း။ တဿ ဝါစာဝတ္ထုကမေဝဿ။ သံ၊ ၂။ ၂၄၈။ပေဋကော။၁၇၀။ ဝါစာဝတ္ထုကမေဝဿာတိ ဝါစာယ ဝတ္တဗ္ဗဝတ္ထုမတ္တကမေဝ ဘဝေယျ။ သံ၊ဌ၊၃။၅။

**ဝါစာဝတ္ထုမတ္တ** (န) [ဝါစာဝတ္ထု + မတ္တ] စကား၏ အကြောင်းမျှ။ သဗ္ဗာကာရေနပိ အနုပလဗ္ဘနေယျာသ ဝါစာဝတ္ထုမတ္တသောဝ----- အဝိဇ္ဇမာနပညတ္တိယောဝ။ အဘိ၊ဌ၊၃။ ၂၆။ (-ဥဒါန၊ဌ။ ၂၉၀၊၃၅၇။ပေတာ၊ဌ။ ၂၃၆။ဒီဋီ၊၃။ ၉၀။မဋီ၊၁၊၃၁၉)။

**ဝါစာဝန္ဒနာ** (ထီ) [ဝါစာ + ဝန္ဒနာ]နှုတ်-ဝစီဒွါရ-ဖြင့်ရှိခိုးခြင်း။ တတော " နမော ကတွာ"တိ ဝါစာဝန္ဒနာ။ကင်္ခါဋီ၊ ၂။

**ဝါစာဝိက္ခေပ** (ပု) [ဝါစာ + ဝိက္ခေပ] စကားဖြင့် ပျံ့လွင့်ခြင်း၊ စကားဖြင့် (သူတစ်ပါးတို့၏ဝါဒကို) အထူးထူး အပြားပြား- ပစ်ချ-ပစ်ပယ်ခြင်း။ ဝါစာဝိက္ခေပံ အာပဇ္ဇတိ (ဒီ၊၁။ ၂၃။မ၊ ၂။၁၉၀)တိ ဝါစာယ ဝိက္ခေပံ အာပဇ္ဇတိ။ ဒီ၊ဌ၊၁။၁၀၆။ မ၊ဌ၊၃။၁၆၂။ " ဧဝန္တိပိ မေ နော " တိအာဒိနာ ဝိဝိဓော နာနပ္ပကာရော ခေပေါ ဝါစာယ ပရဝါဒါနံ ခိပနံ ဝါစာဝိက္ခေပေါ။မဋီ၊၃။၁၁၁။

**ဝါစာဝိပ္ပလာပ** (ပု) [ဝါစာ + ဝိပ္ပလာပ] စကား အဖျင်းဖျင်း ဆိုခြင်း၊ စကားအထပ်ထပ်ဆိုခြင်း (နှုတ်ဖြင့် ယောင်ယမ်းမြည်တမ်းခြင်း)။ အဒွေ့ာသောသာဒိ သောကော စ ဝါစာဝိပ္ပလာပေါ ပရိဒေဝေါ စ။ မဟာနိ၊ဌ။ ၂၅။ "ကဟံ ဧကပုတ္တက ကဟံ ဧကပုတ္တက" တိအာဒိနာ ပရိဒေဝဝသေန ဝါစာဝိပ္ပလာပေါ ပရိဒေဝနံ ပရိဒေဝေါ။ ဒီဋီ။ ၂။ ၂၈၁။သံဋီ၊ ၂။ ၄၅၀။အံ၊ဋီ၊ ၂။၅။

**ဝါစာဝိလာပ** (ပု) [ဝါစာ + ဝိလာပ] နှုတ်ဖြင့်ငိုကြွေးမြည်တမ်းခြင်း၊ ယောင်ယမ်းမြည်တမ်း၍ ဆိုအပ်သောစကား။ ပရိဒေဝန္တီတိ နာနာဝိဓံ ဝါစာဝိလာပံ ဘဏန္တိ။ မဟာနိ၊ ဌ။ ၂၁၇။

**ဝါစာဝိဿဇ္ဇန** (န) [ဝါစာ + ဝိဿဇ္ဇန] စကားကို စွန့်လွှတ်ခြင်း၊ စကားပြီးဆုံးခြင်း။ ဝစသဂ္ဂေါ စ နာမ ဝါစာဝိဿဇ္ဇနံ၊ တဥ္စ ဝါစာပရိယောသာနမေဝါတိ ဒဋ္ဌဗ္ဗံ။သီဋီ၊သစ်၊ ၂။၁၉၄။

**ဝါစာဝုဓ** (တိ) [ဝါစာ + အာဝုဓ] စကားတည်းဟူသော လက်နက်ရှိသော၊သူ။ ရာဇာနော နာမ ဝါစာဝုဓာ၊ တေသံ ကုဒ္ဓါနံ ဝစနမတ္တေနေဝ ဗဟူ ဇီဝိတက္ခယံ ပါပုဏန္တိ။ ဇာ၊ဌ၊၃။ ၂၁၅။ (-ဇာ၊ဌ၊၅။၁၁၈)။

**ဝါစာသံယတ** (တိ) [ဝါစာ+သံယတ] ဝါစာယတကြည့်။ ဝါစာသံယတော သံယတုတ္တမော။ ဓမ္မ။၆၅။ ခုဒ္ဒကာ၊ဌ။၁၈၇။ ဝါစာယ ပန မုသာဝါဒါဒီနံ အကရဏတော ဝါစာသံယတော။ဓမ္မ၊ဌ၊ ၂။၃၆၂။

**ဝါစာသံယမ** (ပု) [ဝါစာ+သံယမ] နှုတ်-ဝစီဒွါ-ဖြင့် - စောင့်စည်းခြင်း။ ဝါစာသံယမေန အကုဇနော။ဇာ၊ဌ၊၇။၁၄၇။

**ဝါစာသံဝရ** (ပု) [ဝါစာ + သံဝရ] ဝါစာသံယမကြည့်။ သီလေ ဝါစာသံဝရအာဇီဝသံဝရဝသေန---- ဂဏ္ဍိ။နေတ္တိ၊ဝိ။ ၂၃၆။

**ဝါစာသံဝရဒွါရ** (န) [ဝါစာသံဝရ + ဒွါရ။ ဝါစာ + သံဝရဒွါရ] (က)ဝစီဒွါရ၌ဖြစ်သော စောင့်စည်းခြင်း၏ ဒွါရ။ (ခ) ဝစီဒွါရဟုဆိုအပ်သော စောင့်စည်းခြင်း၏ ဖြစ်ရာဒွါရ။ ဝါစာသံဝရဒွါရဝသေန ဥပ္ပန္နော ကုသလံ

ဝစီကမ္မမေဝ ဟောတိ။ အဘိ၊ဋ္ဌ၊၁။၁၄၈။

ဝါစာသခိလ (တိ) [ ဝါစာ + သခိလ။ ဝါစာယ သခိလော။ ရူ၊ဋီ။၁၄၈-နှာ။ ] စကားဖြင့်-နူးညံ့-ပြေပြစ်-သော၊သူ။ ဝါစာသခိလော။ ရူ။ ၁၉၄-နှာ။ ဝါစာယ သခိလော၊ မုဒုကောတိ အတ္ထော။ရူ၊ဋီ။၁၄၈-နှာ။

ဝါစာသယ်ဋ္ဋ (ပု) [ဝါစာ + သယ်ဋ္ဋ] ဝါဒသံယဋ္ဋ-ကြည့်။ ဝါဒသယ်ဋ္ဋေတိ ဝါစာသယ်ဋ္ဋေ။ ဒီ၊ဋီ။၁။၃၀၃။

ဝါစာသယ်ဋ္ဋန (နု) [ဝါစာ + သယ်ဋ္ဋန] ဝါဒသံယဋ္ဋ-ကြည့်။ဝါဒသံယဋ္ဋေတိ ဝါစာသယ်ဋ္ဋနေ။ သီ၊ဋီ၊သစ်၊၂။၂၆၁။

ဝါစာသစ္စ (နု) [ဝါစာ + သစ္စ] မှန်သောစကား။ ဟေဋ္ဌာ ဝါစာသစ္စံ ကထိတံ။ ဒီ၊ဋ္ဌ၊၃။၇၆။ " သစ္စံ ဘဏေ န ကုဇ္ဈေယျာ " တိအာဒိသု ဝါစာသစ္စေ။သံ၊ဋ္ဌ၊၁။၃၁၀-၁။အဘိ၊ဋ္ဌ၊၂။၈၀။

ဝါစာသညမ (ပု) [ ဝါစာ + သညမ ] ဝါစာသံယမ-ကြည့်။

ဝါစာသညမကူဇန (တိ) [ဝါစာသညမ + ကူဇန] နှုတ်စောင့်စည်းခြင်းဖြင့် အသံ-မရှိ-မမြည်-သော။ ဝါစာသညမကူဇနော(ဇာ၊၂။၂၇၄)တိ ဝါစာသံယမေန အကူဇနော။ဇာ၊ဋ္ဌ၊၇။၁၄၇။

ဝါစာသတ္တိ (ထီ) [ဝါစာ + သတ္တိ] နှုတ်လှံ၊ နှုတ်ဟူသော-လှံ-လှံတံ၊ လှံတံနှင့်တူသောနှုတ်။ မုခသတ္တီဟီတိ ဝါစာသတ္တီဟိ။ မ၊ဋ္ဌ၊၂။၂၉၁။ --ပရိဝါရေတွာ တံ ဝါစာသတ္တိဟိ ပဟရန္တာ။ သံ၊ဋ္ဌ၊၂။၂၂၀။ မုခသန္နိဿိတတာယ ဝါစာဣဓ " မုခ "န္တိ အဓိပ္ပေတာတိ အာဟ "မုခသတ္တီဟီတိ ဝါစာသတ္တီဟီ"တိ။ မ၊ဋီ၊၂။၃၀၅။ (-အံ၊ဋ္ဌ၊၂။၆၆။ဥဒါန၊ဋ္ဌ။၂၃၈)။ တုဋ္ဌနတ္ထေန ဝါစာ ဧဝ သတ္တိယောတိ အာဟ " ဝါစာသတ္တီဟီ"တိ။ သံ၊ဋီ၊၂။၁၉၇။

ဝါစာသဒိသ (တိ) [ဝါစာ + သဒိသ] စကားနှင့်တူသော။ ပုရဝါသီနံ နဂရမနုဿာနံ ဝါစာသဒိသာယ အပရိဟီနက္ခရပဒါယ မဓုရဝါစာယ။သံ၊ဋ္ဌ၊၂။၂၁၉။ ဥဿဘာဿ ဝါစာသဒိသီ အစလာ အသမ္ပဝေဓီ။ဒီ၊ဋ္ဌ၊၃။၆၂။သံ၊ဋ္ဌ၊၃။၂၄၂။(-ဒီ၊ဋီ၊၃။၅၉။သံ၊ဋီ၊၂။၄၇၅)။

ဝါစာသန္တုတိ (တိ) [ဝါစာ + သန္တုတိ] နှုတ်ဖြင့်ချီးမွမ်းခြင်း ရှိသော၊ သူ။ ဝါဏိဇော ဝိယ ဝါစာသန္တုတိယော။ဇာ၊၂။၁၁၉။ဇာ၊ဋ္ဌ၊၅။၄၅၆။

ဝါစာသန္နိတောဒက (ပု) [ဝါစာ + သန္နိတောဒက (= သံ + နိ + တုဒ + ဏွု။] စကားတည်းဟူသော-နှင်တံ-လှံတံ၊ နှင်တံ-လှံတံ- နှင့်တူသောစကား။ ဝါစာသန္နိတောဒကေနာ (သံ၊၁။၄၆၉)တိ ဝစနပတောဒေန။သံ၊ဋ္ဌ၊၂။၂၂၁။

ဝါစာသဘီ (ထီ) [ဝါစာ + အာသဘီ။ ဝိသေသန ပရပဒ။] ကြောက်ရွံ့ခြင်းကင်းသောစကား၊ မြတ်-ရဲရင့်-သောစကား။ဒေဝါနံ ဂီရမညာယ၊ ဝါစာသဘိမုဒီရိတံ။အပ၊၁။၅၃။(-၁၆၃၊၁၇၄၊ ၂၈၃။ထေရ၊ဋ္ဌ၊၁။၁၇၆၊၂၀၅)။

ဝါစာသမုဋ္ဌာန (နု) [ဝါစာ + သမုဋ္ဌာန] စကားကို -ဖြစ်စေ-မွက်ဆို-ခြင်း။ ပဘာဝိတန္တိ ဝါစာ-သမုဋ္ဌာနံ၊ ဝစီနိစ္ဆာရဏန္တိ အတ္ထော။ မ၊ဋီ၊၂။ ၁၄၂။

ဝါစာသိလိဋ္ဌ (နု) [ဝါစာ + သိလဋ္ဌ] (၁) စကား-ပြေပြစ်-ချောမော-ခြင်း။ (၂) ပြေပြစ်-ချောမော-သောစကား။(၁) ဝါစာသိလိဋ္ဌတ္ထဉ္စေတ္ထ သမ္ပာသဒ္ဒဿ ရဿတ္တံ။ သီ၊ဋီ၊သစ်၊၂။၁၈၄။ (၂) အောက်ပုဒ်ကြည့်။

ဝါစာသိလိဋ္ဌတာ (ထီ) [ ဝါစာသိလိဋ္ဌ +တာ ] (က) စကား-ပြေပြစ်-ချောမော- သည်၏အဖြစ်။(ခ) ပြေပြစ်-ချောမော-သော စကား၏အဖြစ်။ နာမ-သဒ္ဒေါ စေတ္ထ ခေါ-သဒ္ဒေါ ဝိယ ဝါစာသိလိဋ္ဌတာမတ္တံ။ သီ၊ဋီ၊သစ်၊၂။ ၃၇၉။

ဝါစာသိလိဋ္ဌတ္ထ (တိ) [ ဝါစာသိလိဋ္ဌ + အတ္ထ ] (ပု) (၁) စကား-ပြေပြစ်-ချောမော-ခြင်းဟူသောအကျိုး။ (၂) စကား-ပြေပြစ်-ချောမော-ခြင်းဟူသောအနက်ရှိသော။ (ပု)(၁) ဝါစာ-သိလိဋ္ဌ-ကြည့်။ (၂) ဟိ-သဒ္ဒေါ ဝါစာသိလိ-ဋ္ဌတ္ထော။ နေတ္တိ၊ဝိ။၃၁၂။

ဝါစာသုတ္တ (နု) [ ဝါစာ + သုတ္တ ] ဝါစာသုတ်၊ ( ကောင်းသောစကားဖြစ်ရန် ပြည့်စုံရမည့် အင်္ဂါများကို ဖော်ထုတ်၍ဟောရာဖြစ်သော သုတ်)။ အင်္ဂုတ္တရနိကာယပါဠိ၊ ၅-နိပါတ်၊ ၄-ပဏ္ဏာသက၊ ၅-ဝဂ်၊ ၈-သုတ်။အံ၊၂။၂၁၃။

ဝါစိက (နု) [ဝစ + ဏိက။ဓာန်၊ဋီ။၁၂၄။ဝါစိက-သံ၊ သက္ကတပိဋက။] အကြောင်းအကျိုးပြ၍ဆိုအပ်သောစကား၊ အမှာစကား၊ သန္ဒေသစကား။ သန္ဒေသောတ္တိ တု ဝါစိကံ။ ဓာန်။ ၁၂၄။

ဝါစိတ (တိ) [ ဝစ+ ဏေ + တ။ ဝါစိတ-သံ။ ဝါက္တအ-ပြာ၊ ဝါက္တယ- အဒ္ဓမာဂဓီ။ ] ပို့ချ-သင်ပြ-အပ်သော။ ဝါစတ မနုဝါစေန္တိ (ဝိ၊၃။ ၃၄၃။ ဒီ၊၁။၉၇။ မ၊၂။၃၈၁။ အံ၊၂။၁၉၇) တိ တေဟိ အညေသံ ဝါစိတံ အနုဝါစေန္တိ။ဒီဋ္ဌ၊ ၁။၂၄၄။မဋ္ဌ၊၃။၂၉၀။အံဋ္ဌ၊၃။၆၆။သာရတ္ထ၊၃။ ၃၂၉။ တမညေသံ ဝါဒါပနဝသေန ဝါစိတံ။ သီဋီ၊သစ်၊၂။၂၇၃။

ဝါစိတကမ္မဝါစ (တိ) [ ဝါစိတာ + ကမ္မဝါစာ ] ရွတ်ဖတ်အပ်သော ကမ္မဝါစာရှိသော။ သမ္မ-တာတိ ဗဒ္ဓါ၊ ဝါစိတကမ္မဝါစာတိ အတ္ထော။ ကင်္ခါ၊ဋီ၊သစ်။၁၃၆။ (-၁၃၇)။

ဝါစိယမာန (တိ) [ ဝစ + ဏေ + ယ + မာန ] (က) ဆိုစေ-ရွတ်ဖတ်စေ-အပ်သော။(ခ)ပို့ချ -သင်ပြ-အပ်သော။(က) တေသု ပရိသမဇ္ဈေ ဝါစိယမာနေသု မမ သီသံ ဆိန္ဒနကာလေ ဝိယ ဟောတိ။ ဇာဋ္ဌ၊၆။၃၂၅။ (ခ) ဣမံ ဝါစိယမာနော --- သာမဏေရော --- ဝါစံ နိစ္ဆာရေတိ။ ဝိဋ္ဌ၊၃။၈။

ဝါစုဂ္ဂတ (တိ) [ ဝါစာ + ဥဂ္ဂတ ] (၁) နှုတ်၌တက်သော၊ နှုတ်ဖြင့်ကောင်းစွာ သင်ယူအပ်သော။ (၂) နှုတ်- ဝစီဒွါရ- မှ-ထွက်-ဖြစ်-သော။ (၁) သုပ္ပဝတ္တီတိ သုဋ္ဌု ပဝတ္တံ ပဂုဏံ ဝါစုဂ္ဂတံ။ဝိဋ္ဌ၊၁။၁၉၉။သံ။ဋ္ဌ၊၁။၂၄၀။ဝါစာယ ဥဂ္ဂတံ ဝါစုဂ္ဂတံ၊ ဝစသာ သုဂ္ဂဟိတန္တိ ဝုတ္တံ ဟောတိ။သာရတ္ထ၊၂။၄၈။ ဝါစုဂ္ဂတန္တိ ဝါစာယ ဥဂ္ဂတံ။ဝိမတိ၊၁။၁၂၄။ (၂) ယာဝတာ ဝါစု-ဂ္ဂတာ ပရိယတ္တိ (မဋ္ဌ၊၃။၅၅) တိ ယတ္တကော မနုဿဝစီဒွါရတော ဥဂ္ဂတော နိက္ခန္တော ပဝတ္တော။ မဋီ၊၃။၃၃။

ဝါစုဂ္ဂတကရဏ (နု) [ဝါစုဂ္ဂတ + ကရဏ] နှုတ်၌တက်အောင်-ပြု-သင်ယူ-ခြင်း ( အာဂုံရအောင်-ပြု-သင်ယူ-ခြင်း)။ ဝါစုဂ္ဂတကရဏံ ဥဂ္ဂဟော။ ဒီဋီ၊၁။၆၅။သီဋီ၊သစ်၊၁။၂၄၄။မ၊ဋီ၊၁။၆၁၊၁၉၀၊၃၃၆။

ဝါစုဂ္ဂတဓာရဏ (နု) [ဝါစုဂ္ဂတ + ဓာရဏ] နှုတ်တက်အောင် ဆောင်ခြင်း ( အာဂုံ ဆောင်ခြင်း)။ ဝါစုဂ္ဂတဓာရဏေန သမ္ဗဒေဝ ဂရှန့် သန္တိကာ---- အာဂတာဂမာ။အံဋီ၊၃။၁၁၆။

ဝါစုဂ္ဂတပရိယတ္တိဓမ္မ (တိ) [ ဝါစုဂ္ဂတ + ပရိယတ္တိ + ဓမ္မ] နှုတ်၌တက်သော ပရိယတ်တရားရှိသူ။ အာဂတာဂမောတိ ဝါစုဂ္ဂတပရိယ-တ္တိဓမ္မော။ သံ။ဋီ၊၂။၃၇၇။

ဝါစေတဗ္ဗ (တိ) [ဝစ + ဏေ + တဗ္ဗ] ရွတ်ဖတ်-ပြောဆို-သင်ယူ-သင်ကြား-စေ-အပ်- သင့်-ထိုက်-သော၊ သင်ပြ-ပို့ချ-အပ်-သင့်-ထိုက်-သော။ န ဘိက္ခဝေ တိရစ္ဆာနဝိဇ္ဇာ ဝါစေ-တဗ္ဗာ။ ဝိ၊၄။၂၈၁။ (-ဝိ၊သင်္ဂဟ။၄၄၇။ ဒီဋ္ဌ၊၂။၃၄၃။ဒီဋ္ဌ၊၃။၉၅။ မဋ္ဌ၊၁။၂၄၂။ အဘိ။ ဋ္ဌ၊၁။၄၂၇)။

ဝါစေတိ (ကာ၊ကြိ) [ဝစ + ဏေ+တိ။ ဝစတိ-မှ။ ဝါစယတိ -သံ ။ ဝါစက္က-ပြာ၊ အဒ္ဓမာဂဓီ ] ရွတ်ဖတ်-ပြောဆို-သင်ယူ-သင်ကြား-စေ၏၊ သင်ပြ-ပို့ချ-၏။ အနုပသမ္ပန္နေ အနုပသမ္ပ-န္နသညီ ပဒသော ဓမ္မံ ဝါစေတိ။ ဝိ၊၂။၂၆။

ဝါစေတိ-ဝိ၊၂။၂၆၊၂၆၈။ ဝါစေန္တိ-ဝိ၊၂။၂၅၄၀၂။ ဝါစေသိ-သံ၊၁။၂၄၀။သံ၊ဋ္ဌ၊၁။၃၂၄။ ဝါစေထ- ဝိ၊၂။၂၅။ဒီ၊ဋ္ဌ၊၂။၁၇၇။ ဝါစေမိ-သံ၊၁။၂၄၀။အပ၊၁။၃၄၇၊၃၈၀။ ဝါစေဟိ -ဝိ၊၂။၂၀၆။သံ၊၁။၂၄၀။ ဝါစေထ - အံ၊ဋ္ဌ၊၂။၁၀၇။ သာရတ္ထ၊၁။၆၃။ ဝါစေယျ - ဝိ၊၂။၂၅-၆၊၄၀၂။ ဝိ၊၄။၂၈၁။ ဝါစေယျုံ - ဒီ၊၁။၉၁။ ဝါစေယျာသိ - သံ၊၁။၃၄၁။ ဇာ၊ဋ္ဌ၊၁။၄၀၅။ အံ၊ဋ္ဌ၊၃။၁၃၇။ ဝါစေယျာထ - ဝိ၊ဋ္ဌ၊၁။၁၉၁။ ဇာ၊ဋ္ဌ၊၂။၄၂။ ဝါစေသိ - ဝိ၊၄။၄၄၀။ ဒီ၊၂။၁၉၀။ ဝါစေသုံ - ဝိ၊၅။၃၊၁၁၂၊၁၂၈။ဝိ၊ဋ္ဌ၊၁။၄၇။ဝိမတိ၊၁။၃၂။ ဝါစေသိံ - အပ၊၁။ ၁၇၆၊၁၈၃။ ဝါစေသတိ - ဝိ၊၂။၂၀၆၊၂၆၈။ ဝါစေဿန္တိ -ဝိ၊၂။၂၅၊၂၀၆။ ဝါစေဿထ - ဝိ၊၂။၂၅။ ဝါစေဿာမ - ဇာ၊ဋ္ဌ၊၄။၂၄၄။ ဝါစယ - ဇာ၊၁။ ၃၂၈။ ဇာ၊ဋ္ဌ၊၄။ ၄၃၀-၁။ ဝါစယေ - ဝိ၊၅။၁၂၄။ ဝါစသုံ - ဝိ၊၄။၂၈၈။ ဝါစယိံသု - ဝိ၊၅။၃၊၆။ဝိ၊ဋ္ဌ၊၁။၄၆။

ဝါစေတုံ (ဤ) [ ဝစ + ဏေ + တုံ ] ရွတ်ဖတ်-ပြောဆို - သင်ယူ - သင်ကြား - စေခြင်းငှါ၊ သင်ပြ-ပို့ချ-ခြင်းငှါ။ တဒါပိ မေ ဘိက္ခဝေ အမနာပါ နိစ္စေ အာသနေ နိသီဒိတွာ ဥစ္စေ အာသနေ နိသိန္နဿ မန္တံ ဝါစေတုံ။ ဝိ၊၂။၂၆၈။ (-ဝိ၊ဋ္ဌ၊၂။၂၇၁။ဒီ၊ဋ္ဌ၊၃။၁၅၈)။

ဝါစေတု (ပုံ) [ ဝစ + ဏေ + တု ] သင်ယူစေသော၊ ပို့ချ - သင်ပြ - သော၊ သူ။ သက္ကစ္စံ ဝါစေတာ အဟောသိ သိပ္ပံ ဝါ ဝိဇ္ဇံ ဝါ။ ဒီ၊၃။၁၂၇။ ပါဠိယမ္ပိ ဟိ " ဝါစေတာ"တိ ဝစနသီသေန သိက္ခာပနံ ဒဿိတံ။ ဒီ၊ဋီ၊၃။ ၁၁၂။အဇ္ဈာယကောတိ အနေကပြာဟွဏာနံ ဝါစေတာ သိက္ခာပေတာ။အပ၊ဋ္ဌ၊၁။၃၀၇။

ဝါစေတွာ (ကာ၊ကြိ၊ဝိ) [ ဝစ + ဏေ + တွာ ] ရွတ်ဖတ်-ပြောဆို-သင်ကြား-သင်ယူ-စေ၍၊ သင်ပြ-ပို့ချ-၍။ ပကာသေတွာ စ ယာဝ-တာယုကံ တိဋ္ဌမာနော ဗဟူနံ ဝါစေတွာ။ ဝိ၊ဋ္ဌ၊၁။၇၆။ ဂန္ထံ နာမ ဝါစေတွာ ဂဏှာပိ။ ဝိ၊ဋ္ဌ၊၁။၃၀၉။ (-ဝိ၊ဋ္ဌ၊၂။၅၂။ ဒီ၊ဋ္ဌ၊၂။၃၂၀။ မ၊ဋ္ဌ၊၂။၂၉၊၃၇)။

ဝါစေထ¹ (ကာ၊ကြိ) [ဝစ + ဏေ + ထ] (သင်တို့ ) ရွတ်ဖတ်-ပြောဆို-သင်ယူ-သင်ကြား-စေကုန်၏၊ သင်ပြ-ပို့ချ-ကုန်၏။ သစ္စံ ကိရ တုမှေ ဘိက္ခဝေ ဥပါသကေ ပဒသော ဓမ္မံ ဝါစေထ။ ဝိ၊၂။၂၅။ (-ဒီ၊ဋ္ဌ၊၂။၁၇၇။အံ၊ဋ္ဌ၊၂။ ၃၃၆)။

ဝါစေထ² (ကာ၊ကြိ) [ဝစ + ဏေ + ထ] (သင်တို့ ) ရွတ်ဖတ်-ပြောဆို-သင်ကြား-သင်ယူ-စေကုန်လော့၊ သင်ပြ - ပို့ချ - ကုန်လော့။ ဘန္တေ ဣမံ တုမှာကံ နိသိတကေ ဝါစေထ။ သာရတ္ထ၊၁။၆၃။ (-အံ၊ဋ္ဌ၊၂။၁၀၇)။

ဝါစေန္တ (တိ) [ ဝစ + ဏေ + အန္တ ] ရွတ်ဖတ်-ပြောဆို-စေသော၊ သင်ပြ-ပို့ချ-သော၊ သူ။ အနုပသမ္ပန္နံ ပဒသော ဓမ္မံ ဝါစေန္တော ဒွေ အာပတ္တိယော အာပဇ္ဇတိ။ဝိ၊၅။၆၂။ ဝါစေန္တာ ( ဒီ၊ဋ္ဌ၊၃။၅၄ ) တိ ပရေသံ ကထေန္တာ။ ဒီ၊ဋီ၊၃။၄၈။

ဝါစေန္တိ (ကာ၊ကြိ) [ ဝစ + ဏေ + အန္တိ ] ရွတ်ဖတ်-ပြောဆို-စေကုန်၏၊သင်ပြ-ပို့ချ-ကုန်၏။ တေန ခေါ ပန သမယေန ဆဗ္ဗဂ္ဂိယာ ဘိက္ခူ ဥပါသကေ ပဒသော ဓမ္မံ ဝါစေန္တိ။ဝိ၊၂။၂၅။

ဝါစေမိ (ကာ၊ကြိ) [ ဝစ + ဏေ + မိ ] ( ငါ ) ရွတ်ဖတ်-ပြောဆို-စေ၏ ၊ သင်ပြ-ပို့ချ-၏။

န တာဝါဟံ ဝါစေမိ။ သံ၊၁။၂၄၀။ မဟာ-ဝနေ ပဋ္ဌသတော၊ မန္တေ ဝါစေမိ မာဏဝေ။ အပ၊၁။၃၄၇။ဥဒါန၊ဋ္ဌ။၂၃၉။အပ၊ဋ္ဌ၊၁။၁၃၅။

**ဝါစေယျ** (ကာ၊ကြိ) [ဝစ + ဏေ + ဧယျ] (သူ) ရွတ်ဖတ်- ပြောဆို-စေရာ၏၊ သင်ပြ-ပို့ချ-ရာ၏။ပဒသော ဓမ္မံ ဝါစေယျာ(ဝိ၊၂။၂၅)တိ ဧကတော ပဒံ ပဒံ ဓမ္မံ ဝါစေယျ။ ဝိ၊ဋ္ဌ၊၃။ ၇။ (-ကင်္ခါ။၁၉၂။၃၃၄။ကင်္ခါ၊ဋီ၊သစ်။၃၄၉)။

**ဝါစေယျာထ** (ကာ၊ကြိ) [ ဝစ+ဏေ+ဧယျာထ ] (သင်တို့) ရွတ်ဖတ်-ပြောဆို-စေကုန်ရာ၏၊ သင်ပြ-ပို့ချ-ကုန်ရာ၏။ မာရေယျာထ စ အညေသဉ္စ ဝါစေယျာထ။ ဝိ၊ဋ္ဌ၊၁။၁၉၁။ (-ဇာ၊ဋ္ဌ၊၂။၄၂)။

**ဝါစေယျာသိ** (ကာ၊ကြိ) [ ဝစ+ဏေ+ဧယျာသိ ] ရွတ်ဖတ် - ပြောဆို - စေလော့၊ သင်ပြ-ပို့ချ - လော့။ တွံ ဓမ္မံ ပရိယာပုဏိတွာ အမှေ ဝါစေယျာသိ။ သံ၊၁။၃၄၁။ အံ၊ဋီ၊၃။ ၁၃၇။ (-ဇာ၊ဋ္ဌ၊၁။၄၀၅ )။

**ဝါစေယျုံ** (ကာ၊ကြိ) [ဝစ + ဏေ + ဧယျုံ] ရွတ်ဖတ်-ပြောဆို-စေကုန်ရာ၏၊ သင်ပြ-ပို့ချ-ကုန်ရာ၏။ အပိ နု နံ ဗြာဟ္မဏာ မန္တေ ဝါစေယျုံ ဝါ နော ဝါတိ။ ဒီ၊၁။၉၁။

**ဝါစေသိံ** (ကာ၊ကြိ) [ ဝစ + ဏေ + ဣံ ] ရွတ်ဖတ်-ပြောဆို-သင်ယူ-စေပြီ၊ သင်ပြ-ပို့ချ-ပြီ။ မန္တေ စ သိဿေ ဝါစေသိံ ၊ တိဏ္ဏံ ဝေဒါနပါရဂူ။ အပ၊၁။၁၇၆၊၁၈၃။ အဝါစ-ယိန္တိ ဝါစေသိံ ဥဂ္ဂဏှာပေသိံ သိက္ခာပေသိံ။ ဝိမာန၊ဋ္ဌ။၁၂၇။

**ဝါစေသိ[၁]** (ကာ၊ကြိ) [ ဝစ + ဏေ + သိ ] သင်ယူစေ၏။ သင်ပြ-ပို့ချ-၏။ မာ ခေါ တွံ မာရိသ ဝါစေသိ သက္ကံ ဒေဝါနမိန္ဒံ သမ္ဗရိ-မာယန္တိ။ သံ၊၁။၂၄၀။သံ၊ဋ္ဌ၊၁။၃၂၄။ ဝါစေ-သီတိ သိက္ခာပေသိ။ သံ၊ဋီ၊၁။၃၄၃။

**ဝါစေသိ[၂]** (ကာ၊ကြိ) [ ဝစ + ဏေ + ဤ ] သင်ယူစေပြီ၊ သင်ပြ - ပို့ချ - ပြီ။ သတ္တ စ ဗြာဟ္မဏမဟာသာလေ သတ္တ စ နှာတက-သတာနိ မန္တေ ဝါစေသိ။ ဒီ၊၂။၁၉၀။ ထေရော ကိရ အဋ္ဌာရသ မဟာဂဏေ ဝါစေသိ။ ဒီ၊ဋ္ဌ၊၂။၃၁၉။ (-ဝိ၊ဋ္ဌ။၁။၂၅၊၃၂။ ဓမ္မ၊ဋ္ဌ၊၂။၂၆၂ )။

**ဝါစေသုံ** (ကာ၊ကြိ) [ ဝစ + ဏေ + ဥံ ] သင်ယူစေကုန်ပြီ၊ သင်ပြ-ပို့ချ-ကုန်ပြီ။ နိကာယေ ပဉ္စ ဝါစေသုံ၊ သတ္တ စေဝ ပကရဏေ။ ဝိ၊၅။ ၃။ဝိ၊ဋ္ဌ၊၁။၄၇။(-ဝိမတိ၊၁။၃၂ )။

**ဝါစေဿတိ** (ကာ၊ကြိ) [ဝစ + ဏေ + ဿတိ ] (၁) ရွတ်ဖတ်-သင်ယူ-စေလတ္တံ့၊ သင်ပြ-ပို့ချ-လတ္တံ့။ (၂) ရွတ်ဖတ်-သင်ယူ-စေပြီ၊ သင်ပြ-ပို့ချ-ပြီ။(၁) ယော အမှာကံ ဣတ္တာ-ဂါရံ ဓမ္မံ ဝါစေဿတိ။ ဝိ၊၂။၂၀၆။ (-ဒီ၊၂။ ၁၉၉။ဝိ၊ဋ္ဌ၊၁။၇၅။အံ၊ဋ္ဌ၊၁။၃၄၀)။ (၂) ယတြ ဟိ နာမ နီစေ အာသနေ နိသီဒိတွာ ဥစ္စေ အာသနေ နိသိန္နဿ မန္တံ ဝါစေဿတိ။ ဝိ၊ ၂။၂၆၈။

**ဝါစေဿထ** (ကာ၊ကြိ) [ ဝစ + ဏေ + ထ။ ထ-ကို ဿထ-ပြု။ ဝစ + ဏေ + ဿထ။ ဝက္ခတိ[၂] -ထောင့်ကွင်းနှင့် ဝက္ခတိ[၃] - လက်သည်းကွင်း ကြည့်။ ] ရွတ်ဖတ်-ပြောဆို-သင်ကြား-စေပြီ၊ သင်ပြ-ပို့ချ-ပြီ။ ကထံ ဟိ နာမ တုမှေ မောယပုရိသာ ဥပါသကေ ပဒသော ဓမ္မံ ဝါစေဿထ။ ဝိ၊၂။၂၅။

**ဝါစေဿန္တိ[၁]** (ကာ၊ကြိ) [ဝစ + ဏေ + ဥံ၊ ဥံ-ကို ဿန္တိ-ပြု။ ဝစ + ဏေ + ဿန္တိ။ ဝက္ခတိ[၂] ဒေါင့်ကွင်းနှင့် ဝက္ခတိ[၃] လက်သည်းကွင်း ကြည့်။ ] ရွတ်ဖတ်-ပြောဆို-သင်ကြား-စေကုန်ပြီ၊ သင်ပြ-ပို့ချ-ကုန်ပြီ။ ကထံ ဟိ နာမ ဆဗ္ဗဂ္ဂိယာ ဘိက္ခူ ဥပါသကေ ပဒသော

ဓမ္မံ ဝါစေဿန္တိ။ ဝိ၊၂။၂၅။(-၄၀၂)။

ဝါစေဿန္တိ² (ကာ၊ကြိ) [ဝစ + ဏေ + ဿန္တိ။] ရွတ်ဖတ်-သင်ယူ-စေကုန်လတ္တံ့၊ သင်ပြ-ပို့ချ-ကုန်လတ္တံ့။ ဒေသေဿန္တိတိ ဝါစေဿန္တိ။ ဒီ၊ဋီ၊၂။၂၅၁၊သံ။ဋီ၊၂။၅၀၇။အံ၊ဋီ၊၃၊၂၅၆။

ဝါစေဿာမ (ကာ၊ကြိ) [ဝစ + ဏေ + ဿာမ] (ငါတို့)ရွတ်ဖတ်-သင်ယူ-စေကုန်အံ့၊သင်ပြ-ပို့ချ-ကုန်အံ့။ မယံ တုယှံ အန္တောတေမာသံ ဓမ္မံ ဝါစေဿာမ။ ဇာ၊ဋ္ဌ၊၄။၂၄၄။

ဝါစေဟိ (ကာ၊ကြိ) [ဝစ + ဏေ + ဟိ] ရွတ်ဖတ်-သင်ယူ-စေလော့၊ သင်ပြ-ပို့ချ-လော့။ သာဓု ဥပါသက အမှာကံ ဣတ္ထာဂါရံ ဓမ္မံ ဝါစေဟိ။ ဝိ၊၂။၂၀၆။(-သံ၊၂။၂၄၀။သံ၊ဋ္ဌ၊၁။၃၂၄။အံ၊ဋ္ဌ၊၂။၁၇၅။သုတ္တနိ၊ဋ္ဌ၊၂။၃၆။ဇာ၊ဋ္ဌ၊၄။၅၁)။

ဝါစ္စ (တိ) [ ဝစ + ဏျ ။ ဝါစကေဟိ ဝစိတဗ္ဗန္တိ ဝါစ္စံ ကထေတဗ္ဗံ ဒီပေတဗ္ဗန္တိ ဝုတ္တံ ဟောတိ။ ဝါစ္စဝါစကာ၊ဋီ။၁။ ဝါစ-သံ။ ] (၁) (က) ရွတ်ဖတ်-ပြော-ဆို-ဟော-အပ်သော။(ခ) ပြီးစေအပ်သော။(၂) ပြုအပ်သော။ (၁) (က)တေသံ ဝိသယော အတ္ထော ဝါစကဘူတာနံ တေသ-မေဝ ဝါစ္စဘာဝတော။ သီ၊ဋီ၊သစ်၊၁။၁၀၄။(-အလင်္ကာ၊ဋီ၊သစ်။၁၉၁)။(ခ) ဝါစ္စေ ဂမ္ဘီထ ဝတ္ထူနံ။အလင်္ကာ။၂၄၄။ ဝါစ္စေ သဒ္ဒေန ဝါစ-ကေန ပဋိပါဒိတော။အလင်္ကာ၊ဋီ။(-အလင်္ကာ၊ဋီ၊သစ်။)။ (၂) ဝိသေသဘူတေန ဝါစ္စတ္တာ ပကာသိယတ္တာ။အလင်္ကာ၊ဋီ။၁၉၁။

(ဝါစ္စ-သည် - ကတ္တု, ကမ္မ, ကရဏ, သမ္ပဒါန, အပါဒါန, အဓိကရဏ, သမ္ဗန္ဓ, ဘာဝ-အားဖြင့် ၈-ပါးရှိ၏။ ဝါစ္စဝါစကာ။၂-ဂါထာ၊ ဝါစကောပဒေသ။၅-ဂါထာ။)

ဝါဇ (ပု) [ဝဇ + ဏ။ ဝဇတျနေနာတိ ဝါဇော၊ ဏော။ဓာန်၊ဋီ၊၃၉၀။ ဝါဇ-သံ။ ဝါယ-ပြာ။ ] (၁) မြား-ရွက်-မွေး-တောင်။ (၂) ထောပတ်, ပျား, သကာ။ (၃) တောလိုက်-တောကစား-ခြင်း။ (၄) အရှိန်-အဟုန်-ခွန်အား။ (၁) ဝါဇေန ဝါဇံ အနုတိဋ္ဌမန္တော ခိပိတွာ သရ-ဂတ္တံ အကာသိ။ဇာ၊ဋ္ဌ၊၅။၁၃၇။ (၂) ဝါဇမေတ္ထ ပိဝန္တီတိ ဝါဇပေယျော။သံ၊ဋ္ဌ၊၁။၁၃၄။(-အံ၊ဋ္ဌ၊၂။၃၀၂)။(၃) ဝါဇိကာ ဝါဇံ န ကရောန္တိ။အံ၊ဋ္ဌ၊၃။၁၅၄။ ဝါဇိက-လည်းကြည့်။ (၄) အဿေ သန္ဓာယ ဝဒတိ၊ "ဝါဇီ" တိ ဝါ ပါဌော။ဝိမာန၊ဋ္ဌ။၂၅၈။ ဝါဇီ-ပုဒ်နှင့်တွဲကြည့်။

ဝါဇပတ္တ (န) [ဝါဇ + ပတ္တ] မြား-လုံ့-ရွက်-မွေး-တောင်၊ မြားလုံ့, မြားနားရွက်, မြားမြီး။ စတု-ပ္ပတ္တန္တိ စတူဟိ ဝါဇပတ္တေဟိ သမန္နာဂတံ။ဇာ၊ဋ္ဌ၊၄။၂၆၁။(- ၂၇၃)။

ဝါဇပေယျ (ပု၊န) [ဝါဇ + ပါ + ဏျ၊ ဝါဇမေတ္ထ ပိဝန္တီတိ ဝါဇပေယျော။သံ၊ဋ္ဌ၊၁။၁၃၄။ ဝါဇ-ပေယ-သံ။] ဝါဇပေယျယဇ်၊ ဝါဇပေယျယဇ်ပွဲ၊ ထောပတ်-ပျား-သကာ-ကို သောက်ရာယဇ်ပူဇော်ပွဲ။ သမ္မာပါသံ ဝါဇပေယျံ နိရဂ္ဂဠံ။သံ၊၁။၇၆။အံ၊၁။၃၅၁။အံ၊၃။၂။ဣတိဝုတ်။၂၀၉။ သုတ္တနိ။၃၂၄။ ဝါဇမေတ္ထ ပိဝန္တီတိ ဝါဇပေ-ယျော။ ဧကေန ပရိယညေန သတ္တရသဟိ ပသူဟိ ယဇိတဗ္ဗဿ ဗေလုဝယူပဿ သတ္တ-ရသကဒက္ခိဏဿ ယညဿေတံ အဓိဝစနံ။ သံ၊ဋ္ဌ၊၁။၁၃၄။အံ၊ဋ္ဌ၊၃။၁၉၄။ဣတိဝုတ်၊ဋ္ဌ။၉၀။ သုတ္တနိ၊ဋ္ဌ၊၂။၅၆။

ဝါဇိက (ပု) [ဝါဇ + ဣက။ ဝဇ + ဏေ + ဏိက] တောမုဆိုး၊ တောလိုက်မုဆိုး။ ဝါဇိကာ ဝဇ္ဇံ (ဝါဇံ) န ကရောန္တိ။ဒီ၊ဋ္ဌ၊၂။၁၁၀။အံ၊ဋ္ဌ၊၃။၁၅၄။ မိဂသူကရာဒိဃာတာယ သုနခါဒီနံ ကဝိတွာ ဝနစရဏံ ဝါဇော၊ မိဂဝါ၊ တတ္ထ နိယုတ္တာ, တေ ဝါ ဝါဇေန္တိ နေန္တီတိ ဝါဇိကာ၊ မိဂဝဓော-ရိနော။ ဒီ၊ဋီ၊၂။၁၂၄။အံ၊ဋီ၊၃။၁၆၁။

ဝါဇိတ (တိ) [ဝဇ + ဏေ + တ။ ဝါဇ + က္တ။ ဝါဇိတ-သံ။] မြား-ရွက်-မွေး-တောင်-တပ်အပ်သော (မြား)။ ယေနမှိ ဝိဒ္ဓေါ ယဿ ပတ္တေဟိ ဝါဇိတံ။ မ၊၂။၉၃။

ဝါဇိရိယ (ပု) [ဝဇိရ+ဏိက။ ဝဇိရပဗ္ဗတေ ဝသန္တီတိ ဝါဇိရိယာ။ ဝိသုဒ္ဓိ၊နိ၊ဒါန။၂၄-ကြည့်။] (၁) ဝဇိရတောင်၌ နေသော (ရဟန်းတော်များ)။ (၂) ဝါဇိရိယထေရ်အယူဝါဒ။ (၁) ဝဇိရပဗ္ဗတဝါသိနော ဝါဇိရိယာ ဂူဠ္ဟဝိနယံ နာမ ဂန္ထံ အကံသု။ ဝိသုဒ္ဓိ၊နိ၊ဒါန။၂၄။ (၂) ပုဗ္ဗသေလိယာ အပရသေလိယာ ဝါဇိရိယာတိ အညေပိ ဆ အာစရိယဝါဒါ။ အဘိ၊ဋ္ဌ၊၃။၁၀၉။

ဝါဇိသာလာ (ထီ) [ဝါဇီ + သာလာ] မြင်းဇောင်း၊ မြင်းတင်းကုပ်။ အမန္တိ အသုန္ဒရတ္တာ ဇဠတ္တမဂမီတိ မန္ဒုရာ၊ ဝါဇိသာလာ။ဏွာဒိ။၁၄၇။

ဝါဇီ (တိ) [ဝါဇ + ဤ။ ဝါဇယောဂါ ဝါဇီ၊ ဤ။ မာန်၊ ဋီ။ ၃၆၈။ ဝါဇော ဝေဂေါ အဿ အတ္ထီတိ ဝါဇီ။ ထောမ။ ကပ္ပဒ္ဒုမ။] အရှိန်, အဟုန်, ခွန်အားရှိသောမြင်း။ အဿော သန္ဓာဝ ဝဒတိ၊ " ဝါဇီ "တိ ဝါ ပါဠော။ ဝိမာန၊ဋ္ဌ။၂၅၈။ ယောဠ္ဟကော, ပီတိ, တုရင်္ဂမော , ဝါဇီ , ဂန္ဓဗ္ဗော , သတ္တိရိစ္ဆာဒီနိပိ အဿေ။ မာန်၊ဋီ။၃၆၈။

ဝါဇေတိ (ကြိ) [ဝဇ+ဏေ+တိ။ ဝါဇယတိ-သံ။] ခေါ်ဆောင်၏။ ဝါဇေန္တိ-ကြည့်။

ဝါဇေန္တိ (ကြိ) [ဝဇ + ဏေ + အန္တိ] ခေါ်ဆောင်ကုန်၏။ တတ္ထ နိယုတ္တာ, တေ ဝါ ဝါဇေန္တိ နေန္တီတိ ဝါဇိကာ။ ဒီ၊ဋီ၊၂။၁၂၄။ (-အံ၊ဋီ၊၃။ ၁၆၁)။

ဝါဋ္ဋ (ပု) [ဝဋ္ဋ + ဏ။ ဝါဋ္ဋ-သံ။ ဝါဋ္ဋ-ပြာ၊ အဒ္ဓမာဂဓီ။] (၁) အရံ, အတား, ဝင်း။ (၂)မဏ္ဍပ်, ဇရပ်။ (၁) အနုဇာနာမိ ဘိက္ခဝေ ပရိက္ခိပိတုံ တယော ဝါဋ္ဋေ ဝေဠုဝါဋံ့ ကဏ္ဍကဝါဋံ့ ပရိက္ခန္တိ။ ဝိ၊၄။၃၀၀။ (၂) ပုရတ္ထိမေန ယညဝါဋ္ဋဿာတိ ပုရတ္ထိမတော နဂရဒွါရေ ဒါနသာလာယ ပုရတ္ထိမဘာဂေ။ဒီ၊ဋ္ဌ၊၁။၂၇၀။

ဝါဋ္ဋက (ပု) [ဝါဋ္ဋ + က။ဝါဋ္ဋက-သံ။ ဝါဍဂ-ပြာ၊ အဒ္ဓမာဂဓီ။] (၁) အဝန်း, အဝိုင်း။ (၂)(အရံ အတား) လည်မျို, ရေမျို။ (၁) ဖြာဟ္မဏဝါဋ္ဋကံ ဂန္တွာ။မ္ပ၊ဋ္ဌ၊၂။၄၁၇။ (၂) ဂလဝါဋ္ဋကေ ဇောကော။မ္ပ၊ဋ္ဌ၊၁။၂၄၉။ ဂလဝါဋ္ဋကကရီသမဂ္ဂပရိယန္တေ။ ဝိသုဒ္ဓိ၊၁။၂၄၉။

ဝါဏ[၁] (ပု) [ ဝါန-ပုဒ်ကြည့်။ ] (ကုရှင်, ညောင်စောင်းအပေါင်တို့ကို) ဖွဲ့ချည်ကြောင်းကျိုး။ မဥ္စဝါဏ (ဓမ္မ၊၁။၄၉)-လည်းကြည့်။

ဝါဏ[၂] (ပု) [ဝဏ +ဏ။ဝဏုတေ သဒ္ဒါယတေ-နေနေတိ ဝါဏော၊ဏော၊ ဝဏ သဒ္ဒေ။မာန်၊ဋီ။၃၈၈-၉။ ဝါဏ-သံ၊ ပြာ၊ အဒ္ဓမာဂဓီ။] မြား။ ဝါဏော ကဏ္ဍံ ဥသု ဒွိသု။မာန်။၃၈၉။

ဝါဏက (တိ) [ဝဏ + ဏွု ] ဆိုတတ်သောသူ။ ဝဏာတိ၊ ဝါဏကော။ နိတိ၊ဓာတု။၅၉။

ဝါဏမိ (ပု) [ဝါဏ + မာ + က္က။ ဝါဏာ သရာ မိယန္တေ့တြေတိ ဝါဏမိ။ မာန်၊ဋီ။၃၈၈-၉။] တောင့်၊ မြားပုံး၊ ( မြားထည့်သည့်ပုံး )။ တူဏော တူဏီရ ဝါဏမိ။မာန်။၃၈၉။

ဝါဏိဇ[၁] (ပု) [ပဏ + က္ကဇ။ ပ-ကို ဝ-ပြု။ ဝဏ + က္ကဇ။ ဝဏ သဒ္ဒေ က္ကဇော။မာန်၊ဋီ။၄၆၉။ ဝဏိဇ-ထောင့်ကွင်းလည်းကြည့်။ ဝါဏိဇ-သံ။ ဝါဏိအ-ပြာ။ ဝါဏိယ-အဒ္ဓမာဂဓီ။] (၁) (က) ကုန်သည်၊ ကုန်သွယ်-ရောင်းဝယ်-သူ။ (ခ) မြင်းကုန်သည်၊ မြင်းကုန်သွယ်-မြင်းရောင်းဝယ်-သူ။ (၂) လက်သမား။ (၁)(က) ကဿကံ ဝါဏိဇံ ဂေါရက္ခံ----။ဝိ၊၂။၁၁။ တေန ခေါ ပန သမယေန တပုဿဘလ္လိကာ ဝါဏိဇာ----။ ဝိ၊၃။၄။ ဝါဏိဇော သော န

ဖြာပတွကော။မ။၂။၄၀၉။ သုတ္တနိ။၃၇၅။မ၊ ဋ္ဌ၊၃။၂၈။သံ၊ဋ္ဌ၊၁။၁၃၇။အံ၊ဋီ၊၂။၃၆၃။ (ခ) အသံ ဘဒြံ ဝါဏိဇော။ဓမ္မ။၆၇။ဓမ္မ၊ဋ္ဌ၊၂။ ၃၇၉။ ( ရှေး အသ-ပုဒ်အကြေလည်း ကြံ နိုင်သည်)။ (၂) သကမ္မုနာ သောတ္ထိ ဝဟိသု ဝါဏိဇာ။ဇာ၊၁။၂၄၅။ ဝါဏိဇာတိ သမုဒ္ဒေ ဝိစရဏာဘာဝေန ဝမ္မကိ ဝုတ္တာ။ ဇာ၊ဋ္ဌ၊၄။ ၃၆၇။

ဝါဏိဇ[၂] (ပု) [ (၁) မစ္ဆ + ဝါဏိဇ။ (၂) ဇယာ + ဝါဏိဇ ။ (၃) ပလောဘိတ + ဝါဏိဇ။ ရှေးပုဒ် အကြေမကြံပဲ သာမညသဒ္ဒါဖြစ်၍ ဝါဏိဇသဒ္ဒါချည်း သက်သက်လည်း အနက် ထူးကို ဟောနိုင်သည်။ ထို့ကြောင့် - အဘိ၊ ဋ္ဌ၊၁။၂၄၈-၉။အံ၊ဋ္ဌ၊၁။၃၆၆။စူဠနိ၊ဋ္ဌ။၅၈-တို့၌ ဝါဏိဇ-ကို တင်လဲကုန်သည်။ ဓမ္မ။၃၁။ဓမ္မ၊ ဋ္ဌ၊၂။၁၄၊၂၆၈-၉-တို့၌ ဝါဏိဇ-ကို မဟာမနေ ကုန်သည်။ အပ၊ဋ္ဌ၊၁။၁၃၅-၆။ဇာ၊၁။၂။ဇာ၊ဋ္ဌ၊ ၁။၁၂၇-၈-တို့၌ ဝါဏိဇ-ကို ရွှဲကုန်သည်- ဟု အနက်ပေးသင့်သည်။ ] (၁) ပျားကုန်သည်။ (၂) ခြေလျင်ကုန်သည်၊ ခြေကုန်သည်။ (၃) ဖြားယောင်း-အပ်-ခံရ-သောကုန်သည်။ (၄) မိုက်သောကုန်သည်၊ ကုန်သည်မိုက်။ (၁) ဝါဏိဇက[၂] - ကြည့်။ (၂) တသ္မိံ ကာလေ သာဝတ္ထိနဂရဝါသိနော ဝါဏိဇာ----။အံ၊ဋ္ဌ၊ ၁။၂၇၄။ဒေရ၊ဋ္ဌ၊၂။၁၇၉။ ( တဒါ စ မဇ္ဈိမ- ဒေသတော ဇယ်ဝါဏိဇာ။ သံ၊ဋ္ဌ၊၂။၂၂၃။ ဇယ်ဝါဏိဇာတိ ဇယ်စာရိနော ဝါဏိဇာ။ သံ၊ဋီ၊၂။၁၉၉။ အလားတူအရာ)။ (၃) ရက္ခ- သိဟိံ ဝါဏိဇာ(ဇာ၊၁။၅၁)တိ ရက္ခသီဟိ ပလောဘိတဝါဏိဇာ ဝိယ။ဇာ၊ဋ္ဌ၊၂။၁၁၈။ (၄) ဆေဒဂါမိမဏိယံ'ဝ ဝါဏိဇော(ဇာ၊၂။ ၁၃၀)တိ ယထာ ဗာလဝါဏိဇော သတသ- ဟဿဂ္ဃဘဏ္ဍံ ဒတွာ ဆေဒဂါမိမဏိကံ ဂဏှာတိ။ ဇာ၊ဋ္ဌ၊၅။၄၉၃-၄။

ဝါဏိဇက (ပု) [ဝါဏိဇ + က။ ဝါဏိဇ[၂]- လည်း ကြည့်။ ဝါဏိဇက-သံ။ ဝါဏိအဂ-ပြာ၊ ဝါဏိ- ယဂ-အဒ္ဓမာဂဓီ။] (၁) ကုန်သည်။ (၂) ပျား ကုန်သည်။ (၃) မြင်းကုန်သည်။ (၄) ခြေလျင် ကုန်သည်၊ ခြေကုန်သည်။ (၅) အဝတ်- အထည်-ပုဆိုး-ကုန်သည်။ (၆) ကုန်သည် နှင့်တူသောသူ(ပုဏ္ဏား)။ (၇) မဟာဝါဏိဇ ဇာတ်။ (၁) ကုန်သည်။ ဝါဏိဇကော(စ) တံ ဝဍ္ဎေတိ။ဝိ၊ဋ္ဌ၊၂။၂၈၁။ဝိ၊သင်္ဂဟ။၅၃။ သာမု- ဒ္ဒိကာ ကိရ ဝါဏိဇကာ နာဝံ အာရောဟန္တာ။ ဝိသုဒ္ဓိ၊၂။၂၉၅။ ဝါဏိဇကာ နံ ဘဏ္ဍံ ဝဟ- န္တော။ ဇာ၊ဋ္ဌ၊၃။၅၁၄။ (၂) ပျားကုန်သည်။ ဧသ ရညော ဇေဋ္ဌဘာတာ ဝါဏိဇကော အဟောသိ။ ဝိ၊ဋ္ဌ၊၁။၃၅။ ဝါဏိဇကော အဟောသီတိ မဓုဝါဏိဇကော အဟောသိ။ သာရတ္ထ၊၁။၁၂၉။ ဝိမတိ၊၁။၂၉။ (၃)မြင်း ကုန်သည်။ ကိံ ပန မာရော ဝါဏိဇကေ အာဝဋ္ဋေတုံ န သက္ကောတီတိ ? နော န သက္ကောတိ။ ဝိ၊ဋ္ဌ၊၁။၁၄၇။ (၄) ခြေလျင်ကုန် သည်၊ခြေကုန်သည်။ ဝါဏိဇကေ အာဟ။ ဓမ္မ၊ဋ္ဌ၊၁။၃၅၄။ အယံ မဟာကပ္ပိနော ဝါဏိ- ဇကာနံ ---။ အပ၊ဋ္ဌ၊၂။၂၂၂။ ( ဝါဏိဇ[၂] - လည်းကြည့်။ (၅) အဝတ်-အထည်-ပုဆိုး- ကုန်သည်။ တဉ္ဟိ ဝါဏိဇကေဟိ ဒုဿာနိ ပဂ္ဂဟေတွာ ဒဿနဋ္ဌာနတာယ " ပဂ္ဂါဟိတ- သာလာ"တိ ဝုစ္စတိ။ဝိမတိ၊၁။၃၂၆။ (၆)ကုန် သည်နှင့်တူသောသူ (ပုဏ္ဏား)။ တေပိတိ တေပိ ဣမာနိ ဇွေတ္တကာနိ ဝိက္ကိဏိတွာ ဇီဝိ- တကပ္ပကာ ဝါဏိဇကပြာပတွကာ။ ဇာ၊ဋ္ဌ၊၄။ ၃၆၇။ (၇) မဟာဝါဏိဇဇာတ်။ ခုဒ္ဒကနိ- ကာယ၊ဇာတကပါဠိ၊၁၄-ပကိဏ္ဏကနိပါတ်၊၁၀ ဇာတ်၊ဇာ၊၁။၂၉၈။အထ မောရ သတဍ္ဍက

ဝါဏိဇကော။ ဇာ၊၁။၃၀၈။

**ဝါဏိဇကဂါမ** (ပု) [ဝါဏိဇက + ဂါမ] ဝါဏိဇဂါမ² - ကြည့်။ ကေသို့ ဝါဏိဇကဂါမေ (ဝါဏိဇဂါမေ) ဧတေ ဒွေ ဘာတရော။ မ၊ဋ္ဌ၊၄။၂၃၄။သံ၊ဋ္ဌ၊၃။၂၁။

**ဝါဏိဇကမ္မ** (နု) [ဝါဏိဇ + ကမ္မ] ကုန်သည်တို့၏အမှု၊ ကုန်သွယ်မှု၊ ရောင်းဝယ်မှု။ ဝါဏိဇကမ္မံ ကရောန္တာ စရန္တိ။အံ၊ဋ္ဌ၊၁။၂၉၄။ (-ဒီ၊ဋ္ဌ၊၃။၅၄။အံ၊ဋ္ဌ၊၃။၆၂။ ဝဏိဇ္ဇာ-ထောင့်ကွင်းလည်းကြည့်။

**ဝါဏိဇကဗြဟ္မဏ** (ပု) [ဝါဏိဇက + ဗြာဟ္မဏ] ကုန်သည်နှင့်တူသော ပုဏ္ဏား။ ဝါဏိဇက (၆)ကြည့်။

**ဝါဏိဇကသမ** (တိ) [ဝါဏိဇက + သမ] ကုန်သည်နှင့်တူသော။ ဝါဏိဇကသမာ ရာဇ၊ တေပိ ဝုစ္စန္တိ ဗြာဟ္မဏာ။ ဇာ၊၁။၃၀၄။ဇာ၊ဋ္ဌ၊၄။၃၆၃။

**ဝါဏိဇကုလ** (နု) [ဝါဏိဇ + ကုလ] ကုန်သည်မျိုး။ ဝါဏိဇကုလေ နိဗ္ဗတ္တော။ထေရ၊ဋ္ဌ၊၂။၁၃၆။ ဝါဏိဇကုလေ နိဗ္ဗတ္တိ (နိဗ္ဗတ္တိတွာ)။ ဇာ၊ဋ္ဌ၊၁။၄၂၈။ဇာ၊ဋ္ဌ၊၂။၂၆၉။ဇာ၊ဋ္ဌ၊၃။၇၅။

**ဝါဏိဇကောပမ** (နု) [ဝါဏိဇက + ဥပမာ= ဝါဏိဇကောပမ + ပဌမ + သုတ္တ။] ဝါဏိဇကောပမပဌမသုတ်။ သာမုဒ္ဒိကာယ နာဝါယ(သံ၊၃။၄၇)တိအာဒိ ဟေဋ္ဌာ ဝါဏိဇကောပမေ ဝိတ္ထာရိတမေဝ။သံ၊ဋ္ဌ၊၃။၁၇၃။ ဝါဏိဇကောပမေတိ ဝါဏိဇကောပမပဌမသုတ္တေ စာပိ။ သံ၊ဋီ၊၂။၄၁၁။ (ဤ၌ "ဝါဏိဇဋ္ဌောပမေ" ဟု အဋ္ဌကထာတွင် ပါ၍ရှိ၍ ဋီကာတွင်လည်း ဝါသိဇဋ္ဌောပမေတိ ဝါသိဇဋ္ဌောပမသုတ္တေ - ဟု ပါ၍မှန် ဖြစ်ဖွယ်ရှိသည်။သံ၊၂။၁၂၄-၆။သံ၊ဋ္ဌ၊၂။၃၀၀၊၃၀၃။တို့ ကြည့်)။

**ဝါဏိဇဂါမ** (ပု) [ဝါဏိဇ + ဂါမ] (က) ကုန်သည်တို့၏ရွာ၊ ဝါဏိဇရွာ။ (ခ) ကုန်သည်တို့၏ရွာအနီး၊ ဝါဏိဇရွာအနီး။ (က) ဝါဏိဇဂါမံ ပိဏ္ဍာယ ပါဝိသိ။မ၊ဋ္ဌ၊၄။၂၃၅။သံ၊ဋ္ဌ၊၃။၂၂။ (ခ) ဝါဏိဇဂါမံ ဂန္တွာ။မ၊ဋ္ဌ၊၄။၂၃၈။သံ၊ဋ္ဌ၊၃။၂၅။ ဝါဏိဇဂါမံ ဂန္တွာတိ ဝါဏိဇဂါမသမီပံ ဂန္တွာ။ မ၊ဋီ၊၃။၄၂၄။

**ဝါဏိဇဂါမဝါသီ** (တိ) [ဝါဏိဇဂါမ + ဝသ + ဏီ] ဝါဏိဇရွာ၌နေသော၊သူ၊ ဝါဏိဇရွာသား။ ဘန္တေ ဝါဏိဇဂါမဝါသိနော တုမှေ ဒဋ္ဌု-ကာမာ။မ၊ဋ္ဌ၊၄။၂၃၇။သံ၊ဋ္ဌ၊၃။၂၃-၄။

**ဝါဏိဇဇေဋ္ဌက** (တိ) [ဝါဏိဇ + ဇေဋ္ဌက] ကုန်သည် - အကြီးအကဲ - အကြီးအမှူး - ခေါင်းဆောင်။ ကော ? သော ဝါဏိဇဇေဋ္ဌကော။ အပ၊ဋ္ဌ၊၂။၄၆။

**ဝါဏိဇပဋိဘာဂ** (တိ) [ဝါဏိဇ + ပဋိဘာဂ] ကုန်သည်နှင့်တူသော။ ဝါဏိဇူပမ - ကြည့်။

**ဝါဏိဇသတ** (နု) [ဝါဏိဇ + သတ] ကုန်သည်တစ်ရာ။ ပဉ္စ ဝါဏိဇသတာနိ "ပရသမုဒ္ဒံ ဂစ္ဆာမာ"တိ နာဝါယ ဘဏ္ဍံ ပက္ခိပိံသု။ မ၊ဋ္ဌ၊၄။၂၃၆။သံ၊ဋ္ဌ၊၃။၂၂။

**ဝါဏိဇသမညာ** (ထီ) [ဝါဏိဇ + သမညာ] ကုန်သည်တို့-ခေါ်ဝေါ်-သမုတ်-သုံးစွဲ-အပ်သော အမည်။ ဝိသကဏ္ဍကောတိ ဂုဠဿ ဝါဏိဇသမညာ။အံ၊ဋီ၊၁။၂၂၂။

**ဝါဏိဇူပမ** (တိ) [ဝါဏိဇ + ဥပမာ] ကုန်သည်-လျှင်ဥပမာရှိ-နှင့်တူ-သော။ ဝါဏိဇူပမာ မညေ (မ၊၃။၂၁) တိ ဝါဏိဇူပမာ ဝိယ ဝါဏိပဋိဘာဂါ ဝါဏိဇသဒိသာ မယံ ဥပဋ္ဌဟန္တိ။ မ၊ဋ္ဌ၊၄။၁၄။(-မ၊ဋီ၊၃။၂၂၇)။

**ဝါဏိဇ္ဇ²** (နု) [ဝါဏိဇ + ဏျ] ဝါဏိဇဿ ဘာဝေါ ဝါဏိဇ္ဇံ။ရူ၊၃၈၇။ ဝဏိဇ္ဇာ-ထောင့်ကွင်းလည်းကြည့်။ ဝါဏိဇျ-သံ။ ဝါဏိဇ္ဇ-ပြာ၊

အဒ္ဓမာဂဓီ။] ကုန်သွယ်-ရောင်းဝယ်-ခြင်း၊ ကုန်သွယ်-ရောင်းဝယ်-မှု။ ဇနပဒံ အဂမံသု ဝါဏိဇ္ဇာယ။ဝိ၄။၃၃။ ဝါဏိဇ္ဇံ ရဋ္ဌာဓိပ ဂစ္ဆ-မာနေ။ဇာ၊၂။၁၇။ ဝါဏိဇ္ဇတ္တံ ဝါဏိဇ္ဇကမ္မံ ကရိဿာမီတိ ဂစ္ဆန္တော။ဇာ၊၄။၁၇၈။ ဝါဏိ-ဇ္ဇာယ ဂစ္ဆန္တိ။မဇ္ဈ၄။၁၁၂။ပဋိသံ၊၄၊၂၊၂၉၆။ ဝါဏိဇ္ဇာယာတိ ဝဏိဇ္ဇာကမ္မတ္ထာယ။ ပဋိသံ၊ ဂဏ္ဌိ။၃၇၉။ သော ဓမ္မေန ဝါဏိဇ္ဇံ ကရောတိ နာမ။ ဥဒါန်၄။၃၀၃။

ဝါဏိဇ္ဇ၂ (န) [ဝါဏိဇ္ဇ + က] (က) ကုန်သွယ်ခြင်း။ (ခ) ကုန်သွယ်မှုသဖွယ်ဖြစ်သည့်-ကုသိုလ် - ကောင်းမှု။ (က) (ခ) ဝါဏိဇ္ဇံ သုပယောဇိတံ။အပ၊၁။၁၃၈။ (-၄၄၂။အပ၊ ၂။၂၉၅၃)။

ဝါဏိဇ္ဇကမ္မ (န) [ဝါဏိဇ္ဇ + ကမ္မ] ဝဏိဇ္ဇကမ္မ-ကြည့်။ ကေနစိဒေဝ ကရဏီယေနာတိ ဝါဏိဇ္ဇကမ္မံ အဓိပ္ပေတံ။ သံ၄၊၁။၂၈၅။ သာရတ္ထ၊၃။၃၉၆။ ဝါဏိဇ္ဇကမ္မံ ဂေါရက္ခဥ္စ ဥပ္ပါဒေတိ။အဘိ၄၊၂။၃၉၃။(-ဓမ္မ၄၊၁။၇၉)။

ဝါဏိဇ္ဇတ္ထ (ပု) [ဝါဏိဇ္ဇ + အတ္ထ] ကုန်သွယ်ခြင်းအကျိုး။ ဝါဏိဇ္ဇတ္ထာယ ဂစ္ဆာမိ။မဇ္ဈ၄၊၂။၁၄။ ဝါဏိဇ္ဇတ္ထာယ ဥဇ္ဇေနိံ ဂစ္ဆန္တော။ ဥဒါန်၄။ ၂၇၉။ သာရတ္ထ၊၃။၂၉၆။

ဝါဏီ (ထီ) [ဝါ + ယု + ဤ။ ဝါဏ + ဤ။ဓာန်၊ ဋီ။၁၀၅။ ဝါဏီ-သံ၊ ပြာ၊ အဒ္ဓမာဂဓီ။] (၁) စကား။ (၂) (က) သူရဿတီနတ်သမီး။ (ခ) သူတော်ကောင်းတရား (ဘုရားစကားတော်)။ (၁) ဥတ္တိ ဝါစာ ဂိရာ ဝါဏီ။ဓာန်။ ၁၀၅။ (၂) (က) (ခ) ဝါဏီ (အလင်္ကာ။၁) ယထာဝုတ္တဂုဏောပေတာ သူရဿတီဒေဝ-တာ။ ဝါဏီ ( အလင်္ကာ။၁ ) တိ နော စေ သဗ္ဗညုဘာရတီတိ ဝုတ္တာသဒ္ဓမ္မရတနံ။ အလင်္ကာ၊ ဋီ၊ သစ်။၁။ ( -အလင်္ကာဋီ။၁ )။

ဝါတ (ပု) [ ဝါ + တ။ နီတိ၊ဓာတု။၁၇၀၊၂၃၈။ ဝါယတီတိ ဝါတော။ ဏွာဒိ။၈၂။ ဝါယတိ ဂစ္ဆတီတိ ဝါတော၊ဝါယတိ ဝါ ပုပ္ဖါဒီနံ ဂန္ဓော ယေန သော ဝါတော။ ဓာန်၊ဋီ။၃၇။ သူစိ။ ဝါတ + အ။ နီတိ၊ဓာတု။၃၀၉။ ဝါတ-သံ၊ ဝါတ။ ဝါယ-ပြာ၊ အဒ္ဓမာဂဓီ။ ] (၁) လေ။ (၂) (က) မြူနှင့်တကွသောလေ, မြူမရှိသော လေစသည်။ (ခ) အရပ်လေးမျက်နှာမှလာသောလေ။ (ဂ) အားကြီး-ကြမ်း-သောလေ။ (ဃ) ကမ္ဘာကိုဖျက်သောလေ။ (င) ယူဇနာ ၉-သိန်း ၆-သောင်းအစောက်ရှိသောလေ (ကမ္ဘာရေထု၏အောက်ခံလေ)။ (စ) ဝေရမ္ဘ အမည်ရှိသောလေကြီး။ (ဆ) လေသင်ဓုန်း။ (ဇ) ကမ္မဇလေ( ကံကြောင့်ဖြစ်သောလေ )။ (ဈ) ဝမ်း၌ဖြစ်သောလေ။ (ည) ဝမ်း၌ဖြစ်သောလေ, ကျောက်ကုန်း၌ဖြစ်သောလေစသည်။ (ဋ) ဝင်သက်, ထွက်သက်လေ။ (ဌ) အထက်သို့တက်သောလေ။ (ဍ) ရှူးသွပ်ခြင်းကိုဖြစ်စေတတ်သောလေ။ (၃) အသံ၊လေသံ၊ သေးငယ်သောအသံ။ (၄) (က) လေနာရောဂါ။ (ခ) လေချောက်ချားခြင်း။ (န) (၅) ဝါတသုတ် ၂-သုတ်။

(၁) လေ။ ဝါတောဝ သေဒတံ ကန္တော။ ဒီ၊၂။၂၁၂။ ဝါတော ဝါ ပဏ္ဏကသဠံ ဧရေတိ။ မ၊၁။၂၅။ န ဝါတာ ဝါယန္တိ။သံ၊၂။၁၆၆။ သေယျထာပိ ဘိက္ခဝေ ပါသာဏော လေခါ န ခိပ္ပံ လုဇ္ဇတိ ဝါတေန ဝါ ဥဒကေန ဝါ။ အံ၊ ၁။ ၂၈၇။ ဝါတော ယထာမဂ္ဂေန န ဝါယတိ။ ဒီ၄၊၂။၇။ အစေတနော ဝါတော အစေတနေ အာကာသေ ပတိဋ္ဌိတော။အံ၄၊ ၂။၈၄။ဥစ္စံ ဝါ ပန ရုက္ခံ ဝါတော ပဟာရိတွာ စာလေတိ။အဘိ၄၊၁။၁၂၅။ (-သံ၊၂။၁၆၆၊ ၁၇၈၊၂၁၆။သံ၊၃။၃၈၊၄၆။အံ၊၁။၂၈၇၊၃၈၇။

အံ၊ ၂။၄၇၆။အံ၊၃။၁၇။သုတ္တနိ။၃၇၂။ပေတ။
၁၇၅။ အပ၊ ၂။၃၀။ ဇာ၊၁။ ၂၃၇။ဇာ၊ ၂။၉၂။ဝိ၊
ဋ္ဌ၊ ၂။ ၂၆၇။ဇာ၊ဋ္ဌ၊၄။၁ ၂၉)။

(၂) (က) မြူနှင့်တကွဖြစ်သောလေ, မြူမရှိသောလေစသည်။ ဝါတာ (ဝိ၊၃။၆၁၊ ၇၉။မ၊၁။၁ ၂။အံ၊ ၂။၃၄၁။မဟာနိ။၃၉၇)တိ သရဇအရဇာဒိဘေဒါ။ ဝိသုဒ္ဓိ၊၁။၃၀။မဟာနိ၊ ဋ္ဌ။၄၁၀။ (ခ) အရပ်လေးမျက်နှာမှလာသော လေ။ ဝါတေန န သမီရတိ။ဓမ္မ။ ၂၅။ ပုရ- တ္ထိမာဒိဘေဒေန ဝါတေန။ဓမ္မ၊ဋ္ဌ၊၁။၃၇၂။ ဝေရမ္ဘော ဝါတော ဝါယတိ (အံ၊၁။၁၃၆)တိ စတူဟိ ဒိသာဟိ ဝါယန္တော ဝါတော ဝါယတိ။ ကောယ ဒိသာယ ဝါ ဒွီဟိ ဝါ ဒိသာဟိ တီဟိ ဝါ ဒိသာဟိ ဝါယန္တော ဝါတော ဝေရမ္ဘောတိ န ဝုစ္စတိ။အံ၊ဋ္ဌ၊ ၂။၁၁၆။ စတူဟိ ဒိသာဟိ ဝါယန္တော ဝါတော ဝေရမ္ဘောတိ ဝုစ္စတိ ဝေရမ္ဘဝါတသဒိသတ္တာ။အံ၊ဋီ၊ ၂။၁၁၀။ (-ခုဒ္ဒက။၆။သုတ္တနိ။၃၁၃၊၃၃၀။ထေရ၊၃၇၄။ ဇာ၊၁။၁၇။ သုတ္တနိ၊ဋ္ဌ၊၁။ ၂၈၄။ သုတ္တနိ၊ဋ္ဌ၊ ၂။ ၈၁။ထေရ၊ဋ္ဌ၊ ၂။၅၃၅။ဇာ၊ဋ္ဌ၊၁။၃၄၇။နေတ္တိ၊ ဋ္ဌ။ ၂၅၄။နေတ္တိ၊ဝိ။၃ ၂၅)။

(ဂ) အားကြီး-ကြမ်း-သောလေ။ ဝါတော ရုက္ခံဝ ဒုဗ္ဗလ (ဓမ္မ၊၁၄) န္တိ ဗလဝဝါတော ဆိန္နပပါတေ ဇာတံ ဒုဗ္ဗလရုက္ခံဝ။ဓမ္မ၊ဋ္ဌ၊၁။ ၄၇။ ဝါတော န ဝါယိ (မ၊ဋ္ဌ၊၄။၁၃၃)တိ ခရော ဝါတော န ဝါယိ။ မဋီ၊၃။၃၄၁။ (- စရိယာ။၃၉၁။စရိယာ၊ဋ္ဌ။၇၇)။ (ဃ) ကမ္ဘာကို ဖျက်သောလေ။ ယဒါ ဝါတေန သံဝဋ္ဋတိ၊ ဝေဟပ္ဖလတော ဟေဋ္ဌာ ဝါတေန ဝိဒ္ဓံသိ- ယတိ။ဝိ၊ဋ္ဌ၊၁။၁ ၂၉။ ယသ္မိံ သမယေ ကပ္ပေါ ဝါတေန နဿတိ။သာရတ္ထ၊၁။ ၂၈၆။(-စရိ- ယာ၊ဋ္ဌ။၁၁)။(င)ယူဇနာ ၉-သိန်း ၆-သောင်း အစောက်ရှိသော လေ ( ကမ္ဘာ့ရေထု၏ အောက်ခံလေ)။ ဥဒကံ ဝါတေ ပတိဋ္ဌိတံ၊ ဝါတော အာကာသဋ္ဌော ဟောတိ။ အံ၊၃။၁၃၂။ ဝါတဝသေနာ (ဝိ၊ဋ္ဌ၊ ၂။၅) တိ သဋ္ဌိသဟဿာဓိကနဝယောဇနသတသ- ဟဿုဗ္ဗေဓဿ သန္ဓာရကဝါတမဏ္ဍလဿ ဝသေန။ ဒီ၊ဋီ၊ ၂။၇။ (-မိလိန္ဒ။၇၀။ဝိ၊ဋ္ဌ၊၁။၉၁။ အံ၊ဋ္ဌ၊၃။ ၂၅၀။ အဘိ၊ဋ္ဌ၊၁။၁၅။ ပဋိသံ၊ဋ္ဌ၊၁။ ၃ ၂၉။ ဝိသုဒ္ဓိ၊၁။၁၉၉။ သာရတ္ထ၊၃။၁၄၆။ အံ၊ဋီ၊၃။ ၂၅၉)။

(စ) ဝေရမ္ဘအမည်ရှိသောလေကြီး (အရပ်လေးမျက်နှာတို့မှ လာသောလေကြီး)။ ဥပရိ ဘိက္ခဝေ အာကာသေ ဝေရမ္ဘာ နာမ ဝါတာ ဝါယန္တိ။သံ၊၁။၄ ၂၈။ ဝေရမ္ဘဝါတာတိ ဧဝံနာမကာ မဟာဝါတာ။ ကီဒိသေ ပန ဌာနေ တေ ဝါတာ ဝါယန္တီတိ ယတ္ထ ဌိတဿ စတ္တာရော ဒီပါ ဥပ္ပလိနိပတ္တမတ္တာ ဟုတွာ ပညာယန္တိ။သံ၊ဋ္ဌ၊ ၂။၁၉ ၂။ (-ထေရ။၃၀၇။ ထေရ၊ဋ္ဌ၊ ၂။ ၂၁၄-၅)။ (ဆ) လေသင်မုန်း။ သတ္တကာ ဝါ မေ ဝါတာ ကုပ္ပေယျုံ။အံ၊ ၂။ ၈၉။ (-အံ၊၃။၁၃၈-၉။အံ၊ဋ္ဌ၊၃။၃၆)။(ဇ)ကမ္မဇ လေ(ကံကြောင့်ဖြစ်သောလေ)။ တေ ကိရ ကမ္မဇေဟိ ဝါတေဟိ အခေါသိရာ------ အနန္တံ ဒုက္ခံ ပါပုဏန္တိ။ဒီ၊ဋ္ဌ၊၃။၆၉။ (-အပ၊ ၂။ ၂၃၈။ကထာဝတ္ထု၊ဋ္ဌ။၁၀၇။ထေရီ၊ဋ္ဌ။၁၁၇။ဇာ၊ ဋ္ဌ၊၅။ ၂၈၉။မဟာနိ၊ဋ္ဌ။၆၁။သာရတ္ထ၊ ၂။ ၂၇၄)။ (ဈ) ဝမ်းဋ္ဌိဖြစ်သောလေ။ ဝါတေဟိ(သံ၊၁။ ၁၇၆)တိ ဥဒရဝါတေဟိ။သံ၊ဋ္ဌ၊၁။ ၂၃၇။ (-ဝိ၊ ၃။၃၁၅။အံ၊ ၂။ ၂၁၈။အံ၊ဋ္ဌ၊၃။၇၈။သာရတ္ထ၊ ၂။ ၃၄၀)။ (ည) ဝမ်းဋ္ဌိဖြစ်သောလေ, ကျောက် ကုန်းဋ္ဌိဖြစ်သောလေစသည်။ ဝါတာ(သံ၊ ၂။ ၇၁) တိ ကုစ္ဆိတဝါတပိဋ္ဌိဝါတာဒိဝသေန ဝေဒိတဗ္ဗာ။သံ၊ဋ္ဌ၊ ၂။ ၂၆၈။ အဘိ၊ဋ္ဌ၊ ၂။၅။

(၄) ဝင်သက်, ထွက်သက်လေ။ ယော သော ဘန္တေ အဗ္ဘန္တရေ ဝါတော ဇီဝေါ ပဝိသတိ စ နိက္ခမတိ စ။ မိလိန္ဒ။၂၉။ ဝါတူပလဒ္ဓိ-လည်းကြည့်။ (၅) အထက်သို့ တက်သောလေ။ ဝါတေနာ (သံ၊၄၊၃။၅၃)တိ တဿ သပ္ပဿ သရီရံ ဖုသိတွာ ဥဂ္ဂတဝါ-တေန။သံ၊ဋီ၊၂။၃၂၅။ (၃) ရူးသွပ်ခြင်းကို ဖြစ်စေတတ်သောလေ။ တဿ ဝါတာ ဗလီ-ယန္တိ (ပေတ။၁၄၉)တိ တဿ အပရာပရံ ဥပ္ပဇ္ဇမာနာ ဥမ္မာဒဝါတာ ဗလဝန္တော ဟောန္တိ။ပေတ၊၄။၈၉။ (-ဇာ၊၁။၂၂၃။ဇာ၊၄၊ ၄။၈၅)။

(၃) အသံ၊ လေသံ၊ သေးငယ်သော အသံ။ ဝိဇနဝါတာနိ (ဒီ၊၃။၃၁)တိ အန္တော-သဉ္စာရိနော ဇနဿ ဝါတေန ဝိဂတဝါတာနိ။ ဒီ၊၃၊၃။၁၇။ ဝိဂတဝါတာနီတိ ဝိဂတသဒ္ဒါနိ။ ဒီ၊ဋီ၊၃။၁၅။ အဇပါလကာ ဝိယ မုခေန ဝါတံ နိစ္ဆာရေန္တော သုခုမံ အဗျတ္တနာဒံ ပဝတ္တေန္တိ။ သာရတ္ထ၊၂။၃၇၃။ (၄) (က) လေနာရောဂါ။ ဝါတာနမဝိယဂ္ဂတာ (ဇာ၊၂။၂၅၉) တိ ကစ္စိ တေ သရီရေ ဓာတုယော သမပ္ပဝတ္တာ၊ ဝါတာနံ ဗျဂ္ဂတာ နတ္ထိ၊ တတ္ထ တတ္ထ ဝဂ္ဂဝဂ္ဂါ ဟုတွာ ဝါတာ န ဗာဓယန္တီတိ အတ္ထော။ ဇာ၊၄၊၇။၁၁၁။ ဝါတကာသကုဋ္ဌပဏ္ဍုဘဂန္ဒ-ရာဒီနံ----ဘတ္တဇီရဏကဘေသဇ္ဇံ ဘာဒိသံ နတ္ထိ။ဝိ၊၄၊၂။၇၃။ ဝါတဘေသဇ္ဇ-လည်းကြည့်။ (ခ) လေချောက်ချားခြင်း။ ဝါတေဟာ'ဗာ-မိကော မုနိ။ ထေရ၊၂၅၆။ သော ဒါနိ ဝါတေဟိ ဝါတဟေတု ဝါတကေ္ခာဘနိမိတ္တံ အာဗာမိကော ဇာတော။ထေရ၊၄၊၁။၃၉၈။

(န) (၅) ဝါတသုတ် ၂-သုတ်။သံယုတ္တ-နိကာယ၊ ခန္ဓဝဂ္ဂသံယုတ္တပါဠိ၊ ၃-သံယုတ်၊ ၁-ဝဂ်၊ ၁-သုတ်။ သံ၊၂။ ၁၆၆-၇။ ၂-ဝဂ်၊ ၁-သုတ်။ သံ၊၂။၁၇၈-၉။ ဝါတံ ဧတံ မမ၊ သော အတ္တာ နော စ မေ သိယာ။ သံ၊၂။ ၁၇၈၊၁၈၁။

( လေပျက်ကြောင်း (၁၀) မျိုး -- (၁) သီတေန = အအေးကြောင့်လည်းကောင်း။ (၂) ဥဏှေန = အပူကြောင့်လည်းကောင်း။ (၃) ဇိဃစ္ဆာယ = ဆာလောင်သောကြောင့် လည်းကောင်း။ (၄) ပိပါသာယ = မွတ်သိပ်-ရေငတ်-သောကြောင့်လည်းကောင်း။ (၅) အတိဘုတ္တေန = အစားလွန်သောကြောင့် လည်ကောင်း။ (၆) ဌာနေန = ရပ်တည်နေ ထိုင်မှုလွန်သောကြောင့်လည်းကောင်း။ (၇) ပဓာနေန = အားထုတ်မှုလွန်သောကြောင့် လည်းကောင်း။ (၈) အာဓာဝနေန = ပြေး သွားသောကြောင့်လည်းကောင်း။ (၉) ဥပ-က္ကမေန = သူတစ်ပါးလုံ့လကြောင့်လည်း ကောင်း။ (၁၀) ကမ္မဝိပါကေန = ရှေးကံအ ကျိုး ဝိပါက်ကြောင့်လည်းကောင်း။ ဤ(၁၀) ပါးသောအကြောင်းတို့ကြောင့် လေဖောက် ပြန် ပျက်စီးသည်။ မိလိန္ဒ။၁၃၇။ လေအမျိုး မျိုးကို ဝါယောဓာတု-ပုဒ်ကြည့်။)

ဝါတက (ပု) [ ဝါတ + က။ ဝါတော ဣဝ စဍ္ဍလော ဝါတကော၊ ဣဝတ္ထေ ကန်။ ကောတ္ထုဘ။ အသနပဏ္ဏိ-မည်သောသစ်ပင်၊ ဇောင်ချမ်းပင်။ ဝါတကာ အသို့ အတ္ထိတိ ဝါတကော၊ ပဗ္ဗတော ? ။ ဝါတက-သံ။ ] ဝါတက-မည်သော တောင်။ ဝါတကပဗ္ဗတ-ကြည့်။

ဝါတကတဝိဗ္ဗန္နတောဒန (န) [ဝါတ + ကတ + ဝိဗ္ဗန္န + တောဒန] လေသည်ပြုအပ်သော ထိုးဆွနှိပ်စက်ခြင်း။ ဝါတကတဝိဗ္ဗန္နတော-ဒနာဒိဝသေန အပရာပရံ ဝတ္တမာနေဟိ ဥဒရဝါတေဟိ။ သံ၊ဋီ၊၁။၂၇၅။

**ဝါတကပဗ္ဗတ** (ပု) [ဝါတက + ပဗ္ဗတ] ဝါတက-မည်သောတောင် (ရှင်းတောင်သည် သီဟိုဠ်ကျွန်းတောင်ပိုင်း၌ရှိသည်)။ ဝါတကပဗ္ဗတေ၊ ---- နောမဏ္ဍလတလေ ကထေသိ။မ၊ဋ္ဌ၊၄။ ၂၄၆။

**ဝါတကာဠက** (ပု) [ဝါတ + ကာဠက] ဝါတကာ-ဠက-မည်သော ခိုးသူသတ် ယောက်ျား။ ရာဇဂဟေ ကိရ ဝါတကာဠကော ပညာသ ဝဿာနိ စောရဃာတကမ္မံ အကာသိ။ အံ၊ ဋ္ဌ၊၂။၁၀၉။

**ဝါတကုပ္ပ** (တိ) [ဝါတ + ကုပ္ပ] လေ-ဖောက်ပြန်-ပျက်စီး-ခြင်း။ ဒွိဟိ ကာရဏေဟိ ဂဗ္ဘော န သဏ္ဌာတိ ပါဏကေဟိ ဝါ ဝါတကုပ္ပေဟိ ဝါ။ မဟာနိ၊၂၉၈။

**ဝါတက္ခန္ဓ** (ပု) [ဝါတ + ခန္ဓ] လေ-အစု-အလုံး။ ဝါတက္ခန္ဓော န ဝါယတိ။အပ၊၁။၁၇၄။ထေရ၊ဋ္ဌ၊၁။၂၀၅။(-မ၊ဋ္ဌ၊၂။၉၀။အံ၊ဋ္ဌ၊၃။၁၂၅)။

**ဝါတက္ခိတ္တ** (တိ) [ဝါတ + ခိတ္တ] လေ-လေအဟုန်-ဖြင့်-သည်-ပစ်လွှင့်-တိုက်ခတ်-အပ်သော။ မဟာသမုဒ္ဒေ ဝါတက္ခိတ္တာ နာဝါ ဝိယ။သံ၊ဋ္ဌ၊၂။၉၀။သံ၊ဋီ၊၂။၁၀၄။အံ၊ဋီ၊၂။၃၈၄။ (-ဝိသုဒ္ဓိ၊၂။၂၉၅)။

**ဝါတက္ခိတ္တမ္ဗု** (န) [ဝါတက္ခိတ္တ + အမ္ဗု] လေ-လေအဟုန်-ဖြင့်-သည်-ပစ်လွှင့်-တိုက်ခတ်-အပ်သော မိုးရေပေါက်။ ဝါတက္ခိတ္တမ္ဗု သီကရော။ ဓာန်။၄၉။ ဝါတေန ခိတ္တမမ္ဗု ဝါတက္ခိတ္တမ္ဗု၊ ဗိန္ဒု။ ဓာန်၊ဋီ။

**ဝါတက္ခုဘိတ** (တိ) [ဝါတ + ခုဘိတ] လေကြောင့် - တုန်လှုပ် - ချောက်ချား - သော။ ဝါတက္ခုဘိတာ ရေဏူ ဂဂနာနုဂတာ ဟောန္တိ။ မိလိန္ဒ။၂၆၅။

**ဝါတက္ခောဘနိမိတ္တ** (န) [ဝါတ+ ခေါဘ+နိမိတ္တ] လေချောက်ချားခြင်းဟူသောအကြောင်း။ သော ဒါနိ ဝါတေဟိ ဝါတဟေတု ဝါတ-က္ခောဘနိမိတ္တံ အာဟာမိကော ဇာတော။ ထေရ၊ဋ္ဌ၊၁။၃၉၈။အပ၊ဋ္ဌ၊၂။၂၉၈။

**ဝါတဂတိ** (ထီ) [ဝါတ + ဂတိ] လေ၏-သွားခြင်း-အလား၊ လေကဲ့သို့ လျင်မြန်သောအဟုန်။ မိဂပေါတိကာ တဿ ဝိဒ္ဓဘာဝံ ဥ တွာ ဥပ္ပတိတွာ ဝါတဂတိယာဝ ပလာယိ။ဇာ၊ဋ္ဌ၊ ၁။၁၇၀။

**ဝါတဂါဟီ** (တိ) [ ဝါတ + ဂဟ + ဏီ။ ထီ-၌ ဝါတဂါဟိနီ ။ ] လေကိုယူတတ်သော။ ဝါတဂါဟီ ပဝါဠဒဏ္ဍော ဟောတိ။ဒီ၊ဋ္ဌ၊၂။ ၂၁၀။မ၊ဋ္ဌ၊၄။၁၅၃။

**ဝါတဂ္ဂ** (ပု) [ (ဝါတ + အဂ္ဂ + ကွိ=) ဝါတဂ္ဂ + သိန္ဓဝ။ နောက်ပုဒ်ကျေ။] အောက်ပုဒ်ကြည့်။ သောစတိ စိရရတ္တာယ၊ ဝါတဂ္ဂမိဝ ဘဒ္ဒလိ။ ဇာ၊၁။၇၇။

**ဝါတဂ္ဂသိန္ဓဝ** (ပု) [ဝါတဂ္ဂ + သိန္ဓဝ] လေကဲ့သို့ သွားလာနိုင်သော သိန္ဓောမြင်း၊ ဝါတဂ္ဂ-သိန္ဓောမြင်း။ ဗောဓိသတ္တော သိန္ဓဝကုလေ နိဗ္ဗတ္တိတွာ ဝါတဂ္ဂသိန္ဓဝေါ နာမ ဟုတွာ။ ဇာ၊ဋ္ဌ၊၂။၃၀၆။

**ဝါတဂ္ဂဟဏ** (န) [ဝါတ + ဂဟဏ] လေကိုယူခြင်း။ ဝါတဂ္ဂဟဏတ္ထံ ပက္ခေ ဖန္ဒာပယမာ-နဿ ဂမနံ ဝိယ။အဘိ၊ဋ္ဌ၊၁။၁၅၈။ပဋိသံ၊ဋ္ဌ၊ ၁။၁၆၉။ဝိသုဒ္ဓိ၊၁။၁၃၈။မဟာနိ၊ဋ္ဌ၊၁၁၀။ (-ဇာ၊ဋ္ဌ၊၁။၁၈၀)။

**ဝါတဂ္ဂါဟ** (ပု) [ဝါတ + ဂါဟ] လေကိုယူတတ်သော။ ဝါတဂ္ဂါဟသုဝဏ္ဏဝဏ္ဏဇလမာနပတ္တ-မဟာဘာရောတိ အတ္ထော။အပ၊ဋ္ဌ၊၂။၉၄။

**ဝါတဂ္ဂါဟီ** (တိ) [ ဝါတ + ဂဟ + ဏီ။ ထီ-၌ ဝါတဂ္ဂါဟိနီ။ ] ဝါတဂါဟီ-ကြည့်။ ဝါတဂ္ဂါ-ဟိနာ သုပ္ပေန ဝါ ဝတ္ထေန ဝါ နီဟရန္တိ။ အံ၊ ဋ္ဌ၊၃။၁၉၇။ (-ဒီ၊ဋီ၊၂။၁၉၅)။

**ဝါတဃာတ** (ပု) [ ဝါတ + ဃာတ ] ငုပင်။ ဝါတဃာတရုက္ခ-ကြည့်။

**ဝါတဃာတက** (ပု) [ ဝါတ + ဃာတက။ ဝါတံ ဟန္တီတိ ဝါတဃာတကော။ သုစိ။ ] ငုပင်။ ( ထို ငုပင်ကား လေနာရောဂါကို လွန်စွာ ပယ်ဖျောက်တတ်၏။ ဓာန်၊ ဋီ။ ၅၅၂ )။ ဥဒ္ဒါလကာတိ ဝါတဃာတကာ၊ ယေ " ရာဇ-ရုက္ခာ" တိပိ ဝုစ္စန္တိ။ဝိမာန၊ဋ္ဌ။၃၇။ (-ဇာ၊ဋ္ဌ၊ ၅။၂၁၀၊၄၃၃၊၄၅၂)။

**ဝါတဃာတကပုပ္ဖကလာပ** (ပု) [ဝါတဃာတက+ ပုပ္ဖ + ကလာပ] ငုပန်းစည်း၊ငုပန်း-အပေါင်း-အစု-အပုံ-အစည်း။ ဣန္ဒီဝရာနံ ဟတ္ထကန္တိ ဥဒ္ဒါလကပုပ္ဖဟတ္ထံ ဝါတဃာတကပုပ္ဖက-လာပံ။ဝိမာန၊ဋ္ဌ။၁၈၁။

**ဝါတဃာတရုက္ခ** (ပု) [ ဝါတဃာတ + ရုက္ခ ] ငုပင်။ဘဒ္ဒေ အယံ ဝါတဃာတရုက္ခော ဥဒ္ဒါလော နာမ၊ ဣမ ပဋိလဒ္ဓတ္တာ " ဥဒ္ဒါ-လကော"တိဿ နာမံ ကရေယျာသိ။ ဇာ၊ဋ္ဌ၊၄။ ၂၉၇။

**ဝါတစ္ဆိန္န** (တိ) [ဝါတ + ဆိန္န] လေသည် ဖြတ်အပ်-လေကြောင့်ပြတ်-သော။ ဝါဟစ္ဆိန္နော ဝလာဟကော ဝိယာ ( မ၊ဋ္ဌ၊၂။၁၃၉ )တိ ဝါတစ္ဆိန္နော ပဗ္ဗတကူဋပ္ပမာဏော ဝလာဟ-ကစ္ဆေဒေါ ဝိယ။ မ၊ဋီ၊၂။၁၈၁။ (-ဇာ၊ဋ္ဌ၊၃။ ၃၅၃။သာရတ္ထ၊၃။၃၅၃)။

**ဝါတစ္ဆိန္နဗ္ဘ** (တိ) [ဝါတစ္ဆိန္န + အဗ္ဘ] လေသည် ဖြတ်အပ်-လေကြောင့်ပြတ်-သော မိုးတိမ်။ ယထာ ဝါတစ္ဆိန္နဗ္ဘံ ဝါတေန၊ ဧဝံ အတ္တနော ဝေဂေန နုဏ္ဏော ဟုတွာ ဣမံ အမ္ဗရုက္ခံ ဥပါဂမိံ။ ဇာ၊ဋ္ဌ၊၃။၃၅၃။

**ဝါတစ္ဆိန္နဝလာဟက** (ပု) [ဝါတစ္ဆိန္န+ဝလာဟက] ဝါတစ္ဆိန္နဗ္ဘ - ကြည့်။ ဝါတစ္ဆိန္နဝလာဟကော ဝိယ ဝေဂေန မနုဿတမတ္တံ ဌာနံ လင်္ဃိတွာ။ ဇာ၊ဋ္ဌ၊၃။၃၅၁။

**ဝါတဈူပိတ** (တိ) [ဝါတ + ဆုပိတ] လေ-သည်-ဖြင့်-တွေ့ထိအပ်သော။ ဝါတဈူပိတာ (ဇာ၊ ၂။၃၇၆)တိ စိတ္တလတာဝနေ ဇာတာ ဝါတ-သမ္ဖုဋ္ဌာ သုဝဏ္ဏကဒလီ ဝိယ။ ဇာ၊ဋ္ဌ၊၇။ ၃၈၂-၃။

**ဝါတဆိန္နသဒ္ဒ** (ပု) [ဝါတဆိန္န + သဒ္ဒ] လေသည် ဖြတ်အပ်-လေကြောင့်ပြတ်-သောအသံ။ နိဝတ္တနကဏ္ဍာဿ ဝါတဆိန္နသဒ္ဒေါ အသ-နိသဒ္ဒေါ ဝိယ အဟောသိ။ဇာ၊ဋ္ဌ၊၂။၈၁။

**ဝါတဇ** (တိ) [ဝါတ + ဇန + ကွိ။ ဝါတဇ-သံ။] လေကြောင့် ဖြစ်သော ။ ဝါတဇာနိ ဟိ သီတာနိ၊ ဥဘော'တ္ထမပရာဇိတာ။ဇာ၊၁။၅။ ဇာ၊ဋ္ဌ၊၁။၁၈၁-၂။

**ဝါတဇဝ**[၁] (ပု) [ ဝါတ + ဇဝ။ (တိ) ဝါတဇဝ-သံ။ ] လေ၏ - အရှိန် - အဟုန်။ ဝါတဇဝပ္ပဟာရီ-ကြည့်။

**ဝါတဇဝ**[၂] (တိ) [ ဝါတဇဝ + ဇဝ။ နောက်ပုဒ် ကျေ။ ] လေ၏-အရှိန်-အဟုန်-နှင့်တူသော - အရှိန် - အဟုန် - ရှိသော။ အဋ္ဌပေတွာ ဝါတဇဝံ၊ သိန္ဓဝံ သီဃဝါဟနံ။အပ၊၁။၁၁၈။ (-၂၇၈၊၄၀၄၊ဇာ၊။၂။၂၈၁။ပေဋကော။၂၇၆။ အပ၊ဋ္ဌ၊၂။၁၉၅။ စရိယာ၊ဋ္ဌ။၂၄၂။ ဇာ၊ဋ္ဌ၊၅။ ၅၁၂၊၅၁၇။ဇာ၊ဋ္ဌ၊၇။၁၇၃)။

**ဝါတဇဝပ္ပဟာရီ** (တိ) [ဝါတဇဝ + ပဟာရီ။ထီ-၌ ဝါတဇဝပ္ပဟာရိနီ။] လေ၏ အရှိန်အဟုန်-လေကဲ့သို့ လျင်မြန်သောအဟုန်-ဖြင့်သွား၍ (ရန်သူတို့ကို)-ရိုက်နှက်-ပုတ်ခတ်-သတ်-လေ့ ရှိ-တတ်-သော၊သူ။ ဝါတဇဝပ္ပဟာရိနော(ဇာ၊ ၁။၃၇၂) တိ ဝါတဇဝေန ဂန္တွာ ပစ္စာမိတ္တေ ပဟရဏသီလာ ဝေရူပါ အဋ္ဌသဟဿနာဂါ နာဂရာဇာနံ ရက္ခန္တိ။ဇာ၊ဋ္ဌ၊၅။၄၄

ဝါတဇဝသိန္ဓဝ (ပု) [ဝါတဇဝ + သိန္ဓဝ] လေကဲ့သို့ လျင်မြန်သော သိန္ဓောမြင်း၊ (လေ၏-အဟုန်-နှင့်တူသော-အရှိန်-အဟုန်-ရှိသော သိန္ဓောမြင်း။) ယထာ စ ဗလဝတော ဝါတဇဝသိန္ဓဝဿ ပဒုမိနိပတ္တေပိ အက္ကန္တမတ္တမေဝ ဟောတိ။အံ၊ဋ္ဌ၊၂။၂၉၉။

ဝါတဏ္ဍ (နု) [ဝါတ + ပူရိတ + အဏ္ဍ။ ဝါတာဏ္ဍ-သံ။] မုတ္တနာ၊ မုတ္တရောဂါ၊ လိင်ဥ-ဝှေးစေ့-ကြီး-ရောင်-သောအနာ။ ဝုမိရောဂေါ တု ဝါတဏ္ဍံ၊ သီပဒံ ဘာရပါဒတာ။ ဓာန်။ ၃၂၆။ ဝါတပူရိတံ အဏ္ဍံ ကောသော ဝါတဏ္ဍံ။ဓာန်၊ဋီ။

ဝါတဏ္ဍက (ပု) [ဝါတဏ္ဍ + က] ဝါတဏ္ဍ-ကြည့်။ အဏ္ဍဝုမိတိ ဝါတဏ္ဍကော။ဝဇီရ။၄၈၂။

ဝါတဏ္ဍိက (တိ) [ဝါတဏ္ဍ + ဣက။ ဝါတေန ပူရိတော အဏ္ဍကောသော ဧတဿာတိ ဝါတဏ္ဍိကော။ ပါစိတ်၊ယော။၂၇၂။] မုတ္တနာ-မုတ္တရောဂါ - ရှိသူ၊ လိင်ဥ-ဝှေးစေ့-ကြီး-ရောင်-သောအနာရှိသူ။ မဟာဥဒရိကော ဝါ ဝါတဏ္ဍိကော ဝါ မဟာဇာဏုကော ဝါ။ဝိ၊ ဋ္ဌ၊၃။၃၁၂။ ဝါတဏ္ဍိကော နာမ အဏ္ဍကေသု ဝုမိရောဂေန သမန္နာဂတော။ ဝဇီရ။၄၃၉။ သာရတ္ထ၊၃။၆၄။ (-ဝိမတိ၊၂။၁၂၈)။

ဝါတဓာတုက (တိ) [ဝါတ+ဓာတု+က] လေဓာတ်-ပြော-များ-သော၊ များသောလေဓာတ်ရှိသော၊ သူ။ ဝါတဓာတုကဿ သုညာဂါရံ အနုကူလံ ဝါတနိဝါရဏတော။သာရတ္ထ၊၂။ ၁၈၇။ (-ဝဇီရ။၁၄၉)။

ဝါတဓာရာ (ထီ) [ဝါတ + ဓာရာ] လေ၏အယဉ် (လေပြေ, လေညှင်း)။ အပိ စ ခေါ ကဿစိ သုခသမ္ဖဿံ ဥပ္ပါဒယမာနော တူလပိစု ဝိယ, ကပ္ပါသပိစု ဝိယ, ဝါတဓာရာ ဝိယ စ ဥပဋ္ဌာတိ။ ဝိ၊ဋ္ဌ၊၂။၂၉။ ပဋိသံ၊ဋ္ဌ၊၂။၉၈။

ဝိသုဒ္ဓိ၊၁။၂၇၆။

ဝါတဓုတ (တိ) [ ဝါတ + ဓုတ ] လေ-လေပြေ လေညှင်း-သည်တုန်လှုပ်စေ-တိုက်ခတ်-အပ်သော။ ဝါတဓုတာ (ဝိမာန။၅၅) တိ မန္ဒေန မာလုတေန ဓုပယမာနာ။ဝိမာန၊ဋ္ဌ။၁၅၉။

ဝါတနိဒါန (တိ) [ဝါတ + နိဒါန] လေဟူသော အကြောင်းရှိသော။ ဝါတနိဒါနေန ဝါ အပမာရရောဂေန။အံ၊ဋီ၊၂။၉၀။

ဝါတနိဝါရဏ (တိ) [ဝါတ + နိဝါရဏ] လေကို-တားမြစ်-ပိတ်ဆို့-တတ်သော။ ဝါတဓာတုက-+ကြည့်။

ဝါတပဋ္ဋာကာ (ထီ) [ဝါတ + ဂါဟိနီ+ပဋ္ဋာကာ။ မဇ္ဈေလောပ။]လေကိုယူတတ်သော-တံခွန်-အလံ။ သမန္တာ ဝါတပဋ္ဋာကာ ပရိက္ခိပိတွာ။ ဒီ၊ဋ္ဌ၊၂။၁၉၇။ ဝါတဂ္ဂါဟိနိယော ပဋ္ဋာကာ ဝါတပဋ္ဋာကာ။ဒီ၊ဋီ၊၂။၁၉၀။

ဝါတပတိတ (တိ) [ဝါတ + ပတိတ] လေကြောင့် ကြွေကျသော။ ပဋ္ဌမံ တာဝ ဝါတပတိတာနိ ခါဒိံ။ဇာ၊ဋ္ဌ၊၅။၇၅။

ဝါတပရိဿယရဟိတ (တိ) [ဝါတ + ပရိဿယ+ ရဟိတ] လေဘေးမှ ကင်းသော၊ လေဘေး မရှိသော။ ဖုသိတဂ္ဂဠပိဟိတဝါတပါနတ္တာ ဝါတပရိဿယရဟိတာတိ အတ္ထော။ထေရ၊ ဋ္ဌ၊၁။၃၀။

ဝါတပဟဋ (တိ) [ ဝါတ + ပဟဋ ] လေသည် တိုက်ခတ်အပ်သော။ ဝါတေန ဆုပိတာတိ ဝါတပဟဋာ။ ဇာ၊ဋ္ဌ၊၇။၆၉။

ဝါဒသံယဋ္ဌ (ပု) [ ဝါဒ + သံယဋ္ဌ] စကားတည်းဟူသော အချုပ်ခန်း။ စကားတည်းဟူသော-ရိုက်နှက်-ပုတ်ခတ်-ထိုခိုက်-ထိပါး-ညှဉ်းဆဲ-နှိပ်စက် - ချုပ်ချယ် - ရာအရပ်၊ (ဝါဒတည်း

ဟူသော-ပေါင်းချုပ်-ပေါင်းချောင်။ သျှ၊သစ်။ ပခုက္ကူ )။ ပဌမံ ယက္ခံ အဒိသွာ သမဏေန ဂေါတမေန ဝါဒသံယဋ္ဌေ ပက္ခိတ္တော ဝ ယက္ခံ ပဿသီတိ ဝဒေယျ။ ဒီ၊ဋ္ဌ၊၁။၂၃၆။ ဝါဒသံယဋ္ဌေတိ ဝါစာသယဋ္ဌေနေ။ သီ၊ဋီ၊သစ်၊ ၂။၂၆၁။

ဝါဒသင်္ဂဟဏ (န) | ဝါဒ + သင်္ဂဟဏ | အယူဝါဒတို့ကို အကျဉ်းပေါင်း၍ ယူကြောင်းဖြစ်သော-စကား-သဒ္ဒါ။ " သဗ္ဗဝိဋ္ဌိနံ သင်္ဂဟိတတ္တာ "တိ ဧတေန ဝါဒသင်္ဂဟဏေန ပုဂ္ဂလသင်္ဂဟောတိ ဒဿေတိ။ သီ၊ဋီ၊သစ်၊ ၁။၄၇၀။

ဝါဒသယ်ဋ္ဌ (ပု) [ ဝါဒ + သယ်ဋ္ဌ = သံယဋ္ဌ ] ဝါဒသံယဋ္ဌ - ကြည့်။ ဝါဒသယ်ဋ္ဌေတိ ဝါစာသယ်ဋ္ဌေ။ ဒီ၊ဋီ၊၁။၃၀၃။

ဝါဒသယ်ာဋ္ဌ (ပု) | ဝါဒ + သယ်ာဋ္ဌ | အယူဝါဒအပေါင်း၊ အယူဝါဒတို့၏-အပေါင်း-အစု။ မဟတာသိ ဝါဒသယ်ာဋ္ဌေန ပဋိမုက္ကော အာဂတော။ မ၊၂။၄၆။

ဝါဒသယ်ာတ (ပု) | ဝါဒ + သယ်ာတ | ဝါဒသယ်ာဋ္ဌ - ကြည့်။ ကထံ မဏ္ဍလံ ကရိဿာမိ။ မဟာနိ။၁၂၇။ မဏ္ဍလန္တိ ဝါဒသယ်ာတံ။ မဟာနိ၊ဋ္ဌ။၂၄၇။

ဝါဒသတ (န) |ဝါဒ + သတ| အယူဝါဒတစ်ရာ၊ အယူဝါဒ - စကားအစဉ် - (၁၀၀) တစ်ရာ၊ တစ်ရာသော အယူဝါဒ။ ပုစ္ဆေ ကိရ ဧကော နိဂဏ္ဌော စ နိဂဏ္ဌီ စ ပဉ္စ ပဉ္စ ဝါဒသတာနိ ဥဂ္ဂဟေတွာ။ မ၊ဋ္ဌ၊၂။၁၇၀။ ဝဒန္တိ ဧတေနာတိ ဝါဒေါ၊ မဂ္ဂေါ၊ ကိံ ဝဒန္တိ ? ဥတ္တရံ၊ ဝါဒါနံ သတာနိ ဝါဒသတာနိ။ မ၊ဋီ၊၂။၂၀၀။

ဝါဒသတ္ထ (န) |ဝါဒ + သတ္ထ| အယူ-အယူဝါဒ-ကို ပြဆိုသည့် - ကျမ်း - ကျမ်းဂန်။ အယံ ပဗ္ဗဇိတော မဟာဝါဒီ၊ က္လမဿ သန္တိကေ ပဗ္ဗဇိတွာ ဝါဒသတ္ထံ သိက္ခိဿာမိ။ သုတ္တနိ၊ ဋ္ဌ၊၂။၂၅၄။

ဝါဒသတ္ထဝိသာရဒ (တိ) |ဝါဒသတ္ထ + ဝိသာရဒ| အယူ-အယူဝါဒ-ကို ပြဆိုသည့်ကျမ်း၌ ရဲရင့်-ကျွမ်းကျင်-လိမ္မာ-သော၊ သူ။ သဗ္ဗဝေဒဝိဒူ ဇာတော၊ ဝါဒသတ္ထဝိသာရဒေါ။အပ၊၂။၁၅၂။ ထေရ၊ဋ္ဌ၊၂။၅၁၂။

ဝါဒသဟစာရီ (တိ) | ဝါဒ + သဟစာရီ။ ထိ-၌ စာရိနီ။ | အယူဝါဒနှင့်တကွဖြစ်လေ့ရှိသော။ တံတံဝါဒေဟိ ပညာပိယမာနာနိ ပါဒက-ဖွာနာဒီနိ ဝါဒသဟစာရိတာယ "ဝါဒါ" တိ ဝုစ္စန္တိ။ အနု၊ဋီ၊၁။၁၂၃။

ဝါဒသဟဿ (န) |ဝါဒ + သဟဿ| အယူဝါဒ ( ၁၀၀၀ ) တစ်ထောင်၊ တစ်ထောင်သော အယူဝါဒ။ ဝါဒသဟဿံ ဥဂ္ဂဏှိတွာ ဝိစရတိ။သံ၊ဋ္ဌ၊၁။၂၁၆။ (-ဓမ္မ၊ဋ္ဌ၊၁။၄၁၆-၇)။

ဝါဒသီလ (တိ) |ဝါဒ + သီလ| အယူ-အယူဝါဒ-ကို ပြုလေ့ရှိသော၊ အယူဝါဒကို ပြုခြင်းအလေ့ရှိသော၊ သူ။ ယေ ကေစိမေ တိတ္ထိယာ ဝါဒသီလာ အာဇီဝကာ ဝါ ယဒိ ဝါ နိဂဏ္ဌာ။ သုတ္တနိ။၃၃၆။ မယံ သမ္မာ ပဋိပန္နာ၊ အညေ မိစ္ဆာ ပဋိပန္နာ " တိ ဧဝံ ဝါဒကရဏသီလာ လောကံ မုခသတ္တိဟိ ဝိတုဒန္တာ ဝိစရတိ။ သုတ္တနိ၊ဋ္ဌ၊၂။၁၀၂။ (-မ၊ဋီ၊၃။၄၈)။

ဝါဒသေသက (ပု) | ဝါဒ + သေသက | ကြွင်း-ကျန်-သော အယူဝါဒ၊ဝါဒ-အကြွင်း-အကျန်။ သန္တကာ ဝိယ ရက္ခမ္ဘိ၊ နိဗ္ဗတ္တာ ဝါဒသေသကာ။ အဘိ၊ဋ္ဌ၊၃။၁၀၉။

ဝါဒဿာဒ (ပု) |ဝါဒ + အဿာဒ| အယူ-အယူဝါဒ-၌-သာယာ-နှစ်သက်-ခြင်း။ လောကာဟာလဇနာ အာယတန္တိ တွေ့ ဥဿဟန္တိ ဝါဒဿာဒေနာတိ လောကာယတံ။ သီ၊ဋီ၊

သစ်၊၁။၃၆၇။သီဋ္ဌီ၊သစ်၊၂။၂၂၄။

ဝါဒါဓိပ္ပါယ (တိ) [ဝါဒ+အဓိပ္ပါယ] အယူဝါဒ၌-အလို-ဆန္ဒ-ရှိသော၊ သူ။ တေ ဝါဒကာမာ ဝါဒတ္ထိကာ ဝါဒါဓိပ္ပါယာ ဝါဒပုရေက္ခာရာ ဝါဒပရိယေသနံ စရန္တာ။ မဟာနိ။၁၂၆။ ဝါဒါဓိပ္ပါယာတိ ဝါဒဇ္ဈာသယာ။ မဟာနိ၊ဋ္ဌ။ ၂၄၆။

ဝါဒါနုပဝတ္တိ (ထီ) [ ဝါဒ + အနုပဝတ္တိ ] အပြစ်ဒေါသတို့၏ဖြစ်ခြင်း။ ဝါဒါနုပါတ(၂) ကြည့်။

ဝါဒါနုပါတ (ပု) [ ဝါဒ + အနုပါတ ] (၁) အယူဝါဒ-ဖြစ်-ဖြစ်ပေါ်-ခြင်း။ (၂) အပြစ်ဒေါသတို့၏ဖြစ်ခြင်း။ (၃) (မြတ်စွာဘုရား၏) အယူဝါဒသို့ အစဉ်လိုက်-ခြင်း-သော အယူဝါဒ။ (၁) သဟဓမ္မိကော ဝါဒါနုပါတော (သံ၊၁။ ၂၇၀) တိ ပရေဟိ ဝုတ္တကာရဏေန သကာရဏော ဟုတွာ သမဏာဿ ဂေါတမဿ ဝါဒနုပါတော ဝါဒပ္ပဝတ္တိ။သံ၊ဋ္ဌ၊၂။၅၂။ (-အံ၊ ၁။၁၆၁၊၃၃၉-၄၀။ အံ၊ဋ္ဌ၊၂။၁၄၂၊၂၈၊ ဒီဋ္ဌီ၊ ၃။၈၅)။ (၂) " ဝါဒါနုပါတာ"တိပိ ပါဠော၊ ဝါဒါနုပဝတ္တိယောတိ အတ္ထော။ နေတ္တိ၊ဋ္ဌ။ ၁၁၆။ ဝါဒါနုပဝတ္တိယောတိ ဝါဒါနံ ဒေါသာနံ အနုပဝတ္တိယော။ နေတ္တိဋ္ဌီ။၇၅။ ( ၃ ) " ဝါဒါနုပါတော" တိပိ ပါဠော၊ သတ္ထုဝါဒဿ အနုပါတော အနုပတနံ၊ အနုဂမနန္တိ အတ္ထော။ က္ကမိနာပိ ဝါဒံ အနုဂတော ဝါဒေါယေဝ ဒီပိတော ဟောတိ။ သံ၊ဋ္ဌ၊၂။၂၃၈။ က္ကမိနာပိ ပါဠန္တရေန ဝါဒေါ ဧဝ ဒီပိတော၊ န တေန ပကာသိတာ ကိရိယာ။ သံ၊ဋ္ဌီ၊၂။၂၀၈။

ဝါဒါနုပ္ပတ္တ (တိ) [ ဝါဒ + အနုပ္ပတ္တ ] အယူဝါဒသို့ အစဉ်အားဖြင့် ရောက်သော၊ သူ။ " ဝါဒါနုပ္ပတ္တာ ဂါရယှဋ္ဌာနာ" တိပိ ပါဠော။ တဿတ္ထော-- ပရေဟိ ဝုတ္တေန ကာရဏေန သကာရဏော နိဂ္ဂဏှာနံ ဝါဒံ အနုပ္ပတ္တာ တံ ဝါဒံ သောသေန္တာ မိလာပေန္တာ။ မ၊ဋ္ဌ၊၄။၆။

ဝါဒါနုဝါဒ (ပု) [ဝါဒ + အနုဝါဒ] (၁) အယူဝါဒ။ (၂) ဟော-ဆို-အပ်သည်သို့ အတုလိုက်၍ ပြောဆိုခြင်း။ (၃) ဝါဒနှင့် အနုဝါဒ- (က) ဘုရားရှင်၏-- အယူဝါဒ = စကားတော်, (ထိုအား) လျောက်ပတ်သော အယူဝါဒ=စကား။ ( ရှေ့ဆိုအပ်သော စကား, နောက်ဆိုအပ်သောစကား။ဝိ၊၄။သျှ။)။ (ခ) နိဂဏ္ဌတို့သည် ပြောဆိုအပ်သော ဝါဒ, ( တပည့်သားတို့သည်) အတုလိုက်၍ ပြောဆိုအပ်သောဝါဒ။ (၁) န စ ကောစိ သဟဓမ္မိကော ဝါဒါနုဝါဒေါ ဂါရယှံ ဌာနံ အာဂစ္ဆတိ။ ဒီ၊၃။၉၅။ ဝါဒါနုဝါဒေါတိ ဝါဒေါယေဝ။ ဒီ၊ဋ္ဌ၊၃။၈၇။ (၂) န စ ကောစိ သဟဓမ္မိကော ဝါဒါနုဝါဒေါ ဂါရယှံ ဌာနံ အာဂစ္ဆေယျ။ သံ၊၂။၆။ ဝါဒါနုဝါဒေါတိ ဘဂဝတာ ဝုတ္တဝါဒဿ အနုဝါဒေါ။ သံ၊ဋ္ဌ၊၂။၂၃၈။ (-နေတ္တိ။၄၄။ နေတ္တိ၊ဋ္ဌီ။၇၅)။ (၃) (က) သဟဓမ္မိကော ဝါဒါနုဝါဒေါ ( ဝိ၊၃။၃၃၀ ) တိ အပရေဟိ ဝုတ္တကာရဏေန သကာရဏော ဟုတွာ တုမှာကံ ဝါဒေါ ဝိညူဂရဟိတဗ္ဗံ ကာရဏံ ကောစိ အပ္ပမတ္တကောပိ ကိံ န အာဂစ္ဆတိ။ ဝိ၊ဋ္ဌ၊၃။၃၇၈။ သဟဓမ္မိကော ဝါဒါနုဝါဒေါတိ ပရေဟိ ဝုတ္တကာရဏေန သကာရဏော ဟုတွာ တုမှာကံ ဝါဒေါ ဝါ တတော ပရံ တဿ အနုဝါဒေါ ဝါ ကောစိ အပ္ပမတ္တကောပိ ဝိညူဟိ ဂရဟိတဗ္ဗံ ဌာနံ ကာရဏံ န အာဂစ္ဆတိ။ သာရတ္ထ၊၃။၃၂၆။ (-ဝိ၊၄။ ၄၉၅။ဒီ၊၁။၁၅၃။ဒီ၊ဋ္ဌ၊၁။၂၈၇။ဝိမတိ၊၂။၁၈၈-၉။သီဋ္ဌီ၊သစ်၊၂။၃၄၆-၇)။ (ခ) သဟဓမ္မိကာ ဝါဒါနုဝါဒါ (မ၊၃။၈) တိ ပရေဟိ ဝုတ္တကာရဏေန သကာရဏာ ဟုတွာ နိဂဏ္ဌာနံ ဝါဒါ

စ အနုဝါဒါ စ ။မ၊ဋ္ဌ၊၃။၆။ နိဂဏ္ဌာနံ ဝါဒါ စ အနုဝါဒါ စာတိ နိဂဏ္ဌောဟိ ဝုစ္စမာနာ သကသကသမယပ္ပဝေဒိကာ ဝါဒါ စေဝ သာဝကေဟိ ဝုစ္စမာနာ တေသံ အနုဝါဒါ စ။ မ၊ဋီ၊၃။၂၁၅။

ဝါဒါနုသယန (န) [ ဝါဒ + အနုသယန ] အယူဝါဒကို တစ်ဆင့်ကြားခြင်း။ ကိရာတိ ဝါဒါ-နုသယနေ နိပါတော။သီ၊ဋီ၊သစ်၊၂။၄၄။

ဝါဒါပန (န) [ ဝဒ + ဏာပေ + ယု ] တီး-မှုတ်-ခေါက်-စေ-ခိုင်း-ခြင်း။ အာဒိသဒ္ဒေန ဂါယန-ဂါယာပနဝါဒနဝါဒါပနာဒိ သင်္ဂဏှာတိ။ဒီ၊ဋီ၊ ၁။၁၂၃။အံ၊ဋီ၊၂။၁၇၇။ (-သီ၊ဋီ၊သစ်၊၁။၃၄၇)။

ဝါဒါပယတိ (ကာ၊ကြိ) [ ဝဒ + ဏာပယ + တိ ] ဆို -တီး -မှုတ် -ခေါက် -စေ၏။ ဝါဒါပေတိ၊ ဝါဒါပယတိ။ နီတိ၊ဓာတု။၃၁၄။

ဝါဒါပရာမဟေတုက (တိ) [ ဝါဒ + အပရာမ + ဟေတု + က] အယူဝါဒကို ပြစ်မှားခြင်းဟူသောအကြောင်းရှိသော။ သွာယံ ပန ယသ္မာ ဝါဒါပရာမဟေတုကော။ အနု၊ဋီ၊၃။၆၁။

ဝါဒါပေတိ (ကာ၊ကြိ] [ ဝဒ + ဏာပေ + တိ ] ဝါဒါပယတိ - ကြည့်။

ဝါဒါပေတုံ (ဗျ) [ဝဒ + ဏာပေ + တုံ] ဆို-တီး-မှုတ်-စေခြင်းငှါ။ ဩနပဟိတုံ ဝါ ဩနပဟာ-ပေတုံ ဝါ ဝါဒေတုံ ဝါ ဝါဒါပေတုံ ဝါ န လဗ္ဘတိယေဝ။ဝိ၊ဋ္ဌ၊၂။၁၃၁။ ဝိ၊သင်္ဂဟ။၃၁။

ဝါဒါဘိရတ (တိ) [ဝါဒ + အဘိရတ] အယူဝါဒ၌-မွေ့လျော်-ပျော်မွေ့-သော၊ သူ။ ယသ္မာ တုမှေ ဝါဒပသုတာ ဝါဒါဘိရတာ ဓဇံ ပဂ္ဂယှ ဝိစရထ။ မ၊ဋီ၊၂။၂၀၁။

ဝါဒါရောပန (န) [ ဝါဒ + အာရောပန ] (၁) အပြစ်တင်ခြင်း၊ အပြစ်သို့တင်ခြင်း။(၂)အယူဝါဒသို့တင်ခြင်း။(၁) ဣတိဝါဒေါ ဟောတီတိ ဧဝံ ဣမဿ ဥပရိ ဝါဒါရောပနံ ဟောတိ။ သံ၊ဋီ၊၂။၄၂၂။ (-မ၊ဋီ၊၃။၂၈)။ (၂) တသ္မာ ဣမသ္မိံ လောကဝါဒေ ဌတွာဝ ဣဒံ ဝါဒါရောပနံ ကတံ။ မ၊ဋ္ဌ၊၃။၄၂။ (-သံ၊ဋ္ဌ၊၃။ ၁၃၈။မ၊ဋီ၊၂။၂၀၃။အနု၊ဋီ၊၂။၈၉)။

ဝါဒါရောပနတ္ထ (ပု) [ ဝါဒါရောပန + အတ္ထ ] အယူဝါဒသို့ တင်ခြင်းဟူသော အကျိုး။ သော ဝယပတ္တော ---- သတ္တူ ဝါဒါရောပ-နတ္ထာယ ပေသိတော။အပ၊ဋ္ဌ၊၂။၂၆၇။

ဝါဒါရောပနဘယ (န) [ဝါဒါရောပန + ဘယ ]-အပြစ်တင်ခြင်းမှ ကြောက်ခြင်း။ ယထာ တံ ဝါဒါရောပနဘယေန န အဝဇာနာတိ။ မ၊ဋီ၊ ၃။၂၈။

ဝါဒါလမ္ဗန (တိ) [ဝါဒ + အာလမ္ဗန ] အယူဝါဒကို - ကိုင်စွဲ -အမှီသဟဲပြု -တကဲပြု -ခြင်း။ အညေပိ ဝါဒါလမ္ဗနာ ဝုတ္တနယေန သက္ကာ ဉာတုံ။ဝိမတိ။၁။၁၂၄။

ဝါဒိက (တိ) [ ဝဒ + ဏိက။ ဝါဒ + ဣက။ ဝါဒိက-သံ။ ] ပြောဆို-မြည်တွန်-လေ့ရှိ-ခြင်း ရှိ-သော။ ကုဋ္ဌ ဝါဒိကာ။ ဇာ၊၂။၃၄၆။ ဇာ၊ဋ္ဌ၊ ၇။၃၁၆။ ( သီ၊ သျာ၊ ကမ္ဘ-မူ )။ ပါရာဝါဒိက-မဟာဝံသ။၅၆၀။

ဝါဒိတ (န) [ ဝဒ + ဏေ + တ။ ဝါဒယန္တိ ဧနယန္တိ တန္တိ ဝါဒိတံ။ဓာန်၊ဋီ။၁၄၂။ ဝါဒိတ-သံ။ ဝါဒ္ယအ-ပြာ၊ ဝါဒ္ယယ- အဒ္ဓမာဂဓီ။ ] (၁) တီး-မှုတ်-ခြင်း။ (၂) တီး-မှုတ်-အပ်သော ဘဏ္ဍာ (တူရိယာ ၅-မျိုး)။ (၃)စောင်းအစရှိသော ကြိုးတပ်အပ်သော တူရိယာ။ (၁) ယာ ပန ဘိက္ခုနီ နစ္စံ ဝါ ဂီတံ ဝါ ဝါဒိတံ ဝါ ဒဿနာယ ဂစ္ဆေယျ။ဝိ၊၂။၃၅၀-၁။ဝိ၊ဋ္ဌ၊၃။၂၀၁။ ကွ နစ္စံ၊ ကွ ဂီတံ၊ ကွ ဝါဒိတံ၊ ကွ အက္ခာနံ။ ဒီ၊၃။၁၄၈။ ဝါဒိတန္တိ ဝီဏာ-ဝေဏုမုဒိင်္ဂါဒိဝါဒနံ။ ဒီ၊ဋီ၊၃။၁၃၃။

(၂) အာတောဇ္ဇံ တု စ ဝါဒိတ္တံ၊ ဝါဒိတံ ဝဇ္ဇ-မုစ္စတေ။ဓာန်။၁၄၂။ စတုက္ကံ အာတတာဒီနံ နာမံ။ ဓာန်ဋီ။၁၄၂။ (၃) ပဏဝသဒ္ဒေါ ဂီတသဒ္ဒေါ ဝါဒိတသဒ္ဒေါ သမ္မသဒ္ဒေါ ပါဏိသဒ္ဒေါ။ အဘိ။ဓ။၁၆၄။ ဝုတ္တာဝသေ-သာနံ တန္တိဗဒ္ဓါနံ သဒ္ဒေါ ဝါဒိတသဒ္ဒေါ။ အဘိဋ္ဌ၊၁။၃၅၅-၆။ (-သံ၊ဋ္ဌ၊၁။၂၇၀။ဝိမတိ၊၂။ ၈၇။သီ၊ဋီ၊သစ်၊၁။၃၅၉။သံ၊ဋီ၊၁။၃၀၃)။

ဝါဒိတဗ္ဗ (တိ) [ဝဒ + ဏေ + တဗ္ဗ။ ဝါဒိတဗျ-သံ။ ] တီး-မှုတ်-အပ်-သင့်-ထိုက်-သော။

ဝါဒိတဗ္ဗပဟာရိ (တိ) [ ဝါဒိတဗ္ဗ + ပ + ဟရ + ဏီ ] တီး -မှုတ် -အပ် -သင့် -ထိုက် -သော တူရိယာကို တီးမှုတ်လေ့ရှိသော။ နဒတော ပရိသာယံ တေ။ ဝါဒိတဗ္ဗပဟာရိနော။အပ၊ ၂။၂၁၁။ထေရီဋ္ဌ။၁၅၂။

ဝါဒိတဘဏ္ဍ (န) [ဝါဒိတ + ဘဏ္ဍ] တီး-မှုတ်-အပ်သောဘဏ္ဍာ၊ (တူရိယာ)။ တဉ္စိ ရုက္ခ-သာရာဒိမယံ အန္တောဆိဒ္ဒံ စတူသု ပဿေသု စမ္မောနဒ္ဓံ ဝါဒိတဘဏ္ဍံ။ဝိမတိ၊၂။၇၈။ (-သီ၊ ဋီ၊သစ်၊၁။၃၅၉)။

ဝါဒိတသဒ္ဒ (ပု) [ ဝါဒိတ + သဒ္ဒ ] (၁) စောင်းအစရှိသော ကြိုးတပ်အပ်သောတူရိယာတို့၏ အသံ။ (၂) တီး-မှုတ်-အပ်သောအသံ။ (၁) ဝါဒိတ (၃) ကြည့်။ (၂) ဘေရိသဒ္ဒါဒီနဉ္စ ဝါဒိတသဒ္ဒတ္တာ " ဝုတ္တာဝသေသာနံ " တိ အာဟ။ မူလဋီ၊၁။၁၅၀။

ဝါဒိတသရ (ပု) [ ဝါဒိတ + သရ ] တီးမှုတ်အပ်သောအသံ။ ---- ဝါဒိတသရော ဝဂ္ဂု ရဇ-နီယော နိဋ္ဌေါသော သုယျတိ။ဝိမာနဋ္ဌ၊၃၂။

ဝါဒိတာ (ထီ) [ဝါဒီ + တာ] (၁) ပြောဆို-ဝန်ခံ-ခြင်း အလေ့ရှိသောသူ၏အဖြစ်။ (၂) အယူဝါဒရှိသော သူ၏အဖြစ်။ (၁) (၂) ဇဝံ ဝါဒိတာယ လဒ္ဓနာမဝသေန နိဂဏ္ဌော။ မဋ္ဌ၊၂။၁၃၇။ ဇဝံ ဝါဒိတာယာတိ ဇဝံ ပဋိညတာယ ဇဝံ ဒိဋ္ဌိတာယ ဝါ။ မဋီ၊၂။ ၁၇၉။ ဝါဒိတာယာ(မဋ္ဌ၊၂။၃၀၉)တိ ဝါဒိတ-သီလတာယ။ မဋီ၊၂။၃၁၇။ (-ဒီဋ္ဌ၊၃။၂၀၈။ အဘိဋ္ဌ၊၂။၄၈၄။ အံဋီ၊၃။၂၅၀)။

ဝါဒိတာနုရူပ (တိ) [ ဝါဒိတ + အနုရူပ ] တီး-မှုတ်-အပ်သော တူရိယာသံအား လျော်သော။ ဝါဒိတာနုရူပံ နစ္စနံ, ဂါယနံ ဝါ ယထာဝဇ္ဇံ။ ဒီဋီ၊၁။၁၂၇။သီဋီ၊သစ်၊၁။၃၆၂။

ဝါဒိတုံ (ဗျ) [ ဝဒ + ဏေ + တုံ ] (၁) မြည်စေ-တီးမှုတ်-ခြင်းငှါ။ (၂) ပြောဆိုခြင်းငှါ။ (၁) ဘိက္ခုနီ သယမ္ပိ နစ္စိတုံ ဝါ ဂါယိတုံ ဝါ ဝါဒိတုံ ဝါ န လဘတိ။ ဝိဋ္ဌ၊၃။၂၀၁။ ဝဇိရ၊ ၃၇၁။ (၂) အောက်ပုဒ်ကြည့်။

ဝါဒိတုကာမ (တိ) [ဝါဒိတုံ + ကမု + ဏ] ပြော-ဟော - ဆို - ခြင်းငှါ အလိုရှိသော၊ သူ။ ဓမ္မံ ဝါဒိတုကာမာ တေ။ အပ၊၁။၃၀။ထေရဋ္ဌ၊၂။ ၃၉၀။

ဝါဒိတ္တ (န) [ ဝဒ + ဏိတ္တ။ ကစ္စည်း။၆၅၇။ ရူ။ ၆၆၇။နီတိ၊သုတ္တ။၁၂၉၇။ ဝဒ+ဏေ+က္တ။ ဓာန်ဋီ။၁၄၂။ ဝါဒိတြ - သံ။ ဝါက္တ္တ - ပြာ၊ အဒ္ဓမာဂဓီ။ ] ဝါဒိတ - ကြည့်။

ဝါဒိတွာ (ကာ၊ကြိ၊ဝိ) [ဝဒ+ဏေ +တွာ] မြည်စေ-တီးမှုတ်-ပြီး၍။ ဝီဏံ ဝါဒိတွာ ဂါယိတွာ။ ဇာဋ္ဌ၊၃။၄၈၂။

ဝါဒိပ (ပ္ပ) ဝရ (တိ) [ ဝါဒီ + ပဝရ ] ဝါဒီဝရ-ကြည့်။ တောသေတွာ ဝါဒိပဝရံ။ အပ၊၂။ ၂၁၆။ထေရီဋ္ဌ။၁၅၇။ (-အဘိဋ္ဌ၊၂။၂၀၃)။

ဝါဒိမဒ္ဒန (တိ) [ဝါဒီ + မဒ္ဒန] အယူဝါဒရှိသော သူတို့ကို-နှိပ်နင်း-နှိပ်နယ်-နင်းချေ-ဖျက်ဆီး-တတ်သော၊ သူ။ နမော တေ ဝါဒိမဒ္ဒန။ အပ၊၂။၁၅၁။ထေရဋ္ဌ၊၂။၅၁၁။

ဝါဒိယန္တု ( ကာ၊ ကမ္မ၊ ကြိ ) [ ဝဒ + ဏေ + ယ + အန္တု ] မြည်အပ်စေကုန်သတည်း။ အာဟညန္တုတိ ဝါဒိယန္တု။ဇာ၊ဋ္ဌ၊၆။၃၁၇။

ဝါဒိယမာန (တိ) [ ဝဒ+ဏေ+ယ+မာန ] မြည်စေ - တီးမှုတ် - အပ်သော။ ပစ္စုသကာလေ ပဗုဒ္ဓေါ ကုသလေန ဝီဏာဝါဒကေန ဝါဒိယမာနာယ မဓုရသဒ္ဒံ သုဏေယျ။ သံ၊ဋ္ဌ၊၃။ ၁၀၇။ (-ဝိမာန၊ဋ္ဌ။၃၂၁၉၃)။

ဝါဒိဝရ (တိ) [ ဝါဒီ + ဝရ ] ဝါဒီဝရ - ကြည့်။

ဝါဒိသူဒ (တိ) [ဝါဒီ + သူဒ] အောက်ပုဒ်ကြည့်။ ဧသော ပတ္ထယတေ ဌာနံ၊ ဝါဒိသူဒဿ ဘိက္ခုနော။အပ၊၂။၁၅၂။ထေရ၊ဋ္ဌ၊၂။၅၁၁။

ဝါဒိသူဒန (တိ) [ ဝါဒီ + သူဒန ] အယူဝါဒကို-ယိုစီးစေ-တင်ရှားအောင်ပြု-တတ်သော၊သူ။ သဗ္ဗဝေဒဝိဒူ ဇာတော၊ ဝါဂီသော ဝါဒိသူဒနော။ အပ၊၂။၁၅၁။ ထေရ၊ဋ္ဌ၊၂။၅၁၀။ သကတ္ထပရတ္ထဝါဒံ သူဒတိ ပဂ္ဃရာပေတိ ပါကဋံ့ ကရောတီတိ ဝါဒိသူဒနော။ အပ၊ဋ္ဌ၊ ၂။၂၅၆။

ဝါဒိသူရ (တိ) [ ဝါဒီ + သူရ ] အယူဝါဒရှိသူတို့ထက် ရဲရင့်သော၊သူ။ အဝေါစံ ဝါဒိသူရဿ၊ ဂတိံ ပပ္ပေါမိ ဘိက္ခုနော။အပ၊၂။၁၅၂။ (သီ၊ သျာ၊ကျော၊မူ)။

ဝါဒိဿရ (တိ) [ ဝါဒ + ဣဿရ ] စကားကို အစိုးရသော၊ သူ။ ဝါဒိဿရော စိတ္တကထီ။ အပ၊၂။၁၅၂။ထေရ၊ဋ္ဌ။၂။၅၁၂။

ဝါဒီ (တိ) [ ဝဒ + ဏီ။ တနည်း - ဝါဒ + ဤ။ ဝိမတိ၊၁။၃၁။ ဝဒတီတိ ဝါဒီ။ ကပ္ပဒ္ဒုမ။ ဝါဒိန်-သံ။ ဝါဒ္ဒ-ပြာ၊အဒ္ဓမာဂဓီ။] (၁) (က) ပြောဆို-ဟော-လေ့ရှိ-တတ်သော၊ သူ။ (ခ) အယူဝါဒရှိသော၊ သူ။ (ဂ) အထူးထူးသော အယူဝါဒရှိသော၊သူ။ (၂) အယူဝါဒကို ဖက်ပြိုင် ပြောဆိုတတ်သော၊ သူ၊ အတိုက်အခံ ပြုသော၊ သူ။ (၃) စကားတတ်သော၊ သူ။ (၄) ဝါဒီသုတ်။ (၅) ဝါဒတ္ထိကသုတ်။ (၆) ပညာရှိပုဂ္ဂိုလ်။

(၁) (က) ပြောဆို-ဟော-လေ့ရှိ-တတ်-သော၊ သူ။ (ခ) အယူဝါဒရှိသော၊ သူ။ စတ္တာရောမေ ဘိက္ခဝေ ဝါဒီ။ အံ၊၁။၄၅၅။ ကေန ဒုက္ကုလ မန္တေသိ။ "ဟတော သာမော" တိ ဝါဒိနာ။ ဇာ၊၂။၁၇၉။ ကိံဝါဒီ သမ္မာသမ္ဗုဒ္ဓေါ။ဝိ၊ဋ္ဌ၊၁။၄၅။ တတ္ထ ဝါဒိနာတိ "မယာ သာမော ဟတော" တိ ဝဒန္တေန။ ဇာ၊ဋ္ဌ၊၆။၁၀၆-၇။ ဝါဒိတာ - လည်းကြည့်။ (ဂ) ဝါဒီဝရ - ကြည့်။ (၂) အယူဝါဒကို ဖက်ပြိုင်ပြောဆိုတတ်သော၊သူ။ အတိုက်အခံ ပြုသော၊သူ။ ဥဘော ဝါဒိနော မေထုနကာတိ ဝုစ္စန္တိ။ မဟာနိ။၁၀၈။ ဝါဒိနောတိ ဝါဒပဋိ-ဝါဒိနော။ မဟာနိ၊ဋ္ဌ။၂၂၇။ (၃) စကားတတ်သော၊သူ။ နာဟံ ပဋိဗလော တယာ ဝါဒိနာ သဒ္ဓိံ သလ္လပိတုံ။ မိလိန္ဒ။၂၉၊၄၅။ (၄) ဝါဒီသုတ်။ နိကဋ္ဌ ခမ္မ ဝါဒီ စ။ အံ၊၁။၄၅၆။ (၅) ဝါဒတ္ထိကသုတ်။ ဣန္ဒခီလော စ ဝါဒိနော။ သံ၊၃။၃၉၀။ (၆) ပညာရှိပုဂ္ဂိုလ်။ ဝါဒိသ - ကြည့်။

ဝါဒီဝရ (တိ) [ ဝါဒီ + ဝရ ] (၁) ပြောဆို-ဟောကြား-လေ့ရှိ-တတ်-သောပုဂ္ဂိုလ်။ (၂) အထူးထူးသော အယူဝါဒရှိသော သူတို့ထက် မြတ်သော၊သူ။ (၃) အထူးထူးသော အယူဝါဒရှိသောသူတို့တွင် အမြတ်ဆုံးဖြစ်သော၊ သူ။ ( မြတ်သောအယူရှိထသော။ကခ်ါ။သျှ၊ယော။ အယူရှိသောပုဂ္ဂိုလ်တို့ထက် မြတ်သော။ ဒီ၊ ဋ္ဌ၊၃။သျှ၊ဗား။ ကျမ်းဆိုပုဂ္ဂိုလ်တို့ အလယ်၌ မြတ်သော ပုဂ္ဂိုလ်ဖြစ်သော။ အဘိ၊ဋ္ဌ၊၁။သျှ၊ ပြည်။ ကောင်းမြတ်သော အယူရှိသော

ပုဂ္ဂိုလ်တို့ထက် မြတ်သောပုဂ္ဂိုလ်ဖြစ်တော်မူသော။ အဘိ၊ဋ္ဌ၊၂။သျှ။နေရင်း။ ဆိုတတ်သော ပုဂ္ဂိုလ်တို့တွင် မြတ်သော ပုဂ္ဂိုလ်ဖြစ်သော။ အဘိ၊ဋ္ဌ၊၃။သျှ။ဂူကြီး။)။ (၁) (၂) (၃) ဝါဒီဝရေန မဟာကဝိနာ --- ထေရေန ကတာ။ဝိ၊ဋ္ဌ၊၄။၂၆၄-၅။ ကခ်ါ။၃၅၇။ ဒီ၊ဋ္ဌ၊၃။ ၂၅၀။ မ၊ဋ္ဌ၊၄။၂၅၃။ သံ၊ဋ္ဌ၊၃။၃၄၀။ အံ၊ဋ္ဌ၊၃။ ၃၅၇။အဘိ၊ဋ္ဌ၊၁။၃၅၄။အဘိ၊ဋ္ဌ၊၂။၅၀၇။အဘိ၊ဋ္ဌ၊၃။၄၉၉။ ဝိသုဒ္ဓိ၊၂။၃၅၅။ ဓမ္မ၊ဋ္ဌ၊၂။၄၅၅။ သုတ္တနိ။ဋ္ဌ၊၂။၃၂၄။ ကမ္ဗောဇကတဥဒ္ဓေဒ-က္ကသရနိမ္မာနာဒိဝသေန နာနာဝါဒါ ဧတေသန္တိ ဝါဒိနော၊ နာနာဝါဒါ ဇနာ၊ ဝါဒီနံ, ဝါဒီသု ဝါ ဝရော ကမ္ဗကိရိယဝါဒတ္တာတိ ဝါဒိဝရော။ပါစိတ်၊ယော။၆၅၃။ ယော ဝဒတံ ပဝရော မနုဇေသု။ ဝိမာန။၇၆။ ပဝရောတိ သေဋ္ဌော၊ ကထိကာနံ ဥတ္တမော ဝါဒီဝရောတိ အတ္ထော။ ဝိမာန၊ဋ္ဌ။၂၁၄။ ဘဂဝါ ပန ဝါဒီ-ဝရော သုခုမာယ အာဏိယာ ထူလံ အာဏိံ နီဟရန္တော ဝိယ။ မ၊ဋီ၊၃။၉၈။

ဝါဒီဝရတရ (တိ) [ဝါဒီဝရ + တရ] အယူဝါဒရှိသူတို့ထက်-သာလွန်-အထူးသဖြင့်-မြင့်မြတ်သော၊ သူ။ ဘဂဝါ ပန ရာဇကုမာရတော သဟဿဂုဏေနပိ သတသဟဿဂုဏေနပိ ဝါဒီဝရတရော။မ၊ဋ္ဌ၊၃။၇၇။

ဝါဒီသ (ပု) [ဝါဒီ + ဤသ] ပညာရှိတို့-၏-ကို-အကြီးအမှူးဖြစ်-အစိုးရ-သော၊ သူ (ဝဂ္ဂီသ ထေရ် )။ ဝါဒီနံ ပဏ္ဍိတဇနာနံ ဤသော ပဓာနော ဝါဒီသော။အပ၊ဋ္ဌ၊၂။၂၅၆။

ဝါဒီသုတ္တ (န) [ဝါဒီ + သုတ္တ] ဝါဒီသုတ်၊ ပြောဆိုလေ့ရှိသော ပုဂ္ဂိုလ်အပြားကို ဟောတော်မူ-ရာ-သည့်-သုတ်။ အင်္ဂုတ္တရနိကာယ၊ ၄-နိပါတ၊၃-ပဏ္ဏာသ၊၄-ဝဂ်၊၁၀-သုတ်။ အံ၊၁။ ၄၅၅-၆။အံ၊ဋ္ဌ၊၂။၃၃၈။

ဝါဒုပါဒါန (န) [ ဝါဒ + ဥပါဒါန ] (၁) (အတ္တ-ကို - ၏ ) ပြောဆိုကြောင်း - မြဲစွာစွဲလမ်းကြောင်း-ဖြစ်သော တရား။ (၂) ( အတ္တဟူသော)စကားမျှကို (အတ္တဟူ၍) မြဲစွာစွဲလမ်းကြောင်းဖြစ်သော တရား။ ဝဒန္တိ ဧတေနာတိ ဝါဒေါ၊ ဥပါဒိယန္တိ ဧတေနာတိ ဥပါဒါနံ။ ကိံ ဝဒန္တိ, ဥပါဒိယန္တိ ဝါ ? အတ္တာနံ။ အတ္တနော ဝါဒုပါဒါနံ အတ္တဝါဒုပါဒါနံ၊ အတ္တဝါဒမတ္တမေဝ ဝါ အတ္တာတိ ဥပါဒိယတိ ဧတေနာတိ အတ္တဝါဒုပါဒါနံ။ မ၊ဋ္ဌ၊၁။၂၂၄။ သံ၊ဋ္ဌ၊၂။၁၄။ အဘိ၊ဋ္ဌ၊၁။၄၁၅။ အဘိ၊ဋ္ဌ၊၂။ ၁၇၂။ဝိသုဒ္ဓိ၊၂။၂၀၄။ အတ္တနော ဝါဒုပါဒါန ( ပဋိသံ၊ဋ္ဌ၊၂။၂၂ ) န္တိ အတ္တနော ဝါဒဿ ဥပါဒါနံ။ ပဋိသံ၊ဂဏ္ဌိ။၂၃၇။

ဝါဒုပ္ပတ္တိ (ထီ) [ဝါဒ + ဥပ္ပတ္တိ] (၁) အယူဝါဒ၏-ဖြစ်-ဖြစ်ပေါ်-ခြင်း။ (၂) အယူဝါဒ-ဖြစ်-ဖြစ်ပေါ်- ရာ (အရပ်)။ (၁) တထာ ဝါဒုပ္ပတ္တိံ ဒဿေတုံ ---- အာရဒ္ဓံ။ အဘိ၊ဋ္ဌ၊၃။၁၁၇။ (၂) အောက်ပုဒ်ကြည့်။

ဝါဒုပ္ပတ္တိဋ္ဌာန (န) [ဝါဒုပ္ပတ္တိ + ဌာန] အယူဝါဒ-ဖြစ် - ဖြစ်ပေါ် - ရာ အရပ်။ သမဏော ဂေါတမော ဝါဒုပ္ပတ္တိဋ္ဌာနံ ဂစ္ဆန္တော ပက္ခံ ဥက္ခိပိတွာ ဂန္ဓာ ပရိသဗလေန ဥပ္ပန္နံ ဝါဒံ မဒ္ဒတိ။ အံ၊ဋ္ဌ၊၂။၁၇၇။

ဝါဒေတိ၁ (ကြိ) [ဝဒ + ဏေ + တိ] ပြောဆို၏။ ဝါဒေတိ၊ ဝါဒယတိ။ နီတိ၊ဓာတု။၃၁၄။

ဝါဒေတိ၂ ( ကာ၊ကြိ ) [ ဝဒ + ဏေ + တိ။ ဝါဒယတိ-သံ။ ဝါဓေ္ဒ-ပြာ။ ဝါယဒ္ဒ-အဒ္ဓ-မာဂဓီ။ ] မြည်စေ-တီးမှုတ်-၏။ အတိ ဝိယ မဓုရံ ဝါဒေတိ။ဇာ၊ဋ္ဌ၊၅။၃၀၈။

ဝါဒေန္တိ-ဝိ၊၁။၂၇၄။ဝိ၊၂။၃၅၁။ ဝါဒေသိ-ဇာ၊ဋ္ဌ၊၂။၂၂၈။ ဝါဒေမိ - ဇာ၊ဋ္ဌ၊၂။၂၈၈။ ဝါဒေမ-ဝဇိရ၊၃၇၁။ ဝါဒေန္တု-ဇာ၊ဋ္ဌ၊၆။၂၄၅။

ဝါဒေဟိ - ဝိ၊၅၊၃။ ၂၀၁။ ဝါဒေထ - ဝိမာန၊ ၅။၁၂၈။ ဝါဒေယျ - ဇာ၊၅၊၁။၃၀၁။ ဝါဒေယျာသိ - ဇာ၊၅၊၂။ ၂၃၁။ ဝါဒေယျာမ - ဇာ၊၅၊၂။ ၂၃၂။ ဝါဒေသိ -အံ၊၃။၉၁-၂။ ဝါဒေသုံ- အပ၊၁။၃၄။ ဝါဒေဿန္တိ - ဝိ၊၄။ ၂၇။ ဝါဒေဿာမိ - ဇာ၊၅၊၂။ ၂၃၂။

ဝါဒေတုံ (ဗျ) [ ဝဒ + ဏေ + တုံ ] မြည်စေ- တီး-မှုတ်-ခြင်းငှါ။ န သက္ကာ ဣဒံ ဒိဝသေ ဒိဝသေ ဝါဒေတုံ။ သံ၊၅၊၂။ ၂၁၀။

ဝါဒေတွာ (ကာ၊ကြိ၊ဝိ) [ ဝဒ + ဏေ + တွာ။ ဝါဒတိ - မှ။ ] မြည်စေ - တီးမှုတ် - ပြီး၍။ တူရိယံ တတ္ထ ဝါဒေတွာ၊ ဂန္ဓမာလံ သမော- ကိရိံ။အပ၊၁။၁၆၅။ (-မ၊၅၊၃။ ၂၂၄။ဇာ၊၅၊၁။ ၃၀၁။ဇာ၊၅၊၇။၁၄)။

ဝါဒေထ (ကာ၊ကြိ) [ ဝဒ + ဏေ + ထ ] (သင့် တို့ ) မြည်စေ-တီးမှုတ်-ကုန်လော့။ တုမှေ ဝိဿတ္ထာ ဝါဒေထ။ဝိမာန၊၅။၁၂၈။

ဝါဒေန္တ (တိ) [ ဝဒ + ဏေ + အန္တ။ ထိ-၌ ဝါဒေန္တာ။ ဝါဒေန္တီ။ ] မြည်စေ-တီးမှုတ်-သော၊ သူ။ ဝါဒေန္တိယာပိ နစ္စန္တိ။ဝိ၊၁။ ၂၇၄။ဝိ၊၄။ ၂၃။ တံ ဝါဒေန္တော နိစ္စိတ္တံ ပစ္စုပဌပေတွာ။ မ၊၅၊ ၃။၄၉။ ဝဋ္ဋယန္တာတိ ဝါဒေန္တာ။ဗုဒ္ဓဝံ၊၅။၁၁၃။ ဝါဒေန္တော တာလနေန သဒ္ဒံ ကရောန္တော။ မ၊ဋီ၊၃။၃၃။

ဝါဒေန္တိ¹ (ကြိ) [ ဝဒ + ဏေ + အန္တိ ] ပြောဆို ကုန်၏။ ဝိသံ ဝါဒေန္တိ ဧတေနာတိ ဝါသံဝါ- ဒနံ။ ကင်္ခါ၊ဋီ၊သစ်၊၃၄၇။

ဝါဒေန္တိ² (ကာ၊ကြိ) [ဝဒ + ဏေ + အန္တိ။ နီတိ၊ ဓာတု။၁၀၀။ ] မြည်-အသံပြု-အသံထွက်- စေကုန်၏၊ တီးမှုတ်ကုန်၏။ ဝါဒယန္တိ² - လည်းကြည့်။ နစ္စန္တိပိ ဂါယန္တိပိ ဝါဒေန္တိပိ လာသေန္တိပိ။ ဝိ၊၁။ ၂၇၄။ စမ္မနဒ္ဓါနိ ဝါဒေန္တိ၊ ဒိဿွာနစ္ဆေရကံ နဘော။ ဗုဒ္ဓဝံ။၃၀၂။

ဝါဒေန္တီတိ ဝါဒယန္တိ ဒေဝတာ။ဗုဒ္ဓဝံ၊၅။၅၈။

ဝါဒေန္တု (ကာ၊ကြိ) [ ဝဒ + ဏေ + အန္တု ] မြည် စေ - တီးမှုတ် - ကုန်လော့။ ဝါဒေန္တု ဝဂ္ဂူန္တု သေဌေန္တု။ ဇာ၊၅၊၆။ ၂၄၅။

ဝါဒေမ (ကာ၊ကြိ) [ ဝဒ + ဏေ + မ ] (ငါတို့) မြည်စေ-တီးမှုတ်-ကုန်၏-ကုန်အံ့။ ဗုဒ္ဓဿ ဂါယာမ ဝါဒေမ။ ဝဇီရ။၃၇၁။

ဝါဒေမိ (ကာ၊ကြိ) [ဝဒ + ဏေ + မိ] (ငါ) မြည် စေ-တီးမှုတ်-၏။ အတိခရံ ကတွာ ဝါဒေမိ မညော။ ဇာ၊၅၊၂။ ၂၂၈။

ဝါဒေယျ (ကာ၊ကြိ) [ဝဒ + ဏေ + ဧယျ] မြည် စေ-တီးမှုတ်-ရာ၏။ ဘေရိံ ဝါဒေယျ နော န ဝါဒေယျ။ဇာ၊၅၊၁။၃၀၁။ ယာ ပန ဘိက္ခုနီ နစ္စေယျ ဝါ ဂါယေယျ ဝါ ဝါဒေယျ ဝါ ပါစိတ္တိယံ။ ဝဇီရ။၇၀။ ကင်္ခါ၊ဋီ။၁၆။

ဝါဒေယျာမ (ကာ၊ကြိ) [ဝဒ + ဏေ + ဧယျာမ] (ငါတို့) မြည်စေ-တီးမှုတ်-ကုန်ရာ၏။ မူလံ လဘန္တာ ဝါဒေယျာမ။ ဇာ၊၅၊၂။ ၂၃၁။

ဝါဒေယျာသိ (ကာ၊ကြိ) [ဝဒ + ဏေ + ဧယျာသိ] (သင်) မြည်စေ-တီးမှုတ်-ရာ၏။ အပိ စ တွံ ဝီဏံ ဝါဒေန္တော ဧကံ တန္တိံ ဆိန္ဒိတွာ ဆ ဝါဒေယျာသိ။ ဇာ၊၅၊၂။ ၂၃၁။

ဝါဒေသိ¹ (ကာ၊ကြိ) [ဝဒ + ဏေ + သိ] (သင်) မြည်စေ-အသံပြုစေ-အသံထွက်စေ-တီးမှုတ် -၏။ ကိံ ပန ဝီဏံ ဝါဒေသိ။ဇာ၊၅၊၂။ ၂၂၈။

ဝါဒေသိ² (ကာ၊ကြိ) [ ဝဒ + ဏေ +ဤ] မြည် စေ-တီးမှုတ်-ပြီ။ ကောစ အဿေရံ ဝါဒေသိ။ အံ၊၃။၉၁-၂။ (-အံ၊၅၊၃။ ၂၃၃။ဇာ၊၅၊၁။၃၀၁။ ဇာ၊၅။။၂။ ၂၂၈)။

ဝါဒေသုံ (ကာ၊ကြိ) [ ဝဒ + ဏေ + ဦ။ သ- အာဂုံ။ ] ဝါဒယိံသု - ကြည့်။ ဝါဒေသုံ အစ္ဆရာ တဒါ။ အပ၊၁။၃၄။ ထေရ၊၅၊၂။၄၈၀။

ဝါဒေသုံ ဒိဗ္ဗဝါဒေဟိ ဂီတာ ---- ဝဇ္ဇေသုံ တဒါတိ အတ္ထော။ အပ၊ဋ္ဌ၊၁။၂၆၇။

ဝါဒေသဿန္တိ (ကာ၊ကြိ) | ဝဒ + ဏေ + သဿန္တိ။ ဝဒ + ဏေ + ဥံ။ ဥံ-ကို သန္တိ-ပြု။ ဝက္ခတိ² ဝက္ခတိ³ - ဒေါင့်ကွင်းကြည့်။ | မြည်စေ-တီးမှုတ်-ကုန်ပြီ။ ကထံ ဟိ နာမ တေ ----- နစ္စိဿန္တိပိ ဂါယိဿန္တိပိ ဝါဒေဿန္တိပိ လာသေဿန္တိပိ။ ဝိ၊၁။၂၇၇-၈။ ဝိ၊၄။၂၇။

ဝါဒေဿာမိ (ကာ၊ကြိ) |ဝဒ + ဏေ + ဿာမိ | (ငါ) မြည်စေ - တီးမှုတ် - လတ္တံ့- အံ့။ ဧဝါဟံ ဝါဒေဿာမိ။ ဇာ၊ဋ္ဌ၊၂။၂၃၂။

ဝါဒေဟိ (ကာ၊ကြိ) | ဝဒ + ဏေ + ဟိ | (သင်) မြည်စေ-တီးမှုတ်-လော့။ အညေ " နစ္စ, ဂါယ, ဝါဒေဟီ"တိ ဝတ္တုမ္ပိ န လဘတိ။ ဝိ၊ ဋ္ဌ၊၃။၂၀၁။ဝဇိရ၊ ၃၇၁။ တွဲ မုဒိင်္ဂ ဝါဒေဟိ။ ဇာ၊ဋ္ဌ၊၁။၃၈၆။

ဝါန¹ (န) | ဝေ + ယု။ ဝေ တန္တသန္တာနေ။ ကောတ္တုဘာ။ ဝီ + ယု။ ဝိနတိ သံသိဗ္ဗတီတိ ဝါနံ။ ဒီ၊ဋ္ဌ၊၂။၅၆။ မဏိမဉ္ဇူ၊၂။၂၂၂။ ဝါ + ယု။ ဝါ ဂတိယံ ဝါတိ အာရမ္မဏန္တိ ဝါနံ၊ယု။ ဓာန်၊ဋီ။၁၆၃။ ဝါ + န (အန)။ သတ္တေသု ဝါတိ ပဝတ္တတီတိ ဝါနံ၊ တဏှာ။ ဏွာဒိ။ ၁၀၆။ ဝါယန္တိ ဘဝါဘဝံ ဂစ္ဆန္တိ ဧတေနာတိ ဝါနံ။ နိရုတ္တိ။၅၄၃။ ဝါန -သံ။ ဝါဏ -ပြာ။ | (၁) တဏှာ။ (၂) ကိလေသာ။ (၃) ချုပ်စပ် ခြင်း။ (၄) ရစ်ပတ်-ချည်နှောင်-မြေးရှက်-ထုံးဖွဲ့- ခြင်း။ (၅) သွားရောက်ခြင်း။

(၁) တဏှာ။ သာ ပနေသာ တဏှာ ဘဝေန ဘဝံ, ဖလေန ဝါ သဒ္ဓိံ ကမ္မံ ဝိနတိ သံသိဗ္ဗတီတိ ကတွာ ဝါနန္တိ ဝုစ္စတိ။ ဒီ၊ဋ္ဌ၊၂။ ၅၆။ မ၊ဋ္ဌ၊၂။၈၀-၁။မဟာနိ၊ဋ္ဌ။၇၀ (-သံ၊ဋ္ဌ၊၁။ ၁၈၀။ အဘိ၊ဋ္ဌ၊၁။၄၇၅။ ပဋိသံ၊ဋ္ဌ၊၁။၁၀၁။ ပဲသုဒ္ဓိ၊၁။၂၈၅။ဣတိဝုတ်၊ဋ္ဌ။၁၅၇)။

(၂) ကိလေသာ။ ဝါနာ၊ နိဗ္ဗာနမာဂတ(အပ၊ ၁။၁၅၄)န္တိ ဝါနံ ဝုစ္စတိ တဏှာ၊--- ဝါနနာမံ တဏှံ ပဓာနံ ကတွာ သဗ္ဗကိလေသေ ပဟာယ နိဗ္ဗာနံ ပတ္တန္တိ အတ္ထော။ အပ၊ဋ္ဌ၊၂။ ၁၂၁။ (၃) ချုပ်စပ်ခြင်း။ ဝါနဝိစိတ္တန္တိ ဘိတ္တိစိတ္တဒါဒိအာကာရေန ဝါနေန သိဗ္ဗနေန ဝိစိတြံ။ သီ၊ဋီ၊သစ်၊၁။၃၆၃။ (-ပါစိတ်၊ယော။ ၃၃၉)။ (၄) ရစ်ပတ်-ချည်နှောင်-မြေးရှက်-ထုံးဖွဲ့-ခြင်း။ (၅) သွား-ရောက်-ခြင်း။ ဝါနံ ဝုစ္စတိ တဏှာ။ အဘိ၊ဋ္ဌ၊၂။၂၉၉။ ဝါနန္တိ ဝိနန္ဓနံ ဘဝါဒီနံ ဂမနံ ဝါ ပိယရူပသာတရူ- ပေသု။ မူလဋီ။၂။၁၇၂။ ဝါနံ ဝုစ္စတိ ဂမနံ။ တံ ဧတေဿ အတ္ထီတိ ဝါ ဝါနရော။ သူစိ။ ၄၉၁။

ဝါန² (န) | ဝါန + တ္တ။ ဘာဝလောပ။ မောဂ်၊ ၄။၁၂၃။ | ညှဉ်းဆဲ-သတ်ဖြတ်-တတ်သည် ၏အဖြစ်။ မိဂါနံ ဝါနတော ဟိံသနတော ဗာဓနတော မိဂဝံ။ ဝိမတိ၊၁။၃၃။

ဝါန³ (န) |ဝန + ဏ။ ဝနသမူဟတော ဝါနံ။ ကောတ္တုဘာ။ (တိ) ဝါန-သံ။ ဝါဏ-ပြာ။ ဝနေ ဥပ္ပန္နံ၊ ဝနသမ္ဗန္ဓိ-တော၌ဖြစ်-တောနှင့် စပ်သွယ်-သော။ | တောအပေါင်း၊ တော အုပ်။ ဝါနပတ္ထ - ကြည့်။

ဝါနစိတ္တ (တိ) | ဝါန + စိတ္တ | အချုပ်အလုပ်- အချုပ်အစပ်-ဆန်းကြယ်သော၊ ရက်ခြင်း- ချုပ်ခြင်း-ဖြင့်ဖြစ်သော ဆန်းကြယ်သော အ ရုပ်ရှိသော။ စိတ္တကောတိ ဝါနစိတ္တံ ဥဏ္ဏာ- မယတ္ထရဏံ။ အံ၊ဋ္ဌ၊၂။၁၇၁။ (-ဝိမတိ၊၂။ ၁၈၄)။ ( အောက် ၃-ပုဒ်နှင့်တွဲကြည့်)။

ဝါနစိတ္တက (တိ) |ဝါနစိတ္တ + က။ က-အနက် မဲ့။ | ဝါနစိတ္တ-ကြည့်။ စိတ္တကံ ဝါနစိတ္တကံ။ ဓာန်။၃၁၂။ ဝါနေန သံသိဗ္ဗနေန သညာတံ

စိတ္တရူပသောတိ ဝါနစိတ္တကံ။ သကဋ္ဌေကော။ ဓာန်၊ဋီ။

**ဝါနစိတြ** (တိ) [ ဝါန + စိတြ ] ဝါနစိတ္တ-ကြည့်။ စိတ္တကာတိ ဝါနစိတြော ဥဏ္ဏာမယတ္ထရဏော။ ဝိ၊ဋ္ဌ၊၃။၃၆၉။ (-သာရတ္ထ၊၃။၂၉၄။ ဝိမတိ၊၂။၁၈၄)။

**ဝါနစိတြဥဏ္ဏာမယတ္ထရဏ** (ပု) [ ဝါနစိတြ + ဥဏ္ဏာမယ + အတ္ထရဏ ] (က) ရက်ခြင်း-ချုပ်စပ်ခြင်း-အားဖြင့်ဖြစ်သော ဆန်းကြယ်သော အရုပ်ရှိသော-သားမွေးအခင်း-သားမွေးဖြင့်ပြုအပ်သော အခင်း။ (ခ) အချုပ်အလုပ်-အချုပ်အစပ်-အားဖြင့်ဖြစ်သော ဆန်းကြယ်သော အရုပ်ရှိသော-သားမွေးအခင်း-သားမွေးဖြင့် ပြုအပ်သောအခင်း။ (က) (ခ) ဝါနစိတြဥဏ္ဏာမယတ္ထရဏောတိ ဝါနေန သိဗ္ဗနေန သဉ္ဇတံ စိတြရူပမေတ္ထာတိ ဝါနစိတြံ၊ ဥဏ္ဏာမယနိဗ္ဗတ္တော ဥဏ္ဏာမယော၊ သောယေဝ အတ္ထရဏော ဥဏ္ဏာမယတ္ထရဏော၊ ဝါနစိတြဉ္စ တံ ဥဏ္ဏာမယတ္ထရဏော စေတိ ဝါနစိတြဥဏ္ဏာမယတ္ထရဏော။ ပါစိတ်၊ယော။၃၃၉။

**ဝါနန** (န) [ဝါနန + တ္တ။ တ - ကျေ။ မောဂ်၊၄။ ၁၂၃။ ] ညှဉ်းဆဲ-နှိပ်စက်-သတ်ဖြတ်-တတ်သည်၏အဖြစ်။ မိဂဝန္တိ မိဂါနံ ဝါနနတော ဟောသနတော တာမနတော "မိဂဝ" န္တိ လဒ္ဓသမည့် မိဂဝံ။ သာရတ္ထ၊၁။၁၃၉၊၁၆၀။

**ဝါနနာမ** (တိ) [ဝါန + နာမ] ဝါနဟူသောအမည် ရှိသော။ ဝါန² - ကြည့်။

**ဝါနပတ္ထ** (ပု) [ ဝါနပတ္ထ + ဏ။ ဝနပတ္ထေ ဝနေကဒေသေ, ဒူရဝနေ ဝါ ဘဝေါ ဝါနပတ္ထော။ ဓာန်၊ဋီ။၄၁၀။ ဝနပတ္ထေ စရတီတိ ဝါနပတ္ထော။ အဘယာ၊ဓာန်၊သျ။ ဝနပတ္ထေ ဇာတော ဝါနပတ္ထော၊ မဓူကရုက္ခော။ မယ်ဇယ်ပင်။ကပ္ပဒ္ဒုမ။ ဝါနပြဿ-သံ။ ဝါဏပတ္ထ-ပြာ။ ဝါဏပတ္ထ-အဒ္ဓမာဂဓီ။ ပ-ဒွေဘော်ရှိလျှင် သံ-ပြာတို့နှင့်ညီ၏၊ အဒ္ဓမာဂဓီ-၌ကား ဒွေဘော်မရှိ။ ] တော၏အစိတ်, ဝေးသောတော၌ဖြစ်သော၊ တော၏အစိတ်, ဝေးသောတော၌ နေလျက် တရားကျင့်သော၊ သူ။ ဝါနပတ္ထဿ သတောဝ။ မ၊ဋီ၊၂။၁၂၃။

**ဝါနပ္ပတိ** (တိ) [ဝနပ္ပတိ + ဏ။ ဝနပ္ပတိမှိ ဘဝေါ ဝါနပ္ပတျော - ကပ္ပဒ္ဒုမ။ ဝါနသ္ပတျ - သံ။ ] တောစိုးသစ်ပင်၌ဖြစ်သော။ ဝနပ္ပတိမှိ ဘဝါ ဝါနပ္ပတယော။ ဓာန်၊ဋီ။၅၃၉-၄၀။

**ဝါနမုတ္တ** (တိ) [ ဝါန + မုတ္တ ] တဏှာမှ-လွတ်-ကင်း-ပြီးသော။ ဝါနမုတ္တာ မဟေသယော။ သင်္ဂဟ။၄၆။ ဝါနတော တဏှာတော မုတ္တ-တ္တာ သဗ္ဗသော အပဂတတ္တာ ဝါနမုတ္တာ။ ဝိဘာဝိနီ။၂၁၇။

**ဝါနရ¹** (ပု) [ဝါ + နရ။ နရော ဣဝ ဝါနရော၊ ဝါသဒ္ဒေါ ဣဝတ္ထေ။ ဓာန်၊ဋီ။၆၁၄။ နရော ဝိယာတိ ဝါနရော။သူစိ။ ဝါန + ရာ + ကွိ။ ဝါ ဝိကပ္ပိတော နရော၊ အထ ဝါ ဝါနံ ဝနေ ဘဝံ ဖလာဒိကံ ရာတိ ဂဏှာတီတိ ဝါနရော။ ကောတ္ထုဘာ၊ ကပ္ပဒ္ဒုမ။ ဝါန + ရ။ ဝါနံ ဝုစ္စတိ ဂမနံ။ တံ ဧတဿ အတ္ထီတိ ဝါနရော။သူစိ။ နီတိ၊သုတ္တ။၃၉၃-နှာ။ ထီ-၌ ဝါနရီ-မျောက်မ။ ဝါနရ-သံ။ ဝါဏရ-ပြာ။ ] (၁) မျောက်၊ မျောက်သတ္တဝါ။ (၂) ဝါနရ-ဇာတ်။ (၁) ဖလမိစ္ဆံဝ ဝနသ္မိံ ဝါနရော။ဓမ္မ။ ၆၁။ သုဟတော ဝါနရော မယာ။ဇာ၊၂။၄၈။ ယထာ ရုက္ခဖလံ ဣစ္ဆန္တော ဝါနရော ဝနသ္မိံ ဓာဝတိ။ ဓမ္မ၊ဋ္ဌ၊၂။၃၃၀။ ဝါနရံ ဝိယ လေပေနာ(ထေရ။၂၈၉)တိ ရုက္ခသိလာဒီသု ပက္ခိတ္တေန မက္ကဋလေပေန မက္ကဋံ ဝိယ မိဂလုဒ္ဒေါ အန္ဓပုထုဇ္ဇနံ ဝဋ္ဋေန္တော တာမေန္တိ။

ထေရဂ္ဂ၊၂။၁၂၁။ အထ သာ ဝါနရီ ဂတ္တာသ ပတိဋ္ဌိတဘာဝံ ဉတွာ။ ဇာ႒၁။၂၉၈။ (- ဇာ၁။၁၉၄၅။ ဇာ႒၁။၂၉၇။ ဇာ႒၂။ ၆၉။ ဇာ႒၃။၆၈၁၈၅။ ဇာ႒။၄။၃၀၇ )။ (၂) ကိန္နရီ၊ ဝါနရ၊ ကူတ္တိနီ။ ဇာ႒၃။၁၄၁။

ဝါနရ၂ (တိ) [ ဝါနရ + ဏ ] ဝါနရစမ္မ-ကြည့်။

ဝါနရဂဏ (ပု) [ ဝါနရ + ဂဏ ] မျောက်အုပ်၊ မျောက်အပေါင်း။ သော ဝါနရဂဏဿ ဩဝါဒံ အဒါသိ။ ဇာ႒၁။၁၈၆။ (-ဇာ႒၂။ ၇၀-၂၁၆၉-၇၀။ဇာ႒၃။၃၅၀-၁)။

ဝါနရစမ္မ (န) [ဝါနရ + စမ္မ] မျောက်ရေ၊ မျောက်၏-အရေ-သားရေ။ ဗဟူပကာရော မေ သေ ဝါနရော ---- ဣတိ သော တေသံ ဝါဒေ ဘိန္ဒနတ္ထာယ ဝါနရစမ္မေ ဝါနရဝေါ-ဟာရံ အာရောပေတွာ။ ဇာ႒၅။၂၄၉။

ဝါနရဇာတက (န) [ ဝါနရ + ဇာတက ] ဝါနရဇာတ်။ ဘုရားလောင်း မျောက်မင်း၏-အကြောင်းအရာ- အတ္ထုပ္ပတ်-ကို ပြဆိုသည့် ဇာတ်။ ခုဒ္ဒကနိကာယ၊ ဇာတကပါဠိ၊ ၄-နိပါတ်၊ ၅-ဝဂ်၊ ၂-ဇာတ်။ ဇာ၁။၁၁၅။ ဇာ႒၃။၁၂၁။၃။

ဝါနရဇေဋ္ဌက (ပု) [ ဝါနရ + ဇေဋ္ဌက ] မျောက်ကြီး၊ မျောက်တို့၏-အကြီးအကဲ-အကြီးအမှူး-ဦးစီး-ခေါင်းဆောင်-ဖြစ်သောမျောက်။ သမ္မ ဝါနရဇေဋ္ဌက ဣမံ ဥယျာနံ တုမှာကမ္ပိ ဗဟုပကာရံ။ ဇာ႒၁။၂၆၈။ (-၂၆၉။ဇာ႒၂။၃၁၂-၃)။

ဝါနရပေါတက (ပု) [ဝါနရ + ပေါတက] မျောက်ငယ်၊ မျောက်ပေါက်စ၊ မျောက်ကလေး။ အတ္တာနံ ပရိစ္စ ဇာတာနံ ဝါနရပေါတကာနံ ဗီဇာနိ ဉပ္ပါဋေတိ။ဇာ႒၁။၂၉၈။

ဝါနရမံသ (န) [ ဝါနရ + မံသ ] မျောက်သား။ သေ့ အမှာနိ စေဝ ဝါနရမံသဉ္စ ခါဒိဿာမိ။ ဇာ႒၃။၃၅၀။

ဝါနရယူထ (ပုန) [ ဝါနရ + ယူထ ] မျောက်အုပ်၊ မျောက်တို့၏-အစုအဝေး-အပေါင်း။ ဝါနရယူထေန နဋ္ဌေဟိ ဥဒကဿ ပီတဋ္ဌာ-နေ မာပိတတ္တာ။ အံ႒၃။၃၁၈။

ဝါနရယောနိ (ထီ) [ ဝါနရ + ယောနိ ] မျောက်မျိုး။ မျောက်တို့၏ -ဇာတ် -အမျိုး။ ဗောဓိ-သတ္တော ဝါနရယောနိယံ နိဗ္ဗတ္တော။ မ႒၃။ ၁၂၄။ (-အပ႒၂။၉၅။ ဇာ႒၁။၂၉၈။ဇာ႒၂။၇၀၊၁၆၈)။

ဝါနရဝေါဟာရ (ပု) [ဝါနရ + ဝေါဟာရ] မျောက်ဟူသော-အမည်-ပညတ်၊ မျောက်ဟူ၍-ခေါ်ဝေါ်-ပြောဆို-ခြင်း။ ဝါနရစမ္မ - ကြည့်။

ဝါနရိန္ဒ (ပု) [ ဝါနရ + ဣန္ဒ ] မျောက်မင်း၊ မျောက်တို့ကို အစိုးရသောမင်း။ ယဿေ တေ တယော ဓမ္မာ ဝါနရိန္ဒ ယထာ တဝ။ ဇာ၁။၁၄။ တဒါ ဗောဓိသတ္တော နန္ဒိယော နာမ ဝါနရိန္ဒော အဟောသိ။ မိလိန္ဒ။ ၁၉၉။ (-ဇာ၁။၁၄၊၁၈၂။ မ႒၁။၁၈။ ဗုဒ္ဓဝံ႒။၁၅။ စရိယာ႒။၂၂၁။ဇာ႒၁။၂၉၆-၉)။

ဝါနရိန္ဒဇာတက (န) [ ဝါနရိန္ဒ + ဇာတက ] ဝါနရိန္ဒဇာတ်၊ ဘုရားလောင်းမျောက်မင်း၏-အကြောင်းအရာ-အတ္ထုပ္ပတ်-ကို ပြဆိုသည့် ဇာတ်။ ခုဒ္ဒကနိကာယ၊ ဇာတကပါဠိ၊ ၁-နိပါတ်၊ ၆-ဝဂ်၊ ၇-ဇာတ်။ ဇာ၁။၁၄။ဇာ႒၁။ ၂၉၆-၈။

ဝါနဝိစိတ္တ (တိ) [ဝါန + ဝိစိတ္တ] ချုပ်စပ်ခြင်းဖြင့် ဆန်းကြယ်သော။ ဝါနစိတ္တ, ဝါနစိတြ -တို့ လည်းကြည့်။ ဝါနဝိစိတ္တ ( ဒီ႒၁။၈၃ ) န္တိ ဘိတ္တိစ္ဆဒါဒိအာကာရေန ဝါနေန သိဗ္ဗနေန ဝိစိတြံ။ သီဋီ၊သစ်၊၁။၃၆၃။(-ဒီဋီ၊၁။၁၂၈)။

ဝါနဝိရဟိတ (တိ) [ ဝါန + ဝိရဟိတ ] တဏှာ-ကင်း-မရှိ-သော။ နိဗ္ဗာနပဒတ္တန္တိ ဝါနဝိရဟိတံ

ပတ္တံ။ မဟာနိ၊ဋ္ဌ။၁၈၅။

**ဝါနသညိတ** (တိ) [ဝါန + သညိတ] ဝါနဟူ၍-သိ - မှတ် - အပ်သော။ ဝါနသညိတာယ တဏှာယ နိက္ခန္တတ္တာ နိဗ္ဗာနန္တိ ဝုစ္စတိ။ခုဒ္ဒက၊ဋ္ဌ။၁၂၈။ သုတ္တနိ၊ဋ္ဌ၊၂။၃၄။

**ဝါနာဘာဝ** (ပု) [ဝါန + အဘာဝ] တဏှာ-မရှိ-ကင်း-ခြင်း။ ဝါနာဘာဝေန နိဗ္ဗာနံ။ သံ၊ဋ္ဌ၊၃။၁၄၉။

**ဝါနီရ** (ပု) [ဝါန + ဤရ။ ဝါန သံသိဗ္ဗနေ ဤရော။ ဝါနီရ-သံ။ ဝါဏီရ-ပြာ။] ယင်းရဲပင်။ ကြိမ်ပင်။ ဝါဏီရောပိ။ ဓာန်၊ဋီ။၅၅၃။

**ဝါနေယျ** (တိ) [ဝန + ဏေယျ။ ဝနေ ဇာတံ ဝါနေယျံ။ရူ၊၂၃၀။ ဝနေ ဘဝေါ ဝါနေယျော။ နိရုတ္တိ။၄၅၉။ မောဂ်၊၄။၂၅။ ဝနေ ပါနီယေ ဇာတံ ဝါနေယျံ၊ ဏေယျော။ ဓာန်၊ဋီ။၅၉၂။ ဝါနေယ-သံ။] (၁) တောဌ်-ဖြစ်-ပေါက်ရောက်-သော။ (န) (၂) နွားမြေရင်းသိမ်။ (မုန်ညင်းတစ်မျိုး)။ (၁) ဝနေ ဇာတတ္တာ ဝါနေယျာနိ ဝနပုပ္ဖာနိ။ ထေရ၊ဋ္ဌ၊၂။၁၆၄။ (န)(၂) ကုဋ္ဌဉ္စ ဗျာဓိ ကထိတော၊ ဝါနေယျန္တု ကုဋန္နဋံ။ ဓာန်။၅၉၂။

**ဝါပ**[၁] (ကြိ) [ဝပ + ဏာယ + ဟိ။ ဟိဝိဘတ်ကျေ။ (= ဝါပယာဟိ = ဝါပယ = ဝါပ)။] (သင်) စိုက်ပျိုးလော့။ သံယေ စိတ္တံ ပသာ-ဒေတွာ၊ သုဗီဇံ ဝါပ ရောပယ။အပ၊၁။၂၈၄။

**ဝါပ**[၂] (ပု) [ဝပ + ဏ။ ဝါပ-သံ။ ဝါယ-ပြာ။] (၁) ပယ်၊ လယ်မြေ။ (၂) စိုက်ပျိုးအပ်သောမျိုးစေ့။ (၁) ဝါပေါပျုတြ၊ ဝပ္ပတေ ယသ္မိန္တိ ဝါပေါ။ ဓာန်၊ဋီ။၄၄၇။ (၂) ဝါပသမကရဏ၊ ဝါပသမိကရဏ - တို့ကြည့်။

**ဝါပက** (တိ) [ဝပ + ဏွု။ ထိ - ၌ ဝါပိကာ။ စိုက်ပျိုးရေးသမား၊ စိုက်ပျိုးတတ်သော၊ သူ။ ဝပ ဗီဇနိက္ခေပေ၊ ဗီဇံ ဝပတိ၊ ဝါပကော။ နီတိ၊ဓာတု။၁၂၀။

**ဝါပသမ(မိ)ကရဏ** (န) [ဝါပ + သမ + ကရဏ] ပျိုးကို ညိုခြင်း၊ ဖုံး-မှန်း-ခြင်း၊ စိုက်ပျိုးအပ်သော မျိုးစေ့ကို - ညီညွတ်အောင်ပြု - ညီအောင်ညိုခြင်း။ "နော စ ခေါ ပဋိဝုတ္တ"န္တိ-အာဒီသု အဋ္ဌဒန္တကာဒီဟိ ဝါပသမ(မိ)-ကရဏော။ ဥဒါန၊ဋ္ဌ။၄၂။ ဣတိဝုတ်၊ဋ္ဌ။၃။ ကောသောဟာရ ဇိဝတ၊ ဝုတ္တိသု ဝပနေ စ ဝါပသမကရဏော။ ဓာန်။၇၉၆။ ဝါပသမက-ရဏံ ဝပိတဿ ဗီဇဿ သမကရဏံ။ဓာန်၊ဋီ။

**ဝါပိ - ဝါပီ** (ထိ) [ဝပ + ဣ။ ဝပ + ဏီ။ ကောတ္တုဘာ။ ဝပ ဗီဇနိက္ခေပေ၊ ဝပန္တိ ယာယ ဝါပီ။ဓာန်၊ဋီ။၆၇၈။ ဝပန္တိ ယာယ သာ ဝါပီ။ ဏီ။သူစိ။ ဝပ + ဣဏ်။ ဝပန္တိ ဧတာယာတိ ဝါပိ၊ ဇလာသယော။ ဏွာဒိ။၁၀။ ဝါပိ၊ ဝါပီ၊ ဝါပိကာ-သံ။ ဝါပီ-အဒ္ဓမာဂဓီ။] (၁) ကန်၊ ရေကန်၊ အိုင်၊ တစ်ဘက်ဆည်ကန်။ (ဓာန်၊ သျှ။ တောင်ပေါက်)။ (၂) ရေကန်-တစ်ဘက်ဆည်ကန်-ကြီး။ (၁) ဧသ နယော "ဝါပိံ တဋ္ဌာကံ အာဝါဋံ ခဏာ"တိအာဒီသုပိ။ ဝိ၊ဋ္ဌ၊၃။၂၁။ သစေ ပန သုကွေ ဇာတဿရေ ဝါပိံ ဝါ ခဏန္တိ။ ကင်္ခါ။၉၁။ ဝါလိကပါဠိံ ကတွာ ဝါပိံ နာမ ခနန္တိ။ အဘိ၊ဋ္ဌ၊၁။၃၅၈။ (-သံ၊ဋ္ဌ၊၂။၁၁၉။သာရတ္ထ၊၂။၁၄၁)။ (၂) သွာယမတ္တော ဝါပိယာ ဒီပေတဗ္ဗော။ သံ၊ဋ္ဌ၊၂။၇၃။ အံ၊ဋ္ဌ၊၂။၃၆၈။ ဝါပိယာတိ မဟာတ-ဠာကေန။ သံ၊ဋီ၊၂။၉၄။ အံ၊ဋီ၊၂။၃၆၆။

**ဝါပိကဒ္ဒမ** (ပု) [ဝါပိ + ပဝတ္တ + ကဒ္ဒမ။ ပဝတ္တ-ပုဒ်ကျေ။] ရေအိုင်-ရေကန်-၌ဖြစ်သော-ရွှံ့-ညွန်။ ဝါပိကဒ္ဒမော ဝိယ ဟဒယံ ဖလိ။ ဇာ၊ဋ္ဌ၊၁။၁၂၈။

**ဝါပိတ** (တိ) [ဝပ + တ။ ဝပ - ဗီဇနိက္ခေပေ။ နီတိ၊ဓာတု။၁၂၀။ ဝါပိတ-သံ။] (၁) ကြဲ-

စိုက်-ပျိုး-အပ်ပြီးသော။ (၂) (ခေါင်း) ရိတ်-ဖြတ်-ချ-အပ်ပြီးသော။ (၁) ဝါပိတံ ခေါ တေ ဘဂိနိ။ ဝိ၊၁။၁၉၁။ ဝါပိတံ ရောပိတံ ဓညံ။ ဗုဒ္ဓဝံ။၃၀၉။ ဝါပိတန္တိ ဝပိတ္ဂာ နိပ္ဖန္နံ။ ဗုဒ္ဓဝံ၊ ဋ္ဌ။၁၀၀။ (-ဝိ၊ဋ္ဌ၊၂။၁၃၆။မ၊ဋ္ဌ။၄။၁၇၈။သံ၊ဋ္ဌ၊ ၃။၁၄၃။ အဘိ၊ဋ္ဌ၊၁။၁၆၄၀-၂။ အပ၊ဋ္ဌ၊၁။၈၊ ၁၃။ ဗုဒ္ဓဝံ၊ဋ္ဌ။၉၆။ ဇာ၊ဋ္ဌ၊၁။၈၊၁၃။ သာရတ္ထ၊ ၂။၃၂၃)။ (၂) ဝါပိတသိရ - ကြည့်။

ဝါပိတရောပိတဓေညနိဗ္ဗတ္တ (နိဗ္ဗတ္တက) (တိ) [ ဝါပိတ + ရောပိတ + ဓေည + နိဗ္ဗတ္တ (နိဗ္ဗတ္တက) ] ကြဲ-စိုက်-ပျိုး-အပ်သော စပါးမှ ဖြစ်သော။ ယန္နူနာဟံ ဝါပိတရောပိတ-ဓေညနိဗ္ဗတ္တံ (နိဗ္ဗတ္တကံ) အာဟာရံ ပဇဟိတ္ဂာ။ အပ၊ဋ္ဌ၊၁။၁၃။ ဇာ၊ဋ္ဌ၊၁။၁၃။

ဝါပိတသဿ (န) [ ဝါပိတ + သဿ ] စိုက်-ပျိုး - အပ်သော - ကောက်ပင် - စပါးပင်။ ဝါပိတသဿာနံ ဂဗ္ဘဂ္ဂဟဏကာလေ ကက္က-ဋကော မဟာ အဟောသိ။ဇာ၊ဋ္ဌ၊၃။၂၇၆။

ဝါပိတသိရ (တိ) [ ဝါပိတ + သိရ ] ခေါင်းရိတ်-ဆံချ-ပြီးသော၊ ရိတ်-ဖြတ်-ချ-အပ်ပြီးသော-ဦးခေါင်း-ဆံပင်-ရှိသော၊သူ။ ဝါပိတသိရော ( မ၊ဋ္ဌ၊၃။၂၇၈ )တိ သြရောပိတကေသော၊ တမေဝ ဟိ သိရော ဝါပိတန္တိ ဝုစ္စတိ။ မ၊ဋီ၊ ၃။၁၈၅။

ဝါမံသ (ပု) [ ဝါမ + အံသ ] လက်ဝဲပခုံး၊ ဘယ်ဘက်ပခုံး။ ဧကံသန္တိ စ ဝါမံသံ ပါရုပိတ္ဂာ ဋ္ဌိတဿေတံ အဓိဝစနံ။ သုတ္တနိ၊ဋ္ဌ၊၂။၈၀။ သီ၊ဋီ၊သစ်၊၂။၃၇၀။ (-သီ၊ဋီ၊သစ်၊၁။၇၇၊၁၉၄၊ ၃၆၆)။

ဝါမံသကူဋ (ပု၊န) [ ဝါမံသ + ကူဋ ] လက်ဝဲ-ဘယ်ဘက် - ပုခုံးစွန်း။ ဝါမံသကူဋေ အာသတ္တနီလုပ္ပလဝဏ္ဏမတ္တိကာပတ္တော။ဝိ၊ဋ္ဌ၊ ၁။၂၀၅။ (-မ၊ဋ္ဌ၊၂။၉၀။သာရတ္ထ၊၃။၁၄၄)။

ဝါမံသဝရ (ပု) [ ဝါမံသ + ဝရ ] မြတ်သော-လက်ဝဲ-ဘယ်ဘက်-ပခုံး။

ဝါမံသဝရပ္ပဝတ္တ (တိ) [ ဝါမံသဝရ + ပဝတ္တ ] မြတ်သော-လက်ဝဲ- ဘယ်ဘက်- ပခုံး၌ ဖြစ်သော။ ဧကံသဝရဂတန္တိ ဝါမံသဝရပ္ပဝတ္တံ။ ဒီ၊ဋီ၊၂။၁၆၉။

ဝါမ³ (တိ) [ဝါ + မ။ ဓာန်၊ဋီ။၆၉၄။ ဝါ + မန်။ ဝါတိ ဂစ္ဆတိ ပဝါယတိ စာတိ ဝါမော။ နီတိ၊ သုတ္တ။၁၂၃၄။ ပဋိလောမဝသေန ဝါတိ ဂစ္ဆတီတိ ဝါမော၊ လာမကဝသေန ဝါတိ ဂစ္ဆတိ ပဝတ္တတီတိ ဝါ ဝါမော။ ကစ္စည်း။ ၆၂၇။ ဝမ + ဏ။ ကောတ္ထုဘာ။ ဝါမ-သံ၊ ပြာ၊ အဒ္ဓမာဂဓီ။ ] (၁) လက်ဝဲ-ဘယ်ဘက်-ဖြစ်သော။ (၂) ကောင်းမြတ်, တင့်တယ်, လှပသော။ (၃) ဆန့်ကျင်ဘက်ဖြစ်သော။ (၄) မှားယွင်း-မသင့်တင့်-သော။ (၁) ဝါမေန ဟတ္ထေန သံယာဋိံ ဥစ္စာရေတ္ဂာ။ ဝိ၊၄။၃၈၄။ ဝါမေန ဟတ္ထေန ရသ္မိယော ဂဟေတ္ဂာ။ မ၊၁။၁၇၅။ အံ၊၂။၂၃။ ဝါမံ မုဋ္ဌိတ္ဂာ ဒက္ခိဏံ ဂဏှာတိ။ ---- " ဝါမော မဂ္ဂေါ " တိ ခေါ တိဿ အဌင်္ဂိကဿေတံ မိစ္ဆာမဂ္ဂဿ အဓိ-ဝစနံ။ သံ၊၂။၈၈-၉။ (-ဒီ၊၂။၁၄၁။မ၊၂။၅၇။ သံ၊၁။၁၆၉။ သံ၊၂။၃၈၄။ အံ၊၂။၅။ မဟာနိ။ ၂၉၇။ဇာ၊၁။၁၂၅၊၃၀၈။ဝိ၊ဋ္ဌ၊၂။၁၅၁။မ၊ဋ္ဌ၊၂။ ၇၅။မ၊ဋ္ဌ၊၄။၆၇။သံ၊ဋ္ဌ၊၃။၃၀။အဘိ၊ဋ္ဌ၊၁။၃၂၁။ ဝိသုဒ္ဓိ၊၁။၁၈၃)။ (၂) ဘဒ္ဒံ ဝါမံ စ ကလျာဏံ။ ဓာန်။၆၉၄။ ဝါမူရှ² - လည်းကြည့်။ (၃) ဝါမတော မံ တွံ ပစ္စေသိ (ပေတ။၁၄၃)တိ ဝိလောမတော မံ တွံ အဓိဂစ္ဆသိ။ ပေတ၊ဋ္ဌ။ ၈၂။ (၄) ဝါမတော ဂဏှာတိ။ဒီ၊ဋ္ဌ၊၃။၂၂၉။ ဝါမတောတိ မိစ္ဆာ အယောနိသော ဝါ။ ဒီ၊ဋီ၊၃။၂၆၆။ အံ၊ဋီ၊၃။၃၀၈။ (-သံ၊ဋီ၊၂။ ၃၃၃)။

**ဝါမ**[၂] (တိ) [ ဝါမန = ဝါမ ] နိမ့်-ပုကွ-သော။ န ဟိ ခုဇ္ဇေန ဝါမေန၊ ဘောတိ သင်္ဂမရဟသိ(ဇာ၊၁။၆၄)တိ က္လမိနာ ဟိ ခုဇ္ဇေန ဝါမနတ္တာ ဝါမေန ဘောတိ တွံ မဟာကုလေ ဇာတာ။ဇာ၊ဋ္ဌ။ ၂။ ၂၀၉။

**ဝါမအံသကူဋ** ( ပုန ) [ ဝါမအံသ + ကူဋ ] ဝါမံသကူဋ - ကြည့်။ ဝါမအံသကူဋတော အဂ္ဂိက္ခန္ဓော ပဝတ္တတိ။ပဋိသံ။၁၂၀။ပုဒ္ဓဝံဋ္ဌ။ ၄၆။

**ဝါမအက္ခိ** (နု) [ ဝါမ + အက္ခိ ] လက်ဝဲ-ဘယ်ဘက်-မျက်စိ။ ဝါမအက္ခိတော အဂ္ဂိက္ခန္ဓော ပဝတ္တတိ။ ပဋိသံ။၁၂၀။ ဗုဒ္ဓဝံဋ္ဌ။၄၆။

**ဝါမဉ္စိရု** (ပု) [ဝါမ + ဉ္စိရု] လက်ဝဲ-ဘယ်ဘက်-ပေါင်။ ဝါမဉ္စိရုမှိ ပဟရိတွာ ဇီဝိတက္ခယံ ပါပေသိ။ အပ၊ဋ္ဌ၊၂။ ၂၃၈။

**ဝါမက**[၁] (တိ) [ ဝါမ + က။ ဝါမက-သံ။ ] (၁) လက်ဝဲ-ဘယ်ဘက်-ညှပ်ရိုး၊ လက်ဝဲ-ဘယ်ဘက်-၌ဖြစ်သော ညှပ်ရိုး။ (၂) စောင့်စည်းခြင်းမရှိသော။ (၁) ပြဟ္မလောကေ စ ဝါမကံ။ ဗုဒ္ဓဝံ။၃၈၄။ (၂) အပါနုကာတိ ဝါမကာ၊ အသံယတဝုတ္တိတိ အတ္ထော။ ထေရ၊ဋ္ဌ၊၂။ ၃၅၅။

**ဝါမက**[၂] (ပု) [ဝါမ + ကရ + က္ဂိ။ ဝါမန=ဝါမက။ ဝါမံ ကလျာဏဝစနံ ကရောတီတိ ဝါမကော၊ ရဿသရီရတ္တာ ဝါ ဝါမနော၊ သော ဧဝ ဝါမကော, နဿ ကကာရတ္တံ ကတွာ။ ဓာန်၊ ဋီ။၁၀၉။ ] ဝါမကရသေ့။ ( ရှေးဟောင်းဝေဒကျမ်းပြု ရသေ့ ၁၀-ဦးတို့တွင် ဒုတိယရသေ့)။ အဋ္ဌကော ဝါမကော ဝါမဒေဝေါ။ ဝိ၊၃။၃၄၃။ ဒီ၊၁။၉၇၊၂၂၄။ မ၊၂။၃၈၁-၂။ အံ၊၂။၁၉၇။

**ဝါမကဏ္ဏ** (ပု) [ ဝါမ + ကဏ္ဏ ] လက်ဝဲ-ဘယ်ဘက်-နား။ တထာ ဝါမကဏ္ဏံ။ ဒီ၊ဋ္ဌ၊၂။၇၇။ သံ၊ဋ္ဌ၊၂။၈၁။

**ဝါမကဏ္ဏစူဠိကာ** (ထီ) [ ဝါမကဏ္ဏ + စူဠိကာ ] လက်ဝဲ-ဘယ်ဘက်-နားပန်းစွန်း-နားပန်းဆံ။ ဝါမကဏ္ဏစူဠိကာယံ ပတိဋ္ဌိတံ။ ဒီ၊ဋ္ဌ၊၂။၄၃။ မ၊ဋ္ဌ၊၃။၂၆၄။

**ဝါမကဏ္ဏသောတ** (နု) [ ဝါမကဏ္ဏ + သောတ ] လက်ဝဲ -ဘယ်ဘက် -နားတွင်း -နားပေါက်။ ဝါမကဏ္ဏသောတတော ဥဒကဓာရာ ပဝတ္တတိ။ ပဋိသံ။၁၂၀။ ဗုဒ္ဓဝံဋ္ဌ။၄၆။

**ဝါမကဏ္ဏသောတမူလ** (နု) [ဝါမကဏ္ဏသောတ+ မူလ ] လက်ဝဲ-ဘယ်ဘက် -နားတွင်း -နားပေါက်-အနီး။ ဝါမကဏ္ဏသောတမူလေ ဖဏံ ကတွာ " သုသူ "တိ ကရောန္တော နိပဇ္ဇိ။ သံ၊ဋ္ဌ၊၃။၅၅။

**ဝါမက္ခိ** (နု) [ဝါမ + အက္ခိ] လက်ဝဲ-ဘယ်ဘက်-မျက်စိ-မျက်လုံး။ သော ဝါမက္ခိနာ ဒက္ခိဏက္ခိံ သြလောကေတွာ။ စရိယာ၊ဋ္ဌ။၇၁။ ဇာ၊ဋ္ဌ၊၄။၄၈၀။

**ဝါမဂလဝါဋက** (ပု) [ ဝါမ + ဂလဝါဋက ] လက်ဝဲ - ဘယ်ဘက် - လည်တွင်း - လည်ချိုင့်။ ဝါမဂလဝါဋကတော ပဋ္ဌာယ။ခုဒ္ဒကာ၊ဋ္ဌ။၃၇။

**ဝါမဂါမီ** (တိ) [ဝါမ + ဂမု + ဏီ] လက်ဝဲ-လမ်းမှား-သို့-သွား-လိုက်-လေ့ရှိ-တတ်-သော။ ဗဟူ မနုဿာ လောကေ ဝါမဂါမိနော ဝိစက္ခဏာ။ မိလိန္ဒ။၂၈၅။

**ဝါမဂါဟီ** (တိ) [ဝါမ + ဂဟ + ဏီ] မှားယွင်း-မသင့်မတင့်-သောအားဖြင့် ယူလေ့ရှိသော။ အပ္ပဋိပန္နော ဝါမဂါဟိနော နာမ ဇာတာတိ ဒဿေတိ။ သံ၊ဋ္ဌ၊၂။၁၆၁။

**ဝါမဂေါတ္တ** (ပု) [ ဝါမ + ဂေါတ္တ ] ဝါမဂေါတ္တမင်းသား၊ ( စန္ဒကုမာရဇာတ်လာ ဝသဝတ္တီမင်း၏သား၊ စန္ဒကုမာရမင်းသားနှင့် အဖေတူ အမေကွဲ ညီအစ်ကိုတော်သူ )။ သူရဋ္ဌ

ဝါမဂေါတ္တဥ္စ။ ဇာ၊၂။၂၄၂။ ဇာ႒၊၇။၇၆။ ( -ဇာ႒၊၇။၁၀၄)။

ဝါမဂ္ဂါဟ (ပု) [ ဝါမ + ဂါဟ ] မှားယွင်း-မသင့်မတင့်-သောအားဖြင့် ယူခြင်း။ ဆိန္နပဋိပတ္တိကတာ ဝါမဂ္ဂါဟော နာမ။ သံ၊ဋီ၊၂။၁၆၁။

ဝါမင်္ဂုဋ္ဌ (ပု) [ဝါမ + အင်္ဂုဋ္ဌ] လက်ဝဲ-ဘယ်ဘက်-ခြေမ။ ဝါမင်္ဂုဋ္ဌေန ခေါ်ဘေယျံ။ အပ၊၁။၃၆။ ထေရ၊႒၊၂။၄၁၈၅၀၆။

ဝါမဇာတိက (တိ) [ဝါမ + ဇာတိ + က] လက်ဝဲ-ယုတ်နိမ့်သော-ဇာတ်သဘောရှိသော။ မယံ မာတုဂါမာ နာမ ဝါမဇာတိကာ။ သံ၊႒၊၂။ ၁၈၁။အံ၊႒၊၁။၁၄၁။ထေရ၊႒၊၂။၄၄၂။

ဝါမဒေဝ (ပု) [ ဝါမ + ဒေဝ။ ဝါမော နာမ ဟရော၊ သော ဒေဝေါ အဿ ဝါမဒေဝေါ။ ဓာန်၊ဋီ။၁၀၉။ ဝါမော ဧဝ ဒေဝေါ ဝါမဒေဝေါ၊ သိဝေါ။ ကပ္ပဒ္ဒုမ။ ဝါမဒေဝ - သံ။ ] (၁) ဝါမဒေဝရသေ့၊ (ရှေးဟောင်း ဝေဒကျမ်းပြုဆရာ ရသေ့ ၁၀ - ဦးတို့တွင် တတိယရသေ့ )။ (၂) သိဝနတ် ( မဟာဒေဝ )။ (၁) ဝါမက-ကြည့်။ (၂) ဝါမဒေဝေါ မဟာဒေဝေါ။ ဓာန်၊ဋီ။၁၆-၇။

ဝါမန (တိ) [ဝါ + မန။ ဝါ ဂမနေ၊ မနော။ဓာန်၊ဋီ။၇၀၈။ ဝမ + ယု။ ကောတ္ထုဘာ။ ဝါမန-သံ။ ဝါမဏ-ပြာ၊ အဒ္ဓမာဂဓီ။ ] (၁) နိမ့်-ပုကွ-သောသူ။ (ပု)(၂) ဝါမနမည်သောဆင်။ (၁) န ဘိက္ခဝေ ဝါမနော ပဗ္ဗာဇေတဗ္ဗော။ ဝိ၊၃။၁၂၆။ ဝါမနောတိ ဇယ်ဝါမနော ဝါ ကဋိဝါမနော ဝါ ဥဘယဝါမနော ဝါ။ ဝိ၊႒၊ ၃။၃၀၉။ (ပု) (၂) ဝါမနော ကုမုဒေါဥ္စနော။ ဓာန်။၃၀။

ဝါမနက (တိ) [ဝါမန + က။ ထီ-၌ ဝါမနကာ, ဝါမနိကာ။ ဝါမနက - သံ။ ဝါမဏဂ-အဒ္ဓမာဂဓီ။ ] နိမ့် - ပုကွ-သောသူ။ ခုဇ္ဇာပိ ဝါမနကာပိ ဝေလာသိကာပိ ကောမာရိကာပိ။ ဒီ၊၂။၂၆၆။ သန္တိ ဟိ ဗြာဟ္မဏ နာဂဝနေ ဝါမနိကာ နာမ ဟတ္ထိနိယော မဟာပဒါ။မ၊၁။၂၃၅။ ဝါမနိကာတိ ရဿာ အာယာမတောပိ န ဒီဃာ မဟာကုစ္ဆိ ဟတ္ထိနိယော။ မ၊႒၊၂။၁၀၃။ ( -အပ၊႒၊၁။ ၁၄၀။ဇာ၊႒၊၅။၄၅၉)။

ဝါမနာသသောတ (နပ) [ ဝါမ + နာသသောတ ] လက်ဝဲ-ဘယ်ဘက်-နှာခေါင်း-တွင်း-ပေါက်။ ဝါမနာသသောတေန နိက္ခမိ။ ဝိသုဒ္ဓိ၊၂။၂၉။ ထေရ၊႒၊၂။၅၀၃။

ဝါမနာသိက(ကာ)သောတ (နပ) [ဝါမ + နာသိက-(ကာ)သောတ] ဝါမနာသသောတ - ကြည့်။ ဝါမနာသိကသောတံ ပဝေသေတိ။ မ၊႒၊၃။ ၂၅၄။ ဝါမနာသိကာသောတတော ဥဒကဓာရာ ပဝတ္တတိ။ ပဋိသံ။၁၂၀။ဗုဒ္ဓဝံ၊႒။၄၆။

ဝါမန္တ (ပုနပ) [ဝါမ + အန္တ] လက်ဝဲ-ဘယ်ဘက်-အစွန်း။ ဒက္ခိဏန္တေန ဝါ ဖုဋ္ဌောကာသံ ကေသဂ္ဂမတ္တမ္ပိ ဝါမန္တေန အတိက္ကာမေတိ။ ဝိ၊႒၊၁။ ၂၇၄။ (-ကင်္ခါ၊ဋီ၊သစ်။၂၀၀)။

ဝါမန္တဋ္ဌာန (နပ) [ ဝါမန္တ + ဌာန ] လက်ဝဲ-ဘယ်ဘက်-အစွန်း၏တည်ရာအရပ်။ ဒက္ခိဏန္တေန ဝါ ဝါမန္တဋ္ဌာနံ အတိက္ကန္တမတ္တေ။ဝိ၊႒၊၁။ ၂၈၃။

ဝါမပက္ခ (ပု) [ဝါမ + ပက္ခ] လက်ဝဲ-ဘယ်ဘက်-အတောင်-တောင်ပံ။ တထာ ဝါမပက္ခော။ ဒီ၊႒၊၂။၇၈။ သံ၊႒၊၂။၈၂။

ဝါမပက္ခပရိယန္တ (ပု) [ဝါမပက္ခ + ပရိယန္တ] လက်ဝဲ-ဘယ်ဘက်-အတောင်-တောင်ပံ-အစွန်း-အဖျား။ ဝါမပက္ခပရိယန္တံ အတိက္ကာမေတိ။ ဝိ၊႒၊၁။ ၂၈၁။

ဝါမပဿ (ပုနပ) [ ဝါမ + ပဿ ] လက်ဝဲ-ဘယ်ဘက်-နံပါး-နံဘေး။ ဝါမပဿတော ဥဒကဓာရာ ပဝတ္တတိ။ ပဋိသံ။၁၂၀။ ဗုဒ္ဓဝံ၊႒။၄၆။

ဘဒ္ဒါ ဝါမပဿေန အဘိရူဟိတွာ။ အံ၊ဋ္ဌ၊၁။ ၁၃၉။ အပ၊ဋ္ဌ၊၁။ ၂၉၃။

ဝါမပါဒ (ပု) [ဝါမ + ပါဒ] လက်ဝဲ-ဘယ်ဘက်-ခြေထောက်။ ဝါမပါဒတော ဥဒကဓာရာ ပဝတ္တတိ။ ပဋိသံ။၁၂၀။ ဗုဒ္ဓဝံ၊ဋ္ဌ။၄၇။

ဝါမပါဒကိစ္စ (န) [ဝါမပါဒ + ကိစ္စ] လက်ဝဲ-ဘယ်ဘက်-ခြေ၏ ပြုဘွယ်ကိစ္စ။ ဝါမပါဒ-ကိစ္စံ ဒက္ခိဏပါဒေန နိယမိတံ။မ၊ဋ္ဌ၊၃။၂၆၅။ မဋီ၊၃။၁၇၇။

ဝါမပါဒစမ္မ (န) [ဝါမပါဒ + စမ္မ] လက်ဝဲ-ဘယ်ဘက်-ခြေ၏ အရေ။ တေနေဝ နယေန ဝါမပါဒစမ္မံ။ အဘိ၊ဋ္ဌ၊၂။၂၂၅။ဝိသုဒ္ဓိ၊၁။၂၄၄။

ဝါမပါဒတလ (န) [ဝါမပါဒ + တလ] လက်ဝဲ-ဘယ်ဘက်-ခြေဖဝါးအပြင်။ ဝါမပါဒတလံ ပူရေတွာ ပဒုမလက္ခဏံ နိဗ္ဗတ္တိ။ ဓမ္မ၊ဋ္ဌ၊၂။ ၂၃၇။

ဝါမပါဒတ္တစ (ပု) [ဝါမပါဒ + တစ။ သက္ကတ-၌ တွစ - ဟု ရှိသည်။ ထို့ကြောင့် တ - ၌ ဒွေဘော်ပြုရသည်။ | ဝါမပါဒစမ္မ - ကြည့်။ အထ ဝါမပါဒတ္တစော။ ခုဒ္ဒက၊ဋ္ဌ။၃၅။

ဝါမပါဒသန္ဓိ (ပု) [ဝါမပါဒ + သန္ဓိ] လက်ဝဲ-ဘယ်ဘက်-ခြေ၏-အဆက်အစပ်-အဆစ်၊ ( ခါးဆစ်, ဒူးဆစ်, ဖမျက်ဆစ် )။ တယော ဝါမပါဒသန္ဓီ။ ဝိသုဒ္ဓိ၊၁။၁၇၉-၈၀။ ကင်္ခါ-ဗဏ္ဏဂေါပ္ပကာနံ ဝသေန ---- တထာ ဝါမပါဒသန္ဓိယော။ ဝိသုဒ္ဓိ၊ဋီ၊၁။၂၀၇။

ဝါမပါဒါနုသာရ (ပု) [ဝါမပါဒ + အနုသာရ] လက်ဝဲ-ဘယ်ဘက်-ခြေသို့အစဉ်လိုက်ခြင်း။ ဝါမပါဒါနုသာရေန အဘိရူဟိတွာ။ သံ၊ဋ္ဌ၊ ၃။၅၅။

ဝါမဗာဟာ (ထီ) [ဝါမာ+ဗာဟာ] လက်ဝဲ-ဘယ်ဘက်-လက်မောင်း-လက်ရုံး။ ဝါမဗာဟံ ဝိဝရိတွာ စီဝရံ အံသကူဋံ အာရောပေတိ။ ဝိ၊ဋ္ဌ၊၄။၅၅။

ဝါမဗာဟု (ထီ၊ပု) [ဝါမ + ဗာဟု] ဝါမဗာဟာ-ကြည့်။ ဝါမဗာဟုံ ဝိဝရိတွာ စီဝရံ အံသ-ကူဋေ အာရောပေတိ။ ကခ်ီ။၂၇၈။ဓမ္မ၊ဋ္ဌ၊၂။ ၄၀။စရိယာ၊ဋ္ဌ။၆၆။

ဝါမမဂ္ဂ (ပု) [ဝါမ + မဂ္ဂ] လက်ဝဲ-ဘယ်ဘက်-လမ်း-ခရီး။ အမှာကံ ဝါမမဂ္ဂေါ ဝဋ္ဋတိ။ သံ၊ဋ္ဌ၊၂။၁၈၁။အံ၊ဋ္ဌ၊၁။၁၄၁။ထေရ၊ဋ္ဌ၊၂။၄၄၂။ အဟံ ဝါမမဂ္ဂံ ဂဏှိဿာမိ။ ဇာ၊ဋ္ဌ၊၆။၈၀။

ဝါမရောဟိနီ (ထီ) [ဝါမ + ရောဟိနီ] ဆင်, မြင်းတို့ကို လက်ဝဲနံပါးဖြင့် တက်စီးသော စစ်တပ်။ လက်ဝဲ, လက်ျာ ချီတက်သော စစ်တပ် (ဝဏ္ဏ၊၂။၆)။ ဝါမရောဟိနီ (ဇာ၊၂။ ၂၀၄)တိ ဟတ္ထိ စ အဿေ စ အာရော-ဟန္တာ ဝါမပဿေန အာရောဟန္တိ။ တေန " ဝါမရောဟိနီ" တိ ဝုစ္စန္တိ။ ဇာ၊ဋ္ဌ၊၆။၂၄၂။

ဝါမလောစနာ (ထီ) [ဝါမ + လောစနာ။ ဝါမာနိ စာရူနိ လောစနာနိ (စက္ခူနိ) ယဿာ၊ သာ ဝါမာလောစနာ။ ကပ္ပဒ္ဒုမ။ | ကောင်းမြတ်-တင့်တယ်-လှပ-သည့် မျက်စိရှိသော မိန်းမ။ ဝါမလောစနာ, ဘာဝိနီ (ပ) ဝိသိဋ္ဌနာရီနာ-နာမာနိ။ ဓာန်၊ဋီ။၂၃၀-၁။

ဝါမဟတ္ထ (ပု) [ဝါမ + ဟတ္ထ] လက်ဝဲ-ဘယ်-ဘယ်ဘက်-လက်။ ဝါမဟတ္ထတော အင်္ဂါကွ-န္တော ပဝတ္တတိ။ ပဋိသံ။၁၂၀။ ဗုဒ္ဓဝံ၊ဋ္ဌ။၄၆။ ( -ဒီ၊ဋ္ဌ၊၃။၁၅၄။မ၊ဋ္ဌ၊၃။၁၅။သံ၊ဋ္ဌ၊၃။၉၀)။

ဝါမဟတ္ထတလ (န) [ဝါမဟတ္ထ + တလ] လက်ဝဲ-ဘယ်-ဘယ်ဘက်-လက်ဖဝါးပြင်။ ဝါမဟ-တ္ထတလံ ပူရေတွာ ပဒုမလက္ခဏံ နိဗ္ဗတ္တိ။ ဓမ္မ၊ဋ္ဌ၊၂။၂၃၇။

ဝါမဟတ္ထပသာ (ပု၊န) [ဝါမဟတ္ထ + ပသာ] လက်ဝဲ-ဘယ်-ဘယ်ဘက်-လက်၏-နံဘေး-နံပါး-အရပ်။ ဝါမဟတ္ထပဿေ မဟာမောဂ္ဂလာန-

ဗ္ဘွေရော နိသီဒတိ။သံ၊၄၁၊ ၂၅၆။

ဝါမဟတ္ထသန္ဓိ (ပု) [ဝါမဟတ္ထ + သန္ဓိ] လက်ဝဲ-ဘယ်-ဘယ်ဘက်-လက်၏-အဆက်-အစပ်-အဆစ် ( ပခုံးဆစ်, တတောင်ဆစ်, လက်ကောက်ဝတ်ဆစ်)။ တယော ဝါမဟတ္ထသန္ဓီ။ ဝိသုဒ္ဓိ၊၁။၁၇၉။ အံသကပ္ပရမဏိဗန္ဓာနံ ဝသေန ---- တထာ ဝါမဟတ္ထသန္ဓယော။ ဝိသုဒ္ဓိဋီ၊၁။ ၂၀၆-၇။

ဝါမာကာရ (ပု) | ဝါမ + အာကာရ | ကောင်းမြတ်-တင့်တယ်-လှပ-ချောမွေ့-သောအခြင်းအရာ။ ဝါမူရူ-ကြည့်။

ဝါမူရု (ပု) | ဝါမ + ဦရု | လက်ဝဲ-ဘယ်-ဘယ်ဘက်-ပေါင်။ တသ္မာ ဝါမူရုံ ဒက္ခိဏူရုံ သမံ ဌပေတွာ။ အံ၊ဋီ၊၂။၁၅၈။

ဝါမူရူ (ထီ) | ဝါမ + ဦရု + ဦ | (၁) ကောင်းမြတ်-တင့်တယ်-လှပ-သော ပေါင်ရှိသော (မိန်းမ)။ (၂) ငှင်ပျောတုံးနှင့်တူသော ပေါင်ရှိသော (မိန်းမ)။ ( ရွှေချောင်းနှင့်တူသော ပေါင်ရှိသော (မိန်းမ)ဒီ၊၂။သျှ။နေရင်း)။ ဝါမူရူ (ဒီ၊၂။၂၁၃)တိ ဝါမာကာရေန သဏ္ဌိတဦရူ။ ကဒလိက္ခန္ဓသဒိသဦရူတိ ဝါ အတ္ထော။ ဒီ၊ဌ။၂။၂၉၅။ ဝါမူရူတိ ရုစိရဦရူ။ တေနာဟ " ဝါမာကာရေနာ "တိအာဒိ။ ဝါမဝိကသိ-တရုစိရသုန္ဒရာဘိရူပစာရုသဒ္ဒါ ဟိ ဧကတ္ထာ ဒဋ္ဌဗ္ဗာ။ ဒီ၊ဋီ။၂။၂၄၉။ ဝဏ္ဏာသိ ခေါ် တွံ ဝါမူရုံ။ဇာ၊၁။၉၀။ ဝါမူရူတိ ကဒလိက္ခန္ဓသမာ-နဦရုံ။ ဇာ၊ဌ၊၂။၄၀၁။ ဝါမူရူ သုန္ဒရဦရုကာ။ ရူပိဋီ။၁၉၄။

ဝါမောရု (ပု) | ဝါမ + ဦရု | လက်ဝဲ-ဘယ်-ဘယ်ဘက်-ပေါင်။ ဝါမောရုဉ္စ ဒက္ခိဏောရုဉ္စ သမံ ဌပေတွာ။ဒီ၊ဋီ၊၁။ ၂၅၇။ (-သီ၊ဋီ၊သစ်၊၂။ ၁၂၃။အံ၊ဋီ၊၂။၃၈၀)။

ဝါမောရူ (ထီ) [ဝါမ + ဦရု + ဦ။ ဝါမာ သုန္ဒရာ ဦရူ ယဿာတိ ဝါမောရူ။ နိရုတ္တိ။ ၈၁။ မောဂ်၊၃။၃၄။ ဝါမောရူ-သံ။] ဝါမူရူ - ကြည့်။

ဝါယ¹ (ပု) | ဝါ + ဏ။ ဝါယနကဝသေန ဝါယော။ အဘိ။ဋ၊၁။၃၇၄။ အဘိ၊ဋ၊၂။၆၆။ ဝါယတီတိ ဝါယော။ ပဋိသံ၊ဋ၊၁။၇၅။ဝိသုဒ္ဓိ၊ ၁။၃၆၀။ ဝါယတိ ဒေသန္တရုပ္ပတ္တိဟေတုဘာ-ဝေန ဘူတသင်္ဃာတံ ပါပေတီတိ ဝါယော။ ဝိဘာဝိနီ။၁၉၅။ ဝါတိ ဂစ္ဆတီတိ ဝါယော။ နိရုတ္တိ။၇၈၅။ ဝါယု။ ဝါယ-သံ၊ပြာ၊ အဒ္ဓမာ-ဂဓီ။] (၁) လေ၊ ဝါယောဓာတ်။ (၂) ဝါယမည်သောနတ်၊ ဝါယောကသိုဏ်း၌ပရိကမ်ကိုပြု၍ ဖြစ်သောနတ်။ (၁) ဝါယော ဝါယောကာယံ အနုပေတိ အနုပဂစ္ဆတိ။ဒီ၊၁။၅၂။မ၊၂။၁၈၂။ သံ၊၂။၁၇၀။ ဝါယံ ဝါယတော သဥ္ဇာနာတိ။ မ၊၁။၂။ ဝါယော ဥပလဗ္ဘတီတိ ဝါယဿ ကတ္တာ ကာရေတာ ဥပလဗ္ဘတိ။ အဘိ၊က။ ၄၂။ ယတ္ထ အာပေါ စ ပထဝီ၊ တေဇော ဝါယော န ဂါဓတိ။ ဥဒါန။၈၆။ ဝါယော ဝိညတ္တိံ ဇနေတိ။ ဒီ၊ဌ၊၂။၃၅၇။ (-မ၊၂။၈၅။ သံ၊၁။၁၅။ အံ၊၃။၁၈၂ )။ (၂) အာပေါ စ ဒေဝါ ပထဝီ၊ တေဇော ဝါယော တဒါဂမုံ(ဒီ၊ ၂။၂၀၇)န္တိ အာပေါကသိဏာဒီသု ပရိကမ္မံ ကတွာ နိဗ္ဗတ္တာ အာပေါတိအာဒိနာမကာ ဒေဝါ အာဂမုံ။ဒီ၊ဌ၊၂။၂၈၃။

ဝါယ² (ပု) | ဝေ + ဏ။ နီတိ၊ ဓာတု။၁၇၀။ ဝါယ-သံ၊ ပြာ၊ အဒ္ဓမာဂဓီ။ | (၁) (ရက္ကန်း) ရက်လုပ်သော၊သူ။ (၂) ရက်လုပ်အပ်သော။ (၁) သုတ္တံ ဓာရယိတွာ အမုကဿ တန္တဝါ-ယဿ ဒေဟီ။ဝိ၊၁။၂၇၀။ (၂) ဝါယပုပ္ဖယ-ရက-ကြည့်။

ဝါယကရဏီယ (တိ) [ဝါယ + ကရဏီယ] လေ၏ ပြုဘွယ်ကိစ္စ၊ လေသည်-ပြု-အပ်-သင့်-

ထိုက်-သော ကိစ္စ။ တေန ဝါယေန ဝါယ-ကရဏီယံ ကရောတိ။ အဘိ၊က။၁၀၉။

ဝါယဂရုဟက (တိ) [ဝါယ + ဂရုဟက] ဝါယော ခုတ်ကို - ကဲ့ရဲ့- ရှုတ်ချ - တတ်သော၊သူ။ ဝါယဂရုဟကာ ဝါယဗိဂုစ္ဆကာ။မ၊၁။၄၀၂။

ဝါယဗိဂုစ္ဆက (တိ) [ ဝါယ + ဗိဂုစ္ဆက ] ဝါယော ခုတ်ကို စက်ဆုပ်တတ်သော၊သူ။ ဝါယဂ-ရုဟက - ကြည့်။

ဝါယတိ[၁] (ကြိ) [ ဝါ + အ + တိ။ နီတိ၊ဓာတု။ ၂၃၈။ ဝါတိ၊ ဝါယတိ-သံ။ ဝါတိ၊ ဝါအက္က-ပြာ၊ ဝါတိ၊ ဝါယတိ-အဒ္ဓမာဂဓီ။] (၁) (လေ) တိုက်ခတ်၏။ (၂) (အနံ့) ကြိုင်-လှိုင်-၏။ (၁) သီတော စ ဝေရမ္ဘော ဝါတော ဝါယတိ။ အံ၊၁။၁၃၆။ ( -အပ၊၁။၁၇၄။ ဇာ၊၁။၅။ ဒီဋ္ဌ၊ ၂။၇။ သံဋ္ဌ၊၂။၂၃၇။ ဝိသုဒ္ဓိ၊၁။၁၀)။ (၂) အမာနုသော ဝါယတိ ဂန္ဓော။ပေတ။၂၀၂။ သောပဋ္ဌ ဝါယတိ ဂန္ဓော၊ ခုဝံ ဗုဒ္ဓေါ ဘဝိဿတိ။ ဗုဒ္ဓဝံ၊၃၁၄။ ကုဏပဂန္ဓောပိ န ဝါယတိ။ မိလန္ဒ။၂၆၃။ (-၂၇၅။ဒီဋ္ဌ၊၂။၉။ မဋ္ဌ၊၄။၁၆၁။သံဋ္ဌ၊ ၂။၁၇၃)။

ဝါယတိ - အံ၊၁။၁၃၆။ ပေတ။၂၀၂။ ဝါယန္တိ - ဝိ၊၃။၆၁။၇၉၊၈၀။ ဝါယသိ - ပေတ။၁၃၀-၁၁၇၉။ ဝါယထ -အပ၊၂။၁၆၇။ ဝါယာမိ - အပ၊၂။၁၆၇။ ဝါယတေ - အပ၊၁။ ၄၀၆။ ဝါယတု - သံဋ္ဌ၊၂။၁၇၃။ ဝါယေယျ - သံ၊၂။၄၈၀။ ဝါယိ -သံ၊၂။၄၈၀။ ဝါယိဿန္တိ-ဇာဋ္ဌ၊၃။၄၃၄။

ဝါယတိ[၂] ( ကြိ ) [ ဝီ + အ +တိ။ နီတိ၊ဓာတု။ ၂၅၄။ ဏွာဒိ။၆၁၆၆၁၁၃၆။ ဝေ + အ +တိ။ ရူ။၅၆၃၊၆၈၁။ နီတိ၊ဓာတု။၁၇၀။ ] (ရက္ကန်း) ရက်၏။ ဝါယာပေယျာတိ " စီဝရံ မေ အာဝုသော ဝါယထာ" တိ အကပ္ပိယာယ ဝိညတ္တိယာ ဝါယာပေယျ။ ကင်္ခါ။၁၈၄။

ဝါယထ[၂] -လည်းကြည့်။ (-သာရတ္ထ၊၂။၄၄၂။ ဝိမတိ၊၁။၃၅၉)။

ဝါယတု ( ကြိ ) [ ဝါ + ယ + တု။ နီတိ၊ဓာတု။ ၂၃၈။ ] (၁) (လေ) တိုက်ခတ်စေသတည်း။ (၂) (အနံ့) ကြိုင်-လှိုင်-စေသတည်း။ (၁) မန္ဒမန္ဒော သီတကဝါတော ဝါယတု။ သံဋ္ဌ၊ ၃။၁၃၁။ (၂) နိစ္စတ္တနိစ္စတ္တဋ္ဌာနေ မေ ကာယ-တော စန္ဒနဂန္ဓော ဝါယတု။သံဋ္ဌ၊၂။၁၇၃။

ဝါယတေ (ကြိ) [ဝါ + ယ + တေ။ နီတိ၊ဓာတု။ ၂၃၈။] ( အနံ့ ) ကြိုင်-လှိုင်-၏။ သမန္တာ တေန ဂန္ဓေန၊ ဝါယတေ မမ အဿမော။ အပ၊၁။၄၀၆။ မိလိန္ဒ။၃၂၉။

ဝါယတ္တ (ပု) [ ဝါယ + အတ္တ ] ဝါယောခုတ်၏ ( ထောက်ကန်ခြင်း ) သဘော။ ဝါယဿ ဝါယတ္တေန အနနုဘူတံ။၁။၄၀၅။

ဝါယထ[၁] (ကြိ) [ ဝါ + ယ + ထ။ နီတိ၊ဓာတု။ ၂၃၈။ ] (အနံ့) ကြိုင်-လှိုင်-ခဲ့ပြီ။ ဝါယတိ[၁] -လည်းကြည့်။ သာဝတ္ထိ သဗ္ဗဂန္ဓေဟိ၊ ဝါသိတာ ဝိယ ဝါယထ။ အပ၊၂။၁၆၇။

ဝါယထ[၂] (ကြိ) [ ဝီ + အ + ထ။ နီတိ၊ဓာတု။ ဏွာဒိ။ ၆၁၆၆၁၁၃၆။ ဝေ + အ + ထ။ ရူ။ ၅၆၃၊၆၈၁။ နီတိ၊ဓာတု။၁၇၀။ ] (ရက္ကန်း) ရက်ကုန်လော့။ စီဝရံ မေ အာဝုသော ဝါယထ။ ကင်္ခါ၊၁၈၄။

ဝါယန[၁] (နု) [ ဝါ + ယ + ယု။ ဝါယန-သံ။ ] (၁) (လေ) တိုက်ခတ်ခြင်း။ (၂) (အနံ့)ကြိုင်-လှိုင်-ခြင်း။ (၃) ဖြန့်ခြင်း၊ ပြန့်နှံ့ခြင်း။ (၄) ထင်ရှားခြင်း။ (၅) ပြုခြင်း။ (၆) ယပ်လေခတ်ခြင်း။ (၇) ထောက်ကန်-ရွေ့လျား-သွား-ခြင်း။ (၈) ခြောက်သွေ့စေခြင်း။ (၁) (လေ) တိုက်ခတ်ခြင်း။ ဝါတဿ ဝါယနံ အဝါယနံ။ ဒီဋ္ဌ၊၂။၂၅။ (၂) ( အနံ့ ) ကြိုင်-လှိုင်-ခြင်း။ ဂန္ဓော အနုဝါတ္တရောတိ ပဋိဝါတံ သဗ္ဗဒိသာသု

ဝါယနတော အနုတ္တရော ဂန္တွာ သဗ္ဗဇနမနောဟရတ္တာ။ ထေရဂ္ဋ၊၂။၂၂၁။ (၃) ဖြန့်ခြင်း၊ ပြန့်နှံ့ခြင်း။ (၄) ထင်ရှားခြင်း။ (၅) ပြုခြင်း။ ဝါယနဋ္ဌ - (၂) (၃) (၄) ကြည့်။ (၆) ယပ်လေခတ်ခြင်း။ ဝါယနံ ဗီဇနံ။ အနုဋီ၊၃။၅၃။ (၇) ထောက်ကန်-ရွေ့လျား-သွား-ခြင်း။ (၈) ခြောက်သွေ့စေခြင်း။ ကိမိဒံ ဝါယနံ နာမ ဝိတ္ထမ္ဘနံ သမုဒီရဏံ ဝါ၊ ဝါယနံ ဂမနန္တိ ဇောဟ။ မဋီ၊၁။၇၈။ ( -မူလဋီ၊၂။၄၄။အနုဋီ၊၂။၅၃)။

ဝါယန[၂] (န) [ဝေ + ယု] (၁) (ရက္ကန်း) ရက်ရာဌာန။ (၂) (ရက္ကန်း) ရက်ခြင်း။ (၃) (ရက္ကန်း) ရက်လုပ်ကြောင်း အဆောက်အဦ။ (၁) ဝါယနဋ္ဌာနန္တိ ဝိနဋ္ဌာနံ။ မဋီ၊၃။၄၀၆။ (၂) ဒီယတော ပသာရိတေ တိရိယတော ဟရဏံ ဝါယနံ နာမ။ သာရတ္ထ၊၂။၃၇၂။ (၃) ဝါယနူပကရဏ - ကြည့်။

ဝါယန[၃] (န) [ ဝါယန + တ္တ။ မောဂ်၊၄။၁၂၃။ ] ( အနံ့ ) ကြိုင် -လှိုင် -နံ -စေတတ်သည်၏ အဖြစ်။ ပဋိဝါတံ သဗ္ဗဒိသာသု ဝါယနတော အနုတ္တရော ဂန္တွာ သဗ္ဗဇနမနောဟရတ္တာ။ ထေရဂ္ဋ၊၂။၂၂၁။

ဝါယနက (တိ) [ ဝါယန + က ] မရပ်မနား သွား-တိုက်ခတ်-ကြိုင်-လှိုင်-တတ်သောလေ၊ ဝါယောဓာတ်။ ဝါယနကဝသေန ဝါယော။ အဘိဋ္ဌ၊၁။၃၇၄။ သင္ဂိပိ ပညာသမ္ပိ ယောဇနာနိ ဝါယနကသေတဝဏ္ဏာစန္ဒနစုဏ္ဏာနိ။ ဒီဋီ၊၂။၁၇၇။

ဝါယနကဝါတ (ပု) [ဝါယနက + ဝါတ] ဝါယန-ဝါတ-ကြည့်။ ပကတိဝါတောတိ ပကတိယာ သဘာဝေန ဝါယနကဝါတော။ သံဋီ၊၂။၂၇၇။

ဝါယနကသေတဝဏ္ဏာစန္ဒနစုဏ္ဏ (န) [ဝါယနက+ သေတဝဏ္ဏ + စန္ဒနစုဏ္ဏ] (အနံ့)မွှေး-ကြိုင်-လှိုင်-၍ ဖြူသောအဆင်းရှိသည့် စန္ဒကူးမှုန့်။ ဝါယနက - ကြည့်။

ဝါယနဋ္ဌ (ပု) [ဝါယန + အတ္ထ] (၁)ထောက်ကန်-ရွေ့လျား-သွား-ခြင်းဟူသော အနက်။ (၂) ဖြန့်ခြင်းဟူသောအနက်။ (၃) ထင်ရှား-ခြင်း-သည်၏အဖြစ်-ဟူသောအနက်။ (၄) ပြုခြင်းဟူသောအနက်။ (၁) ဝါယံ ဝါယတောတိ ဧတ္ထ ဝါယနဋ္ဌေန ဝါယော။ မဋီ၊၁။၇၈။ (၂) (၃) (၄) ဝါယနဋ္ဌေနာတိ(အဘိဋ္ဌ၊၃။၃၀၆)တိ ပသာရဏဋ္ဌေန, ပါကဋ္ဌဘာဝဋ္ဌေန ဝါ။ မူလဋီ၊၃။၁၂၇။ ဝါယနံ သဝိသယံ ဗျာပေတွာ ပဝတ္တနံ။---- ယသ္မာ ပန သဝိသယဗျာပနံ တတ္ထ ပသဋ္ဌဘာဝေါ ပါကဋ္ဌဘာဝေါ ဝါ ဟောတိ၊ တသ္မာ “ ပသာရဏဋ္ဌေန ပါကဋ္ဌ-ဘာဝဋ္ဌေန ဝါ”တိ ဝုတ္တံ။ အတ္တနော ဝတ္ထုသဿ သူစနံ ဝါ ဝါယနံ။ အနုဋီ၊၃။၁၇၉။

ဝါယနဋ္ဌာန (န) [ ဝါယန + ဌာန ] (ရက္ကန်း) ရက်ရာ အရပ်။ ဝါယနဋ္ဌာန (မဋ္ဌ၊၄။၂၁၉)န္တိ ဝိနဋ္ဌာနံ။ မဋီ၊၃။၄၀၆။

ဝါယနဒဏ္ဍက (ပု) [ဝါယန + ဒဏ္ဍက။ ဝါယန-တ္ထော ဒဏ္ဍကော ဝါယနဒဏ္ဍကော။ ဓာန်။ ဋီ။၅၂၂။ ] လက်ခတ်၊ ရက်သွား၊ လွန်း။ ဝေမော ဝါယနဒဏ္ဍကော။ ဓာန်။၅၂၂။

ဝါယနပယောဂ (ပု) [ဝါယန + ပယောဂ] ရက်ခြင်း-လုံ့လ-ပယောဂ။ န တတော ပုဗ္ဗေ ဝါယနပယောဂေသုတိ ဒဿေတိ။ ဝိမတိ၊ ၁။၃၅၈။

ဝါယနဝသ (ပု) [ ဝါယန + ဝသ ] (၁) အဟုန်နှင့်တကွ-သွား-တိုက်ခတ်-ခြင်း၏ အစွမ်း။ (၂) ရွေ့စေသည်၏ အစွမ်း၊ တွန်းကန်သည်၏ အစွမ်း။

(၁) (၂) ဝါယနဝသေနာ (အဘိ၊ဋ္ဌ၊၂။၆၆။ ဝိသုဒ္ဓိ၊ ၁။ ၃၄၅ )တိ သဝေဂဂမနဝသေန, သမုဒီရဏဝသေန ဝါ။ မူလဋီ၊၂။၄၄။ဝိသုဒ္ဓိ၊ ဋီ၊၁။၄၃၀။

ဝါယနဝါတ (ပု) [ ဝါယန + ဝါတ ] တိုက်ခတ်-လာ-သောလေ။ ဝေရမ္ဘဝါတာတိ ယောဇန-နတော ဥပရိ ဝါယနဝါတာ။ အဘိ၊ဋ္ဌ၊၂။၆၇။ မဋီ၊၁။၇၉။

ဝါယနာကာရ (ပု) [ဝါယန+အာကာရ] (ရက္ကန်း) ရက်သော အခြင်းအရာ။ ဝေမကောဋိ ဂဟေတွာ ဝါယနာကာရံ အကာသိ။ မဋ္ဌ၊ ၄။ ၂၁၉။ (-ကင်္ခါ၊ဋီ။သစ်။၃၄၀)။

ဝါယနူပကရဏ (တိ) [ ဝါယန + ဥပကရဏ ] ( ရက္ကန်း ) ရက်ခြင်း၏ အဆောက်အဦ၊ ရက်ကြောင်း အဆောက်အဦ။ တုရီတိ ဝါယနူပကရဏော ဧကော ဒဏ္ဍော၊ ဝေမန္တိ ဝါယနူပကရဏော ဧကော ဒဏ္ဍော။ ကင်္ခါ၊ဋီ၊ သစ်။၃၃၈။

ဝါယန္တ¹ (တိ) [ဝါ + ယ + အန္တ။ ထီ-၌ ဝါယန္တာ, ဝါယန္တီ။ ] လာ -တိုက် ခတ် -သော (လေ)။ သေယျထာပိ နာမ မဟာဝါတော ဝါယန္တော တိဏကဋ္ဌပဏ္ဏကသဋံ ဧကတော ဥဿာ-ရေယျ။ ဝိ၊၁။၂၇၁။

ဝါယန္တ² (တိ) [ ဝေ + အ + အန္တ ] (ရက္ကန်း) ရက်သော၊ သူ၊ ရက္ကန်းသမား၊ ရက္ကန်းသည်။ " သုတ္တမတ္တို၊ ဝါယန္တော နတ္ထိ"တိအာဒိပရိ-ယာယမုခေန ဝါယာပေန္တသ အနာပတ္တိ။ ဝိမတိ၊၁။၃၅၉။

ဝါယန္တ³ (တိ) [ဝါ + ယ + ဏေ + အန္တ။ ထီ-၌ ဝါယန္တာ, ဝါယန္တီ။ ] ( အနံ့ ) မွှေး-ကြိုင်-လှိုင်-နံ့-စေတတ်သော။ ဧကော ဘိက္ခု ဝိဿဂန္ဓံ ဝါယန္တော ဝိစရတိ။ ဝိ၊ဋ္ဌ၊၁။၉။ (-ဒီ၊ဋီ၊၃။၁၅၇။အံ၊ဋီ၊၃။၂၉၁)။

ဝါယန္တိ¹ (ကြိ) [ ဝါ + ယ + အန္တိ ] (၁) (လေ) လာ-တိုက်ခတ်-ကုန်၏။ (၂) (အနံ့) မွှေး-ကြိုင်-လှိုင်-နံ့-ကုန်၏။ (၁) သစေ ပုရတ္ထိမာ သရဇာ ဝါတာ ဝါယန္တိ။ ဝိ၊၃။၆၁။ (၂)တာသု ပေါက္ခရဏီသု သတတံ ဒိဗ္ဗဂန္ဓာ ဝါယန္တိ။ ဇာ၊ဋ္ဌ၊၄။၄၇၀။

ဝါယန္တိ² (ကာ၊ကြိ) [ဝါ + ယ + ဏေ + အန္တိ ] ( အနံ့ ) မွှေး -ကြိုင် -လှိုင် -နံ့ -စေကုန်၏။ ကုသာပိ ပူတိ ဝါယန္တိ။ ဇာ၊၁။၃၃၀။ဇာ၊ဋ္ဌ၊၄။ ၄၃၇။

ဝါယပသံသက (တိ) [ ဝါယ + ပသံသက ] ဝါယောဓာတ်ကို-ချီးမွမ်း-ချီးကျူး-တတ်သော၊ သူ။ ဝါယပသံသကာ ဝါယာဘိနန္ဒိနော။ မ၊၁။၄၀၂။

ဝါယပုပ္ဖယရက (န) [ ဝါယ + ပုပ္ဖ + ယရက ] ရက်အပ်သော ပန်းအိမ်။ " ကွဒံ သုန္ဒရံ၊ ကွဒံ သုန္ဒရတရံ" န္တိ ပါဠိယေတ္တံ သာရမ္ဘေန ဝါယပုပ္ဖယရကာနိ ပုပ္ဖဂဗ္ဘေ စ ပုပ္ဖါသန-ပုပ္ဖသယနာနိ စ ကစ္စိ ကရောထာတိ ပုစ္ဆတိ။ ဇာ၊ဋ္ဌ၊၇။ ၁၂၁။

ဝါယမ ( ကြိ ) [ ဝါယမ + ဟိ။ ဝိ + အာ + ယမု + ဟိ ] (သင်) အားထုတ်-လုံ့လပြု-[ ကြိုးစား-လုံးပမ်း-ကြိုးစား-လော့။ ဧဟိ ဘန္တေ တွံ ဝါယမ။ ဝိ၊၁။၄၅။

ဝါယမတိ ( ကြိ ) [ ဝါယမ + အ + တိ။ နီတိ၊ ဓာတု၊၁၃၃။ (တစ်နည်း) ဝိ + အာ + ယမု+ အ +တိ။ အဘိ၊ဋ္ဌ၊၁။၁၉၀။ ဗျာယစ္ဆတိ-သံ။] အားထုတ်-လုံ့လပြု-ကြိုးပမ်း-လုံးပမ်း-ကြိုးစား-၏။ ဝါယမတိ ( ဒီ၊၂။၂၅၀။ ဒီ၊၃။ ၁၈၅။သံ၊၃။၈ )တိ ဝါယာမံ ကရောတိ။ ဒီ၊၂။၃၉၃။ ဒီ၊ဋ္ဌ၊၃။၁၈၉။ သံ၊ဋ္ဌ၊၃။၁၆၂။ ဝါယမတိ ( အံ၊၁။ ၄၁။ အဘိ၊ ဝိ။ ၂၁၆ )တိ ပယောဂံ ပရက္ကမံ ကရောတိ။ အံ၊ဋ္ဌ၊၁။၃၈၃။

အဘိ၊ဋ္ဌ၊၂။၂၇၆။

ဝါယမတိ - ဝိ၊၁။၁၈၁-၃။ဒီ၊၂။၂၅၀။ ဝါယမန္တိ - မ၊ဋ္ဌ၊၃။၁၅၇။ အဘိ၊ဋ္ဌ၊၁။၁၆၇။ ဝါယမသိ - မ၊ဋ္ဌ၊၁။၃၂၇။ အံ၊ဋ္ဌ၊၁။၃၄၇။ ဝါယမထ - မိလိန္ဒ။ ၈၆။ ဓမ္မ၊ဋ္ဌ၊၂။၁၂၈။ ဝါယမာမိ - ပေတ၊၂၀၉။စူဠနိ။၉၄။ ဝါယ-မာမ - မိလိန္ဒ။၈၆။ဓမ္မ၊ဋ္ဌ၊၁။၄၂။ ဝါယမသေ-ဇာ၊၂။၁၅၉။ ဝါယမ - ဝိ၊၁။၄၅။ ဓမ္မ။၄၈။ ဝါယမာဟိ - အံ၊ဋ္ဌ၊၁။၂၇၆။ ဝါယမထ - မ၊ဋ္ဌ၊၃။၂၀၇။ ဝါယမသ္သု - ဇာ၊၂။၂။ ဇာ၊ဋ္ဌ၊၅။ ၁၁၈။ ဝါယမေ - ဇာ၊၁။၂၈၂။ ဝိ၊ဋ္ဌ၊၁။၂၉။ ဝါယမေယျ - ဥဒါန။၁၅၇။က္ကတိဝုတ်။၂၇၀။ ဝါယမေယျုံ -အံ၊ဋ္ဌ၊၁။၂၉၀။ ဝါယမေယျာထ-ဝိ၊၄။၂၁၂။ဒီ၊၃။၂၀၄။ ဝါယမေထ - သံ၊၁။ ၂၁၇။ဇာ၊၁။၁၃။ ဝါယမိ - မ၊ဋ္ဌ၊၄။၅၈။ ဓမ္မ၊ ဋ္ဌ၊၁။၃၇။ ဝါယမသိ - ဇာ၊ဋ္ဌ၊၄။၃၈၃။ ဝါယမိံသု - ဓမ္မ၊ဋ္ဌ၊၂။၂၆။ ဝါယမိ (ဩ) - ဝိ၊ ၁။၄၅။သာရတ္ထ၊၂။၁၁၆။ ဝါယမိမှာ - သံ၊ဋ္ဌ၊ ၂။၂၇၂။ ဝါယမိတ္ထ (အာ) - အံ၊ဋ္ဌ၊၁။၃၀၆။ ဝါယမိဿတိ - မ၊၁။၃၀။ မ၊ဋ္ဌ၊၁။၁၄၅။ ဝါယမိဿန္တိ - ပေဋကော။၂၈၅။ ဝါယမိ-ဿသိ - ဝိ၊ဋ္ဌ၊၁။၁၈၃။ ဝါယမိဿာမိ - ဝိ၊ ၁။၄၅။အံ၊၂။၈၇။ ဝါယမိဿာမ - အံ၊၁။ ၄၆၁။ ဝါယမိဿံ - ထေရီ၊ဋ္ဌ။၂၈၈။

ဝါယမထ ( ကြိ ) ‌| ဝါယမ + အ + ထ။ | (၁) (သင်တို့) အားထုတ်-လုံ့လပြု-ကြိုးပမ်း-လုံးပမ်း-ကြိုးစား-ကုန်၏။ (၂) (သင်တို့) အားထုတ်-လုံ့လပြု-ကြိုးပမ်း-လုံးပမ်း-ကြိုးစား-ကုန်လော့။ (၁) ကိံ ဒိသွာ ဧဝံ ဝါယမထ။ ဓမ္မ၊ဋ္ဌ၊၂။၁၂၈။ အပ၊ဋ္ဌ၊၁။၉၃။ ဇာ၊ဋ္ဌ၊၁။၉၂။ (၂) ဂစ္ဆထ ယံကိဉ္စိ ကတွာ နံ ဂဏှိတုံ ဝါယမထ။ မ၊ဋ္ဌ၊၃။၂၀၇။

ဝါယမန[၁] (န) [ဝါယမ + ယု။ (တစ်နည်း) ဝိ + အာ + ယမု + ယု ] (၁) အားထုတ်-လုံ့လပြု-ခြင်း။ (၂) အားထုတ် - လုံ့လပြု - ရာ (ကာလ)။ (၃) တည်ခြင်း။ (၁) ဥပသမ္ပန္နတာ တဿ ဒဿနသဝနဝိသယေ ဘိံသာပေတု-ကာမတာယ ဝါယမန္တိ ဣမာနိ ပနေတ္ထ ဒွေ အင်္ဂါနိ။ သာရတ္ထ၊၃။၈၀။ ဝိမတိ၊၂။၄၃။ (၂) ဝါယမနကာလ-ကြည့်။ (၃) ပဋိ-သန္ဓေါ် ပစ္စတ္ထိကပရိယာယော၊ ဖရဏံ ဝါယမနံ ဣမ တထာဝဋ္ဌာနံ။ မဏိ၊၂။၅၀။

ဝါယမန[၂] (န) | ဝါယမန + တ္တ။ မောဂ်၊၄။ ၁၂၃။ | အားထုတ်-လုံ့လပြု-သည်၏အဖြစ်။ တတ္ထ ယုတ္တပ္ပယုတ္တာ ဟုတွာ ဥဋ္ဌာယ သမုဋ္ဌာယ ဝါယမနတော န အလသာတိ အနလသာ။ ထေရီ၊ဋ္ဌ။၂၂၆။

ဝါယမနကာလ (ပု) [ ဝါယမန + ကာလ ] အားထုတ်-လုံ့လပြု-ရာကာလ။ တဿ အနုပ္ပါ-ဒါယ ဝါယမနကာလေ ပဌမံ သမ္မပ္ပဓာနံ။ ပဋိသံ၊ဋ္ဌ၊၂။၂၂၄။ ဝိသုဒ္ဓိ၊ဋီ၊၂။၃၂၀။

ဝါယမန္တ (တိ) | ဝါယမ + အ + အန္တ။ ထိ-၌ ဝါယမန္တီ။ | အားထုတ်-လုံ့လပြု-ကြိုးပမ်း-ကြိုးစား-သောသူ။ အာကာသေ ဝါယမန္တဿ အင်္ဂဇာတံ ကမ္မနိယံ ဟောတိ။ ဝိ၊၁။၁၅၄။ ( -ဝိ၊၃။၁၅၅။ သံ၊၂။၄၉၆-၈။ အံ၊၂။၈၂-၄။ ဝိ၊ဋ္ဌ၊၁။၃၂၃။ဒီ၊ဋ္ဌ၊၂။၅၇။မ၊ဋ္ဌ၊၂။၈၂)။

ဝါယမန္တိ ( ကြိ ) [ ဝါယမ + အ + အန္တိ။ တစ်နည်း- ဝိ + အာ + ယမု + အ + အန္တိ။ | အားထုတ်-လုံ့လပြု-ကြိုးပမ်း-လုံးပမ်း-ကြိုးစား-ကုန်၏။ ဝါယမန္တိ (အဘိ၊ဋ္ဌ၊၂။၅၂)တိ အတ္တနော ကိစ္စံ ကရောန္တိစ္စေဝ အတ္ထော။ မူလဋီ၊၂။၃၅။ ( -မ၊ဋ္ဌ၊၃။၁၅၇။ အဘိ၊ဋ္ဌ၊၁။ ၁၆၇)။

ဝါယမမာန (တိ) [ ဝါယမ + အ + မာန။ ဝိ + အာ + ယမု + အ + မာန ] အားထုတ်-လုံ့လပြု-ကြိုးပမ်း-လုံးပမ်း-ကြိုးစား-သော၊ သူ။ တတော စေ ဥတ္တရိ ဝါယမမာနော တံ စီဝရံ အဘိနိပ္ဖာဒေယျ။ ဝိ၊၁။၃၂၆။ ဥတ္တရိ ဝါယမမာနော (ဒီ၊ဋ္ဌ၊၃။၂၃)တိ ---- ဥပရိ ဘာဝနာနုယောဂဝသေန သမ္မာဝါယာမံ ကရောန္တော။ ဒီဋီ၊၃။၂၀။ ( -မ၊၁။၁၈၈။ သံ၊ ၂။၃၈၂။ ဝိ၊သင်္ဂဟ။၆၂။ ဒီ၊ဋ္ဌ၊၂။၇၆။ ဒီ၊ဋ္ဌ၊၃။ ၂၃။သံ၊ဋ္ဌ၊၂။၈၁)။

ဝါယမသိ[1] ( ကြိ ) [ ဝါယမ + အ + သိ။ ဝိ + အာ + ယမု + အ + သိ ] (သင်) အားထုတ်-လုံ့လပြု -ကြိုးပမ်း -လုံးပမ်း -ကြိုးစား -၏။ အပဟိနဂုံဋ္ဌေ ဂဏှိတုံ ဝါယမသိ။ မ၊ဋ္ဌ၊၁။ ၃၂၇။

ဝါယမသိ[2] (ကြိ) [ ဝါယမ + ဤ ] အားထုတ်-လုံ့လပြု-လုံးပမ်း-ကြိုးစား-ပြီ။ ဇာတဝေဒံ ပဒဟာသီတိ အဂ္ဂိံ ဂိလိတုံ ဝါယမသိ။ ဇာ၊ဋ္ဌ၊ ၄။၃၈၃။

ဝါယမသေ (ကြိ) [ဝါယမ + အ + သေ] (သင်) အားထုတ် -လုံ့လပြု -ကြိုးပမ်း -လုံးပမ်း- ကြိုးစား-၏။ ကံ တွံ အတ္ထဝသံ ဉတွာ၊ ဇဝံ ဝါယမသေ ဘုသံ။ ဇာ၊၂။၁၅၉။ ဇာ၊ဋ္ဌ၊၆။၄၄။

ဝါယမဿု (ကြိ) [ ဝါယမ + အ + ဿု ] (သင်) အားထုတ်-လုံ့လပြု-ကြိုးပမ်း-လုံးပမ်း- ကြိုးစား-လော့။ ဝါယမဿု စ ကိစ္စေသု၊ နာလသော ဝိန္ဒတေ သုခံ။ ဇာ၊၂။၂။ ဝါယမဿူတိ တာနိ ရဋ္ဌကိစ္စာနိ ကရောန္တော ---- တေသု တေသု ကိစ္စေသု ဝီရိယံ ကရဿု။ ဇာ၊ဋ္ဌ၊၅။ ၁၂၀။

ဝါယမာမ (ကြိ) [ ဝါယမ + အ + မ ] (ငါတို့) အားထုတ်-လုံ့လပြု-ကြိုးပမ်း-လုံးပမ်း-ကြိုးစား-ကုန်၏။ မယံ ---- ဘဏ္ဍနာဒီနံ ဝူပသမာယ ဝါယမာမ။ ဓမ္မ၊ဋ္ဌ၊၁။၄၂။

ဝါယမာမိ (ကြိ) [ဝါယမ + အ + မိ] (ငါ) အားထုတ်-လုံ့လပြု-ကြိုးပမ်း- လုံးပမ်း- ကြိုးစား-၏။ ဝါယမာမိ (ပေတ။၂၀၉)တိ ဉဿ ခါဒိတုံ ဝါယာမံ ကရောမိ။ ပေတ၊ဋ္ဌ။၂၄၂။

ဝါယမာဟိ (ကြိ) [ဝါယမ + အ + ဟိ] ဝါယမ-ကြည့်။ အတ္တနော ဝသနဋ္ဌာနံ ကာတုံ ဝါယမာဟိ။ အံ၊ဋ္ဌ၊၁။၂၇၆။

ဝါယမိံသု (ကြိ) [ ဝါယမ + ဦ။ ကစ္စည်း။၅၀၄။ ရူ။၄၇၀။ ] အားထုတ်-လုံ့လပြု-ကြိုးပမ်း-လုံးပမ်း-ကြိုးစား-ကုန်ပြီ။ အန္ဓော ပဝိဋ္ဌဘိက္ခူပိ ဝါယမိံသုယေဝ။ ဓမ္မ၊ဋ္ဌ၊၂။၂၆။ (-စရိယာ၊ဋ္ဌ။ ၂၁၃)။

ဝါယမိ[1] (ကြိ) [ ဝါယမ + ဤ ] အားထုတ်-လုံ့လပြု-ကြိုးပမ်း -လုံးပမ်း -ကြိုးစား -ပြီ။ ဇဝံ သမ္မသန္တော အဒ္ဓမာသံ ဝါယမိ။ မ၊ဋ္ဌ၊၄။၅၈။ (-ဓမ္မ၊ဋ္ဌ၊၁။၃၇)။

ဝါယမိ[2] ( ကြိ ) [ ဝါယမ + အ + ဩ။ ဩ-ကို ဣ - ပြု။ ကစ္စည်း။၅၁၇။ ရူ။၄၈၈။ ] (သင်) အားထုတ်-လုံ့လပြု-ကြိုးပမ်း-လုံးပမ်း-ကြိုး စား-ပြီ။ ဘန္တေ အဟံ ဝါယမိဿာမိ၊ တွံ မာ ဝါယမိ။ ဝိ၊၁။၄၅။ သာရတ္ထ၊၂။၁၀၆။

ဝါယမိတ (တိ) [ဝါယမ + တ။ နီတိ၊ဓာတု။၁၃၃။ (တစ်နည်း) ဝိ + အာ + ယမု + တ။ အဘိ၊ဋ္ဌ၊ ၁။၁၉၀။ ဝါယာယတ-သံ။ ] (၁) အားထုတ်-လုံ့လပြု-ကြိုးပမ်း-လုံးပမ်း-ကြိုးစား-သော၊သူ။ (နှ)(၂)အားထုတ်-လုံ့လပြု-ကြိုးပမ်း-လုံးပမ်း-ကြိုးစား-ခြင်း။ (၁) အယမ္ပိ ကာယေန ဝါယ-မိတတ္တာ ဒုက္ကဋံ အာပဇ္ဇတိ။ဝိ၊ဋ္ဌ၊၂။၁၂၇။ (နှ) (၂) ကိံ ပဋိကစ္စေဝ ဝါယမိတေန။မိလိန္ဒ။၆၇။

ဝါယမိတဗ္ဗ (တိ) [ ဝါယမ + တဗ္ဗ။ နီတိ၊ဓာတု။ ၁၃၃။ (တစ်နည်း) ဝိ + အာ + ယမု +တဗ္ဗ။ အဘိ၊ဋ္ဌ၊၁။၁၉၀။ ] အာထုတ်-လုံ့လပြု-အပ်-

သင့်-ထိုက်-သော။ ပါပကာနံ အကုသလာနံ မမ္မာနံ ပဟာနာယ ဝါယမိတဗ္ဗံ။ မ၊၁။၁၄။ (-အံ၊၂။၉၃။မိလိန္ဒ။၆၇။ဝိ၊သင်္ဂဟ။၂၁၄။မ၊ဋ္ဌ၊ ၁။၃၇၁။သုတ္တနိ၊ဋ္ဌ၊၁။၁၉၃)။

ဝါယမိတဗ္ဗဋ္ဌာန (န) [ဝါယမိတဗ္ဗ + ဋ္ဌာန] အားထုတ်-လုံ့လပြု-အပ်-သင့်-ထိုက်-သောအရာဋ္ဌာန။

ဝါယမိတဗ္ဗဋ္ဌာနသညိတ (တိ) [ဝါယမိတဗ္ဗဋ္ဌာန+သညိတ ] အားထုတ်-လုံ့လပြု-အပ်-သင့်-ထိုက်-သောအရာဋ္ဌာန ဟူ၍-သိ-မှတ်-အပ်သော။ ဝါယမိတဗ္ဗဋ္ဌာနသညိတော အယေဝါ ဣရိယနတော။ ခုဒ္ဒကာ၊ဋ္ဌ။၆၇။

ဝါယမိတုံ ( ဗျ ) [ ဝါယမ + တုံ ] အားထုတ်-လုံ့လပြု-ကြိုးပမ်း-လုံးပမ်း-ကြိုးစား-ခြင်းငှါ။ အနုဇာနာမိ ဘိက္ခဝေ ပါတိမောက္ခုဒ္ဒေသကေန ဝါယမိတုံ " ကထံ သာဝေယျ" န္တိ။ ဝိ၊၃။၁၅၅။

ဝါယမိတ္ထ (ကြိ) [ ဝါယမ + အာ။ အာ-ကို ဣတ္ထ-ပြု။ ကစ္စည်း။၅၁၇။ ရူ။၄၈၈။ ] အားထုတ်-လုံ့လပြု - ကြိုးပမ်း - လုံးပမ်း- ကြိုးစား-ပြီ။ ဘန္တေ ဇဝံ မာရော မမ သဒ္ဓံ စာလေတုံ ဝါယမိတ္ထ။ အံ၊ဋ္ဌ၊၁။၃၀၆။

ဝါယမိတွာ (ကြိ၊ဝိ) [ဝါယမ + တွာ] အားထုတ်-လုံ့လပြု - ကြိုးပမ်း - လုံးပမ်း -ကြိုးစား-၍။ သေဝနာမိပ္ပါယေန ဝါယမိတွာ ဖဿံ ပဋိဇာနန္တဿ သံယာဒိသေသော။ ကင်္ခါ။၁၂၉။

ဝါယမိတွာန (ကြိ၊ဝိ) [ဝါယမ+တွာန] ဝါယမိတွာ ကြည့်။ ဝါယမိတွာန'ယံ ပေါသော၊ သမ္မာ-သမ္ဗုဒ္ဓသာသနေ။ အပ၊၁။၁၁၂။ (- အပ၊၂။ ၁၂၈)။

ဝါယမိမှာ (ကြိ) [ဝါယမ+မှာ] (ငါတို့) အားထုတ်-လုံ့လပြု-ကြိုးပမ်း-လုံးပမ်း-ကြိုးစား-ကုန်ပြီ။ ပကတိယာ ဝိရိယ်တွာ ဋ္ဌိတကဇ္ဈကမေဝ ဥဒ္ဓရိတုံ ဝါယမိမှာ အာဝုသောတိ။ သံ၊ဋ္ဌ၊၂။ ၂၇၂။

ဝါယမိဿံ (ကြိ) [ ဝါယမ + ဿံ ] (ငါ) အားထုတ်-လုံ့လပြု-ကြိုးပမ်း-လုံးပမ်း-ကြိုးစား-အံ့-လတ္တံ့-လိမ့်မည်။ ယင်္ဂိဿန္တိ ဝါယမိဿံ ဘာဝနံ အနုယုဥ္ဇိဿာမိ။ ထေရီ၊ဋ္ဌ။၂၈၈။

ဝါယမိဿတိ (ကြိ) [ ဝါယမ + ဿတိ ] အားထုတ်-လုံ့လပြု-ကြိုးပမ်း-လုံးပမ်း-ကြိုးစား-အံ့-လတ္တံ့-လိမ့်မည်။ န ဝါယမိဿတီ (မ၊ ၁။၃၀)တိ တတော ဗလဝတရံ ဝါယာမံ ကရိဿတိ။ မ၊ဋ္ဌ၊၁။၁၄၅။

ဝါယမိဿန္တိ (ကြိ) [ ဝါယမ + ဿန္တိ ] အားထုတ်-လုံ့လပြု-ကြိုးပမ်း-လုံးပမ်း-ကြိုးစား-ကုန်-အံ့-လတ္တံ့-လိမ့်မည်။ တေ ဒိဋ္ဌိပ္ပဟာ-နာယ ဝါယမိဿန္တိ။ပေဋကော။၂၈၅(၃၁၉)။

ဝါယမိဿသိ (ကြိ) [ ဝါယမ + ဿသိ ] (သင်) အားထုတ်-လုံ့လပြု-ကြိုးပမ်း-လုံးပမ်း-ကြိုးစား-အံ့-လတ္တံ့-လိမ့်မည်။ တေဒတ္ထံ ဝါယ-မိဿသီတိ အတ္ထော။ ဝိ၊ဋ္ဌ၊၁။၁၈၃။

ဝါယမိဿာမ (ကြိ) [ ဝါယမ + ဿာမ ] (ငါတို့) အားထုတ်-လုံ့လပြု-ကြိုးပမ်း-လုံးပမ်း-ကြိုးစား-ကုန်-အံ့-လတ္တံ့-လိမ့်မည်။ န ဥဋ္ဌဟိ-ဿာမ န ယဋ္ဌိဿာမ န ဝါယမိဿာမ အနဝညပ္ပဋိလာဘာယ။ အံ၊၁။၄၆၁။

ဝါယမိဿာမိ (ကြိ) [ ဝါယမ + ဿာမိ ] (ငါ) အားထုတ်-လုံ့လပြု-ကြိုးပမ်း-လုံးပမ်း-ကြိုးစား-အံ့-လတ္တံ့-လိမ့်မည်။ ဧဟိ ဘန္တေ အဟံ ဝါယမိဿာမိ။ ဝိ၊၁။၄၅။ (-ဇာ၊၂။၁၆၀။ဇာ၊ဋ္ဌ၊ ၆။၄၆)။

ဝါယမေ (ကြိ) [ ဝါယမ + အ + ဧယျ။ ဝိ + အာ+ ယမ + အ + ဧယျ။ ဧယျ-ကို ဧ-ပြု။ ကစ္စည်း။ ၅၁၇။ ရူ။၄၀၈။ ] အားထုတ်-လုံ့လပြု- ကြိုးပမ်း- လုံးပမ်း- ကြိုးစား- ရာ၏။

န ဝါယမေ အတ္တဇနေသ ဂုတ္တိယာ။ ဇာ၊၁။ ၂၈၂။ဇာ၊ဋ္ဌ၊၄။ ၂၉၄။

**ဝါယမေထ** (ကြိ) [ ဝါယမ + အ + ထေ ] အားထုတ်-လုံ့လပြု-ကြိုးပမ်း-လုံးပမ်း-ကြိုးစား-ရာ၏။ ဝါယမေထေဝ ပုရိသော၊ န နိဗ္ဗိန္ဒေယျ ပဏ္ဍိတော။ ဇာ၊၁။၁၃။ ဝါယမေထေဝါတိ ဝါယာမံ ကရောထေဝ။ ဇာ၊ဋ္ဌ၊၁။ ၂၈၅။

**ဝါယမေယျ** (ကြိ) [ ဝါယမ + အ + ဧယျ ] ဝါယမေ-ကြည့်။ န ဝါယမေယျ သဗ္ဗတ္ထ။ ဥဒါန။၁၅၇။ ပဗ္ဗဇိတော န ဝါယမေယျ၊ ဝါယာမံ ဥဿာဟံ န ကရေယျ။ ဥဒါန၊ ဋ္ဌ။ ၃၀၃။

**ဝါယမေယျာထ** (ကြိ) [ဝါယမ + အ + ဧယျာထ] ( သင်တို့ ) အားထုတ်-လုံ့လပြု-ကြိုးပမ်း-လုံးပမ်း-ကြိုးစား - ကုန်ရာ၏ - ကုန်လော့။ ပါပကဿ ဝိဝါဒမူလဿ ပဟာနာယ ဝါယ-မေယျာထ။ ဝိ။။၄။ ၂၁၂။ (-အပ၊ဋ္ဌ၊၁။၃၃၀)။

**ဝါယမေယျုံ** (ကြိ) [ဝါယမ + အ + ဧယျုံ] အားထုတ်-လုံးလပြု-ကြိုးပမ်း-လုံးပမ်း-ကြိုးစား-ကုန်ရာ၏။ဣမေ မယံ ပုတ္တံ ဗဟိ ဆဒ္ဒေတုမ္ပိ ဝါယမေယျုံ။ အံ၊ဋ္ဌ၊၁။ ၂၉၁။

**ဝါယဝါရ** (ပု) [ ဝါယ + ဝါရ ] ဝါယဝါရ၊ လေ၏ အလှည့် အကြိမ်။ ဝါယံ ဝါယတောတိ ဣမဿ ဝါယဝါရဿာပိ ယောဇနာနယေ ----။ မ၊ဋ္ဌ၊၁။၃၂။

ဝိဒ္ဓဋ္ဌာန (န) | ဝိဒ္ဓ + ဋ္ဌာန | စူး-ဝင်-မှန်-ရာ-အရပ်-ဌာန။ ခါဏုကေန ဝိဒ္ဓဋ္ဌာနေ ဝဏော ရုဟာနွော။ ဒီ၊ ဋ္ဌ၊ ၂။ ၇၃။ မ၊ ဋ္ဌ၊ ၁။ ၂၃၂။ (-ဇာ၊ ဋ္ဌ၊၂။ ၂၅၁-၂)။

ဝိဒ္ဓတ္ထေရ (ပု) [ ဝိဒ္ဓ + ထေရ ] (ဆူးသည်) စူးဝင် - ထိုးဖောက် - အပ်သော ထေရ်။ ကဏ္ဍကေန ဝိဒ္ဓတ္ထေရော ဝိယ စ။ သံ၊ ဋ္ဌ၊ ၂။ ၂၇၂။

ဝိဒ္ဓဒဏ္ဍ (တိ) [ ဝိဒ္ဓ + ဒဏ္ဍ ] ဖောက်ထွင်းအပ်သော အရိုးရှိသော ( လေးအထူး ) ဒူးလေး။ ကောဒဏ္ဍောတိ ဝိဒ္ဓဒဏ္ဍော မနုဝိကတိ။ ဝိမတိ၊ ၂။ ၆၅။

ဝိဒ္ဓသရီရ (တိ) [ ဝိဒ္ဓ + သရီရ ] ထိုးဖောက်အပ်သော ကိုယ်ရှိသော။ တေ ဇဝံ သူလေသု ဝိဒ္ဓသရီရာ စိရရတ္တာ သယန္တိ။ ဇာ၊ ဋ္ဌ၊ ၅။ ၂၉၃။ (-ဇာ၊ ဋ္ဌ၊ ၆။ ၁၃၁)။

ဝိဒ္ဓသသ (ပု) [ ဝိဒ္ဓ + သသ ] ပစ်ဖောက်အပ်သောယုန်။ ကုစ္ဆိယံ ဝိဒ္ဓသသော ဝိယ ကမ္ပန္တော ဝိစရိ။ ဇာ၊ ဋ္ဌ၊ ၃။ ၂၆၉။

ဝိဒ္ဓံသ္တ (တိ) [ ဝိ + ဓံသ + တ။ နီတိ၊ သုတ္တ။ ၅၃၃။ ဝိဓွံသ္တ-သံ။ ဝိဒ္ဓတ္တ = (ဒွိသိယ) - ပြာ၊ အဒ္ဓမာဂဓီ။ ] (၁) ပျက်စီးသော။ (၂) ဖျက်ဆီးအပ်သော။ (၁) တေပိ အာယုက္ခယံ ပတ္တာ၊ ဝိဒ္ဓံသ္တာ သသဿတီသမာ။ ဝိမာန။ ၈၈။ ဝိဒ္ဓံသ္တာတိ ဝိနဋ္ဌာ။ ဝိမာန၊ ဋ္ဌ။ ၂၄၆။ (၂) ဆိန္နံ ပါပိမတော သောတံ၊ ဝိဒ္ဓံသ္တံ ဝိနဠီကတံ။ မ၊ ၁။ ၂၈၉။ ဝိဒ္ဓံသ္တ (မ၊ ဋ္ဌ၊ ၁။ ၄၃) န္တိ ဝိနာသိတံ။ မ၊ ဋီ၊ ၁။ ၉၃။ ဝိဒ္ဓံသ္တာ (အံ၊၁။၃၄၈) တိ ဝိဓမိတာ။ အံ၊ ဋ္ဌ၊၂။၃၀၀။

ဝိဒ္ဓံသ္တပက္ခက (တိ) [ ဝိဒ္ဓံသ္တ + ပက္ခ + က ] ပျက်စီးသော အတောင်ရှိသော။ ဝိပက္ခကန္တိ ဝိဒ္ဓံသ္တပက္ခကံ။ ဇာ၊ ဋ္ဌ၊ ၅။ ၂၇၁။

ဝိဒ္ဓံသ္တဘဝ (ပု) [ ဝိဒ္ဓံသ္တ + ဘဝ ] ဖျက်ဆီးအပ်သော-ဘုံ-ဘဝ။ အတ္တနော ကာရဏေန ဝိဒ္ဓံသ္တဘဝံ ဖလသမ္ဘာဒိဋ္ဌိ ပဋိဗာဟတိ။ အံ၊ ဋီ၊ ၁။ ၂၂၅။

ဝိဒ္ဓံသ္တဘဝဗန္ဓန (တိ) [ ဝိဒ္ဓံသ္တဘဝ+ဗန္ဓန ] ဖျက်ဆီးအပ်ပြီးသော ဘဝတည်းဟူသောအနှောင်အဖွဲ့ရှိသော၊ ဘဝတည်းဟူသော အနှောင်အဖွဲ့ကို ဖျက်ဆီးပြီးသော။ ကကုသန္ဓဿ ဝိဒ္ဓံသ္တဘဝဗန္ဓနဿ ဧကောဝ သာဝက-သန္နိပါတော အဟောသိ။ ဗုဒ္ဓဝံ၊ ဋ္ဌ။ ၂၉၈။

ဝိဒ္ဓံသ္တဝိစုဏ္ဏိတကုလာဝက (တိ) [ ဝိဒ္ဓံသ္တ + ဝိစုဏ္ဏိတ + ကုလာဝက ] ဖျက်ဆီးအပ်, မုန့်မုန့်ညက်ညက် ပြုအပ်သော အသိုက်ရှိသော။ ကူမေ ဂရုဠပေါတကာ ဝိဒ္ဓံသ္တ-ဝိစုဏ္ဏိတကုလာဝကတာယ ဝိကုလာ ဝါ မာ အဟေသုံ။ ဇာ၊ ဋ္ဌ၊ ၁။ ၂၁၉။

ဝိဒ္ဓံသ္တဝိပက္ခ (တိ) [ ဝိဒ္ဓံသ္တ + ဝိပက္ခ ] ဖျက်ဆီးအပ်သော -ဆန့်ကျင်ဘက် -ရန်သူ-ရှိသော။ "အဋ္ဌန္နမ္ပိ သမူဟ" န္တိ ဧတေန ဝိဒ္ဓံသ္တဝိပက္ခေ သေက္ခာသေက္ခဓမ္မေ ဒဿေတိ။ ဒီ၊ ဋီ၊ ၁။ ၁၄။ သီ၊ ဋီ၊ သစ်၊ ၁။ ၂၃။ အံ၊ ဋီ၊ ၁။ ၁၆။

ဝိဒ္ဓံသ္တသမ္မောဟ (တိ) [ ဝိဒ္ဓံသ္တ + သမ္မောဟ ] ပြင်းစွာ တွေဝေခြင်းကို ဖျက်ဆီးပြီးသော၊ ဖျက်ဆီးအပ်ပြီးသော ပြင်းစွာ တွေဝေခြင်းရှိသော။ စတူသု အရိယသစ္စေသု ဝိဒ္ဓံသ္တ-သမ္မောဟတ္တာ အတ္တာနမ္ပိ ယာထာဝတော ဥ တွာ။ ဒီ၊ ဋီ၊ ၂။ ၁၄၂။ သံ၊ ဋီ၊ ၂။ ၅၃၁။

ဝိဒ္ဓံသ္တသဝါသနကိလေသ (တိ) [ ဝိဒ္ဓံသ္တ + သဝါသန+ကိလေသ ] ဖျက်ဆီးအပ်ပြီးသော ဝါသနာနှင့်တကွဖြစ်သော ကိလေသာရှိသော၊ ဝါသနာနှင့်တကွဖြစ်သောကိလေသာကိုဖျက်ဆီးပြီးသော။ ကုသလသီလေနာတိ အနဝဇ္ဇေနေဝ ဝိဒ္ဓံသ္တသဝါသနကိလေသေန သီလေန။ သီ၊ ဋီ၊ သစ်၊ ၂။ ၂၉၀။

ဝိဒ္ဓသ္တသေနဝါဟန (တိ) [ ဝိဒ္ဓသ္တ + သေနာ + ဝါဟန ] ဖျက်ဆီးအပ်ပြီးသော စစ်သည်နှင့် ယာဉ် ရထားရှိသော။ ပစ္စတ္ထိကေဟိ အတိပီဠိတာ ဝိလုတ္တသာပတေယျာ ဝိဒ္ဓသ္တသေနဝါဟနာ ဟုတွာ။ ဇာ၊ ၅။ ၄၂၈။

ဝိဒ္ဓသ္တာဟံကာရ (တိ) [ ဝိဒ္ဓသ္တ + အဟံကာရ ] ငါတည်းဟူသော မာန်ကို ဖျက်ဆီးပြီးသော၊ ဖျက်ဆီးအပ်ပြီးသော ငါတည်းဟူသောမာန် ရှိသော။ အဟံကာရဝတ္ထုမှိ ဝိဒ္ဓသ္တာဟံကာရေ --- အတ္တနော ကာယေ ဥပဋ္ဌာနံ ဟောတိ။ မူလဋီ၊ ၂။ ၁၅၆။

ဝိဒ္ဓါ (ကြိ၊ဝိ) [ ဝိဓ + တွာ။ နီတိ၊ သုတ္တ။ ၁၂၀၆။ ဝိဇ္ဈတိ - မှ။ ] ပစ်-ထွင်း-ဖောက်-၍။ ကော မံ ဝိဒ္ဓါ နိလီယသိ။ ဇာ၊ ၂။ ၁၇၄။ ဝိဒ္ဓါတိ ဝိဇ္ဈိတွာ။ ဇာ၊ ၅၊ ၆။ ၉၄။

ဝိဒ္ဓါန (ကြိ၊ဝိ) [ ဝိဓ + တွာန ] ဝိဒ္ဓါ - ကြည့်။

ဝိဒ္ဓေယျ (တိ) [ ဝိဓ + တေယျ။ နီတိ၊ သုတ္တ။ ၁၁၂၆။ ] ပစ်ခတ်-စူးဝင်-ထိုးဖောက်-အပ်သော။ ဝိဒ္ဓေယျံ မံ အမညထ။ ဇာ၊ ၂။ ၁၇၄-၅။ ဝိဒ္ဓေယျန္တိ ဝိဇ္ဈိတဗ္ဗံ။ ဇာ၊ ၅၊၆။၉၆။

ဝိဒ္ဒသု (ပု) [ ဝိဒ + ဝန္တု။ ဉာဏသဒ္ဒါတော ဝေဒေါ ( ဝိဒေါ ? ) အဿ အတ္ထီတိ ဝိဒ္ဒါ၊ ပဏ္ဍိတော။ နီတိ၊ ပဒ။ ၁၉၅။ ဝိဒွန် - သံ။ ] (၁) ပညာရှိ။ (၂) တတ်သိ -လိမ္မာ -ကျွမ်းကျင် - သော။ (၁) ဝိဒ္ဒါ ဝိဇ္ဇာဂတော ယထာဘူတံ ပဇာနာတိ။ မ၊ ၁။ ၃၈၆။ တံ ဝိဒ္ဒါ (မ၊ ၃။ ၂၂၆) ပဏ္ဍိတော ဘိက္ခု။ မ၊ ဋ္ဌ၊ ၄။ ၁၇၀။ ဝိဒ္ဒါ (မဟာနိ။၇၁) တိ မေဓာဝီ။ မဟာနိ၊ ဋ္ဌ။ ၁၉၁။ (၂) ဣတိ ဝိဒ္ဒါ သမံ စရေတိ ဧဝံ ဇာနန္တော ပုရိသော ------- စရေယျ။ ဇာ၊ ဋ္ဌ၊ ၄။ ၁၇၄။

ဝိဒ္ဒူ - ဝိဒ္ဒါ[၁] (ပု) [ ဝိဒ + ကွ။ ဝိဒတိ ဇာနာတီတိ ဝိဒ္ဒါ၊ ဝိဒ္ဒူ။ ဏွာဒိ။ ၂၀၅။ ဝိဒ ဉာဏေ၊ ဝေါ၊ သိဿာ။ မာန်၊ ဋီ။ ၂၂၈။ ဏွာဒိ-အလို အာကာရန္တပုလ္လိင်၊ မာန်၊ ဋီ-အလို ရာဇာဒိဂိုဏ်း။ ဝိဒ ဉာဏေ၊ ၃၊ ၂။ ၁၂၄-ပါသုတ်ဖြင့် သက်။ အမရ၊ ဋီ။ ၄င်း အလို ဝိဒ္ဒသ်-ပုဒ်ရင်း, ပညာဒိဂိုဏ်း။ ပါ၊ ၅၊ ၄။ ၃၈။ ] ဝိဒ္ဒသု - ပုဒ်ကြည့်။

ဝိဒ္ဒါ[၂] (ကြိ) [ ဝိဒ + အ + မိ။ အ-ပစ္စည်းကို ဝ-ပြု။ မိ-ကို အာ-ပြု။ ] (ငါ) သိ၏။ ဧတေ အဝိဒ္ဒါတိ ဧတေ အာမဂန္ဓေ အဟံ အဝိဒ္ဒါ၊ န ဇာနာမိတိ အတ္ထော။ ဒီ၊ ဋ္ဌ၊ ၂။ ၂၅၉။ (-ဒီ၊ ဋီ၊ ၂။ ၂၂၈)။

ဝိဒ္ဒါ[၃] (ကြိ) [ ဝိဒ + အ + အာ ] သိပြီ။ အဝိဒ္ဒါ (အံ၊ ဋ္ဌ၊ ၃။ ၂၈၃) ကြည့်။

ဝိဓံသ (ပု) [ ဝိ + ဓံသ + အ။ ဝိဒ္ဓံသ-ကြည့်။ ] ဖျက်ဆီးခြင်း။ နိစ္စဝိဓံသကာရိန (ဇာ၊ ၁။ ၂၁၆) န္တိ နိစ္စံ ဝိဓံသနကရံ။ ဇာ၊ ဋ္ဌ၊ ၄။ ၅၈။

ဝိဓံသန (န) [ ဝိ + ဓံသ + ယု ] ဝိဒ္ဓံသန, ဝိဓံသ - တို့ကြည့်။

ဝိဓံသယန္တိ (ကြိ) [ ဝိ + ဓံသ + ဏယ + အန္တိ ] ညှဉ်းဆဲ - နှိပ်စက် - ကုန်၏။ ဝိဓံသယန္တီ (သံ၊ ဋ္ဌ၊ ၂။ ၂၀၆) တိ ဝိဟေဌယန္တိ။ သံ၊ ဋီ၊ ၂။ ၁၈၇။

ဝိဓံသိတ (တိ) [ ဝိဓံသ + တ။ ဝိဒ္ဓံသိတ-ကြည့်။ ] ဖျက်စီးသော။ သဗ္ဗာ သာ သမ္ပတ္တိ အနိစ္စတာယ ဝိပရိဏတာ ဝိဓံသိတာ။ ဒီ၊ ဋီ၊ ၂။ ၂၀၂။

ဝိဓံသိတွာ (ကြိ၊ဝိ) [ ဝိ + ဓံသ + တွာ ] ဖျက်ဆီး၍။ ဒဏ္ဍေဟိ မုခါနံ ဝိဓံသိတွာ။ အံ၊ ၃။ ၃၄၊ ၃၆။

ဝိဓံသေတိ¹ (ကြိ) [ ဝိ + ဓံသု + အ + တိ။ ဓာတွတ္ထ။ ဝိဒ္ဓံသေတိ-ကြည့်။ ] အောက်သို့ လျှောကျ၏။ ဝါရိ ပေါက္ခရပတ္တေ ဝိကိရတိ ဝိဓမတိ ဝိဓံသေတိ။ မိလိန္ဒ။ ၂၄၃။

ဝိဓံသေတိ² (ကြိ) [ ဝိ + ဓံသ + ဏေ + တိ။ ဓာတွတ္ထ။ ] (၁) ဖျက်ဆီး၏။ (၂) ညှဥ်းဆဲ-နှိပ်စက်-၏။ (၁) ဝဇိရံ ---- ပါသာဏမဏိံ အဘိမတ္ထတိ ဝိဓံသေတိ။ နေတ္တိ၊ ဝိ။ ၃၄၀။ (၂) ဝိဓံသယန္တိ - ကြည့်။

ဝိဓံသေတုံ (ဗျ) [ ဝိ + ဓံသ + ဏေ + တုံ ] (က) ညှဥ်းဆဲ-နှိပ်စက်-ခြင်းငှါ။ (ခ) (တိုင်းပြည်မှ) ထုတ်ဆောင် - နှင်ထုတ် - ခြင်းငှါ။ (က) (ခ) ဝိဓံသေတု ( ဇာ၊ ၂။ ၃၃၁ ) န္တိ ရဋ္ဌတော နီဟရိတုံ။ ဇာ၊ ဋ္ဌ၊ ၇။ ၂၈၇။

ဝိဓံသေတွာ (ကြိ၊ ဝိ) [ ဝိ + ဓံသု + အ + တွာ။ ဓံသု ယာယနေ အဓောပတနေ စ။ ဓာတွတ္ထ။ ] အောက်သို့လျှောကျ၍။ တေ ----- န စိရဿေဝ ဝိကိရိတွာ ဝိဓမိတွာ ဝိဓံသေတွာ။ မိလိန္ဒ။ ၂၄၃။

ဝိဓံသေန္တ (တိ) [ ဝိ + ဓံသ + ဏေ + အန္တ ] ဖျက်ဆီးသော။ ဒါရကာ ---- ဂမနကာလေ သဗ္ဗံ တံ ဝိဓံသေန္တာ ဂစ္ဆန္တိ။ ဒီ၊ ဋီ၊ ၂။ ၂၀၂။

ဝိဓ (ထီ၊ပု) [ ဝိ + ဓာ + အ။ (ဝိ + ဓမ + ကွိ) နီတိ၊ ဓာတု။ ၁၀၆။ ဝိဓ - သံ။ ဝိဟ - ပြာ၊ အဒ္ဓမာဂဓီ။ ] (၁) အခြင်းအရာ၊ သဏ္ဌာန်၊ အမျိုးအစား။ (၂) အပြား၊ အထူးအပြား။ (၃) အတူ။ (၄) အဖို့အစု။ (၅) မာန်၊ မာန။ (၆) ခါးပန်းဘိ = ခါးပန်းကွင်း။ (၇) ပယ်ဖျောက်ခြင်း။ (၈) ထမ်းပိုး။ (၉) (ဆင်မြင်းတို့၏) အစား အစာ။ (၁၀) ပြုပြင် စီရင်အပ်သော ဟင်း၏ အဆောက်အဦ = ဟင်းခတ်ပစ္စည်း။ (၁၁) (က) မာနအဖို့အစု၊ (ခ) မာနထားခြင်း။ (၁) အခြင်းအရာ၊ သဏ္ဌာန်၊ အမျိုးအစား။ ကထံ ဝိဓံ သီလဝန္တံ ဝဒန္တိ၊ ကထံ ဝိဓံ ပညဝန္တံ ဝဒန္တိ။ သံ၊ ၁။ ၅၁။ " ကထံ ဝိဓံ သီလဝန္တံ ဝဒန္တိ၊ ကထံ ဝိဓံ ပညဝန္တံ ဝဒန္တိ " တိအာဒီသု အာကာရ-သဏ္ဌာနံ ဝိဓာ နာမ။ ဒီ၊ ဋ္ဌ၊ ၃။ ၁၇၂။ (-အဘိ၊ ဋ္ဌ၊ ၁။ ၃၄၃)။ (၂) အပြား၊ အထူးအပြား။ " ကထံ ဝိဓံ သီလဝန္တံ ဝဒန္တိ၊ ကထံ ဝိဓံ ပညဝန္တံ ဝဒန္တိ " တိအာဒီသု ပကာရော။ အံ၊ ဋီ၊ ၃။ ၁၇၃။ (၃) အတူ။ စတ္တာရော ဝိဓာ ပကာရာ အဿာတိ စတုဗ္ဗိဓံ။ ဝိဘာဝိနီ။ ၇၆။ ဝိဓသဒ္ဒဿ မာနကောဋ္ဌာ-သတ္တေသုပိ ပဝတ္တနတော တေ နိဝတ္တေတုံ " ဝိဓာ ပကာရာ " တိ ဝုတ္တံ။ ပကာရသဒ္ဒေါ စ တုလျဘေဒေသု ဝတ္တတိ၊ ဣဓ ပန တုလျေတိ ဒဋ္ဌဗ္ဗော။ မဏိမဉ္ဇူ၊ ၁။ ၁၃၉။ (၄) အဖို့အစု။ ကေဝိဓေန ဉာဏဝတ္ထုံ။ အဘိ၊ ဝိ။ ၃၂၃။ ဒုဝိဓေန ဉာဏဝတ္ထုံ။ အဘိ၊ ဝိ။ ၃၂၄။ ကေဝိဓေန ဉာဏဝတ္ထုံ၊ ဒုဝိဓေန ဉာဏဝတ္ထုံတိအာဒီသု ကောဋ္ဌာသော။ ဒီ၊ ဋ္ဌ၊ ၃။ ၁၇၂။ အဘိ၊ ဋ္ဌ၊ ၁။ ၃၄၃။

(၅) မာန်၊ မာန။ "သေယျောဟမသ္မီ"တိ ဝိဓာ၊ " သဒိသောဟမသ္မီ " တိ ဝိဓာ။ အဘိ၊ ဝိ။ ၃၈၁။ " သေယျောဟမသ္မီတိ ဝိဓာ " တိအာဒီသု မာနော ဝိဓာ နာမ။ ဒီ၊ ဋ္ဌ၊ ၃။၁၇၂။ (-အဘိ၊ ဋ္ဌ၊၁။၃၄၃။ ဒီ၊ဋီ၊၃။ ၁၉၁။ အံ၊ဋီ၊၃။၁၇၃)။ (၆) ခါးပန်းဘိ = ခါးပန်းကွင်း။ ဝိဓော အဍ္ဎနီ · အဍ္ဎနီသလာကာ ဥဒကပုဉ္ဆနီတိ ဣဒံ သဗ္ဗံ ဘာဇနီယမေဝ။ ဝိ၊ ဋ္ဌ၊ ၄။ ၈၄။ (-ဝိ၊ ဋ္ဌ၊ ၄။ ၁၈၃)။ (၇) ပယ်ဖျောက်ခြင်း။ တိဝိဓ (ဒီ၊ ၁။ ၁၂၁) န္တိ ဧတ္ထ ဝိဓာ ဝုစ္စတိ ဌပနာ၊ တိဋ္ဌပနန္တိ အတ္ထော။ ဒီ၊ ဋ္ဌ၊ ၁။ ၂၆၃။ ဝိဓာတိ ဝိပ္ပဋိသာရဝိနောဒနာ

ဝိမာ ဝုစ္စန္တိ ဝိပ္ပဋိသာရဝိနောဒနာ။ တာဝေ ပုညာဘိသန္ဒံ အဝိစ္ဆိန္ဒိတွာ ဌပေန္တီတိ " ဌပနာ " တိ စ ဝုတ္တာ။ သီ၊ ဋီ၊ သစ်၊ ၂။ ၃၀၁။ (-ဒီ၊ ဋ္ဌ၊ ၁။ ၃၂၂)။ (၈) ထမ်းပိုး။ ခါရိဝိမောဒါယာ (ဒီ၊၁။၉၅) တိ ဧတ္ထ ခါရိတိ အရဏိကမဏ္ဍလုသုဇာဒယော တာပသ-ပရိက္ခာရာ။ ဝိမော်တိ ကာဇော။ ဒီ၊ ဋ္ဌ၊ ၁။ ၂၄၀။ (-အံ၊ ဋီ၊ ၃။ ၂)။ (၉) (ဆင်မြင်းတို့၏) အစား အစာ။ ယာဝ ဒဒ္ဓု ဟတ္ထိနံ၊ အဿာနံ ဒိဂုဏံ ဝိမံ။ ဇာ၊ ၂။ ၂၁၉။ ယာဝ ပဟောတိ၊ တာဝ ဟတ္ထီနဥ္စ အဿာနဥ္စ ယဝဂေါဓုမာဒိဝိမံ ဒေထ။ ဇာ၊ ဋ္ဌ၊ ၆။ ၃၁၄။ (၁၀) ပြုပြင် စီရင်အပ်သော ဟင်း၏ အဆောက်အဦ = ဟင်းခတ်ပစ္စည်း။ ဝိမာ (ပေတ။ ၁၅၉) တိ ဝိမာတဗ္ဗာနိ ဘောဇန-ယောဂ္ဂါနိ ကဋုကဘဏ္ဍာနိ။ ပေတ၊ဋ္ဌ။၁၂၆။ (၁၁) (က) မာနအဖို့ အစု။ (ခ) မာနထားခြင်း။ (က) (ခ) ဝိမာ (သံ၊ ၃။ ၅၂) တိ မာနကောဋ္ဌာသာ မာနဌပနာ ဝါ ။ သံ၊ ဋ္ဌ၊ ၃။ ၁၇၄။ သေယျောဟမသ္မီတိအာဒိနာ တံတံဝိဘာဂေန မီယန္တိ ဝိမီယန္တီတိ ဝိမာ၊ မာနကောဋ္ဌာသာ, မာနဌပနာ ဝါ။ သံ၊ ဋီ၊ ၂။ ၄၁၂။

ဝိမက (ပု) [ ဝိမ + က။ ဝိမ - ကြည့်။ ] ခါးပန်းဘိ = ခါးပန်းကွင်း။ ဝိမကဿ ဥဘောသု အန္တေသု ထိရကရဏတ္ထာယ ယဋ္ဌကံ ကရောန္တိ။ ဝိ၊ ဋ္ဌ၊ ၁။ ၂၅၃။ ဝိမေတိ ကာယဗန္ဓနဿ ဝိမကေ။ ဝိ၊ ဝိနိစ္ဆယ၊ ဋီ၊ ၁။ ၅၆၈။

ဝိမဂ္ဂဟဏ (န) [ ဝိမ + ဂဟဏ ] ဝိမ-ကို ယူခြင်း၊ ဝိမ-သဒ္ဒါ။ ဝိမဂ္ဂဟဏံ တံတံပရိတ္တာ-ဒီပါနမ္ပိ သင်္ဂဟတ္ထံ။ ဒီ၊ ဋီ၊ ၁။ ၂၉၃။

ဝိမတ္ထ (တိ) [ ဝိမ + အတ္ထ ] ဝိမ-သဒ္ဒါ၏ အနက် ( အတူ ဟူသောအနက် ) ရှိသော။ ဝိမတ္ထော စေတ္ထ ဂတသဒ္ဒေါ။ ဥဒါန၊ဋ္ဌ။၁၃၅။ ဣတိဝုတ်၊ ဋ္ဌ။ ၁၃၁။

ဝိမမက (တိ) [ ဝိ + မမ + ဏ္ဏ။ နီတိ၊ ဓာတု။ ၁၃၂။ ထီ - ၌ ဝိမမိကာ။ ] မှုတ်လွှင့်-ပယ်ဖျောက် - ဖျက်ဆီး - တတ်သော။ ယေ ပန တေ မဟာရာဇ ဘိက္ခူ ------ ကိလေသမလဒုဂ္ဂန္ဓဝိမမကာ။ မိလိန္ဒ။ ၃၂၇။

ဝိမမတိ (ကြိ) [ ဝိ + မမ + အ + တိ။ နီတိ၊ ဓာတု။ ၁၃၂။ ဝိမမတိ-သံ။ ] (၁) မှုတ်လွှင့်-ပယ်ဖျောက် - ဖျက်ဆီး - ၏။ (၂) လွှင့်-ပျောက်-ပျက်စီး-၏။ (၁) ဝိမမတိ(ဝိ၊၁။၉)တိ ဌာနန္တရံ နေတိ။ ဝိ၊ ဋ္ဌ၊၁။ ၁၅၆။ ဝိမမတိ (သံ၊ ၂။၅၀၉) တိ ဓမေန္တော ဝိယ နာသေတိ။ သံ၊ ဋ္ဌ၊ ၃။ ၁၄၄။ ဝိမမတိ (မဟာနိ။၄) တိ ဝိယောဂံ ကရောတိ၊ ဒူရေ ခိပတိ။ မဟာနိ၊ဋ္ဌ။ ၂၄။ (၂) ယထာ မဟာရာဇ ဝါရိ ပေါက္ခရပတ္တေ ဝိကိရတိ ဝိမမတိ ဝိဒ္ဓံသတိ န သဏ္ဌာတိ န ဥပလိမ္ပတိ။ မိလိန္ဒ။ ၃၂၀။

ဝိမမထ (ကြိ) [ ဝိ + မမ + အ + ထ ] မှုတ်လွှင့် -ပယ်ဖျောက် -ဖျက်ဆီး-ကြကုန်လော။ ဧဝမေဝ ခေါ ရာဇ တုမှေပိ ရူပံ ဝိကိရထ ဝိမမထ ဝိဒ္ဓံသေထ ဝိကီဠနိယံ ကရောထ။ သံ၊ ၂။ ၁၅၅။ နေတ္တိ။ ၅၀။ (-ထေရ၊ ဋ္ဌ၊ ၁။ ၄၈၀။ နေတ္တိ၊ ဋ္ဌ။ ၁၀၄)။

ဝိမမန³ (န) [ ဝိ + မမ + ယု။ (တိ) ဝိမမန-သံ။ သက္ကတပိဋက။ ] (၁) မှုတ်လွှင့်-ပယ်ဖျောက်-ဖျက်ဆီး-ခြင်း။ (၂) လွှင့်-ပျောက်-ပျက်စီး-ခြင်း။ (၁) ပဒီပေါ အန္ဓကာရဝိမမနာယ။ မိလိန္ဒ။ ၃၃၇။ (၂) ကိလေသာနံ ဝိမမနမ္ပိ ပညာယ ဧဝ ဟောတိ။ နေတ္တိ၊ ဋီ။ ၉၀။

**ဝိဓမန၂** (န) [ ဝိဓမန + တ္တ။ မောဂ်၊ ၄။၁၂၃။ ] မှုတ်လွင့် - ပယ်ဖျောက် - ဖျက်ဆီး - တတ်သည်၏အဖြစ်။ ကောဓဿ ဝိဓမနတော ဂုဏာသမ္ဘာဒနေ သာဓူနမပ္ပဋိဟတမာယုဓံ။ စရိယာ၊ ဋ္ဌ။ ၂၉၀။

**ဝိဓမနတ္ထ** (ပု) [ ဝိဓမန + အတ္ထ ] မှုတ်လွင့်-ပယ်ဖျောက်-ဖျက်ဆီး-ခြင်းဟူသော အကျိုး။ အန္ဓကာရဿ ဝိဓမနတ္ထာယ ကိံ ကာရဏာ ဉာဏပ္ပဒီပံ --- န ကရောထ။ ဓမ္မ၊ ဋ္ဌ၊ ၂။ ၆၆။

**ဝိဓမနသမတ္ထ** (တိ) [ ဝိဓမန + သမတ္ထ ] မှုတ်လွင့် - ပယ်ဖျောက် - ဖျက်ဆီး - ခြင်းငှါ စွမ်းနိုင်သော။ ပဋိပက္ခဓမ္မာနံ ဝိဓမနသမတ္ထံ ပဋ္ဌပဋ္ဌတရာဒိဘာဝပ္ပတ္တံ ဟောတိ။ သံ၊ ဋီ၊ ၂။ ၄၁၈။

**ဝိဓမနီယ** (တိ) [ ဝိ +ဓမ+အနီယ ] မှုတ်လွင့်-ပယ်ဖျောက် -ဖျက်ဆီး -အပ် -သင့် -ထိုက်-သော။ ဉာဏာလောကဿ အဝိဇ္ဇန္ဓကာရာဝိယ ဝိဓမနီယဘာဝေ သဗ္ဗေသမ္ပိ ကုသလဓမ္မာနံ ---- သမုဋ္ဌိန္ဒနီယတာ သိဒ္ဓါဝ ဟောတိ။ မ၊ ဋီ၊ ၃။ ၅၇။

**ဝိဓမန္တ** (တိ) [ ဝိ + ဓမ + အ + အန္တ။ ထိ-၌ ဝိဓမန္တီ။ ] မှုတ်လွင့်-ပယ်ဖျောက်-ဖျက်ဆီး-သော။ အထ ဒက္ခထ မေ ဝေဂံ၊ ဝိဓမန္တဿ သတ္တဝေါ။ ဇာ၊ ၂။ ၇၂။ (-ဝိ၊ ဋ္ဌ၊ ၁။ ၉၈။ မ၊ ဋ္ဌ၊ ၂။ ၁၀၆)။

**ဝိဓမန္တိ** (ကြိ) [ ဝိ + ဓမ + အ + အန္တိ ] (၁) မှုတ်လွင့်-ပယ်ဖျောက်-ဖျက်ဆီး-ကုန်၏။ (၂) လွင့်-ပျောက်-ပျက်စီး-ကုန်၏။ (၁) အထ ခေါ တာနိ ပံသွာဂါရကာနိ ---- ဝိကိရန္တိ ဝိဓမန္တိ ဝိဒ္ဓံသေန္တိ ဝိကီဠနိယံ ကရောန္တိ။ သံ၊ ၂။ ၁၅၅။ (၂) တေ သဗ္ဗေ သမာဓိအာသဇ္ဇ ဝိကိရန္တိ ဝိဓမန္တိ ဝိဒ္ဓံသန္တိ န သဏ္ဌန္တိ န ဥပလိမ္ပန္တိ။ မိလိန္ဒ၊ ၃၂၀။

**ဝိဓမယိတဗ္ဗ** (တိ) [ ဝိ + ဓမ + ဏာယ + တဗ္ဗ ] မှုတ်လွင့်-ပျောက်စေ-ပျက်စီးစေ-အပ်သော။ သဗ္ဗံ ဒုစ္စရိတတမံ ဝိဓမယိတဗ္ဗံ။ မိလိန္ဒ။၃၇၃။

**ဝိဓမာန** (ပု) [ ဝိဓ + မာန ] ဝိဓမည်သော-မာန်-မာန။ နဝ ဝိဓမာနာ (ဝိ၊ ၅။ ၂၄၅) တိ သေယျဿ သေယျောဟမသ္မီတိ မာနာဒယော။ ဝိ၊ ဋ္ဌ၊ ၄။ ၁၈၁။

**ဝိဓမာမသေ** (ကြိ) [ ဝိ + ဓမ + အာမသေ ] (ငါတို့) မှုတ်လွင့် - ပယ်ဖျောက် - ဖျက်ဆီး-ကြကုန်၏။ ဥဘော နံ ဝိဓမာမသေ။ ဇာ၊ ၁။ ၁၄၂။

**ဝိဓမိတ** (တိ) [ ဝိ + ဓမ + တ။ ဝိဓမတိ-မှ။ ] မှုတ်လွင့် - ပယ်ဖျောက် - ဖျက်ဆီး -အပ်ပြီးသော။ ဝိဓမိတ (စူဠနိ။၅၉) န္တိ နာသိတံ။ စူဠနိ၊ ဋ္ဌ။ ၁၄။ (-သံ၊ ဋ္ဌ၊ ၁။ ၅၀။ အံ၊ ဋ္ဌ. ၂။ ၃၀၀)။

**ဝိဓမိတုံ** (ဗျ) [ ဝိ + ဓမ + တုံ ] မှုတ်လွင့်-ပယ်ဖျောက်-ဖျက်ဆီး-ခြင်းငှါ။ သမ္ပတ္တဘယံ ဝိဓမိတုံ ဇာနနပညာယ သမ္ပယုတ္တဥတ္တမ-ဝီရိယဿေတံ နာမံ။ ဇာ၊ ဋ္ဌ၊ ၁။ ၃၀၀။

**ဝိဓမိတုကာမ** (တိ) [ ဝိဓမိတုံ + ကမု + ဏ ] မှုတ်လွင့်-ပယ်ဖျောက်-ဖျက်ဆီး-ခြင်းငှါအလိုရှိသော၊ သူ။ အထ ထေရော လောကဿ အဝုဋ္ဌိကဘယံ ဝိဓမိတုကာမော --------- ဂါထမာဟ။ အပ၊ ဋ္ဌ၊ ၂။ ၃၅-၆။

**ဝိဓမိတွာ** (ကြိ၊ဝိ) [ ဝိ + ဓမ + တွာ ] (၁) မှုတ်လွင့်-ပယ်ဖျောက်-ဖျက်ဆီး-ပြီး၍။ (၂) လွင့်-ပျောက် -ပျက်စီး -ပြီး၍။ (၁) တမန္ဓကာရံ ဝိဓမိတွာ (အပ၊ ၁။ ၄၇) တိ တမသင်္ခါတံ မောဟန္ဓကာရံ ဝိဓမိတွာ ဝိဒ္ဓံသေတွာ။ အပ၊ ဋ္ဌ၊ ၁။ ၃၂၁-၂။ (၂) န စိရဿေဝ ဝိကိရိတွာ ဝိဓမိတွာ ဝိစံသေတွာ -------- ဟီနာယာဝတ္တန္တိ။ လိမိန္ဒ။ ၂၄၃။

ဝိဓမိယျတိ (ကမ္မ၊ကြိ) | ဝိ + ဓမ +ယ +တေ ] မှုတ်လွင့် - ပယ်ဖျောက် - ဖျက်ဆီး -အပ်၏။ မန္ဒပဘော ပဒီပေါ --- ဝါတေန ဝိဓမိယျတိ ဝိဒ္ဓံသိယျတိ။ ထေရ၊ ဋ္ဌ၊ ၂။ ၁၀၂။

ဝိဓမိဿတိ (ကြိ) | ဝိ + ဓမ + ဿတိ | လွင့်-ပျောက်-ပျက်စီး - အံ့ - လတ္တံ့ - လိမ့်မည်။ တတော ဧဝ က္ခဓေဝ ဝိဓမိဿတိ (ထေရ။ ၂၅၆) က္ခမသိုင်္ယေဝ ဘဝေ ဝိဒ္ဓံသိဿတိ။ ထေရ၊ ဋ္ဌ၊ ၁။ ၃၉။ သမ္ပုဏ္ဏံ ရဋ္ဌံ မေ သဗ္ဗံ ဝိဓမိဿတိ ( အပ၊ ၁။ ၅၀) ဝိနဿိဿတိ။ အပ၊ ဋ္ဌ၊ ၁။ ၃၂၇။

ဝိဓမိဿာမ (ကြိ) | ဝိ + ဓမ + ဿာမ ] (ငါတို့) မှုတ်လွင့် - ပယ်ဖျောက် - ဖျက်ဆီး-ကုန်-အံ့-လတ္တံ့-လိမ့်မည်။ မယံ စောရေ ဝိဓမိဿာမ။ အံ၊ ဋ္ဌ၊ ၁။၂၀၁။

ဝိဓမိ (ကြိ) | ဝိ + ဓမ + ဤ | မှုတ်လွင့်-ပယ်ဖျောက်-ဖျက်ဆီး-ခဲ့-ပြီး-ပြီ။ တေ တာတော ဝိဓမိ ဓမ (ဇာ၊၁။၁၄) န္တိ တေ သဒ်ံ ဓမိတွာ လဒ္ဓဘောဂေ --------- ဝိဓမိ ဝိဒ္ဓံသေသိ ဝိနာသေသီတိ။ ဇာ၊ ဋ္ဌ၊ ၁။ ၃၀၂။

ဝိဓမေတိ (ကာ၊ကြိ) | ဝိ + ဓမ + ဏေ + တိ။ ဝိဓမာပယတိ-သံ။ | လွင့်-ပျောက်-ပျက်စီး-စေ၏။ ပညာ ---- အဝိဇ္ဇန္ဓကာရံ ဝိဓမေတိ။ မိလိန္ဒ၊ ၃၈။

ဝိဓမေတွာ (ကာ၊ကြိ၊ဝိ) | ဝိ + ဓမ + ဏေ + တွာ | လွင့် - ပျောက် - ပျက်စီး - စေပြီး၍။ မာရံ သသေနကံ နမုစိ ကဏှံ ပမတ္တဗန္ဓုံ ဝိဓမေတွာ။ စူဠနိ၊ ၂၃၀။ အပ၊ ဋ္ဌ၊ ၁။ ၁၄၆။

ဝိဓမေန္တ (တိ) | ဝိ + ဓမ + ဏေ + အန္တ။ ထီ-ဦ ဝိဓမေန္တီ။ | လွင့်-ပျောက်-ပျက်စီး-စေသော။ မာရသေနံ ဝိဓူပယန္တော ဝိဓမေန္တော ဝိဒ္ဓံသေန္တော တိဋ္ဌတိ။ ဝိ၊ ဋ္ဌ၊ ၃။ ၂၃၇။ ဥဒါန၊ ဋ္ဌ၊ ၄၆။

ဝိဓမေယျ (ကြိ) | ဝိ + ဓမ + ဧယျ | (၁) မှုတ်လွင့် - ပယ်ဖျောက် - ဖျက်ဆီး-ရာ၏။ (၂) လွင့် -ပျောက် -ပျက်စီး -ရာ၏။ (၁) အဓိဝါသေတွာ စ ဘာဝနာဗလေန မာရဗလံ ဝိဓမေယျ။ ထေရ၊ ဋ္ဌ၊ ၁။ ၄၆၀။ (၂) ဝိနမေယျ ဝိကိရေယျ ဝိဓမေယျ ဝိဒ္ဓံသေယျ။ မိလိန္ဒ၊ ၂၃၁။ ဝိဓမေယျာ (ဒီ၊ ဋ္ဌ၊၃။၈၅) တိ ဝိနဿေယျ။ ဒီ၊ ဋီ၊ ၃။၈၄။

ဝိဓမေဟိ (ကာ၊ကြိ) | ဝိ + ဓမ + ဏေ + ဟိ | (သင်) လွင့် - ပျောက် - ပျက်စီး -စေလော။ နိဒ္ဒနာဟိ ဝိဓမေဟိ ဝိဒ္ဓံသေဟိ။ ထေရ၊ ဋ္ဌ၊ ၂။ ၁၀၂။

ဝိဓမ္မ (ကြိ၊ဝိ) | ဝိ + ဓမ + တွာ (ယ) = ဝိဓမျ= ဝိဓမ္မ။ ဝိဓ္မာယ-သံ။ | မှုတ်လွင့်-ပယ်ဖျောက်-ဖျက်ဆီး-ပြီး၍။ ဝိဓမ္မ ပုတ္တေ စဇိ ဉာတကေ စ။ ဇာ၊ ၂။ ၁၃၂။ ဝိဓမ္မာတိ ဝိဓမေတွာ ဝိနာသေတွာ။ ဇာ၊ ဋ္ဌ၊ ၅။ ၅၀၂-၃။

ဝိဓဝပုတ္တ (ပု) | ဝိဓဝါ + ပုတ္တ | မုဆိုးမသား။ ကတိပယေ အတ္တနာ သဒိသေ ဝိဓဝပုတ္တေ မဟာခုတ္တေ ဂဟေတွာ။ အံ၊ ဋ္ဌ၊ ၂။ ၇၀။

ဝိဓဝဝါသ (ပု) | ဝိဓဝါ + ဝါသ | မုဆိုးမ၏ နေခြင်း။ ဝိဓဝဝါသံ ဝသန္တိ ဒုက္ခိတာ ဘာဝိဿာမိ။ ဇာ၊ ဋ္ဌ၊ ၃။ ၄၀၂။

ဝိဓဝါ (ထီ) | ဝိ + ဓဝ + အာ။ ဝိဂတော ဓဝေါ ဘတ္တာ ယဿာ ဝိဓဝါ။ ဓာန်၊ဋီ။၂၃၅။ ကပ္ပဒ္ဒုမ။ ဝိဂတော ဓဝေါ ပတိ ဧတိဿာတိ ဝိဓဝါ။ ရူ။ ၃၇၂။ ဝိဓဝါ - သံ၊ ပြာ။ ဝိဟဝါ-ပြာ၊ အဒ္ဓမာဂဓီ။ | မုဆိုးမ (လင်သေသော မိန်းမ၊ လင်နှင့် ကွဲကွာနေသော မိန်းမ)။ ဝိဓဝါ ( သံ၊ ၁။ ၁၇၂-၃။ အံ၊ ၂။ ၁၁၂) တိ မတပတိကာ။ သံ၊ ဋ္ဌ၊၁။၂၂၀။ အံ၊ ဋ္ဌ၊၃။၄၃။ ဝိဓဝါ ဝုစ္စတိ မတပတိကာ ဝါ ပဝုတ္ထပတိကာ ဝါ။ အဘိ၊ ဋ္ဌ၊ ၂။ ၃၂၅။ မဟာနိ၊ ဋ္ဌ။ ၃၉၉။

ဝိမဝါဂေါစရ (တိ) [ ဝိမဝါ + ဂေါစရ ] မုဆိုးမလျှင် ကျက်စားရာ အရပ်ရှိသော။ ဝိမဝါဂေါစရော ဝါ ဟောတိ။ ဝိ၊ ၃။ ၉၉။ ဝိ၊ ၅။ ၂၃၀။ အံ၊ ၂။ ၁၁၂။ မဟာနိ။ ၃၇၇။

ဝိမဝါပုတ္တ (ပု) [ ဝိမဝါ + ပုတ္တ ] ဝိမဝပုတ္တ-ကြည့်။ ---- ကတိပယေ အတ္တနာ သဒိသေ ဝိမဝါပုတ္တေ မဟာစုတ္တေ ဂဟေတွာ။ မ၊ ဋ္ဌ၊ ၄။ ၇၁။ (-ဇာ၊ ဋ္ဌ၊ ၆။ ၄၂)။

ဝိမဝိတ္ထိကာမ (တိ) [ (ဝိမဝါ+ဣတ္ထီ-) ဝိမဝိတ္ထိ+ ကမု + ဏ ] မုဆိုးမကို အလိုရှိသော၊ သူ။ ဝေဓဝေရာတိ ဝိမဝိတ္ထိကာမာ ပုရိသာ။ ဇာ၊ ဋ္ဌ၊ ၇။ ၂၇၈။

ဝိမသဒ္ဒ (ပု) [ ဝိမ + သဒ္ဒ ] ဝိမ - သဒ္ဒါ။ ဝိမသဒ္ဒေါ ကောဋ္ဌာသပရိယာယော။ ဒီ၊ ဋီ၊ ၂။ ၂၁၁။

ဝိမသဒ္ဒပရိယာယ (ပု) [ ဝိမသဒ္ဒ + ပရိယာယ ] ဝိမ-သဒ္ဒါ၏-ပရိယာယ်-ဝေဝုစ်-စကားလှယ်။ ဝိဟိတ-သဒ္ဒေါ ဝိမသဒ္ဒပရိယာယော။ ဝိမတိ၊ ၁။ ၇၉။

ဝိမာတဗ္ဗ (တိ) [ ဝိ + မာ + တဗ္ဗ။ ဝိမာတဗျ-သံ။ ] (၁) ပြုပြင်-စီရင်-အပ်-သင့်-ထိုက်-သော။ (၂) ပြုပြင်-စီရင်-ညွှန်ပြ-အပ်-သင့်-ထိုက်-နိုင်-သော၊ ဆိုဆုံးမလွယ်-နားထောင်လွယ်-သော၊ သူ။ (၁) ဝိမာတိ ဝိမာတဗ္ဗာနိ ဘောဇနယောဂ္ဂါနိ ကမ္ဗုကာဘဏ္ဍာနိ။ ပေတ၊ ဋ္ဌ။ ၁၂၆။ (-ဝိမတိ၊ ၂။ ၂၄၄)။ (၂) ဘဝတိ ပရိဇနဿဝေါ ဝိဓေယျော။ ဒီ၊ ၃။ ၁၂၆။ ဝိဓေယျောတိ ကတ္တဗ္ဗာကတ္တဗ္ဗေသု ယထာရုစိ ဝိမာတဗ္ဗော။ ဒီ၊ ဋ္ဌ၊ ၃။ ၁၁၁။ ဝိမာတဗ္ဗောတိ ဝိမာတုံ သန္ဒိသိတုံ သက္ကုဏေယျော။ ဒီ၊ ဋီ၊ ၃။ ၁၁၁။

ဝိမာတုံ (ဗျ) [ ဝိ + မာ + တုံ ] ပြုပြင်-စီရင်-ခြင်းငှါ။ ဝိမာတဗ္ဗ (ဒီ၊ ဋီ၊ ၃။ ၁၁၁)ကြည့်။

ဝိမာတု (ထီ၊ ပု) [ ဝိ + မာ + တု။ ဝိဒဟတိ သံဝိမာနံ ကရောတီတိ ဝိမာတာ။ သီ၊ ဋီ၊ သစ်၊ ၂။ ၁၇၀။ ဝိဒဓာတီတိ ဝိမာတာ။ ကပ္ပဒ္ဒုမ။ ဝိမာတ - သံ။ ဝိဟာဥ - ပြာ။ ] (၁) ပြုပြင်-စီရင်-တတ်သော၊ သူ။ (၂) အစီးအပွားကို စီမံဖန်တီးတတ်သူ၊ အရှင်သခင်။ (၃) ဝိမာတုမည်သော နတ်မင်း။ (၁) မာတာ ဝိမာတာ စသိ ကာမပါလော (ဇာ၊ ၂။၄၅) တိ ------- ဣဿရိယသုခဿ ဝိဒဟနတော ဝိမာတာ။ ဇာ၊ ဋ္ဌ၊ ၅။ ၂၃၈။ (၂) ဟိတဿ စ ဝိမာတာ။ ဝိ၊ ဋ္ဌ၊ ၁။ ၁၄၀။ မ၊ ဋ္ဌ၊ ၁။ ၁၃၅။ အံ၊ ဋ္ဌ၊ ၂။၁၆။ လောကဿ သုခဿ ဒါတာ ဟိတဿ ဝိမာတာ ကောစိ ဣဿရော။ မ၊ ဋီ၊ ၃။ ၁၄၅။ (၃) မာတာ ဝိမာတာ ဝရုဏော ကုဝေရော။ ဇာ၊ ၂။ ၂၃၁။ ဧတေ မာတာဒယော ဒေဝရာဇာနော။ ဇာ၊ဋ္ဌ၊၇။၄၈။

ဝိမာန (န) [ ဝိ + မာ + ယု။ ဝိမာန - သံ။ ဝိမာဏ - ပြာ။ ဝိဟာဏ - အဒ္ဓမာဂဓီ။ ] (၁) ပြုပြင်-စီရင်-ခြင်း။ (၂) အစီအရင်, နည်းလမ်း။ (၃) အဖွဲ့အစု။ (၄) သံဝိမာန သိက္ခာပုဒ်။ (၅) ဝိမာနတန္တယုတ္တိ (တန္တယုတ္တိ ၃၂-ပါးတို့တွင် ၂၁-မြောက်)။ (၁) ပြုပြင်-စီရင်-ခြင်း။ အဝိသေသေန ပန ဝိဒဟတိ, မိယတေ, ဝိမာနံ ----- ဧတ္ထ ဝါ မိယတီတိ မာတု။ အဘိ၊ ဋ္ဌ၊ ၂။ ၇၂။ အကပ္ပိယ-ဝေါဟာရေန ဝိမာနဿ အယုတ္တတ္တာ " ကပ္ပိယဝသေနာ " တိ ဝုတ္တံ။ သာရတ္ထ၊ ၂။ ၂၇၅။ (၂) အစီအရင်, နည်းလမ်း။ ယေန ပနေသ ဝိမာနေန ပဋိပန္နော --------

ဘာဝနာဝိဓာနံ သဋ္ဌံ ဝိသုဒ္ဓိမဂ္ဂေ ဝိတ္ထာရိတမေဝ။ အဘိ၊ ဋ္ဌ၊ ၁။ ၂၇၇။ ပံသုကူလိကေန စီဝရံ ပရိဘုဥ္ဇိတဗ္ဗန္တိ ဣဒမေတ္ထ ဝိဓာနံ။ ဝိသုဒ္ဓိ၊၁။၆၁။ (-ပဋိသံ၊ဋ္ဌ၊၁။၃၁၄)။ (၃) အဖွဲ့ အစု။ ဝိဓာန (ဇာ၊ ၁။၆၁) န္တိ ကောဋ္ဌာသော ဝါ သံဝိဒဟနံ ဝါ။ ဇာ၊ ဋ္ဌ၊ ၂။ ၁၉၂။ (၄) သံဝိဓာနသိက္ခာပုဒ်။ ဒဒေ သိဗ္ဗေ ဝိဓာနေန၊ နာဝါ ဘုဥ္ဇေယျ ဧကတော။ ဝိ၊ ၅။ ၄၁။ (၅) ဝိဓာနတန္တယုတ္တိ ( တန္တယုတ္တိ ၃၂-ပါး တို့တွင် ၂၁ - မြောက် )။ ပကရဏာနုပုဗ္ဗံ ဝိဓာနံ။ နီတိ၊ သုတ္တ၊ ၄၁၇-နှာ။

ဝိဓာနဒဿန (န) | ဝိဓာန + ဒဿန | အစီအရင် - နည်းလမ်း - ကိုညွှန်ပြခြင်း။ ဧဝံ သရူပေနေဝ အာဘတာယ ပညာဘာဝနာယ ဝိဓာနဒဿနတ္ထံ ယံ ဝုတ္တံ။ ဝိသုဒ္ဓိ၊ ၂။ ၃၃၉။

ဝိဓာနန္တရဒဿန (န) | ဝိဓာန + အန္တရ + ဒဿန | အစီအရင်-နည်းလမ်း-တစ်ပါးကို ညွှန်ပြခြင်း။ ---- ဝိဓာနန္တရဒဿနတ္ထံ ဝုတ္တံ။ ဝဇိရ၊ ၂၆၃။

ဝိဓာနဝတ္ထု (န) | ဝိဓာန + ဝတ္ထု | ပြုပြင်-စီရင်-ခြင်း၏အကြောင်း (ဝတ္ထု)။ သောပိ အဝကရဏမုခေန ဝိဓာနဝတ္ထုနာ ပဂ္ဂဏှနဝသေနေဝ ပဝတ္တတိ။ ဒီ၊ ဋီ၊ ၃။ ၁၉၁။

ဝိဓာနဝန္တု (တိ) | ဝိဓာန + ဝန္တု။ ထီ - ၌ ဝိဓာနဝတီ။ | ပြုပြင်-စီရင်-စီမံ-ခြင်းရှိသော။ ဝိဓာနဝါ (အံ၊၃။၁၁၀) တိ ဝိဒဟနသမ္ပန္နော။ အံ၊ ဋ္ဌ၊ ၃။ ၂၄၀။ ဝိဓာနဝါ (ဇာ၊ ၂။၂၂၈)တိ ----------- သဗ္ဗကိစ္စေသု ဝိဓာနသမ္ပန္နော။ ဇာ၊ ဋ္ဌ၊ ၇။ ၁၈၉။

ဝိဓာနဝိဓိကောဝိဒ (တိ) | ဝိဓာန + ဝိဓိ + ကောဝိဒ | စီရင်ခြင်း၏ အဖွဲ့အစုတို့၌ လိမ္မာသော။ ဝိဓာနဝိဓိကောဝိဒေါ (ဇာ၊၂။၂၉၃)တိ နာနာပ္ပကာရေသု ဒါသကမ္မကရပေါရိသာဒီနံ သံဝိဒဟနကောဋ္ဌာသေသု ဆေကော။ ဇာ၊ ဋ္ဌ၊ ၇။ ၂၀၁။

ဝိဓာနသမ္ပန္န (တိ) | ဝိဓာန + သမ္ပန္န | ပြုပြင်-စီရင် - ခြင်းနှင့် ပြည့်စုံသော။ ဝိဓာနဝန္တု (ဇာ၊ ဋ္ဌ၊ ၇။ ၁၈၉) ကြည့်။

ဝိဓာနသာမတ္ထိယ (န) | ဝိဓာန + သာမတ္ထိယ | စီရင်းခြင်း၏ အစွမ်းသတ္တိ။ တာသဥ္စ ဒွိန္နံ အန္တရာ သီမန္တရိကာယ ပါဠိအဋ္ဌကထာသုပိ ဝိဓာနသာမတ္ထိယတော ---------- သိဒ္ဓေါ။ ဝိမတိ၊ ၂။ ၁၅၈။

ဝိဓာနိဒ္ဒေသ (ပု) | ဝိဓာ + နိဒ္ဒေသ | မာန် - မာန - ကို အကျယ်ပြရာ စကားရပ်။ ဝိဓာနိဒ္ဒေသေ --------- အာကာရသဏ္ဌာနံ ဝိဓာ နာမ။ အဘိ၊ ဋ္ဌ၊ ၂။ ၄၇၇။

ဝိဓာနုဝါဒသမညာ (ထီ) | ဝိဓိ + အနုဝါဒ + သမညာ | ဝိဓိအနုဝါဒ - ဟူသော အမည်။ ဝိသေသနဝိသေသျာနံ ဝါ ဝိဓာနုဝါဒသမညာ။ သီ၊ ဋီ၊ သစ်၊ ၁။ ၁၄၁။

ဝိဓာယ (ကြိဝိ) | ဝိ + ဓာ+တွာ။ ဝိဒဓာတိ-မှ။ | ပြုပြင် - စီရင် - ပြီး၍။ ကာမဒေါသပ္ပဟာနံ ဝိဓာယ ဒေသနာဒီပနတော စာတိ ယောဇေတဗ္ဗံ။ ဣတိဝုတ်၊ ဋ္ဌ။ ၃၁။

ဝိဓာယက (တိ) | ဝိ + ဓာ + ယ + ဏွု။ နီတိ၊ ဓာတု။ ၂၃၂။ ထီ - ၌ ဝိဓာယိကာ။ ဝိဓာယက-သံ။ | ပြုပြင်-စီရင်-တတ်သော။ ရောဂါဒိအနတ္ထာနံ ဝိဓာယကဿ -------- ကမ္မဿ။ အနုဋီ၊ ၁။ ၃။

ဝိဓာယကဝစနဖလ (န) | ဝိဓာယက + ဝစန + ဖလ | ပြုပြင် -စီရင် -တတ်သော စကား၏ အစွမ်းသတ္တိ။ ----- သံယာဒိသေသာဒိနော ဝိဓာယကဝစနဖလေန။ ဝိမတိ၊ ၁။ ၂၈၂။

**ဝိဓာယကာဓိန** (တိ) [ ဝိဓာယက + အဓိန ] ပြုပြင် - စီရင် - တတ်သောသူနှင့် - စပ်-စပ်သွယ်-သော။ ဧဝံ ဝေါဟာရပရမတ္ထဝိဓာနာဒိ စ ဝိဓာယကာဓိနာနီတိ ---------- ဝုတ္တာ။ သာရတ္ထ၊ ၁။ ၇၄။ သီ၊ ဋီ၊ သစ်၊ ၁။ ၉၇။ အနုဋီ၊ ၁။ ၂၂။

**ဝိဓာယန္တ** (တိ) [ ဝိ + ဓာ + ယ + အန္တ။ ထိ-၌ ဝိဓာယန္တီ။ ] ပြုပြင်-စီရင်-တတ်သော၊ သူ။ တံ ဟတ္ထိဿ ပယောဂံ ဝိဓာယန္တာနံ သဗ္ဗေသမ္ပေတေသံ ဂဟဏံ။ သီ၊ ဋီ၊ သစ်၊ ၂။ ၃၂။ (-အံ၊ ဋီ၊ ၃။ ၁၉၀)။

**ဝိဓာရေန္တ** ~ (တိ) [ ဝိ + ဓရ + ဏေ + အန္တ။ ထိ - ၌ ဝိဓာရေန္တီ။ ] မဆောင်-မထိမ်း-နိုင်သော။ ပစ္စတာဌေသီတိ ---- ဝေဂေန ဂန္တွာ ပဟရဏတော ဝိဓာရေန္တီ ပတာဌေသိ။ ဒီ၊ ဋီ၊ ၃။ ၂၆။

**ဝိဓာဝတိ** (ကြိ) [ ဝိ + ဓာဝု + အ + တိ။ နီတိ၊ ဓာတု။ ၁၇၁။ ဝိဓာဝတိ-သံ။ ] (၁) အထူးထူး အပြားပြားအားဖြင့် ပြေး၏။ (၂) ဖြစ်၏။ (၃) အထူးအားဖြင့် ပြေး၏။ (၄) (က) ထိုမှ ဤမှ ပြေး၏။ (ခ) အထူးထူးသဘောရှိသည် ဖြစ်၍ ပြေးသွား၏။ ( အလိုရှိတိုင်းဖြစ်၏ )။ (၅) (ဈာန်, သမာပတ်) ဝင်စား၏။

(၁) အထူးထူး အပြားပြားအားဖြင့် ပြေး၏။ ဝိဓာဝတိ (ဝိ၊၌၊၁။၃၂၉) တိ ဝိဝိဓာ နာနပ္ပကာရေန ဓာဝတိ။ သာရတ္ထ၊၂။ ၁၆၀။ ( - ဒီ၊ ၌၊ ၁။ ၄၀။ သီ၊ ဋီ၊ သစ်၊ ၁။ ၁၉၃ )။ (၂) ဖြစ်၏။ ဝိဓာဝတိ (အဘိ၊၌၊၁။၃၉၆) နိဗ္ဗတ္တတိ။ မူလဋီ၊ ၁။ ၁၆၈။ (၃) အထူးအားဖြင့်ပြေး၏။ စိတ္တံ နာမ ပုထုဇ္ဇနာနံ ----- သန္ဓာဝတိ ဝိဓာဝတိ။ ဝိ၊ ၌၊ ၁။ ၃၂၉။ ဝိသေသတော ဓာဝတီတိ ဝိဓာဝတိ။ ဝိဇ၊ ၁၄၁။ (၄) (က) ထိုမှ ဤမှ ပြေး၏။ ဝိဓာဝတိ (သံ၊ ၁။ ၃၄) တိ ပရသမုဒ္ဒါဒိဂမန-ဝသေန ဣတောစိတော စ ဝိဓာဝတိ။ သံ၊၌၊၁။၈၈။ (ခ) အထူးထူး သဘောရှိသည် ဖြစ်၍ ပြေးသွား၏။ (အလိုရှိတိုင်း ဖြစ်၏)။ ဝိဓာဝတိ ( သံ၊ ၁။ ၃၄ ) တိ ဝိဝိဓံ ရူပံ ပဓာဝတိ၊ ယထာကာမံ ပဝတ္တတီတိ အတ္ထော။ သံ၊ ဋီ၊ ၁။၁၂၉။ (၅) (ဈာန်, သမာပတ်) ဝင်စား၏။ အဒ္ဒ ဒိသာ ဝိဓာဝတိ (မ၊၃။၂၆၅)တိ --- အဒ္ဒ သမာပတ္တိယော သမာပဇ္ဇတိယေဝ။ မ၊ ၌၊ ၄။ ၁၉၀။ ဝိဓာဝနဒ္ဓေတ္တ ဈာနသမာ-ပဇ္ဇနဝသေန ---- ဇဝနစိတ္တပဝတ္တံ။ မ၊ ဋီ၊ ၃။ ၃၈၈။

**ဝိဓာဝန** (န) [ ဝိ + ဓာဝု + ယု။ ဝိဓာဝန-သံ။] (၁) ထိုမှ ဤမှ ပြေးသွားခြင်း။ (၂) (ဈာန်, သမာပတ်) ဝင်စားခြင်း။ (၁) ဣတောစိဂတာ စိတ္တဿ ဝိဓာဝနံ ဝိစ္ဆိန္ဒိတွာ။ ဝိသုဒ္ဓိ၊ ၁။ ၂၈၂။ (-သာရတ္ထ၊ ၂။ ၂၄၇)။ (၂) ဝိဓာဝန (မ၊ ဋီ၊ ၃။ ၃၈၈)-ကြည့်။

**ဝိဓာဝနကီဠိကာ** (ထီ) [ ဝိဓာဝန + ကီဠိကာ ] ထိုမှ ဤမှ ပြေးလွှား ကစားခြင်း။ အောက်ပုဒ်ကြည့်။

**ဝိဓာဝနိကာ** (ထီ) [ ဝိဓာဝန + ဣက + အာ ] ထိုမှဤမှ ပြေးလွှားကစားခြင်း။ ဧထ ဘော, ဝိဓာဝနိကံ ကရိဿာမ။ အံ၊ ၌၊ ၁။ ၁၇၆။ ဝိဓာဝနိကန္တိ ဝိဓာဝနကီဠိကံ။ အံ၊ဋီ၊၁။၁၆၃။

**ဝိဓာဝန္တ** (တိ) [ ဝိ + ဓာဝု + အ + အန္တ။ ထိ - ၌ ဝိဓာဝန္တီ။ ] အထူးထူး အပြားပြားအားဖြင့် ပြေးသွားတတ်သော။ ဝိဓာဝန္တ (ဇာ၊၂။၂၇၁) န္တိ ဝိဝိဓာ ဓာဝန္တံ။ ဇာ၊ ၌၊ ၇။ ၁၄၁။ စိရပရိစယေန ကမ္မဋ္ဌာနတော ဗဟိဒ္ဓါ ဝိဓာဝန္တံ စိတ္တံ ဆေကော ဟတ္ထာစရိယော ဝိယ။ ထေရ၊ ၌၊ ၁။ ၂၁၄။

ဝိဓာဝန္တိ (ကြိ) [ ဝိ + ဓာဝု + အ + အန္တိ ] ဝိဓာဝတိ - ကြည့်။

ဝိဓာဝန္သု (ကြိ) [ ဝိ + ဓာဝု + အ + အန္သု ] ပြေးသွားကုန်လော။ ဒူတာ ဝိဓာဝန္သု ဒိသာ စတဿော။ ဇာ၊ ၁။ ၃၁၅။ ဇာ၊ ဋ္ဌ၊ ၄။ ၄၀၀။

ဝိဓာဝမာန (တိ) [ ဝိ + ဓာဝု + အ + မာန ] ပြေးသွားတတ်သော။ ဣတောစိတော စ ဝိဓာဝမာနာ ဝိပ္ဖန္ဒမာနာ ဆဗ္ဗဏ္ဏဗုဒ္ဓရသ္မိယော မုဥ္စမာနော။ ဗုဒ္ဓဝံ၊ ဋ္ဌ။ ၅၉။

ဝိဓာဝိံသု (ကြိ) [ ဝိ + ဓာဝု + ဥံ ] ပြေးသွားကုန်ပြီ။ မနုဿာ " ကဟံ ဒေဝ ကဟံ ဒေဝါ " တိ ဣတောစိတော စ ဝိဓာဝိံသု။ သံ၊ ဋ္ဌ၊ ၂။ ၂၁၇။

ဝိဓာဝိတု (ထိ၊ပု) [ ဝိ + ဓာဝု + တု ] ဖောက်ပြန်စွာ ပြေးသွား - ပြီးဆုံး - သော - သူ။ ဝိဓာဝိတာ (ထေရ၊၃၃၉) တိ ဝိရူပံ ဓာဝိတာ အသာရုပ္ပဝသေန ပဋိပန္နော --- ဝိဓာဝိတာ ဝေါသိတာ။ ထေရ၊ ဋ္ဌ၊ ၂။ ၃၅၃။

ဝိဓာဝိတွာ (ကြိ၊ဝိ) [ ဝိ + ဓာဝု + တွာ ] ထိုမှ ဤမှ ပြေးသွား၍။ အာဓာဝိတွာ ဝိဓာဝိတွာ ကီဠနကာလေ -- ဒါရကံ ဩလောကေတွာ။ အံ၊ ဋ္ဌ၊ ၂။ ၉၉။

ဝိဓာဝုံ (ကြိ) [ ဝိ + ဓာဝု + ဥံ ] ထိုမှ ဤမှ ပြေးသွားကုန်ပြီ။ ယေ တေ နာဂါ အဠှ ဒိသာ ဝိဓာဝုံ။ ဇာ၊ ၁။ ၃၇၅။ ဇာ၊ ဋ္ဌ၊ ၅။ ၅၄။

ဝိဓာသဒ္ဒ (ပု) [ ဝိဓာ + သဒ္ဒ ] ဝိဓာ-သဒ္ဒါ။ ဝိဓာသဒ္ဒေါ မာနသဏ္ဌာနကောဋ္ဌာသေသု ဒိဿတိ။ အဘိ၊ ဋ္ဌ၊ ၁။ ၃၄၃။

ဝိဓာသမတိက္ကန္တ (တိ) [ ဝိဓာ + သမတိက္ကန္တ ] မာနကိုလွန်မြောက်သော။ ဝိဓာသမတိက္ကန္တ (အံ၊၂။၄၃၇) န္တိ တိဿော ဝိဓာ အတိက္ကန္တံ။ အံ၊ ဋ္ဌ၊ ၃။ ၁၆၇။

ဝိဓာသုတ္တ (န) [ ဝိဓာ + သုတ္တ ] ဝိဓာသုတ်၊ (၂-သုတ်)။ သံယုတ္တနိကာယ၊ မဟာဝဂ္ဂ-သံယုတ္တပါဠိ၊ ၁-သံယုတ်၊ ၇-ဝဂ်၊ ၂-သုတ်။ သံယုတ္တနိကာယ၊ မဟာဝဂ္ဂသံယုတ္တပါဠိ၊ ၂-သံယုတ်၊ ၅-ဝဂ်၊ ၁-သုတ်။ သံ၊ ၃။ ၅၂ ၈၇။ သံ၊ ဋ္ဌ၊ ၃။ ၁၇၄၊ ၁၈၉။ သံ၊ ဋီ၊ ၂။ ၄၁၂၊ ၄၂၉။

ဝိဓိ (ပု) [ ဝိ + ဓာ + ဣ။ ဝိဓီယတိ, ဝိဒဓာတိ, ဝိဓာနံ ဝါ ဝိဓိ။ ရူ။ ၅၉၈။ နီတိ၊ သုတ္တ။ ၁၁၃၈။ သုဘာသုဘဖလံ ဝိဒဓာတီတိ ဝိဓိ။ ဓာန်၊ ဋီ။ ၉၀။ ဝိဒဓာတိ ဝိဝိဓံ သဗ္ဗံ ဣတိ ဝိဓိ။ ကပ္ပဒ္ဒုမ။ ဝိဓိ - သံ။ ဝိဟိ - ပြာ၊ အဒ္ဓမာဂဓီ။ ] (၁) အကြောင်း၊ ဥပါယ်၊ နည်းလမ်း။ (၂) အစီအရင်။ (၃) အစဉ်အဆက်၊ အစဉ်အလာ။ (၄) (ရှေးဦးစွာဆိုအပ်သောစကား) အကျဉ်းစကား။ (၅) (ရှေး) ဘုန်းကံ = ကုသိုလ်။ (၆) အဖို့အစု။

(၁) အကြောင်း၊ ဥပါယ်၊ နည်းလမ်း။ ဝိဓိနာ ဝါ နယေန ဥပါယေန ဤရယိတဗ္ဗံ ပဝတ္တယိတဗ္ဗန္တိ ဝီရိယံ။ အဘိ၊ ဋ္ဌ၊ ၁။ ၁၆၃။ (-ဒီ၊ ဋီ၊ ၂။ ၂၁၁။ မူလဋီ၊ ၂။ ၁၅၀။ အနုဋီ၊ ၂။ ၁၅၄)။ (၂) အစီအရင်။ ဝိဓိ (ဝိသုဒ္ဓိ၊၁။၂၀၉) န္တိ ဝိဓာနံ။ " ဇဟိ ပဿာ "တိ ဧဝံ ပဝတ္တဝိဓိဝစနံ။ ဝိသုဒ္ဓိ၊ ဋီ၊ ၁။ ၂၇၇။ ( - ဝိ၊ ဋ္ဌ၊ ၁။ ၁၄၁။ အံ၊ ဋ္ဌ၊ ၂။ ၁၇။ ဝဇိရ၊ ၁၁၅၊ ၃၆၀)။ (၃) အစဉ်အဆက်၊ အစဉ်အလာ။ ဝိဓိ (ဇာ၊ ၁။ ၆၁) တိ ပေါရာဏကပဏ္ဍိတေဟိ ဌပိတပဝေဏီ။ ဇာ၊ ဋ္ဌ၊ ၂။၁၉၂။ (၄) (ရှေးဦးစွာဆိုအပ်သောစကား) အကျဉ်းစကား။ ဝိဓိအနုဝါဒေါ စ ဝေဒိတဗ္ဗော။ နေတ္တိ၊ ဋ္ဌ။ ၃၇။ အနုဝါဒဝိဓယောတိ ပဋ္ဌမဝစနံ ဝိဓိ၊ တဒါဝိကရဏဝသေန ပစ္ဆာ

ဝစနံ အနုဝါဒေါ။ သီ၊ ဋီ၊ သစ်၊ ၁။ ၁၄၁။ (-နေတ္တိ၊ ဋီ။ ၃၈။ နေတ္တိ၊ ဝိ။ ၅၁)။ (၅) (ရှေး) ဘုန်းကံ ၊ ကုသိုလ်။ တံ ကိရ မန္တံ အညံ ဝိဓိရဟိတံ သာဝေတုံ န သက္ကာ။ ဇာ၊ ဋ္ဌ၊ ၂။ ၂၂၃။ (သီ - က္က - မူ)။ (၆) အဖို့ အစု။ ဝိဓာနဝိဓိကောဝိဒ - ကြည့်။

**ဝိဓိအတ္ထ** (တိ) [ ဝိဓိ + အတ္ထ ] စီရင်ခြင်း ဟူသော အနက်ရှိသော။ ဣမိနာ " ဝိဇ္ဈေယေ " တိ ပဒံ သတ္တိအတ္ထံ န ဝိဓိအတ္ထန္တိ ဒဿေတိ။ သံ၊ ဋီ၊ ၁။ ၉၂။

**ဝိဓိအနုဝါဒသံဝဏ္ဏနာ** (ထီ) [ ဝိဓိ + အနုဝါဒ + သံဝဏ္ဏနာ ] ဝိဓိ, အနုဝါဒတို့ကို ဖွင့်ဆိုကြောင်း စကား။ ပဒတ္ထသံဝဏ္ဏနာ ဝိဓိအနုဝါဒသံဝဏ္ဏနာ နိဂမနသံဝဏ္ဏနာ။ နေတ္တိ၊ ဝိ။ ၅၁။

**ဝိဓိပဋိပန္န** (တိ) [ ဝိဓိ + ပဋိပန္န ] အစီအရင်အားဖြင့် ကျင့်အပ်သော။ စိန္တနန္တိ ဣမိနာ -----၊ ပဂေဝ ဝိဓိပဋိပန္နာ ဘာဝနာတိ ဒဿေတိ။ မ၊ ဋီ၊ ၂။ ၃၀၆။

**ဝိဓိပုစ္ဆာ** (ထီ) [ ဝိဓိ + ပုစ္ဆာ ] အစီအရင်ကို မေးခြင်း။ ပရိကပ္ပပုစ္ဆာတိ ဝိဓိပုစ္ဆာ။ မူလဋီ၊ ၃။ ၁၉၉။ ပရိကပ္ပနံ ဝိဒဟနန္တိ ကတွာ အာဟ " ပရိကပ္ပပုစ္ဆာတိ ဝိဓိပုစ္ဆာ " တိ။ အနုဋီ၊ ၃။ ၂၆၈။

**ဝိဓိမုခ** (န) [ ဝိဓိ + မုခ ] အစီအရင်ကို-အဦး-ပဓာန - ပြုခြင်း။ အဘိက္ကမထာတိ ပဒံ အဘိမုခဘာဝေန ဝိဓိမုခေန ဝဒတီတိ အာဟ။ မ၊ ဋီ၊ ၂။ ၁၈၂။

**ဝိဓိယမာန** (တိ) [ ဝိ + ဓာ + ယ + မာန ] ပြုပြင် - စီရင် - အပ်သော။ ပရိကပ္ပေတွာ ဝိဓိယမာနဿ မစ္ဆုတရဏဿ ပုဗ္ဗဘာဂပဋိပဒါ။ နေတ္တိ၊ ဋီ။ ၄၂။

**ဝိဓိဝစန** (န) [ ဝိဓိ + ဝစန ] အစီအရင်ကို ဆိုကြောင်း စကား။ သိယာတိ ဧတံ ဝိဓိဝစနမေဝ။ ပဋိသံ၊ ဋ္ဌ၊ ၂။ ၁၆၃။ (-သံ၊ ဋီ၊ ၁။ ၁၄၈)။

**ဝိဓိဝိဓာနညူ** (တိ) [ ဝိဓိ + ဝိဓာန၊ ) ဝိဓိဝိဓာန+ ဉာ + ရူ ] ရှေးထုံးအစဉ်အလာနှင့် အစီအရင်ကိုသိသော၊ သူ။ ဓီရော စ ဝိဓိဝိဓာနညူ ၊ ပရေသံ ဝိဝရာနုဂူ။ ဇာ၊ ၁။ ၆၁။ ဇာ၊ ဋ္ဌ၊ ၂။ ၁၉၁။ ပေါရာဏကပဏ္ဍိတေဟိ ဌပိတဿ ပဝေဏိသင်္ခါတဿ ဝိဓိနော ကောဋ္ဌာသ-သင်္ခါတံ ဝိဓာနံ ဝါ တဿ ဝါ ဝိဓိနော ဝိဓာနံ သံဝိဒဟနံ အနုဋ္ဌာနံ ဇာနာတိ၊ သော ဝိဓိဝိဓာနညူ ။ ဇာ၊ ဋ္ဌ၊ ၂။ ၁၉၂။

**ဝိဓီယတိ** (ကမ္မုကြိ) [ ဝိ + ဓာ + ယ + တေ။ တေ-ကို တိ-ပြု။ ] (၁) ပြုပြင်-စီရင်-အပ်၏။ (၂) မတူသော အခြင်းအရာအားဖြင့် ထားအပ်၏။ (၁) ပဝါရဏံ ကာတုံ အနုဇာနိကာနံ ပဝါရဏာ က္ကမ ဝိဓီယတိ။ ဝိမတိ၊ ၁။ ၁၆၄။ (-ကင်္ခါ၊ ဋီ၊ ၄၂။ အနုဋီ၊ ၁။ ၉၁)။ (၂) ဝိဓီယတိ ဝိသဒိသာကာရေန ဌပီယတိ။ ဒီ၊ ဋီ၊ ၃။ ၁၉၁။ သံ၊ ဋီ၊ ၁။ ၈၈။

**ဝိဓီယတေ** (ကမ္မုကြိ) [ ဝိ + ဓာ + ယ + တေ ] ဝိဓီယတိ (၁) ကြည့်။ ဝိဓီယတေ, တောယ ဧတ္ထ ဝါ ဓီယတီတိ ဓာတု။ အဘိ၊ ဋ္ဌ၊ ၂။ ၇၂။ ပဋိသံ၊ ဋ္ဌ၊ ၁။ ၇၉။ ဝိသုဒ္ဓိ၊ ၂။ ၁၁၅။

**ဝိဓီယန္တိ** (ကမ္မုကြိ) [ ဝိ + ဓာ + ယ + အန္တေ ] ပြုပြင်-စီရင်-အပ်ကုန်၏။ သေယျောဟ-မသ္မီတိအာဒိနာ တံတံဝိဘာဂေန ဓီယန္တိ ဝိဓီယန္တိ။ သံ၊ ဋီ၊ ၂။ ၄၁၂။

**ဝိဓု** (ပု) [ ဝိဓ + ဥ။ ၁၊ ၂၈-ပါဏိနီ ဥဏာဒိ-ဖြင့် ဥ-ပစ္စည်း။ ဝိဇ္ဈတိ ဝိရဟိဏာန္တိ ဝိဓု၊ စန္ဒော။ ကပ္ပဒ္ဒုမ။ ဝိဓု - သံ။ ဝိဟု - ပြာ။ ]

(၁) ထိုးဖောက်တတ်သော၊ (၂) လ = စန္ဒ။ (၃) ဗိသုကာ = ဝိဇ္ဇာ။ (၄) ဗြဟ္မာ။ (၅) မဟာဒေဝ နတ်မင်း။ (၆) လေ = ဝါယု။ (၇) ပရုပ် = ကပ္ပူရ။ (၁) ဝိဓ ဝိဇ္ဈနေ ---- ဝိဓု၊ ဝိဇ္ဈနကော။ နီတိ၊ ဓာတု။ ၂၃၁။ (၂-၇) ပြာ - အဘိဓာန်။

ဝိဓုတ (တိ) [ ဝိ + ဓု + တ။ နီတိ၊ ဓာတု။ ၂၄၉။ ဝိဓုတ - သံ။ ဝိဟုအ - ပြာ။ ဝိဓုအ- အဒ္ဓမာဂဓီ။ ] (၁) လှုပ်-ခါ-ခါတွက်-အပ်ပြီးသော။ (၂) ပယ်စွန့်-ပယ်သတ်-ပယ်ခွါ-အပ်ပြီးသော။ (၁) အောက်ပုဒ်ကြည့်။ (၂) တတ္ထ ဝိဓူပေါ်ဒို့တောတိ ဝိဓုတော၊ မဂ္ဂဉာဏေန ပဋိနိဿဋ္ဌောတိ အတ္ထော။ ထေရ၊ ဋ္ဌ၊၂။ ၂၉။

ဝိဓုတကေသ (တိ) [ ဝိဓုတ + ကေသ ] လှုပ်- ခါ- ခါတွက်-အပ်ပြီးသော ဆံရှိသော။ ဝိဓုတကေသတာယ ပကိဏ္ဏကေသီ၊ ထေရီ၊ ဋ္ဌ။ ၁၂၉။

ဝိဓုတပါပ (တိ) [ ဝိဓုတ + ပါပ ] ပယ်စွန့်အပ်ပြီးသော မကောင်းမှုရှိသော၊ မကောင်းမှုကို ပယ်စွန့်ပြီးသော။ ဓုတပါပပေါ(ဒီ၊ဋ္ဌ၊၁။၁၅၁)တိ သဗ္ဗေန နိဒ္ဓရလက္ခဏေန ပါပဝါရဏေန ဝိဓုတပါပေါ။ ဒီ၊ ဋီ၊၁။ ၂၃၀။ သီ၊ ဋီ၊သစ်၊၂။ ၅၂။

ဝိဓုတမိစ္ဆာဒဿန (တိ) [ ဝိဓုတ+မိစ္ဆာဒဿန ] ပယ်စွန့်အပ်ပြီးသော မှားသောဉာဏ်အမြင်ရှိသော၊ မှားသော ဉာဏ်အမြင်ကို ပယ်စွန့်ပြီးသော။ ဝိဓုတမိစ္ဆာဒဿနော -------- သမ္မာဒိဋ္ဌိ ပုဗ္ဗင်္ဂမံ ကတွာ။ နေတ္တိ၊ ဋ္ဌ။ ၁၄၆။

ဝိဓုတလတာသင်္ခါတတဏှာ (တိ) [ ဝိဓုတ + လတာသင်္ခါတ + တဏှာ ] ပယ်သတ်အပ်ပြီးသောနွယ်ဟုဆိုအပ်သော တဏှာရှိသော၊ နွယ်ဟုဆိုအပ်သော တဏှာကို ပယ်သတ်ပြီးသော။ အဟံ ဝိဓုတလတာသင်္ခါတတဏှာ ဟုတွာ။ နေတ္တိ၊ ဝိ။ ၂၉၅။

ဝိဓုတသဗ္ဗကိဗ္ဗိသ (တိ) [ ဝိဓုတ + သဗ္ဗ + ကိဗ္ဗိသ ] ပယ်သတ်အပ်ပြီးသော အလုံးစုံသော မကောင်းမှုရှိသော၊ အလုံးစုံသော မကောင်းမှုကို ပယ်သတ်ပြီးသော။ အပိစ ရတနတ္တယပ္ပဏာမေန ဝိဓုတသဗ္ဗကိဗ္ဗိသေ စိတ္တသန္တာနေ -----။ ကင်္ခါ၊ ဋီ၊ သစ်။ ၁၂၀။

ဝိဓုတိကာ (ထီ) [ ဝိဓူတိကာ - ကြည့်။ ] ပန်းလက်ကောက်။ ဝိဓုတိကံ ကရောန္တိပိ ကာရာပေန္တိပိ။ ဝိ၊ ၄။ ၂၃။ (သျှာ - မူ)။

ဝိဓုနတိ • ဝိဓုနာတိ (ကြိ) [ ဝိ + ဓူ + နာ + တိ။ နီတိ၊ ဓာတု။ ၂၄၉။ ဝိဓုနောတိ - သံ။ ဝိဟုဏဣ-ပြာ။ ] (၁) ခါ-ခါတွက်-လှုပ်-၏။ (၂) (အရေ) ဆုတ် - ခွါ - ဖယ်ရှား - ၏။ (၁) ဗြာဟ္မဏာ ဟတ္ထေ ဝိဓုနိံသု။ ဇာ၊ ဋ္ဌ၊ ၁။ ၃၅၄။ (၂) ဝိဓုနိတွာ (၂) ကြည့်။

ဝိဓုနထ (ကြိ) [ ဝိ + ဓူ + နာ + ထ ] (သင်တို့) ခါ-ခါတွက်-လှုပ်-ကုန်၏။ ကဿ ဟတ္ထေ ဝိဓုနထ။ ဇာ၊ ဋ္ဌ၊ ၁။ ၃၅၄။

ဝိဓုနန (န) [ ဝိ + ဓူ + နာ + ယု။ ဝိဓုနန-သံ။ ဝိဟုဏဏ - ပြာ။ ] ခါ-ခါတွက်-လှုပ်-မှော-ခြင်း။ ဝိဓုနနံ ပပ္ဖောဋနံ၊ ပဝါဟနန္တိ အတ္ထော။ အနုဋီ၊ ၂။၁၈၀။ အောက်ပုဒ်လည်းကြည့်။

ဝိဓုနနတ္ထ (တိ) [ ဝိဓုနန + အတ္ထ ] ခါ-ခါတွက်-လှုပ် - မှော - ခြင်း ဟူသော အနက်ရှိသော၊ သဒ္ဒါ။ ဝါသဒ္ဒေါ ဝိဓုနနတ္ထောပိ ဟောတိ။ မူလဋီ၊၂။ ၁၇၉။

ဝိဓုနန္တ (တိ) [ ဝိ + ဓူ + နာ + အန္တ ] (၁) ခါ-လှုပ်-သော၊ သူ။ (၂) (က) ခါတွက်-ဖျက်ဆီး-သော၊ သူ။ (ခ) အထူးထူး အပြားပြား လှုပ်စေသော၊ သူ။ (၁) ကုက္ကုစ္စပေါတကာ

ပကေ္ခ ဝိဓုနန္တာ ----- နိက္ခမန္တိ။ ဝိ၊ ဋ္ဌ၊ ၁။
၁၀၉။ ပကေ္ခ ဝိဓုနန္တာ (အံ၊ ဋ္ဌ၊ ၃။ ၂၀၃) တိ
ပတ္တေ စာလေန္တာ။ အံ၊ ဋီ၊ ၃။ ၂၁၅။ (၂) (က)
(ခ) နခပတ္တတုဏ္ဍာဒီဟိ တဿ ဖလာနိ
ဝိဒ္ဓံသေန္တာ ဝိဓုနန္တာ ခါဒန္တိ။ ဒီ၊ ဋ္ဌ၊ ၁။ ၁၈၆။
ဝိဓုနန္တာတိ ဝိဘိန္ဒန္တာ၊ ဝိစာလေန္တာ ဝါ။
သီ၊ ဋီ၊ သစ်၊ ၂။ ၁၁၇။

**ဝိဓုနန္တိ** (ကြိ) [ ဝိ + ဓူ + နာ + အန္တိ ] ခါ-ခါတွက် - ကုန်၏။ ဓုနန္တီတိ စာမရဘာရံ ကေသရဘာရံ ဝါလဓိဥ္စ ဝိဓုနန္တိ။ ဝိမာန၊ ဋ္ဌ။ ၂၅၉။ (-ဇာ၊ ဋ္ဌ၊ ၆။ ၁၃၅)။

**ဝိဓုနမာန** (တိ) [ ဝိ + ဓူ + နာ + မာန ] ဝိဓုနန္တ - ကြည့်။ ဓုနမာနောတိ ဝါကစီရာနိ ဝိဓုနမာနော၀။ ဗုဒ္ဓဝံ၊ ဋ္ဌ။ ၂၇၁။

**ဝိဓုနိံသု** (ကြိ) [ ဝိ + ဓူ + နာ + ဥံ ] ခါ-ခါတွက် -လှုပ် -ကုန်ပြီ။ ဗြဟ္မဏာ ဟတ္ထေ ဝိဓုနိံသု။ ဇာ၊ ဋ္ဌ၊ ၁။ ၃ ၅၄။ ဇာ၊ ဋ္ဌ၊ ၃။ ၄၁။

**ဝိဓုနိ** (ကြိ) [ ဝိ + ဓူ + နာ + ဤ ] ခါ-ခါတွက်-လှုပ်-ပြီ။ တံ ဒိသွာ မဟာဇနော အင်္ဂုလိယော ဝိဓုနိ။ သုတ္တနိ၊ ဋ္ဌ၊ ၂။ ၂၉၃။

**ဝိဓုနိတုံ** (ဗျ) [ ဝိ + ဓူ + နာ + တုံ ] အောက်ပုဒ်ကြည့်။

**ဝိဓုနိတုကာမ** (တိ) [ ဝိဓုနိတုံ + ကမု + ဏ ] ခါ - ခါတွက် - ခြင်းငှါ အလိုရှိသော၊ သူ။ ဒေါသေ ဝိဓုနိတုကာမော။ ဝိသုဒ္ဓိ၊ ၁။ ၆၉။

**ဝိဓုနိတွာ** (ကြိ၊ ဝိ) [ ဝိ + ဓူ + နာ + တွာ ] (၁) ခါ-ခါတွက်-လှုပ်-၍။ (၂) (အရေကို) ဆုတ်-ခွါ-ဖယ်ရှား-၍။ (၁) သီဟဝိဇမ္ဘိတံ ဝိဇမ္ဘိတွာ ကေသရဘာရံ ဝိဓုနိတွာ။ ဒီ၊ ဋ္ဌ၊ ၂။ ၁၆၆။ (၂) အထ ခေါ သော ပါပုပါသကော တံ ဝဏ္ဏကံ ဝဓိတွာ စမ္မံ ဝိဓုနိတွာ။ ဝိ၊ ၃။ ၂၈၂။ (-ဝိ၊ ဋ္ဌ၊ ၂။ ၂၄၇)။

**ဝိဓုရ** (တိ) [ ဝိ + ဓုရ။ ဝိဂတော ဓုရော ဘာရော ယသ္မာတိ ဝိဓုရော။ ကပ္ပဒ္ဒုမ၊ ကောတ္ထုဘာ။ ဝိဂတော ဓုရော သဒိသ-ဘာဝေါ ယသ္မာတိ ဝိဓုရော။ ဓာန်၊ ဋီ။ ၇၆၅။ ဝိဓ + ဥရ။ ဓာန်၊ ဋီ။ ၇၆၅။ ဝေဓတိ ဟိံသတီတိ ဝါ ဝိဓုရံ။ သူစိ။ ၅၀၁ - နှာ။ ဏွာဒိ။ ၁၄၈။ ဝိဓုရ-သံ၊ ပြာ။ ဝိဟုရ-ပြာ၊ အဒ္ဓမာဂဓီ။ ] (၁) ထူးမြတ်သော လုံ့လရှိသော၊ သူ။ (၂) ကင်းသော-တုဘက်-ပြိုင်ဘက် - ရှိသော၊ တုဘက်-ပြိုင်ဘက်-ကင်းသော၊ (= အတုမရှိသော) သူ။ (၃) မတူ-ထူးခြား-သော။ (၄) ဆန့်ကျင်သော။ (န) (၅) စင်စစ် ကွေကွင်းခြင်း၊ ဝေးကွာခြင်း၊ ငြင်းခုံခြင်းသို့ ရောက်ခြင်း။ (၆) ဝိဓုရအမည်ရှိသောသူ--- (က) သဗ္ဗဒါဋ္ဌဇာတ် (ဇာ၊ ၁။ ၆၇။ ဇာ၊ ဋ္ဌ၊ ၂။ ၂၂၂-၅) လာ ဗာရာဏသီမင်း၏ ပုရောဟိတ်ပုဏ္ဏား၊ ( ဂေါတမဘုရားအလောင်း)။ (ခ) စတုပေါသထိယဇာတ်, (ဇာ၊ ၁။ ၂၀၃-၅။ ဇာ၊ ဋ္ဌ၊ ၄။ ၁၅) ဝိဓုရဇာတ် (ဇာ၊ ၂။ ၂၇၅၊ ၃၁၁။ ဇာ၊ ဋ္ဌ၊ ၇။ ၁၅၁၊ ၂၄၀) တို့၌လာသော အမတ်။ (ဂ) ဒသဗြာဟ္မဏဇာတ်, (ဇာ၊ ၁။ ၃၀၂-၆။ ဇာ၊ ဋ္ဌ၊ ၄။ ၃၆၁-၉) ဓူမကာရိဇာတ် (ဇာ၊ ၁။ ၁၇၀-၁။ ဇာ၊ ဋ္ဌ၊ ၃။ ၃၇၈-၈၁) တို့လာ ကုရုတိုင်း ဣန္ဒပတ္ထမြို့ ဓနဥ္စယကောရဗျမင်း၏ ပုရောဟိတ်ပုဏ္ဏား။ (ဃ) သမ္ဘဝဇာတ် ( ဇာ၊ ၁။ ၃၇၆ - ၈၀။ ဇာ၊ ဋ္ဌ၊ ၅။ ၅၈၊ ၆၉) လာ ဗာရာဏသီမင်း၏ ပုရောဟိတ် ပုဏ္ဏား ( ရှင်မဟာကဿပအလောင်း)။ (င) ကကုသန်ဘုရားရှင်၏ လက်ျာရံ အဂ္ဂသာဝကထေရ်။

(၁) ထူးမြတ်သော လွန်လရှိသော၊ သူ။ ဝိဓုရော (အံ၊ ၁။ ၁၁၄) တိ ဝိသိဋ္ဌဓုရော ဥတ္တမဓုရော ဉာဏသမ္ပယုတ္တေန ဝီရိယေန သမန္နာဂတော။ အံ၊ ဋ္ဌ၊ ၂။ ၈၆။ (၂) ကင်းသော-တုဘက်-ပြိုင်ဘက်-ရှိသော၊ တုဘက်-ပြိုင်ဘက်-ကင်းသော (အတုမရှိသော) သူ။ ဝိဓုရော (သုတ္တနိ။ ၄၇၀) တိ ဝိဂတဓုရော၊ အပ္ပဋိမောတိ ဝုတ္တံ ဟောတိ။ သုတ္တနိ၊ ဋ္ဌ၊ ၂။ ၂၉၈။ (၃) မတူ - ထူးခြား - သော။ ဝိဓုရော (မ၊ ၁။ ၄၀၉) တိ ဝိဂတဓုရော အညေဟိ သဒ္ဓိံ အသဒိသောတိ အတ္ထော။ မ၊ ဋ္ဌ၊ ၂။ ၃၁၄။ အညဿ ဝါ ဝေသမံ ဓုရော ဝိဓုရော။ တေနာဟ " အညေဟိ သဒ္ဓိံ အသဒိသော " တိ။ မ၊ ဋီ၊ ၂။ ၃၂၀။ (-မူလဋီ၊ ၁။ ၁၄၄။ အနုဋီ၊ ၁။ ၁၀၃)။ (၄) ဆန့်ကျင်သော။ ဝိဓုရတာဒဿန - ကြည့်။ (န) (၅) စင်စစ်ကွေကွင်းခြင်း၊ ဝေးကွာခြင်း၊ ငြင်းခုံခြင်းသို့ ရောက်ခြင်း။ ပဝိသိလေသော ဝိဓုရံ။ ဓာန်။ ၇၆၅။

(၆) ဝိဓုရအမည်ရှိသောသူ--- (က) သဗ္ဗဒါဠိဇာတ်လာ ပုရောဟိတ်ပုဏ္ဏား။ တဒါ တောမိသတ္တော ဝိဓုရော နာမ ပဏ္ဍိတော အဟောသိ။ မိလိန္ဒ၊ ၂၀၀။ (ခ) စတုပေါ-သထိယဇာတ်, ဝိဓုရဇာတ်တို့လာ အမတ်။ ဒုလ္လဘာ ဟိ ဝိဓုရဿ ဒဿန (ဇာ၊၂။၂၇၅)န္တိ အသမဓုရဿ ဝိဓုရဿ ဒဿနမေဝ ဒုလ္လဘံ။ ဇာ၊ ဋ္ဌ၊ ၇။၁၆၀။ (ဂ) ဒသဗြာဟ္မဏ ဇာတ်, မှုမကာရီဇာတ်တို့လာ ပုရောဟိတ် ပုဏ္ဏား။ တဿ ဝိဓုရော နာမ အမစ္စော အတ္ထဓမ္မ မနုသာသတိ။ ဇာ၊ဋ္ဌ၊၄။၃၆၁။ ဝိဓုရပဏ္ဍိတောတိဿ နာမံ ကရိံသု။ ဇာ၊ ဋ္ဌ၊ ၃။ ၃၇၉။ (ဃ) သမ္ဘဝဇာတ်လာ ပုဏ္ဏား။ ဇာရာဏသိရညော ပန ပုရောဟိတော ဝိဓုရော နာမ ဗြာဟ္မဏော အတ္ထိ။ ဇာ၊ ဋ္ဌ၊ ၅။ ၅၉။ (င) ကကုသန်ဘုရားရှင်၏ လက်ျာရံ အဂ္ဂသာဝကထေရ်။ ဝိဓုရော စ သဉ္ဇီဝေါ စ၊ အဟေသုံ အဂ္ဂသာဝကာ။ ဗုဒ္ဓဝံ။ ၃၇၂။ ဝိဓုရံ သာဝက (ထေ၇။၃၆၅) န္တိ ဝိဓုရံ နာမ ကကုသန္ဓဿ ဘဂဝတော အဂ္ဂသာဝကံ။ ထေရ၊ ဋ္ဌ၊ ၂။ ၄၉၄။ (-ဒီ၊ ၂။ ၄။ မ၊ ၁။၄၀၈။ ဒီ၊ ဋ္ဌ၊ ၂။ ၁၀။ အဘိ၊ ဋ္ဌ၊ ၁။ ၇၀။ ပဋိသံ။ ဋ္ဌ၊ ၂။ ၂၈၅။ အပ၊ ဋ္ဌ၊ ၁။ ၅၃။ ဇာ၊ ဋ္ဌ၊၁။ ၅၁)။

**ဝိဓုရကာလ** (ပု) [ ဝိဓုရ + ကာလ ]
ဝိဓုရသုခမိန်၏ -ဖြစ်ရာကာလ-လက်ထက်။ တထာ ဟိ အဟံ ဝိဓုရကာလေ သဋ္ဌိယောဇနုဗ္ဗေဓေ ကာဠပဗ္ဗတမုဒ္ဓနိ ----။ ဇာ၊ ဋ္ဌ၊ ၇။ ၁၅၁။

**ဝိဓုရဇာတက** (န) [ ဝိဓုရ + ဇာတက ]
ဝိဓုရဇာတ်။ ဝိဓုရအမတ်၏ ဖြစ်ခဲ့ဘူးသော အကြောင်းအရာကို ဟောကြောင်းဖြစ်သော-စကားရပ်-ပါဠိ။ ခုဒ္ဒကနိကာယ၊ဇာတကပါဠိ၊ ၂၂-မဟာနိပါတ၊ ၉-ဇာတ်။ ဇာ၊ ၂။ ၂၇၅။ (ပုဏ္ဏကဇာတ် ဟူ၍လည်းကောင်း, ဝိဓုရ ဇာတ်ဟူ၍လည်းကောင်း အမည် ၂-မျိုးတို့ဖြင့်ခေါ်ဆိုအပ်သော ဤဝိဓုရဇာတ်ကို ဘုရားရှင်သည် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် မိမိ၏ပညာပါရမီကို အကြောင်းပြု၍ဟောတော်မူသည်။ ထိုဇာတ်သည် မဟာနိပါတ်ခေါ် ဇာတ်တော်ကြီး (၁၀) ဖွဲ့တို့တွင် (၉) ခုမြောက်ဖြစ်၍ ဂါထာပေါင်း (၃၀၉) ဂါထာတို့ဖြင့် စီကုံးဖွဲ့ဆိုအပ်သော ဇာတ်တော်ဖြစ်လေသည်။

ထိုဇာတ်၌ ဝိဓုရအမတ်၏ မယားကြီးကား ယသောဓရာအလောင်း, ဝိဓုရအမတ်၏ သားကြီးကား ရာဟုလာအလောင်း,

ဝရုဏနာဂါးမင်း၏ မိဖုရား ဝိမလာကား ဥပ္ပလဝဏ်အလောင်း, ဝရုဏနာဂါးမင်းကား ရှင်သာရိပုတ္တရာအလောင်း, ဂဠုန်မင်းကား ရှင်မောဂ္ဂလ္လာန်အလောင်း, သိကြားမင်းကား ရှင်အနုရုဒ္ဓါအလောင်း, ဓနဉ္စယကောရဗျ မင်းကား ရှင်အာနန္ဒာအလောင်း, ပုဏ္ဏက ဘီလူးကား ဆန္နအလောင်း, ဝိဓုရအမတ် ကား ဂေါတမဘုရားအလောင်း ဖြစ်သည်။ ဇာ၊ ဋ္ဌ၊ ၇။ ၁၅၁၊ ၂၄၀)။

ဝိဓုရတာ (ထီ) [ ဝိဓုရ + တာ ] (၁) မတူ-ထူး ခြား-သည်၏အဖြစ်။ (၂) ဆန့်ကျင်သည်၏ အဖြစ်။ (၁) အလောဘာဒေါသာမောဟာနံ ဝိဓုရတာယ ပဋိပက္ခဘာဝေန စ လဒ္ဓမာနော။ အနုဋီ၊ ၁။ ၁၀၃။ (၂) အောက်ပုဒ်ကြည့်။

ဝိဓုရတာဒဿန (န) [ ဝိဓုရတာ + ဒဿန ] ဆန့်ကျင်သည်၏ အဖြစ်ကို ပြခြင်း။ " အတ္ထသံဟိတံ န ဟောတီ " တိ ဣမိနာ ဥဘယတ္ထ ဝိဓုရတာဒဿနေန နိရတ္ထက- ဝိပ္ပလာပတံ တဿ ဝါဒဿ ဝိဘာဝေတိ။ ဒီ၊ ဋီ၊ ၃။ ၉၆။

ဝိဓုရပဏ္ဍိတ (ပု) [ ဝိဓုရ + ပဏ္ဍိတ ] ဝိဓုရ ပညာရှိ၊ ပညာရှိသော ဝိဓုရ၊ ဝိဓုရသုခမိန်။ (က) ဓုမကာရီဇာတ် (ဇာ၊ ၁။ ၁၇၀-၁။ ဇာ၊ ဋ္ဌ၊ ၃။ ၃၇၈-၈၁) လာ ကုရုတိုင်း ဣန္ဒပတ္ထ မြို့ ဓနဉ္စယကောရဗျမင်း၏ အမတ်။ (ခ) ဒသဗြာဟ္မဏဇာတ် ( ဇာ၊ ၁။ ၃၀၂-၆။ ဇာ၊ ဋ္ဌ၊ ၄။ ၃၆၁-၉) လာ ကုရုတိုင်း ဣန္ဒပတ္ထမြို့ ဓနဉ္စယကောရဗျမင်း၏ အမတ်။ (ဂ) ဝိဓုရ ဇာတ်(ဇာ၊၂။၂၇၅၊၃၁၁။ ဇာ၊ဋ္ဌ၊၇။၁၅၁၊၂၄၀) လာ ကုရုတိုင်း ဣန္ဒပတ္ထမြို့ ဓနဉ္စယကောရဗျ မင်း၏အမတ်။ (က) ဝိဓုရပဏ္ဍိတောတိဿ နာမံ ကရိံသု။ ဇာ၊ ဋ္ဌ၊ ၃။ ၃၇၉။ (ခ) ဝိဓုရ- ပဏ္ဍိတောန သဒ္ဓိံ မန္တယိဿာမိ။ ဇာ၊ ဋ္ဌ၊ ၄။ ၃၆၁။ (ဂ) ဝိဓုရပဏ္ဍိတော နာမ အမစ္စော တဿ အတ္ထဓမ္မာနုသာသကော အဟောသိ။ ဇာ၊ ဋ္ဌ၊ ၇။ ၁၅၁။ (-ဇာ၊ ဋ္ဌ၊ ၁။ ၅၅)။

ဝိဓုရပဏ္ဍိတကာလ (ပု) [ ဝိဓုရပဏ္ဍိတ+ကာလ] ဝိဓူရပညာရှိ - ဖြစ်ရာကာလ - လက်ထက်။ ဝိဓုရပဏ္ဍိတကာလေ ပညာပါရမိတာယ ပူရိတတ္တဘာဝါနံ ပရိမာဏံ နာမ နတ္ထိ။ အဘိ၊ ဋ္ဌ၊ ၁။ ၇၃။ အပ၊ ဋ္ဌ၊ ၁။ ၅၆။

ဝိဓူတ (တိ) [ ဝိ + ဓူ + တ။ နီတိ၊ ဓာတု။ ၁၀၇။ ဝိဓူတ - သံ။ ဝိဟူအ - ပြာ၊ ဝိဟူယ- အဒ္ဓမာဂဓီ။ ] လှုပ်-ခါတွက်-ဖျက်ဆီး-ဖြတ် တောက်-အပ်ပြီးသော။ ဝိဓူတလတ-ကြည့်။

ဝိဓူတတဏှာလတ (တိ) [ ဝိဓူတာ + တဏှာလတာ ] လှုပ် - ခါတွက် - ဖျက်ဆီး- ဖြတ်တောက်-အပ်ပြီးသော တဏှာဟူသော နွယ်ရှိသော၊ တဏှာဟူသော နွယ်ကို-လှုပ်- ခါတွက် -ဖျက်ဆီး -ဖြတ်တောက် -ပြီးသော။ ဝိဓူတလတ - ကြည့်။

ဝိဓူတမိစ္ဆာဒဿန (တိ) [ ဝိဓူတ+မိစ္ဆာဒဿန ] လှုပ်-ခါတွက်-ဖျက်ဆီး-ဖြတ်တောက် -အပ် ပြီးသော မှားသောအမြင်ရှိသော၊ မှားသော အမြင်ကို -လှုပ် - ခါတွက် - ဖျက်ဆီး -ဖြတ် တောက်-ပြီးသော။ သမ္မာဒိဋ္ဌိပုရေက္ခာရောတိ သမ္မာသင်္ကပ္ပဂေါစရတာယ ဝိဓူတမိစ္ဆာ- ဒဿနော။ ဥဒါန၊ ဋ္ဌ။ ၂၁၈။

ဝိဓူတလတ (တိ) [ ဝိဓူတာ + လတာ ] ဝိဓူတတဏှာလတ - ကြည့်။ ဝိဓူတလတော (နေတ္တိ။ ၁၂၀) တိ ဝိဓူတတဏှာလတော၊ သမုစ္ဆိန္နတဏှောတိ အတ္ထော။ နေတ္တိ၊ ဋ္ဌ။ ၂၃၁။

ဝိမူတိကာ (ထီ) [ ဝိဓ + ဦတိက။ တစ်နည်း-- ဝိမူတ + က္ကက။ ဝိဖျိတွာ ကတာ။ ဝိ၊ ဋ၊ ၂။ ၂၀၁။ သုတ်ကြီးဖြင့် စီရင်။ ဝိမူတိက- သက္ကတပိဋကေ။ ] ပန်းလက်ကောက်၊ပန်းကုံး။ ဝိမူတိကံ ကရောန္တိပိ ကာရာပေန္တိပိ။ ဝိ၊ ၁။ ၂၇၄။ ဝိ၊ ၄။ ၂၃။ ဝိမူတိကာတိ သူစိယာ ဝါ သလာကာယ ဝါ သိန္ဓုဝါရပုပ္ဖါဒီနိ ဝိဖျိတွာ ကတာ။ ဝိ၊ ဋ၊ ၂။ ၂၀၁။ ဝိမူတေန ကတာ ဝိမူတိကာ။ ဝိ၊ ဋ၊ ၂။ သျ-၅၈၂။ (မအူမူ)။

ဝိမူပတိ (ကြိ) [ ဝိ + မူပ + အ + တိ။ နီတိ၊ ဓာတု။ ၁၂၂။ ပါဏိနီ၊ ဓာတု။ ၃၉၆။ (ဝိ) မူပတိ-သံ။ ] ငြိမ်းအေး၏။ ဝိမူပေတိ² - ကြည့်။

ဝိမူပန¹ (န) [ ဝိ + မူပ + ယု။ နီတိ၊ ဓာတု။ ၁၂၂။ ] (၁) (လေးထောင့်) ယပ်၊ ယပ်တောင်။ (၂) (အမှတ်မရှိ၊ သာမန်) ယပ်၊ ယပ်တောင်။ (၁) ဝိမူပန (ဝိ၊ ၄။ ၂၆၈) န္တိ ဗီဇနိ ဝုစ္စတိ။ ဝိ၊ ဋ၊ ၄။ ၅၂။ ဗီဇနီတိ စတုရဿဗီဇနီ။ ပါစိတ်၊ ယော။ ၄၆၀။ ဝိမူပန ( ဝိမာန။ ၄၇။ မ၊ ဋ၊ ၁။ ၃၂၃ ) န္တိ စတုရဿဗီဇနီ။ ဝိမာန၊ ဋ။ ၁၃၄။ မ၊ ဋီ၊ ၂။ ၁၄။ (၂) ဝိမူပနံ နာမ ယာကာစိ ဗီဇနီ။ ဝိ၊ ၂။ ၃၄၅။ ဝိမူပနေနာတိ ယာယ ကာယစိ ဗီဇနိယာ။ ကင်္ခါ။ ၃၁၅။

ဝိမူပန² (တိ) [ ဝိ + မူပ + ယု။ နီတိ၊ ဓာတု။ ၁၂၂။ ] အထူးသဖြင့် -ပူစေ -ပြုတ် -ဖျော- ကျို - ချက် - အပ်သော။ အလောဏကံ ဝိမူပနံ ဥဒကမတ္တသိတ္တံ ကာရပဏ္ဏံ ခါဒမာနာပိ။ ဇာ၊ ဋ၊ ၄။ ၂၇၇။

ဝိမူပနတာလဝဏ္ဍ (န) [ ဝိမူပန + တာလဝဏ္ဍ ] ထန်း၍ကျက်ယပ်တောင်။ အညာသံ ပန ----- မောရပိဉ္ဆမယဗီဇနီနံ, ဝိမူပနတာလဝဏ္ဍာနဥ္စ ကပ္ပိယတ္တာ တဿာယေဝ ဂဟဏံ ဒဋ္ဌဗ္ဗံ။ သီ၊ ဋီ၊ သစ်၊ ၁။ ၃၆၆။

ဝိမူပနဒါယက (တိ) [ ဝိမူပန + ဒါယက။ ထီ-၌ ဝိမူပနဒါယိကာ။ ] (ရတနာ ၇-ပါးဖြင့် ပြီးသော) ယပ်-ယပ်တောင်-ကို ပေးလှူတတ် သော၊ သူ။ အာယသ္မာ ဝိမူပနဒါယကော ထေရော ဣမာ ဂါထာယော အဘာသိတ္ထ။ အပ၊ ၁။ ၁၁၅။

ဝိမူပနဒါယကတ္ထေရ (ပု) [ ဝိမူပနဒါယက + ထေရ ] ဝိမူပနဒါယကထေရ်၊ ( ရတနာ ၇-ပါးဖြင့်ပြီးသော) ယပ် - ယပ်တောင် - ကို ပေးလှူတတ်သော ထေရ်။ ဝိမူပနဒါယ- ကတ္ထေရဿာပဒါနံ ပဌမံ။ အပ၊ ၁။ ၁၁၅။ (-ထေရ၊ ဋ၊ ၂။ ၇၇)။

ဝိမူပနဒါယကတ္ထေရအပဒါန (န) [ ဝိမူပနဒါယ- ကတ္ထေရ + အပဒါန ] ဝိမူပနဒါယကထေရ်၏-အပဒါန်- အကြောင်းအရာ- အတ္ထုပ္ပတ္တိ။ ခုဒ္ဒကနိကာယ၊ ထေရာပဒါနပါဠိ၊ ၆ - ဝဂ်၊ ၁-အပဒါန်။ အပ၊ ၁။၁၁၅။ အပ၊ ဋ၊ ၂။၇၈။

ဝိမူပနီယ (တိ) [ ဝိ + မူပ + အနီယ။ နီတိ၊ ဓာတု။ ၃၂၇။ ] ပယ်ဖျောက် - ဖျက်ဆီး- အပ်-သင့်-ထိုက်-သော။ အရိယမဂ္ဂေါ ဝါ ဒဋ္ဌဗ္ဗော သုရိယပါတုဘာဝေါ ဝိယ တေန ဝိမူပနီယန္ဓကာရဝိဓမနတော။ သံ၊ ဋီ၊ ၂။ ၄၀၉။

ဝိမူပယန္တ¹ (တိ) [ ဝိ + မူပ + ဏယ + အန္တ။ ထီ-၌ ဝိမူပယန္တာ, ဝိမူပယန္တီ။ ] ပယ်ဖျောက်- ဖျက်ဆီး-တတ်သော။ ဝိမူပတိ-လည်းကြည့်။ ဝိမူပယံ တိဋ္ဌတိ မာရသေနံ ( ဝိ၊ ၃။ ၂။ ဥဒါန။၇၉) ----- မာရသေနံ ဝိမူပယန္တော

ဝိဓမေန္တော ဝိဒ္ဓံသေန္တော တိဋ္ဌတိ။ ဝိ၊ ဋ္ဌ၊ ၃။ ၂၃၇။ ဥဒါန၊ ဋ္ဌ။ ၄၆။ "ဝိဓမေန္တော" တိ- က္ကမိနာ ဝိဓူပယန္တိ ဧတ္ထ ဓူပဓာတုယာ ဝိဓမနတ္ထံ ဒဿေတိ လိမ္ပနတ္ထာဒယော နိဝတ္တေတိ။ ပါစိတ်၊ ယော။ ၁၉၀။

ဝိဓူပယမာန (တိ) [ ဝိ + ဓူပ + ယ + မာန။ နီတိ၊ ဓာတု။ ၁၂၂။ ] (လေ) တိုက်ခတ်အပ်သော။ အာဝုတန္တိ မန္ဒေန မာလုတေန သဏိကသဏိကံ ဝိဓူပယမာနံ။ ဝိမာန၊ ဋ္ဌ။ ၁၆၂။

ဝိဓူပိတ (တိ) [ ဝိ + ဓူပ + ဏေ + တ။ နီတိ၊ ဓာတု။ ၁၂၂၊ ၃၂၇။ (ဝိ) ဓူပိတ-သံ။ ] (၁) ပူပန် - ပူလောင် - စေအပ်သော။ (၂) လောင်ကျွမ်း - လောင်မြိုက် - အပ်သော။ (၃) ဖြတ်တောက်အပ်သော။ (၄) ပယ်ဖျောက်-ဖျက်ဆီး-အပ်သော။ (၁) ဝိဓူပိတာ (သံ၊ ၁။ ၁၄။ သံ၊ ဋ္ဌ၊၁။၅၀) တိ သန္တာပိတာ ဉာဏဂ္ဂိနာ ဒၶာ။ သံ၊ဋီ၊၁။၉၅။ (၂) ဝိဓူပိတာ (အံ၊ ၁။ ၃၁၂) တိ ဝိဒ္ဓံသိတာ ဈာပိတာ ဝါ။ အံ၊ ဋ္ဌ၊ ၂။ ၂၅၁။ ဝိဓူပိတာ (သုတ္တနိ။၃၄၈)တိ ဒၶာ။ သုတ္တနိ၊ ဋ္ဌ၊ ၂။ ၁၃၆။ (၃) ဝိဓူပိတာ (ဥဒါန။၁၆၆) တိ --- သဗ္ဗေပိ မိစ္ဆာဝိတက္ကာ ဝိဓူပိတာ အရိယမဂ္ဂဉာဏေန သန္တာပိတာ သမုစ္ဆိန္နာ။ ဥဒါန၊ ဋ္ဌ။ ၃၁၇။ (၄) ဝိဓူပိတာ (အံ၊ ၃။ ၇) တိ ဝိဓမိတာ ဝိဒ္ဓံသိတာ။ အံ၊ ဋ္ဌ၊ ၃။ ၁၉၆။ (-သံ၊ ဋ္ဌ၊ ၁။၅၀။ အံ၊ ဋ္ဌ၊၂။၂၅၁)။

ဝိဓူပေတိ¹ (ကြိ) [ ဝိ + ဓူပ + ဏေ + တိ။ နီတိ၊ ဓာတု။ ၃၂၇။ ပါဏိနီ၊ ဓာတု။ ၁၇၇၃။ (ဝိ) ဓူပယတိ-သံ။ ] ပယ်ဖျောက်-ဖျက်ဆီး-၏။ ဝိဓူပယန္တိ² - ကြည့်။

ဝိဓူပေတိ² (ကာ၊ကြိ) [ ဝိ + ဓူပ + ဏေ + တိ။ နီတိ၊ ဓာတု။ ၁၂၂။ ဝိဓူပတိ-မှ။ ] (၁) ငြိမ်းအေးစေတတ်၏။ (၂) (အနံ့ကို) ကြိုင်-လှိုင်-စေတတ်၏။ (၁) ဝိဓူပေန္တိ (ပဋိသံ။၃၅၀) တိ နိဗ္ဗာပေန္တိ။ ပဋိသံ၊ ဋ္ဌ၊ ၂။ ၂၂၇။ ဝိဓူပေတိ ( သံ၊ ဋ္ဌ၊ ၂။ ၂၇၃ ) တိ ဝဋ္ဋတ္တယသင်္ခါတံ အဂ္ဂိက္ခန္ဓံ ဝိဂတဓူမံ ဝိဂတသန္တာပံ ကရောတီတိ အတ္ထော။ သံ၊ ဋီ၊ ၂။ ၂၃၉။ (မဟာနိ။ ၁၇။ မဟာနိ၊ ဋ္ဌ။ ၇၆)။ (၂) တံ သမန္တာ ဝိဓူပေတိ အဘိဗျာပေတိ။ မိလိန္ဒ။ ၂၄၅။

ဝိဓူပေတွာ (ကာ၊ကြိ၊ဝိ) [ ဝိ + ဓူပ + ဏေ + တွာ။ နီတိ၊ ဓာတု။ ၁၂၂။ ] ငြိမ်းအေးစေပြီး၍။ ဝိဓူပေတိ-တို့လည်းကြည့်။ ဝိဓူပေတွာ ဌိတော (မဟာနိ။ ၁၇) တိ တံ နိဗ္ဗာပေတွာ ဌိတော။ မဟာနိ၊ ဋ္ဌ။ ၇၆။

ဝိဓူမ (တိ) [ ဝိ + ဓူမ။ ဝိဓူမ - သံ၊ ပြာ၊ အဒ္ဓမာဂဓီ။ ] အခိုး - မရှိ - ကင်း - သော (က) အမျက်ဒေါသဟူသော အခိုးမှ ကင်းသော။ (ခ) မိစ္ဆာဝိတက်ဟူသော အခိုးမှ ကင်းသော။ (ဂ) ကာယဒုစရိုက်စသော အခိုးမှ ကင်းသော။ (က) သတော ဝိဓူမော အနီဃော နိရာသော။ သံ၊၁။၁၄၃။ (သုတ္တနိ။ ၃၄၆)။ ကောဓဓူမဝိဂမာ ဝိဓူမော။ သံ၊ ဋ္ဌ၊ ၁။ ၁၉၀။ ဝိဓူမော ( အံ။ ၁။ ၃၅၄ ) တိ ကောဓဓူမေန ဝိဂတဓူမော။ အံ၊ ဋ္ဌ၊ ၂။ ၃၀၄။ ကောဓဓူမဝိဂမေန ဝိဓူမံ။ သုတ္တနိ၊ ဋ္ဌ၊ ၂။ ၁၃၁။ (ခ) ဝိဓူမော ( ပေတ။ ၁၈၅ ) တိ ဝိဂတမိစ္ဆာဝိတက္ကဓူမော။ ပေတ၊ ဋ္ဌ။ ၂၁၄။ (ဂ) ဝိဓူမော (အံ၊ ၁။ ၁၃၂။ သုတ္တနိ။ ၄၃၆။ စူဠနိ။၈)တိ ကာယဒုစ္စရိတာဒိဓူမဝိရဟိတော။ အံ၊ ဋ္ဌ၊ ၂။ ၁၀၁။ သုတ္တနိ၊ ဋ္ဌ၊ ၂။ ၃၀၄။ စူဠနိ၊ ဋ္ဌ။ ၁၄။

ဝိဓူမိတ (တိ) | ဝိဓူမ + တ။ နာမဓာတ်။ | အခိုးကင်းသည်ကို ပြုအပ်ပြီးသော၊ အခိုးကင်းအောင်ပြုအပ်ပြီးသော။ ကာယဒုစ္စရိတံ ဝိဓူမိတ (စူဠနိ။၅၉) န္တိ ဝိဓမိတကာယဒုစ္စရိတံ ဝိဓူမံ ကတံ။ စူဠနိ၊ ဋ္ဌ။ ၁၄။

ဝိဓူယမာန (တိ) | ဝိ + ဓု + ယ + မာန။ ဝိဓုနာတိ-မှ။ | အထူးထူး အပြားပြားလှုပ်ခါအပ်သော။ အောက်ပုဒ်ကြည့်။

ဝိဓူယမာနကေသ (တိ) | ဝိဓူယမာန+ကေသ | အထူးထူး အပြားပြား လှုပ်ခါအပ်သော ဆံပင်ရှိသော။ ဣတော စိတော စ ဝိဓူယမာနကေသတာယ ဝိကိဏ္ဏကေသာ။ ဝိသုဒ္ဓိ၊ ဋီ၊ ၂။ ၅၁။

ဝိဓေတဗ္ဗ (တိ) | ဝိ + ဓာ + တဗ္ဗ။ ဝိဓာတဗျ - သံ။ | ဝိဓာတဗ္ဗ (၁) ကြည့်။ တထာ တထာ ဝိဓေတဗ္ဗဘာဝေါ ဣတိ-ကတ္တဗ္ဗတာ၊ တာယ ယုတ္တော ဣတိ (ပ) ယုတ္တော၊ တဿ ဝိဓေတဗ္ဗဿာတိ အတ္ထော။ အနုဋီ၊ ၁။ ၆၅-၆။

ဝိဓေတိ (ကြိ) | ဝိ + ဓာ + ဧ + တိ။ နိရုတ္တိ။ ၃၈၇ - နှာ။ ဝိဒဓာတိ - သံ။ ဝိဟေက္က၊ ဝိဟေတိ - ပြာ။ | ပြုပြင်-စီရင်-ထား-၏။ န သဗ္ဗဘူတေသု ဝိဓေန္တိ ရက္ခံ။ ဇာ၊၁။၄၀၀။ ဇာ၊ ဋ္ဌ၊ ၅။ ၁၁၂။

ဝိဓေန္တု (ကြိ) | ဝိ + ဓာ + ဧ + အန္တု။ | ပြုပြင် - စီရင် - ထား - ( အနီး၌တည်စေ ) ကုန်လော။ ဝိဓေန္တု မေ (ဇာ၊ ၂။ ၂၆၂) တိ နိစ္စံ မယှံ ကာမေ သံဝိဒဟန္တု ဥပဋ္ဌပေန္တု။ ဇာ၊ ဋ္ဌ၊ ၇။ ၁၁၈။

ဝိဓေယျ (တိ) | ဝိ + ဓာ + ဏျ။ ဝိဓာတုံ အရဟတီတိ ဝိဓေယျံ။ နိရုတ္တိ။ ၇၇၈။ တစ်နည်း- ဝိ +ဓာ +ဣယျ။ ပဝတ္တိနိဝတ္တိသု ဝိဓာတုံ သက္ကာ ဝိဓေယျော၊ ဣယျော။ မာန်၊ ဋီ။ ၇၃၀။ သုစိ။ ၅၀၁။ ဝိဓေယ - သံ။ ဝိဟေယ - အဒ္ဓမာဂဓီ။ ဝိဟေအ - ပြာ။ | (က) ပြုပြင်-စီရင်-ညွှန်ပြ-အပ်-သင့်-ထိုက်-နိုင်-သော၊သူ။ (ခ) ဆိုဆုံးမလွယ်-နားထောင်လွယ်-သော၊ သူ။ (က) (ခ) ဝိဓေယျော ( ဒီ၊ ၃။ ၁၂၆ ) တိ ကတ္တဗ္ဗာကတ္တဗ္ဗေသု ယထာရုစိ ဝိဓာတဗ္ဗော။ ဒီ၊ ဋ္ဌ၊ ၃။ ၁၁၁။ ဝိဓာတဗ္ဗောတိ ဝိဓာတုံ သန္နိသိတုံ သက္ကုဏေယျော။ ဒီ၊ ဋီ၊ ၃။ ၁၁၁။ (-ဇာ၊ ၂။ ၂၈၉။ ဇာ၊ ဋ္ဌ၊ ၇။ ၁၉၄။ စရိယာ၊ ဋ္ဌ။ ၂၉၆။ သီ၊ ဋီ၊ သစ်၊ ၁။၂၇၄)။ သောဏ္ဏော မတ္တော ဝိဓေယျော တု၊ အဿဝေါ သုဗ္ဗစော သမာ။ မာန်။ ၇၃၀။

ဝိနက (န) | ? | ဝိနက-မည်သောတိုင်း။ ( ယင်းကား တိဂုမ္ဗ - စသော ၂၄-တိုင်းတွင် ၂၃-ခုမြောက် တိုင်းဖြစ်သည်။ ပုရာဏ်မြေပုံ စသည်၌ မတွေ့ရ )။ ဝိနကံ ဂစ္ဆတိ။ မဟာနိ။ ၁၂၀။ တိဂုမ္ဗံ ဂစ္ဆတိတိအာဒီနိ မူလပဒံ ဂစ္ဆတီတိပရိယောသာနာနိ စတုဝီသတိ ပဒါနိ ရဋ္ဌနာမေန ဝုတ္တာနိ။ မဟာနိ၊ ဋ္ဌ။ ၂၄၂။

ဝိနဋ္ဌ (တိ) | ဝိ + နသ + တ။ နသ အဒဿနေ။ နီတိ၊ ဓာတု။ ၂၄၀။ နိရုတ္တိ။ ၄၉၂ - နှာ။ ဝိနဋ္ဋ - သံ။ ဝိဏဋ္ဌ - ပြာ၊ အဒ္ဓမာဂဓီ။ | ပျောက်ကွယ်-ကင်းပျောက်-ပျောက်ပျက် - ကင်းလွတ် - ပျက်စီး -သော။ တသ္မိံ ပန ဝိနဿန္တေ ဇာတိကေဝတ္တမ္ပိ ဝိနဋ္ဌမေဝ ဟောတိ။ ဝိ၊ ဋ္ဌ၊ ၁။ ၁၂၉။ ပဋိသံ၊ ဋ္ဌ၊ ၁။ ၃၂၆။ တဿ မေ အဓိဂတဝိဇ္ဇဿ အဝိဇ္ဇာ ဝိဟတာ၊ ဝိနဋ္ဌာတိ အတ္ထော။ ဝိ၊ ဋ္ဌ၊ ၁။ ၁၃၁။ မ၊ ဋ္ဌ၊ ၁။ ၁၃၀။

ဝိနဋ္ဌော (စူဠနိ။ ၁၁၀) တိ ဝိနာသံ ပတ္တော။ စူဠနိ၊ ဋ္ဌ။ ၂၉။ ဝိနဋ္ဌာနိ (မ၊ ဋ္ဌ၊ ၃။ ၁၅၄) တိ အနုပ္ပတ္တိဓမ္မတံ အာပန္နာနိ။ မ၊ ဋီ၊ ၃။ ၁၀၇။

**ဝိနဋ္ဌ[၂]** (တိ) [ ဝိ + နသ + ဏ + တ ] ခဲစား - ပျက်စီးစေ - ဖျက်ဆီး - အပ်သော။ နိဋ္ဌိတစီဝရသ္မိံ ဘိက္ခုနော စီဝရေ ကတေ ဝါ ဟောတိ နဋ္ဌေ ဝါ ဝိနဋ္ဌေ ဝါ ဒဍ္ဎေ ဝါ စီဝရာသာ ဝါ ဥပစ္ဆိန္နာ။ ဝိ၊ ၁။ ၂၉၅၊ ၃၀၄။ ဝိနဋ္ဌန္တိ ဥပစိကာဒီဟိ ခါယိတံ။ ဝိ၊ ဋ္ဌ၊ ၂။ ၂၂၀။ (-ကင်္ခါ၊ ဋီ၊ သစ်။ ၂၇၃)။

**ဝိနဋ္ဌကာယပ္ပသာဒ** (တိ) [ ဝိနဋ္ဌ[၁] + ကာယ + ပသာဒ ] ပျက်စီးသော ကာယပသာဒရှိသော၊ ကာယပသာဒ ပျက်စီးသော၊ သူ။ ဝါတပိတ္တာဒိဒေါသေဟိ --------------- ဒူသိတကာယပ္ပသာဒေါ၊ န ပန ဝိနဋ္ဌကာယပ္ပသာဒေါ။ ဝိမတိ၊ ၁။ ၁၆၀။

**ဝိနဋ္ဌကုဋုမ္ဗ** (တိ) [ ဝိနဋ္ဌ[၁] + ကုဋုမ္ဗ ] ပျက်စီးသော ဥစ္စာရှိသော၊ ဥစ္စာပျက်စီးသော၊ သူ။ ဝိနဋ္ဌကုဋုမ္ဗဿ စ ဒလိဒ္ဒဿ ရာဇဝသတိ နာမ န သမ္ပဇ္ဇတိ။ ဇာ၊ ဋ္ဌ၊ ၇။ ၂၀၂။

**ဝိနဋ္ဌကုလဝံသ** (တိ) [ ဝိနဋ္ဌ[၁] + ကုလ + ဝံသ ] ပျက်စီးသော အမျိုးအနွယ်ရှိသော၊ အမျိုးအနွယ်ပျက်စီးသော၊ သူ။ ဟတကုလိကာတိ ဝိနဋ္ဌကုလဝံသာ။ ထေရီ၊ ဋ္ဌ။ ၁၈၆။

**ဝိနဋ္ဌစက္ခုက** (တိ) [ ဝိနဋ္ဌ[၁] + စက္ခု + က ] ပျက်စီးသော မျက်စိရှိသော၊ မျက်စိပျက်စီးသော၊ သူ။ ဟတနေတ္တောတိ ဝိနဋ္ဌစက္ခုကော။ ထေရ၊ ဋ္ဌ၊ ၁။ ၂၄၉။

**ဝိနဋ္ဌစ္ဆဒန** (တိ) [ ဝိနဋ္ဌ[၁] + ဆဒန။ ပါဏိနီ၊ ၆၊ ၁၊ ၇၂-ဖြင့် စ်-လာ၍ စ္ဆ-ဖြစ်သည်။ ] ပျက်စီးသော အမိုးရှိသော၊ အမိုးပျက်စီးသော။ ပုရာဏသေနာသနံ ဟောတိ အစ္ဆဒနံ ဝါ ဝိနဋ္ဌစ္ဆဒနံ ဝါ။ ဝိ၊ ဋ္ဌ၊ ၃။ ၂၂။ ဝိ၊ သင်္ဂဟ။ ၇၆။ (-ပေတ၊ ဋ္ဌ။ ၅၁)။

**ဝိနဋ္ဌဋ္ဌ** (ပု) [ ဝိနဋ္ဌ[၁] + အတ္ထ။ တ္ထ-ကို ဋ္ဌ-ပြု။ ] ပျက်စီးသော အနက်သဘော။ ------ တတ္ထ ပဝိဋ္ဌဿ တေလာဒိနော ဝိနဋ္ဌဋ္ဌေန ဂဟဏကာရဏေ အဝိဇ္ဇမာနတ္တာ။ ဝိမတိ၊ ၁။ ၁၇၇။

**ဝိနဋ္ဌဒေါမနဿ** (တိ) [ ဝိနဋ္ဌ[၁] + ဒေါမနဿ ] ပျောက်ကွယ်-ပျက်စီး-သော နှလုံးမသာယာခြင်းရှိသော၊ စိတ်နှလုံး ချမ်းမြေ့သော၊ သူ။ ဆေတွာ ဝမိတွာ ဝမန္တော ကောမဝိနာသေန ဝိနဋ္ဌဒေါမနဿော ဟုတွာ။ နေတ္တိ၊ ဝိ။ ၂၉၉။ (-သံ၊ ဋ္ဌ၊ ၁။ ၉၀။ နေတ္တိ၊ ဋ္ဌ။ ၂၃၃။ မ၊ ဋီ၊ ၃။ ၂၀၈။ သံ၊ ဋီ၊ ၁။ ၁၃၅)။

**ဝိနဋ္ဌနေတ္တက** (တိ) [ ဝိနဋ္ဌ[၁] + နေတ္တ + က ] ပျက်စီးသော (ပညာ) မျက်စိရှိသော၊ (ပညာ) မျက်စိပျက်စီးသော၊ သူ။ ဟတနေတ္တောတိ နယနဋ္ဌေန နေတ္တန္တိ သခ်ံ ဂတာယ ပညာယ အဘာဝတောယေဝ ဝိနဋ္ဌနေတ္တကော။ ပဋိသံ၊ ဋ္ဌ၊ ၂။ ၂၁။

**ဝိနဋ္ဌပါဘတ** (တိ) [ ဝိနဋ္ဌ[၁] + ပါဘတ ] ပျက်စီးသော-ဥစ္စာရင်း-အရင်းအနှီး-ရှိသော၊ အရင်းဥစ္စာ -အရင်းအနှီး -ပျက်စီး -ဆုံးရှုံး-သော၊ သူ။ ဇိနာဓနော ဇန္တိ ဝိနဋ္ဌပါဘတာ။ ဇာ၊ ၂။ ၁၀၆။ ဇာ၊ ဋ္ဌ၊ ၅။ ၄၂၇။

**ဝိနဋ္ဌပုရိမဆ (စ္ဆ) ဝိဏ္ဏ** (တိ) [ ဝိနဋ္ဌ[၁] + ပုရိမ + ဆဝိ + ဝဏ္ဏ ] ပျက်စီးသော ရှေး၌ဖြစ်သည့် အရေအဆင်းရှိသော၊ ရှေး၌ဖြစ်သည့် အရေအဆင်းပျက်စီးသော။ သောကိရ ပြာပတ္တော --- ဝိနဋ္ဌပုရိမဆဝိဝဏ္ဏော စ။ စူဠနိ၊ ဋ္ဌ။ ၇၄။ (-သုတ္တနိ၊ ဋ္ဌ၊ ၂။ ၃၁၈)။

ဝိနဋ္ဌဗိဇသာမတ္ထိယ (တိ) [ ဝိနဋ္ဌ[၂] + ဗိဇ + သာမတ္ထိယ ] ပျက်စီးစေ-ဖျက်ဆီး-အပ်သော မျိုးစေ့၏ အစွမ်းသတ္တိရှိသော။ ဝါတာတပ-ဟတာနီတိ ဝါတေန စ အာတပေန စ ဝိနဋ္ဌဗိဇသာမတ္ထိယာနိ။ ဒီ၊ ဋီ၊ ၂။ ၃၅၆။

ဝိနဋ္ဌမဂ္ဂ (တိ) [ ဝိနဋ္ဌ + မဂ္ဂ ] ပျောက်သော လမ်းခရီးရှိသော၊ လမ်းခရီးပျောက်ဆုံးသော၊ လမ်းမှားသော၊သူ။ ဝိပ္ပနဋ္ဌောတိ ဝိနဋ္ဌမဂ္ဂေါ။ ဇာ၊ ဋ္ဌ၊ ၇။ ၂၉၈။

ဝိနဋ္ဌမာန (တိ) [ ဝိနဋ္ဌ + မာန ] ပျောက်ကွယ်-ပျက်စီး - သော - မာန် - မာန - ရှိသော၊ မာန် -မာန -ကင်းပျောက် -ပျက်စီး -သော၊ မာန် - မာန - မရှိသော၊ သူ။ အဟံ ဝိဟတာရမ္ဘော ဝိနဋ္ဌသာရမ္ဘော၊ ဝိနဋ္ဌမာနော နိမ္မဒေါ ဟုတွာ --------- အာရောစေသိံ။ အပ၊ ဋ္ဌ၊ ၂။ ၂၅၆။

ဝိနဋ္ဌရူပ (တိ) [ ဝိနဋ္ဌ[၁] + ရူပ ] ပျက်စီးသော သဘောရှိသော၊ သူ။ ပျက်စီးခြင်းသဘောရှိသော။ ( ဒီ၊ ဋ္ဌ၊ ၃။ သျ )။ ဝိနဋ္ဌရူပေါ (ဒီ၊ ဋ္ဌ၊ ၃။၁၁) တိ သမ္မာဝနာယ ဝိနာသေန, လာဘဿ ဝိနာသေန စ ဝိနဋ္ဌသဘာဝေါ။ ဒီ၊ ဋီ၊ ၃။ ၉။

ဝိနဋ္ဌဝါသ (ပု) [ ဝိနဋ္ဌ[၁] + ဝါသ ] ပျက်စီးသော နေခြင်း။ (သျ၊ ထာ၊ ဝမ်း)။ သဗ္ဗတ္ထ ဝိနဋ္ဌ-ဝါသော န စ ပဋိသေဓကော ဟောတီတိ ဒဋ္ဌဗ္ဗော။ ဝဇိရ၊ ၅၂၉။

ဝိနဋ္ဌသံဝရ (တိ) [ ဝိနဋ္ဌ[၁] + သံဝရ ] ပျက်စီးသော စောင့်စည်းခြင်းရှိသော၊ စောင့်စည်းခြင်း-ကင်း-မရှိ-သော၊ သူ။ ဝိနဋ္ဌသံဝရော သံဝရရဟိတောတိ ဟိ ဝုတ္တံ ဟောတိ။ အံ၊ ဋီ၊ ၃။ ၇၉။

ဝိနဋ္ဌသည (တိ) [ ဝိနဋ္ဌ[၁] + သညာ ] ဝိနဋ္ဌသညီ-နှင့် အနက်တူ။ အဝိနဋ္ဌေ ဝိနဋ္ဌသညာ။ ဝိ၊ ၂။ ၃၂၀။

ဝိနဋ္ဌသညာ (ထီ) [ ဝိနဋ္ဌ[၁] + သညာ ] ပျက်စီး၏ ဟူသော အမှတ်သညာ။ အောက်ပုဒ်ကြည့်။

ဝိနဋ္ဌသညီ (တိ) [ ဝိနဋ္ဌသညာ + ဤ။ ထိ-၌ ဝိနဋ္ဌသညိနီ။ ] ပျက်စီး၏ဟု အမှတ်သညာ ရှိသော၊ သူ။ အဝိနဋ္ဌေ ဝိနဋ္ဌသညီ။ ဝိ၊ ၁။ ၂၉၆၊ ၃၀၂။

ဝိနဋ္ဌသဘာဝ (တိ) [ ဝိနဋ္ဌ[၁] + သဘာဝ ] ဝိနဋ္ဌရူပ-ကြည့်။

ဝိနဋ္ဌသမ္မာဒိဋ္ဌိ (တိ) [ ဝိနဋ္ဌ[၁] + သမ္မာဒိဋ္ဌိ ] ပျက်စီးသော-သမ္မာဒိဋ္ဌိ-အယူမှန်-အမြင်မှန်-ရှိသော၊ အယူပျက်စီးသော၊ သူ။ ဝိပန္နဒိဋ္ဌီတိ ဝိနဋ္ဌသမ္မာဒိဋ္ဌိ။ သုတ္တနိ၊ ဋ္ဌ၊ ၁။ ၁၅၉။

ဝိနဋ္ဌသာရမ္ဘ (တိ) [ ဝိနဋ္ဌ[၁] သာရမ္ဘ ] ကင်းပျောက် -ပျက်စီး- သော-ညှဉ်းဆဲ -နှိပ်စက်-ဖျက်ဆီး-ခြင်းရှိသော၊ မညှဉ်းဆဲ-မနှိပ်စက်-မဖျက်ဆီး-သော၊ သူ။ ဝိနဋ္ဌမာန-ကြည့်။

ဝိနဋ္ဌသေသစိဝရ (တိ) [ ဝိနဋ္ဌ[၁] + သေသစိဝရ ] (၁) ပျောက်ပျက်-ပျက်စီး-သည်မှ ကြွင်းကျန်သော သင်္ကန်းရှိသော။ (န) (၂) ပျောက်ပျက် - ပျက်စီး - သည်မှ ကြွင်းကျန်သော သင်္ကန်း။ (၁) ယဿ ဇေ၀ံယေ၀ ဟောတိ အညေန ကေနစိ ကာရဏေန ဝိနဋ္ဌသေသ-စီဝရတ္တာ။ ကင်္ခါ၊ ဋီ။ သစ်။ ၃၀၇။ (န) (၂) ယဿ ဇေ၀ံယေ၀ ဟောတီတိ အညေန ကေနစိ ကာရဏေန ဝိနဋ္ဌသေသစိဝရံ သန္ဓာယ ဝုတ္တံ။ သာရတ္ထ၊ ၂။ ၄၀၅။

ဝိနဋ္ဌသောဘ (တိ) [ ဝိနဋ္ဌ² + သောဘာ ] ပျက်စီးသော တင့်တယ်ခြင်းရှိသော၊ တင့်တယ်ခြင်း-ကင်း-မရှိ-သော။ သမ္ဘိန္နသောဘေ ( ဝိသုဒ္ဓိ၊ ၁။ ၃၃၉ ) တိ သဗ္ဗသော ဝိနဋ္ဌသောဘေ။ ဝိသုဒ္ဓိ၊ ဋီ၊ ၁။ ၄၂၀။

ဝိနဋ္ဌသတိ (တိ) [ ဝိနဋ္ဌ² + သတိ ] ပျက်စီး - ကင်းလွတ် - သော သတိရှိသော၊ သတိ-ကင်း-ချို့ယွင်း - ပျက်စီး -မေ့လျော့-သော၊ သူ။ မုဋ္ဌသတိဿာ (ဝိ၊ ဋ္ဌ၊ ၂။ ၂၈) တိ ဝိနဋ္ဌသတိဿ။ သာရတ္ထ၊ ၂။ ၂၁၈။ မုဋ္ဌသတိနော (အံ၊ ဋ္ဌ၊ ၃။ ၂၀၅ ) တိ ဝိနဋ္ဌသတိနော၊ သတိဝိရဟိတေနာတိ အတ္ထော။ အံ၊ ဋီ၊ ၃။ ၂၁၇။

ဝိနတ (တိ) [ ဝိ + နမု + တ။ ဝိနတ - သံ။ ဝိဏာယ-ပြာ။ ဝိဏာတ-အဒ္ဓမာဂဓီ။ ] (၁) (က) အထက်သို့ ကော့သော။ (ခ) အောက်သို့-ကိုင်း -ညွတ် -သော။ (၂) ကောက်သော။ (၃) ရိုသေ - ကိုင်းရှိုင်း - ဦးညွတ် -ဦးခိုက်-သော။ (၁) (က) ဩနတဝိနတာ (သံ၊ ဋ္ဌ၊ ၁။ ၂၅၉) တိ ဟေဋ္ဌာ ဥပရိ စ ဩနတာ ဝိနတာ။ သံ၊ ဋီ၊ ၁။ ၂၉၄။ (ခ) ဝိနာမိတ² - ကြည့်။ (၂) ဝိနတော (ဇာ၊ ၂။ ၃၅၂) တိ ကဋိယံ ပိဋ္ဌိယံ ခန္ဓေတိ တီသု ဌာနေသု ဝင်္ကော။ ဇာ၊ ဋ္ဌ၊ ၇။ ၃၂၉။ (၃) ဝိနတံ ပါဒမူလေ မေ ကမလောဒရသပ္ပဘံ။ အပ၊ ၂။ ၁၃၂။ ထေရ၊ ဋ္ဌ၊ ၁။ ၃၆။ (-အပ၊ ၂။ ၁၄၈)။

ဝိနတက (ပု) [ ဝိနတာ + က။ ဝိနတာ နာမ သုပဏ္ဏမာတာ၊ တဿာ နိဝါသဋ္ဌာနတ္တာ ဝိနတကောတိ။ စိန္တာမဏိဋီကာ။ ဝိတ္ထိဏ္ဏာ ဝါ နတာ နဒိယော ဧတ္ထာတိ ဝိနတကော။ ဓာန်၊ ဋီ၊ ၂၆။ ဝိနတက - သက္ကတပိဋကာ။ ] (၁) ဝိနတက-မည်သောတောင် ( တောင်စဉ် ၇- ထပ်တို့တွင် ၆- ထပ်မြောက် တောင်)။ (၂) ဝိနတက-မည်သောမြင်း။ (၁) နေမိန္ဓရော ဝိနတကော၊ အဿကဏ္ဏော ဂိရီ ဗြဟာ။ ဇာ၊ ၂။ ၂၀၁။ (၂) အဿရတနမ္ပိ ကေသိ၊ သုရာမုခံ ပုဏ္ဏကံ ဝိနတကဉ္စ။ ဇာ၊ ၂။ ၂၄၃။ ဇာ၊ ဋ္ဌ၊ ၇။ ၇၈။

ဝိနတာ (ထီ) [ ဝိ + န + တ။ ဝိနော ပက္ခိနော နမတိ ယံ ဝိနတာ။ ဓာန်၊ ဋီ၊ ၆၂၈။ ဝိနတာ-သံ။ ဝိနယာ-ပြာ။ ] (၁) ဂဠုန်တို့၏ အမိ။ (ဝေနတေယျ - ဇာ၊ ၁။ ၂၀၄။ ဇာ၊ ဋ္ဌ၊ ၇။ ၁၅၆- ကြည့်)။ (၂) ဝိနတာ-မည်သော မြစ်။ (၃) ဝိနတာ - မည်သော မိဖုရား။ (၁) သုပဏ္ဏမာတာ ဝိနတာ။ ဓာန်။ ၆၂၈။ ဒွယံ ဂရုဠာနံ မာတရိ။ ဓာန်၊ ဋီ။ ဝိနတာ နာမ သုပဏ္ဏမာတာ။ ဓာန်၊ ဋီ။ ၂၆။ (၂) အောက်ပုဒ်ကြည့်။ (၃) ဝိနတာယ နာမ ဒေဝိယာ အပစ္စံ ဝေနတေယျော။ နိရုတ္တိ။ ၂၉၁။

ဝိနတာနဒီ (ထီ) [ ဝိနတာ + နဒီ ] ဝိနတာ-မည်သော မြစ်၊ ဝိနတာမြစ်။ ဝိနတာနဒိယာ တီရေ ဝိဟာသိ ပုရိသုတ္တမော။ အပ၊ ၁။ ၃၄၂။ အပ၊ ၂။ ၉၄။ (-အပ၊ ၁။ ၁၈၀။ အပ၊ ၂။ ၆၇)။

ဝိနတိ (ကြိ) [ ဝိ + နာ + တိ။ နီတိ၊ ဓာတု။ ၂၅၄။ ဝိနာတိ-ဟု နီတိ-၌ရှိ၏။ ဝယတိ-သံ။ ဝဏ္ဏ-ပြာ။ ] (၁) ချုပ်-စပ်-၏။ (၂) (ရက်ကန်း) ရက်၏။ (၁) သာ ပနေသာ တဏှာ ဘဝေန ဘဝံ, ဖလေန ဝါ သဒ္ဓိံ ကမ္မံ ဝိနတိ သံသိဗ္ဗတီတိ ကတ္វာ ဝါနန္တိ ဝုစ္စတိ။ ဒီ၊ ဋ္ဌ၊ ၂။ ၅၆။ မ၊ ဋ္ဌ၊ ၂။ ၈၀-၁။ သံ၊ ဋ္ဌ၊ ၁။ ၁၈၀။ (၂) ဝိနန္တိ-ကြည့်။

**ဝိနတုဂ္ဂဂ္ဂ** (တိ) [ ဝိနတ + ဥဂ္ဂ + အဂ္ဂ ] အထက်သို့ ကောက်တက်သော အဖျားရှိသော။ သာဒရာ ဝိနတုဂ္ဂဂ္ဂါ၊ ဂန္ဓကာလော မဟာယသာ။ အပ၊ ဋ္ဌ၊ ၂။ ၂၆၀။ (-၂၆၁)။

**ဝိနဒတိ** (ကြိ) [ ဝိ + နဒ + အ + တိ။ နဒ အဗျတ္တသဒ္ဒေ။ နီတိ၊ ဓာတု။ ၈၄။ ဝိနဒတိ-သံ။ ] (၁) အော်ဟစ်-ကြွေးကြော်-မောင်းမဲ-၏။ (၂) မြည်ဟီး၏။ (၁) ဝိနဒန္တိ ဂဇာ မတ္တာ။ အပ၊ ၂။ ၄၃။ ထေရ၊ ဋ္ဌ၊ ၁။ ၄၅၀။ ကာမံ ပိသာစာ ဝိနဒန္တု သဗ္ဗေ။ ဇာ၊ ၁။ ၁၁၇။ ဇာ၊ ဋ္ဌ၊ ၃။ ၁၃၅။ (၂) သာဂရော စ သသောကောဝ၊ ဝိနဒီ ကရုဏံ ဂိရံ။ အပ၊ ၂။ ၁၂၃။ ထေရ၊ ဋ္ဌ၊ ၁။ ၅၃။ သီ၊ ဋီ၊ သစ်၊ ၁။ ၄၇၄။

**ဝိနဒန္တ** (တိ) [ ဝိ + နဒ + အ + အန္တ ] အော်ဟစ်- ကြွေးကြော်-မိန့်မြွက်-မြည်တွန်-ကျူးရင့်-သော။ သီဟနာဒံ ဝိနဒန္တံ၊ ကော ဒိသွာ န ပသီဒတိ။ အပ၊ ၂။ ၄၃။ ထေရ၊ ဋ္ဌ၊ ၁။ ၄၅၀။

**ဝိနဒန္တု** (ကြိ) [ ဝိ + နဒ + အ + အန္တု။ ] အော်ဟစ်-ကြွေးကြော်-မောင်းမဲ-ကုန်လော။ ဝိနဒတိ (၁) ကြည့်။

**ဝိနဒိတ** (တိ) [ ဝိ + နဒ + တ။ တစ်နည်း-- ဝိ + နဒ + က္တ။ ဝိနာဒိတ-သံ။ ] အော်ဟစ်-ကြွေးကြော်-မောင်းမဲ-သော၊ အော်ဟစ်-ကြွေးကြော်-မောင်းမဲ-သံရှိသော။ ဝိနာဒိတ-ကြည့်။

**ဝိနဒီ** (ကြိ ) [ ဝိ + နဒ + ဤ။ ဝိနဒတိ-မှ။ ] မြည်ဟီးပြီ။ ဝိနဒတိ (၂) ကြည့်။

**ဝိနဒ္ဓ** (တိ) [ ဝိ + နဟ + တ။ နီတိ၊ ဓာတု။ ၂၄၀။ ဝိနဒ္ဓ-သံ။ ] (၁) ချုပ်စပ်အပ်သော။ (၂) ထက်ဝန်းကျင်မှ-မြေးရှက်-မြေးရစ်-အပ်သော။ (၃) ရစ်ပတ်-ချည်နှောင်-အပ်သော။ (၁) ဧဝံ တာယ တဏှာဇဋာယ ----- ပဇာ ဇဋိတာ ဝိနဒ္ဓါ၊ သံသိဗ္ဗိတာတိ အတ္ထော။ သံ၊ ဋ္ဌ၊ ၁။ ၄၈။ ဝိသုဒ္ဓိ၊ ၁။ ၁။ (-ပဋိသံ၊ ဋ္ဌ၊ ၂။ ၁၈။ သံ၊ ဋီ၊ ၁။ ၉၁)။ (၂) စမ္မဝိနဒ္ဓာနိ သကလသရီရံ ပရိယောနန္ဓိတွာ ----- တေန စမ္မေန ဝိနဒ္ဓံ ပရိယောနဒ္ဓံ။ မဟာနိ၊ ဋ္ဌ၊ ၂၆၃။ (၃) တတ္ထ ယထာ ဝလ္လီဟိ ဝိနဒ္ဓေသု ကုဋ္ဌဒါရူသု န ကုဋ္ဌဒါရူနိ ဇာနန္တိ "မယံ ဝလ္လီဟိ ဝိနဒ္ဓါနိ" တိ။ အဘိ၊ ဋ္ဌ၊ ၂။ ၅၅။ ဝိသုဒ္ဓိ၊ ၁။ ၃၅၀။

**ဝိနဒ္ဓဆတ္တ** (န) [ ဝိနဒ္ဓ + ဆတ္တ ] ထက်ဝန်းကျင်မှ -မြေးရှက် -မြေးရစ် -အပ်သော ထီး။ ယံ ပန ပဉ္စဝဏ္ဏသုတ္တေဟိ ဝိနဒ္ဓဆတ္တာဒိကံ။ ဝိမတိ၊ ၁။ ၁၆၆။

**ဝိနဒ္ဓတိဏစ္ဆန္နဂေဟ** (ပု၊န) [ ဝိနဒ္ဓ + တိဏ + ဆန္န + ဂေဟ ] ထက်ဝန်းကျင်မှ-မြေးရှက်-မြေးရစ် - အပ်သည်ဖြစ်၍ မြက်တို့ဖြင့် - ဖုံးလွှမ်း- မိုးကာ- အပ်သော အိမ်။ နဠာဂါရန္တိ နဠေဟိ ဝိနဒ္ဓတိဏစ္ဆန္နဂေဟံ။ အံ၊ဋီ၊၁။၈၀။

**ဝိနဒ္ဓန** (န) [ ဝိ + နဒ္ဓ + ယု။ ဝိနန္ဓန ? ] ဝိနန္ဓန - ကြည့်။ အာရောပိတစမ္မန္တိ ဘေရိအာဒီနံ ဝိနဒ္ဓနတ္ထာယ မုခဝဋ္ဋိယံ အာရောပိတစမ္မံ။ သာရတ္ထ၊ ၂။ ၃၂၂။

**ဝိနဒ္ဓပဋိမဏ္ဍိတပဒေသ** (ပု) [ ဝိနဒ္ဓ+ပဋိမဏ္ဍိတ+ပဒေသ ] ထက်ဝန်းကျင်မှ -မြေးရှက်-မြေးရစ်-အပ်သည်ဖြစ်၍ တန်ဆာဆင်အပ်သော အရပ်။ ---အနေကေဟိ ဝဏ္ဏမာတုရာသီဟိ ဝိနဒ္ဓပဋိမဏ္ဍိတပဒေသော။ ဇာ၊ ဋ္ဌ၊ ၅။ ၄၄၇။

**ဝိနဒ္ဓမာန** (တိ) [ ဝိ +နဒ္ဓ+မာန။ ဝိနန္ဓမာန ?။ ဝိသုဒ္ဓိ၊ ၁။ ၂၄၅ - ကြည့်။ ] ရစ်ပတ်-ချည်နှောင်-မြေးရှက်-ထုံးဖွဲ့-သော။ ပဉ္စ မဟာနှာရူ

သရီရံ ဝိနဒ္ဓမာနာ ဟဒယဿ ပုရိမပဿေန ဩတိဏ္ဏာ။ အဘိ၊ ဋ္ဌ၊ ၂။ ၂၂၅။ (-ထေရ၊ ဋ္ဌ၊ ၂။ ၁၉၉)။

**ဝိနဒ္ဓိတ** (တိ) [ ဝိ + နဒ္ဓ + တ။ ဝိနန္ဓိတ ?။ ] ရစ်ပတ်-ချည်နှောင်-မြေးရှက်-ထုံးဖွဲ့-အပ်ပြီးသော။ ဂန္ထနိယဘာဝေန ဝိနဒ္ဓိတော။ ထေရ၊ ဋ္ဌ၊ ၂။ ၂၀၀။

**ဝိနယ**[၁] (နု) [ ဝိ + နီ + ယု။ နီတိ၊ ဓာတု။ ၂၅၄။ ဝိနတိ-မှ။ ဝိနယ-သံ။ ] (၁) ရစ်ပတ်-ချုပ်စပ် - နှောင်ဖွဲ့ - ခြင်း။ (၂) ( အဝတ်စသည်ကို ) ရက်လုပ်ခြင်း။ (၁) တဏှာဝကမ္ပကိလေသဝိပါကာနံ ဝိနယနေန သံသိဗ္ဗနေန ဝါနံ။ သံ၊ ဋီ၊ ၂။ ၄၅၁။ (၂) တန္တံ ဝုစ္စတိ ဝတ္ထဝိနယတ္ထံ တန္တဝါယေဟိ ဒဏ္ဍကေ အာသိဉ္စိတွာ။ အံ၊ ဋီ၊ ၂။ ၃၈၃။

**ဝိနယ**[၂] (နု) [ ဝိနယ + တ္တ။ မောဂ်၊ ၄။ ၁၂၃။ ] (၁) ရစ်ပတ်-ချုပ်စပ်-နှောင်ဖွဲ့-တတ်သည်၏အဖြစ်။ (၂) (အဝတ်စသည်ကို) ရက်လုပ်တတ်သည်၏အဖြစ်။ (၁)ဝိနယတော အာဗန္ဓနတော သံသိဗ္ဗနတော ဝါနံ။ ဝိ၊ ဋ္ဌ၊ ၁။ ၁၈၄။ ( - ဝိဘာဝိနီ။ ၇၅။ မဏိမဉ္ဇူ၊ ၁။ ၁၃၇)။ (၂) ဝိနယတော " ကုလာ " တိ ဣတ္ထိလိင်-ဝသေန လဒ္ဓနာမဿ တန္တဝါယဿ ဂဏ္ဌိတံ နာမ ---- ခလိတန္တသုတ္တံ။ ဒီ၊ ဋီ၊ ၂။ ၉၀။

**ဝိနယဋ္ဌ** (ပု) [ ဝိနယ + အတ္ထ။ ဏ္ထ-ကို ဋ္ဌ-ပြု။ နီတိ၊ သုတ္တ။ ၁၀၇။ ] ရစ်ပတ် - ချုပ်စပ်-နှောင်ဖွဲ့-ခြင်းဟူသော - အနက် - သဘော။ ဝိနယ[၁] (၁) ကြည့်။

ဝိနောဒိတဗ္ဗ (တိ) [ ဝိ + နုဒ + ဏေ + တဗ္ဗ ] ပယ်ဖျောက်-ဖျက်ဆီး-စွန့်-ထုတ်ဆောင်-ထိုးဆွ-ကင်းအောင်ပြု-အပ်-သင့်-ထိုက်-သော။ ဝိနောဒိတဗ္ဗံ ဗျန္တီကာတဗ္ဗံ အနဘာဝံ ဂမေတဗ္ဗံ။ စူဠနိ။ ၁၄၅။ (-မ၊ ဋီ၊ ၃။ ၃၂၆)။

ဝိနောဒိတာဃာတ (တိ) [ ဝိနောဒိတ + အာဃာတ ] ပယ်ဖျောက်-ဖျက်ဆီး-စွန့်-ထုတ်ဆောင် -အပ်သောအမျက် (ဒေါသ) ရှိသော၊ သူ။ ပဋိသင်္ခါနဗလေန ဝိနောဒိတာ-ဃာတဿ။ ဝိသုဒ္ဓိ၊ ဋီ၊ ၁။ ၃၆၂။

ဝိနောဒေတဗ္ဗ (တိ) [ ဝိ + နုဒ + ဏေ +တဗ္ဗ ] ဝိနောဒိတဗ္ဗ-ကြည့်။ ကဒါ ဝိနောဒေတဗ္ဗာ။ ဝိသုဒ္ဓိ၊ ဋီ၊ ၁။ ၃၅။

ဝိနောဒေတိ (ကြိ) [ ဝိ + နုဒ + ဏေ + တိ။ နီတိ၊ ဓာတု။ ၁၀၅။ ဝိနောဒတိ - ကြည့်။ ] (၁)ပယ်ဖျောက်-ဖျက်ဆီး-၏။(၂) ပစ်ပယ်၏။ (၃) စွန့်ပစ်-ကင်းအောင်ပြု-၏။ (၄) ထုတ်ဆောင်၏။ (၅) ဝေးအောင်ပြု၏။ (၆) ထိုးဆွ၏။ (၁) ပယ်ဖျောက် - ဖျက်ဆီး - ၏။ ဝိနောဒေန္တိ မဟာတမ ( ဗုဒ္ဓဝံ။ ၃၂၆ ) န္တိ တေန တေန မဂ္ဂေန ပဟာတဗ္ဗံ မောဟတမံ ဝိနောဒေန္တိ ဝိဒ္ဓံသေန္တီတိ အတ္ထော။ ဗုဒ္ဓဝံ၊ ဋ္ဌ။ ၁၇၅။ (၂) ပစ်ပယ်၏။ ဝိနောဒေတိ (ပဋိသံ။ ၃၈၀) တိ ခိပတိ။ ပဋိသံ၊ ဋ္ဌ၊ ၂။ ၂၆၂။ (-အံ။ ဋ္ဌ၊ ၁။၄၁၅။ အံ၊ ဋီ၊ ၁။ ၂၈၆)။ (၃) စွန့်ပစ်-ကင်းအောင်ပြု-၏။ ဝိနောဒေန္တိ ပဇဟန္တိ ဗျန္တီကရောန္တိ စ။ သုတ္တနိ၊ ဋ္ဌ၊ ၂။ ၄၁။ (၄) ထုတ်ဆောင်၏။ ဝိနောဒယေ (နေတ္တိ။ ၁၂၄) တိ အတ္တနော သန္တာနတော နီဟရေယျ။ နေတ္တိ၊ ဋ္ဌ။ ၂၃၄။ (-ဒီ၊ ဋ္ဌ၊ ၃။ ၁၉၀။ အံ၊ ဋ္ဌ၊ ၃။ ၂၅၈)။ (၅) ဝေးအောင်ပြု၏။ ဝိနောဒေတိ (စူဠနိ။ ၇၉) တိ ဒူရံ ကရောတိ။ စူဠနိ၊ ဋ္ဌ။ ၂၄။ (၆) ထိုးဆွ၏။ အပိ စ ခေါ နံ ဝိနောဒေတိ တုဒတိ ဝိဇ္ဈတိ နီဟရတိ။ မ၊ ဋ္ဌ၊ ၁။ ၈၄။ အံ၊ ဋ္ဌ၊ ၃။ ၁၃၀။ (-မဟာနိ၊ ဋ္ဌ။ ၁၄၆)။

ဝိနောဒေတုံ (ဗျ) [ ဝိ + နုဒ + ဏေ + တုံ။ ] ပယ်ဖျောက်-ဖျက်ဆီး-ခြင်းငှါ။ ဥပ္ပန္နံ ကုက္ကုစ္စံ မမ္ပတော ဝိနောဒေတုံ။ ဝိ၊ ၃။ ၉၂၊ ၉၆။

ဝိနောဒေတုကာမ (တိ) [ ဝိနောဒေတုံ + ကမု+ ဏ ] ပယ်ဖျောက်-ဖျက်ဆီး-ခြင်းငှါ အလိုရှိသော၊ သူ။ ဘဂဝါ နန္ဒဿ အနဘိရတိံ ဝိနောဒေတုကာမော။ သုတ္တနိ၊ ဋ္ဌ။ ၁။ ၂၅၉။

ဝိနောဒေတွာ (ကြိ၊ ဝိ) [ ဝိ + နုဒ + ဏေ + တွာ ] (၁) ပယ်ဖျောက်-ဖျက်ဆီး-၍။ (၂) ထိုးဆွ-ထုတ်ဆောင်-၍။ (၁) --- အတ္တနော အနဘိရတိံ ဝိနောဒေတွာ အဘိရတိံ ဥပ္ပါဒေတွာ။ သံ။ ၁။ ၁၈၇-၈။ (-ဝိ၊ ဋ္ဌ၊ ၂။ ၁၇။ ဒီ၊ ဋ္ဌ၊ ၂။၁၂၀။ အဘိ၊ ဋ္ဌ၊ ၁။ ၂၇၅)။ (၂) အပိ စ ခေါ တံ ဝိနောဒေတွာ တရိတွာ (တုဒိတွာ) ဝိဇ္ဈိတွာ နီဟရိတွာ။ မဟာနိ၊ ဋ္ဌ။ ၆၉။

**ဝိနောဒေန္တ** (တိ) [ ဝိ + နုဒ + ဏေ + အန္တ ] ပယ်ဖျောက် - ဖျက်ဆီး - တတ်သော၊ သူ။ တဿ ဒိဋ္ဌိ ဝိနောဒေန္တော သတ္ထာ ဓမ္မမဒေသယိ။ ဗုဒ္ဓဝံ။ ၃၅၁။ (-မ၊ ၄၊ ၃။ ၁၄၅။ အံ၊ ၄၊ ၂။ ၄၀)။

**ဝိနောဒေန္တိ** (ကြိ) [ ဝိ + နုဒ + ဏေ + အန္တိ ] ပယ်ဖျောက် - ဖျက်ဆီး - ကုန်၏။ တတ္ထ အဍ္ဍကထာထေရာ အတ္တနော ကင်္ခံ ဝိနောဒေန္တိ အာဝုသောတိ။ ဒီ၊ ၄၊ ၂။ ၃၂၀။ ဝိနောဒေန္တိ မဟာတမန္တိ ----- မောဟတမံ ဝိနောဒေန္တိ၊ ဝိဒ္ဓံသေန္တီတိ အတ္ထော။ ဗုဒ္ဓဝံ၊ ၄။ ၁၇၅။

**ဝိနောဒေမိ** (ကြိ) [ ဝိ + နုဒ + ဏေ + မိ ] (ငါ) ပယ်ဖျောက်-ဖျက်ဆီး-၏။ မုဟုတ္တံ တာဝ နိပဇ္ဇိတွာ မဂ္ဂဒရထံ ဝိနောဒေမိ။ မ၊ ၄၊ ၄။ ၂၀၅။ သဗ္ဗံ ကင်္ခံ သကလံ သံသယံ ဝိနောဒေမိ ဝိနာသေမီတိ သမ္ဗန္ဓော။ အပ၊ ၄၊ ၁။ ၃၁၉။

**ဝိနောဒေယျ** (ကြိ) [ ဝိ + နုဒ + ဏေ + ဧယျ ] ပယ်ဖျောက်-ဖျက်ဆီး-ရာ၏။ ဟတ္ထကုက္ကုစ္စာဒိကုက္ကုစ္စံ ဝိနောဒေယျ။ မဟာနိ၊ ၄။ ၃၅၆။

**ဝိနောဒေယျာသိ** (ကြိ) [ ဝိ + နုဒ + ဏေ + ဧယျာသိ ] (သင်) ပယ်ဖျောက်-ဖျက်ဆီး-ရာ၏။ ယဒိ သက္ကောသိ တံ ဒုက္ခံ ဝိနောဒေယျာသိ ခတ္တိယ။ အပ၊ ၁။ ၃၅၃။

**ဝိနောဒေယျုံ** (ကြိ) [ ဝိ + နုဒ + ဏေ + ဧယျုံ ] ပယ်ဖျောက်-ဖျက်ဆီး-ကုန်ရာ၏။ ပဇဟေယျုံ ဒုက္ခန္တိ ဇာတိဒုက္ခံ --------- ပဇဟေယျုံ ဝိနောဒေယျုံ။ စူဠနိ၊ ၈၂။

**ဝိနောဒေသိ** (ကြိ) [ ဝိ + နုဒ + ဏေ + ဤ ] (၁) ပယ်ဖျောက်ပြီ။ (၂) ဝေးအောင်ပြုပြီ။ (၁) ပရိဠာဟံ ဝိနောဒေသိ။ အပ၊ ၁။ ၅၁။ (၂) ------- ဝိနောဒေသိ ဒူရိ အကာသိ။ အပ၊ ၄၊ ၁။ ၃၂၉။

**ဝိနောဒေဿတိ** (ကြိ) [ ဝိ + နုဒ + ဏေ + ဿတိ ] ပယ်ဖျောက်-ဖျက်ဆီး-အံ့-လတ္တံ့-လိမ့်မည်။ သော နော ကင်္ခံ ဝိနောဒေဿတိ။ ဇာ၊ ၄၊ ၇။ ၁၅၅။

**ဝိနောဒေဿသိ** (ကြိ) [ ဝိ + နုဒ + ဏေ + ဿသိ ] (သင်) ပယ်ဖျောက်-ဖျက်ဆီး-အံ့-လတ္တံ့ - လိမ့်မည်။ -------- အဘိနိဝေသံ ပဇဟိဿသိ ဝိနောဒေဿသိ ဗျန္တီကရိဿသိ။ စူဠနိ။ ၁၄၆။

**ဝိနောဒေဿာမ** (ကြိ) [ ဝိ + နုဒ + ဏေ + ဿာမ ] (ငါတို့) ပယ်ဖျောက်-ဖျက်ဆီး-ကုန်-အံ့-လတ္တံ့-လိမ့်မည်။ ဝိနောဒယိဿာမာတိ ဝိနောဒေဿာမ။ ဗုဒ္ဓဝံ၊ ၄။ ၆၅။

**ဝိနောဒေဿာမိ** (ကြိ) [ ဝိ + နုဒ + ဏေ + ဿာမိ ] (ငါ) ပယ်ဖျောက်-ဖျက်ဆီး-အံ့-လတ္တံ့-လိမ့်မည်။ ကုက္ကုစ္စံ ဝိနောဒေဿာမိ ဝါ ဝိနောဒါပေဿာမိ ဝါ ဓမ္မကထံ ဝါဿ ကရိဿာမိ။ ဝိ၊ ၃။ ၁၉၉။

**ဝိနောဒေဟိ** (ကြိ) [ ဝိ + နုဒ + ဏေ + ဟိ ] ပယ်ဖျောက် - ဖျက်ဆီး -ပါးအောင်ပြု -ဝေးအောင်ပြု-လော။ ပရိဠာဟံ ဝိနောဒေဟိ တနုံ ကရောဟိ။ အပ၊ ၄၊ ၁။ ၃၂၈။ ဝိနောဒေဟီ (စူဠနိ။၁၄၅)တိ ဒူရံ ကရောဟိ။ စူဠနိ၊ ၄။ ၂၄။

**ဝိန္ဒ** (ပု) [ ဝိ + ဣန္ဒ။ ဝိ + ဣန္ဒြ = ဝိန္ဒြ-သံ။ ] ဂဠုန်မင်း။ ဝီနံ ဣန္ဒောတိ ဝိန္ဒော။ ပက္ခိဇာတိယာ ဇာတာနံ သုပဏ္ဏာနံ ရာဇာတိ အတ္ထော။ နီတိ၊ ပဒ။ ၃၁၆။

**ဝိန္ဒ²** (ကြိ) [ ဝိဒ (ဝိဒ) + အ + ဟိ။ ဟိ-ကို ချေ။ ] ရလော။ ဝိန္ဒ မံ အရိယေန ဝေဒေန။ ဇာ၊ ၁။ ၁၄၄။ ဝိန္ဒ မန္တံ ပဋိလာဘ မံ။ ဇာ၊ဋ္ဌ၊ ၃။ ၂၅၀။

**ဝိန္ဒက** (ပု) [ ဝိဒိ + ဏ္ဍု (အက)။ ဝိဒ + ဏ္ဍု (အက)။ နိရုတ္တိ။ ၇၉၁။ ဝိန္ဒက - သံ။ ] ရတတ်သောသူ။ ဝိန္ဒတိ ပဋိလာဘတီတိ ဝိန္ဒကော။ နိရုတ္တိ။ ၅၄၈-နှာ။

**ဝိန္ဒတိ** (ကြိ) [ ဝိဒိ + အ + တိ။ တစ်နည်း-- ဝိဒ + အ + တိ။ နီတိ၊ ဓာတု။ ၁၀၃၊ ၁၀၅၊ ၃၁၂။ ဝိန္ဒတိ-သံ။ ဝိဒ္ဒက္က-ပြာ။ ] (၁) သိ၏။ (၂) ထိုးထွင်း၍သိ၏။ (၃) ရ၏။ (၄) ခံစား၏။ (၁) န ဝိန္ဒတီ (မ၊ ဋ္ဌ၊ ၂။ ၂၁၈) တိ န ဇာနာတိ။ မ၊ ဋီ၊ ၂။ ၂၃၅။ (-သီ၊ ဋီ၊ သစ်၊ ၁။ ၂၃၄)။ (၂) ဝိန္ဒတီ (နေတ္တိ၊ ဋ္ဌ။ ၂၄၂) တိ ဥပလဘတိ၊ ပဋိဝိဇ္ဈတီတိ အတ္ထော။ နေတ္တိ၊ ဋီ။ ၁၃၄။ (- နေတ္တိ၊ ဝိ။၃၀၄)။ (၃) ယံ ကတ္တိယာ ဝိန္ဒတိ သာမိကော မနေ (အံ။ ၂။ ၄၆၇) န္တိ ကတ္တိယာ သာမိကော ယံ မနံ လဘတိ။ အံ၊ ဋ္ဌ၊ ၃။ ၁၇၇၊ ၃၃၃။ ဝိန္ဒတိ ( ဝိသုဒ္ဓိ၊ ၁။ ၇၃။ နေတ္တိ၊ ဋ္ဌ။ ၁၃၂ ) တိ လဘတိ။ ဝိသုဒ္ဓိ၊ ဋီ၊ ၁။ ၁၀၀။ နေတ္တိ၊ ဋီ။ ၈၃။ (၄) သောမနဿံ " ဝေဒေါ " တိ ဝုစ္စတိ။ အာရမ္မဏရသံ ဝိန္ဒတိ အနုဘဝတီတိ။ မ၊ ဋီ၊ ၁။ ၂၇၆။

**ဝိန္ဒတေ** (ကြိ) [ ဝိဒိ (ဝိဒ) + အ + တေ ] ရ၏။ ဝိန္ဒတိ - လည်းကြည့်။ ဝိန္ဒတေ မန (နေတ္တိ။၁၂၆) န္တိ လောကိယလောကုတ္တရမနံ အဓိဂစ္ဆတိ။ နေတ္တိ၊ ဋ္ဌ။ ၂၃၅။ နေတ္တိ၊ ဝိ။ ၃၀၁။

**ဝိန္ဒထ** (ကြိ) [ ဝိဒိ (ဝိဒ) + အ + အာ။ အာ-ကို ထ-ပြု။ နိရုတ္တိ။ ၃၇၂-နှာ။ ] ရပြီ။ ယေန နံ ဝိန္ဒထ သေဋ္ဌိ (ထေရီ။ ၄၂၆) တိ ယေန သုကေန မံ ပဌမံ သေဋ္ဌိ ဝိန္ဒထ ပဋိလဘိ။ ထေရီ၊ ဋ္ဌ။ ၂၇၄။

**ဝိန္ဒန** (နု) [ ဝိဒိ (ဝိဒ) + ယု။ နီတိ၊ ဓာတု။၁၀၅၊ ၃၁၂။ ] (၁) ရခြင်း။ (၂) ခံစားခြင်း။ (၁) ဖုဿတီတိ ဧတ္ထ ဖုသနံ နာမ ဝိန္ဒနံ ပဋိလဒ္ဓိတိ ဒဿေတိ " ဝိန္ဒတိ ပဋိလဘတီ " တိ ဣမိနာ။ သီ၊ ဋီ၊ သစ်၊ ၂။ ၃၈၂။ (-ဒီ၊ ဋီ၊ ၁။ ၃၇၀)။ (၂) ဝေဒယိတန္တိ ဝိန္ဒနံ၊ ဝေဒနာတိ အတ္ထော။ ပဋိသံ၊ ဋ္ဌ၊ ၁။ ၇၄။ စူဠနိ၊ ဋ္ဌ။ ၆၆။

**ဝိန္ဒနဋ္ဌ** (ပု) [ ဝိန္ဒန + အတ္ထ ] ရခြင်းဟူသော သဘော။ ဖဿနဋ္ဌောတိ ဖုသနဋ္ဌော ဝိန္ဒနဋ္ဌော။ ပဋိသံ၊ ဋ္ဌ၊ ၁။ ၉၂။ (-ပဋိသံ၊ ဋ္ဌ၊ ၂။ ၁၆၇)။

**ဝိန္ဒနသဘာဝ** (တိ) [ ဝိန္ဒန + သဘာဝ ] ရခြင်းသဘောရှိသော၊ ဉာဏ်။ ဖဿနဋ္ဌေန ဉာဏန္တိ တဒုဘယဝသေနေဝ ဝိန္ဒနသဘာဝံ ဉာဏံ။ ပဋိသံ၊ ဋ္ဌ၊ ၁။ ၃၃။

**ဝိန္ဒန္တ** (တိ) [ ဝိဒိ (ဝိဒ) + အ + အန္တ။ ထီ-၌ ဝိန္ဒန္တီ။ ] ရသော၊ သူ။ တေသံ ကမ္မာနံ ဝိပါကံ ဝိန္ဒန္တော။ ဇာ၊ ဋ္ဌ၊ ၃။ ၁၄၈။

**ဝိန္ဒန္တိ** (ကြိ) [ ဝိဒိ (ဝိဒ) + အ + အန္တိ ] (၁) ရကုန်၏။ (၂) ခံစားကုန်၏။ (၁) ဓနံ ဝိန္ဒန္တိ မာဏဝါ။ ထေရီ။ ၃၉၂၊ ၃၉၉။ သုခမေဓန္တီတိ သုခံ ဝိန္ဒန္တိ လဘန္တိ။ ဇာ၊ ဋ္ဌ၊၃။ ၁၃၉။ (၂) နာနုဘောန္တီတိ န ဝိန္ဒန္တိ။ မူလ၊ ဋီ၊ ၁။ ၂၂။ (-ဝိမတိ၊ ၁။ ၂၂)။

**ဝိန္ဒယတိ** (ကာ၊ ကြိ) [ ဝိဒိ (ဝိဒ) + ဏယ + တိ။ ဝေဒယတိ-သံ။ ဝေဇ္ဇေ၊ ဝေဒေဇ္ဇ-ပြာ၊ အဒ္ဓမာဂဓီ။ ] ရစေ၏။ ဝိန္ဒေတိ - ကြည့်။

**ဝိန္ဒရေ** (ကြိ) [ ဝိဒိ (ဝိဒ)+ အ + အန္တိ။ အန္တိ-ကို ရေ-ပြု။ ] ရကုန်၏။ ဝိန္ဒန္တိ - လည်းကြည့်။

ဒါယာဒါ ဝိန္ဒရေ ဓနံ။ သံ၊ ၁။ ၆၉။ ဒါယာဒါ ဝိန္ဒရေ ဓနန္တိ တဿ ဒါယာဒါပိ ဓနံ န ဝိန္ဒန္တိ။ သံ။ ဋ၊ ၁။ ၁၂၃။

ဝိန္ဒာပယတိ (ကာ၊ကြိ) | ဝိဒိ (ဝိဒ)+ ဏာပယ+ တိ | ရစေ၏။ အောက်ပုဒ်ကြည့်။

ဝိန္ဒာပေတိ (ကာ၊ကြိ) | ဝိဒိ (ဝိဒ) + ဏာပေ + တိ | ရစေ၏။ ဝိန္ဒာပေတိ၊ ဝိန္ဒာပယတိ။ နိရုတ္တိ။ ၆၆၀။

ဝိန္ဒာမိ (ကြိ) | ဝိဒိ (ဝိဒ) + အ + မိ | (ငါ) ရ၏။ မဓုရံ သုခံ န ဝိန္ဒာမိ န လဘာမိ။ အပ၊ ဋ၊ ၁။ ၃၁၃၊ ၃၂၆။

ဝိန္ဒာဟိ (ကြိ) | ဝိဒိ (ဝိဒ) + အ + ဟိ | ဝိန္ဒ၂- ကြည့်။ အဇ္ဇ ဒါနိ တဿ ဖလံ ဝိန္ဒာဟိ။ ဇာ၊ ဋ၊ ၂။ ၂၅၅။

ဝိန္ဒိံ (ကြိ) | ဝိဒိ (ဝိဒ) + အ + ဣံ | (ငါ) ရပြီ။ နာဟံ ------ သုခံ ဝိန္ဒိံ သုဒုက္ခိတာ (ထေရီ။ ၃၈၉) တိ ------ သမဏသုခံ န ပဋိလဘိံ။ ထေရီ၊ ဋ။ ၈၃။

ဝိန္ဒိံသု (ကြိ) | ဝိဒိ (ဝိဒ) + အ + ဥံ | ရကုန်ပြီ။ အညံ ဘတ္တာရံ ဝိန္ဒိံသု။ ဇာ၊ ၂။ ၃၃၄။ ယေ တေသံ အာယတနာနံ သံဝရံ ဝိန္ဒိံသု ပဋိလဘိံသု။ သံ၊ ဋ၊ ၃။ ၂၇။

ဝိန္ဒိ (ကြိ) | ဝိဒိ (ဝိဒ) + အ + ဤ | ရပြီ။ ယဒဂ္ဂါဂိတိ ယံ အဂ္ဂါဂိ ဝိန္ဒိ ပဋိလဘိ။ ခုဒ္ဒက၊ ဋ။ ၁၅၀။ သုတ္တနိ၊ ဋ၊ ၁။ ၂၈၀။

ဝိန္ဒိတဗ္ဗ (တိ) | ဝိဒိ (ဝိဒ) + တဗ္ဗ။ ဝိန္ဒတိ- ကြည့်။ | သိ-ရ-ခံစား -အပ်- သင့်- ထိုက်- သော။ အတ္တရသော ဝိန္ဒိတဗ္ဗော။ သံ၊ ဋ၊ ၃။ ၁၀၅။ အထ ဝါ အတ္တနာ ဝိန္ဒိတဗ္ဗံ ဘူမိံ ဝိန္ဒတိ လဘတီတိ ဝိဇ္ဇာ နာမ။ ပဋိသံ၊ ဋ၊ ၂။ ၃၁၉။ အဝိန္ဒိယျာတိ န ဝိန္ဒိတဗ္ဗော၊ ဒုဝိညေယျောတိ အတ္ထော။ မ၊ ဋီ၊ ၂။ ၉၇။

ဝိန္ဒိတဗ္ဗ (ပု) | ဝိန္ဒိတဗ္ဗ + အတ္ထ | သိ-ရ- ခံစား- အပ်- သင့်- ထိုက်- သော- အနက်- သဘော။ ဝိဇ္ဇာတိ ပဋိပက္ခမေဝ -------- ဝိန္ဒိတဗ္ဗဋ္ဌေန စ ဝိဇ္ဇာ။ ဗုဒ္ဓဝံ၊ ဋ။ ၁၇။

ဝိန္ဒိတုံ (ဗျ) | ဝိဒိ (ဝိဒ) + တုံ | ရခြင်းငှါ။ ဣမိနာ အဋ္ဌ သမဏသုခါနိ ဝိန္ဒိတုံ။ အဘိ၊ ဋ၊ ၁။ ၃၈။ ဇာ၊ ဋ၊ ၁။ ၉။

ဝိန္ဒိတွာ (ကြိ၊ဝိ) | ဝိဒိ (ဝိဒ) + တွာ | ရ၍။ လဘိတွာ ပဋိလဘိတွာ အဓိဂန္တွာ ဝိန္ဒိတွာ။ မဟာနိ။ ၃။ ---------- ဘောဂေ ဝိန္ဒိတွာ ပဋိလဘိတွာ။ ပေတ၊ ဋ။ ၅၅။

ဝိန္ဒိယ - ဝိန္ဒေယျ (တိ) | ဝိဒိ (ဝိဒ) + ဏျ။ ဝိန္ဒတိ-ကြည့်။ | ဝိန္ဒိတဗ္ဗ-ကြည့်။ တံ ဝိန္ဒိယံ န ဝိန္ဒတီတိ အဝိဇ္ဇာ။ အဘိ၊ ဋ၊ ၂။ ၁၂၇။ ဝိသုဒ္ဓိ၊ ၂။ ၁၅၇။ အဝိန္ဒေယျောတိ န ဝိန္ဒိတဗ္ဗော၊ ဒုဝိညေယျောတိ အတ္ထော။ မ၊ ဋီ၊ ၂။ ၉၇။

ဝိန္ဒိဿသိ (ကြိ) | ဝိဒိ (ဝိဒ) + အ + ဿသိ | (သင်) သိ -ရ-ခံစား -အံ့-လတ္တံ့- လိမ့်မည်။ ကဏှ မာရ ဒုက္ခံ ဝိန္ဒိဿသိ။ ထေရ၊ ဋ၊ ၂။ ၄၉၅။

ဝိန္ဒိယတိ (ကမ္မ၊ကြိ) | ဝိဒိ (ဝိဒ)+ ယ + တေ | ရအပ်၏။ အောက်ပုဒ်ကြည့်။

ဝိန္ဒိယန္တိ (ကမ္မ၊ ကြိ) | ဝိဒိ (ဝိဒ) + ယ + အန္တေ | ရအပ်ကုန်၏။ ဝိန္ဒိယတိ ဝိန္ဒိယန္တိ။ နိရုတ္တိ။ ၆၆၀။

ဝိန္ဒေ၁ (ကြိ) | ဝိဒိ (ဝိဒ) + အ + တိ။ ဝိန္ဒတိ- မှ။ | ဝိန္ဒတိ (၁) ကြည့်။ ဝိန္ဒေ ဟဒယဿ သန္တိံ (ဇာ၊ ၁။ ၁) န္တိ ---- အရိယမဂ္ဂံ ဝိန္ဒန္တိ ပဋိလဘတိ။ ဇာ၊ ဋ၊ ၁။ ၁၂၅။

ဝိန္ဒေ၂ (ကြိ) | ဝိဒိ (ဝိဒ) + အ + မိ။ မိ-ကို ဧ - ပြု။ | ဝိန္ဒတိ (၁) ကြည့်။ န ဝိန္ဒေ (ပေတ။၂၁၀)တိ န လဘာမိ။ ပေတ၊ဋ။၂၄၂။

ဝိန္ဒေ² (ကြိ) [ ဝိဒိ (ဝိဒ) + အ + ဧယျ။ ဧယျ-ကို ဧ-ပြု။ ] ရရာ၏။ မဝံ့ မဝိုတ္တိကော ဝိန္ဒေ၊ သော ဟိ တသာ ဒုမုတ္တမော။ ဇာ၊ ၁။ ၂၅၈။ ဇာ၊ ၄၊ ၄။ ၂၀၅။

ဝိန္ဒေတိ (ကာ၊ ကြိ) [ ဝိဒိ (ဝိဒ) + ဧော + တိ ] ရစေ၏။ ဝိန္ဒေတိ၊ ဝိန္ဒယတိ။ နိရုတ္တိ။ ၆၆။

ဝိန္ဒေမ (ကြိ) [ ဝိဒိ (ဝိဒ) + အ + ဧယျာမ။ ဧယျာမ - ကို ဧမ - ပြု။ ကစ္စည်း။ ၅၁၇။ ရူ။ ၄၈၈။ နီတိ၊ သုတ္တ။ ၁၁၀၅။ တစ်နည်း အလယ်၌ ယျာ-ကိုချေ။ နိရုတ္တိ။ ၃၆၉-နှာ။ ] ရကုန်ရာ၏။ အပေတ္ထ မုဒုံ ဝိန္ဒေမ။ သံ၊ ၁။ ၁၂၄။ သုတ္တနိ။ ၃၄၃။ ဝိန္ဒေမာတိ အဓိဂစ္ဆေယျာမ။ သုတ္တနိ၊ ၄၊ ၂။ ၁၂၁။

ဝိန္ဒေမု (ကြိ) [ ဝိဒိ (ဝိဒ) + အ + ဧယျာမ။ ဧယျာမ - ကို ဧမု - ပြု။ နိရုတ္တိ။ ၅၈၃။ ] ရကုန်ရာ၏။ သက္က ဝိန္ဒေမု ယံ သုခံ။ သံ၊ ၁။ ၂၁၉-၂၀။

ဝိန္ဒေယျ (ကြိ) [ ဝိဒိ (ဝိဒ) + အ + ဧယျ ] ဝိန္ဒေ (၃) ကြည့်။ န ဝိန္ဒေယျ ခဏ္ဍာသော ကတေ (ထေရီ၊ ၄၂၃) တိ ---- န ဝိန္ဒေယျ န ဥပလဘေယျ။ ထေရီ၊ ၄။ ၂၆၄။ (-အပ၊ ၄၊ ၁။ ၂၅၅)။

ဝိန္ဒေယျာမ (ကြိ) [ ဝိဒိ (ဝိဒ)+ အ + ဧယျာမ ] ဝိန္ဒေမု-ကြည့်။ မုဒုန္တိ မုဒုမဓုရသံ ဝိန္ဒေယျာမ ပဋိလဘေယျာမ။ သံ၊ ဋီ၊ ၁။ ၂၂၀။

ဝိန္ဒေယျုံ (ကြိ) [ ဝိဒိ (ဝိဒ) + အ + ဧယျုံ ] ခံစားကုန်ရာ၏ ( ရကုန်ရာ၏ )။ မယိ အနန္တဇာနန္တေ ကာမေ ကာမံ ဒုက္ခံ န ဝိန္ဒေယျုံ။ ဇာ၊ ၄၊ ၄။ ၁၁၈။

ဝိနျာသ (ပု) [ ဝိ + နိ + အာသ + အ။ ဝိနျာသ-သံ။ ဝိဏ္ဏာသ - ပြာ။ ] စီစဉ်ချထားခြင်း။ အနိကော ဝါထ ဝိနျာသော။ မာန်။ ၃၈၁။ သေနာယ ဝါ ဝ္ထော ဗျူဟာနံ ဝိနျာသောတိ သေနာဗျူဟော။ သီ၊ ဋီ၊ သစ်၊ ၁။ ၃၆၀။ (-မာန်၊ ဋီ။ ၃၈၁)။

ဝိပကဋ္ဌ (တိ) [ ဝိ + ပ + ကသ + တ။ ကစ္စည်း။ ၅၇၃။ ရူ။ ၆၂၆။ ဝိပြကပ-သံ။ ဝိပ္ပကိဋ္ဌ-ပြာ။ ( ဝိပ္ပကဋ္ဌ ?)။ ] ဖဲခွါ-ကင်းဆိတ်-ကင်းဝေး-ဆိတ်ငြိမ်ရာသို့ကပ် - သော။ ဝူပကဋ္ဌော (ဝိ၊ ၃။ ၅၀၀) တိ ဝိပကဋ္ဌော ဒူရီဘူတော။ သာရတ္ထ၊ ၃။ ၃၆၁။

ဝိပက္က¹ (တိ) [ ဝိ + ပစ + တ။ ကစ္စည်း။ ၅၈၃။ ရူ။ ၆၁၇။ မောဂ်၊ ၅။ ၁၅၆။ နီတိ၊ သုတ္တ။ ၁၁၈၆။ ဝိပက္ဝ-သံ။ ဝိပက္က-ပြာ။ ] (၁) ဖြစ်ပြီးသော။ (၂) ကြေကျက်ပြီးသော အစာ။ (၃) ဖြစ်-ရင့်ကျက်-သော။ (၄) အထူးသဖြင့်-ပြီး - ပြည့်စုံ- သော။ (၅) ချက်အပ်သော။ (၆) ရင့်-ထက်-သော။ (၇) ရင့်ကျက်-အကျိုးပေး-ပြီးသော၊ ရင့်စေ-ဖြစ်စေ-အပ်ပြီးသော။ (နု) (၈) ဖြစ်-ရင့်ကျက်-ခြင်း။ (၁) ဖြစ်ပြီးသော။ ကေစိ ပန " ဝိပက္က "န္တိပိ ပဌန္တိ နိဗ္ဗတ္တန္တိ အတ္ထော။ ဒီ၊ ၄၊ ၃။။ ၇။ (၂) ကြေကျက်ပြီးသော အစာ။ ယေနာတိ ယေန ဝိဝရေန သဗ္ဗမေ္ဗတံ ဝိပက္ကံ ကသဋဘာဝံ အာပန္နံ နိက္ခမတိ။ အဘိ၊ ၄၊ ၂။ ၆၈။ (၃) ဖြစ်-ရင့်ကျက် - သော။ ယထာ ဟိ သာလိဗီဇာဒီနံ ဖလာနိ တံသဒိသာနိ ဝိပက္ကာနိ နာမ ဟောန္တိ။ သီ၊ ဋီ၊ သစ်၊ ၂။ ၁၈၃။ (၄) အထူးသဖြင့်-ပြီး-ပြည့်စုံ-သော။ ဝိပက္ကဗြဟ္မစရိယောသို့ (မ၊ ၄၊ ၁။ ၃၄၈) တိ ဝိသေသေန နိပ္ဖန္နပဏီတဗြှာသယော ပရိပုဏ္ဏာဥဋ္ဌာရမနောရထော။ မ၊ ဋီ၊ ၂။ ၃၄။ ( - ဇာ၊ ၁။ ၁၅၁။ ဇာ၊ ၄၊ ၆။ ၁၉ )။ (၅) ချက်အပ်သော။ ဝိပက္ကဘတ္တ - ကြည့်။

(၆) ရင့် - ထက် - သော။ ဝိပက္ကဘာဝ (၂) ကြည့်။ (၇) ရင့်ကျက်-အကျိုးပေး-ပြီးသော။ န ပုန ဖလာဝဟာ ဟောန္တိ ဝိပက္ကဝိပါကတ္တာ။ အဘိ၊ဋ္ဌ၊ ၂။၁၅၆။ ဝိပက္ကဝိပါကတ္တာ (ဝိသုဒ္ဓိ၊ ၁။ ၂၂၂) တိ အတ္တနော ဖလာနုရူပံ ဒါတဗ္ဗဝိပါကဿ ဒိန္နတ္တာ။ ဝိသုဒ္ဓိ၊ ဋီ၊ ၁။ ၂၈၇။ (န) (၈) ဖြစ် - ရင့်ကျက် - ခြင်း။ ဝိပက္ကဘာဝမာပန္နာနံ အရူပမမ္မာနမေတံ အဓိဝစနံ။ အဘိ၊ ဋ္ဌ၊ ၁။ ၈၄။ (-မူလဋီ၊ ၁။ ၃၈။ မဏိဒီပ)။

ဝိပက္က၂ (န) ဝိပါက + ဏျ ] ဝိပါက်၏အဖြစ်။ ဝိပက္ကဘာဝ (၃) (၄) တို့ကြည့်။

ဝိပက္ကဂဟဏိက (တိ) [ ဝိပက္က + ဂဟဏီ + က ] အထူးသဖြင့် အစာကို ကြေကျက်စေတတ်သော-ဝမ်းမီး-ပါစကတေဇော-ရှိသော၊ သူ။ ဝိပက္ကဂဟဏိကော (ဝိပန္နဂဟဏိကော။ ဝိ၊ ဋ္ဌ၊ ၃။ ၃၇၄) တိ ဝိသေသေန ပါစာပနဂဟဏိကော။ ပါစိတ်၊ ယော။ ၃၄၇။

ဝိပက္ကဗြဟ္မစရိယ (တိ) [ ဝိပက္က + ဗြဟ္မစရိယ ] (၁) ရင့်ကျက် - အကျိုးပေး -ပြီးသော မြတ်သောအကျင့် (သင်္ဂဟဝတ္ထု ၄-ပါး) ရှိသော။ (၂) အထူးသဖြင့်-ပြီး-ပြည့်စုံ-သောမြတ်သောအလိုဆန္ဒရှိသော။ (၁)ဝိပက္ကဗြဟ္မစရိယောသိ (ဇာ၊ ၁။ ၃) တိ ဇတ္တ စတ္တာရိ သင်္ဂဟဝတ္ထူနိ သေဋ္ဌစရိယတ္တာ ဗြဟ္မစရိယံ နာမ၊ တဥ္စ တမ္ဟုလိကာယ ယသသမ္ပတ္တိယာ ပဋိလဒ္ဓတ္တာ ဝိပက္ကံ နာမ။ ဇာ၊ ဋ္ဌ၊ ၁။ ၁၅၃။ (၂) ဝိပက္က³ (၄) ကြည့်။

ဝိပက္ကဘတ္တ (န) [ ဝိပက္က + ဘတ္တ ] ချက်အပ်သောထမင်း။ ----------- သကုဏ္ဍောဟိ တဏ္ဍုလေဟိပိ သဒ္ဓိံ ဝိပက္ကဘတ္တံ ဥတ္တဏ္ဍုလမေဝ ဟောတိ။ အံ၊ ဋီ၊ ၃။ ၂၈၇။

ဝိပက္ကဘာဝ (ပု) [ ဝိပက္က + ဘာဝ ] (၁) ကြေကျက်- ချက်အပ် -ပြီးသော အစာ၏အဖြစ်။ (၂) ရင့်-ထက်-သည်၏အဖြစ်။ (၃) ဝိပါက်၏အဖြစ်တည်းဟူသော သဘော။ (၄) ဖြစ်-ရင့်-ခြင်းဟူသောသဘော။ (၁) ပရိပက္ကတော (ဒီ၊ ဋ္ဌ၊ ၁။ ၁၈၀) တိ ယထာဘုတ္တဿ အာဟာရဿ ဝိပက္ကဘာဝတော။ ဒီ၊ ဋီ၊ ၁။ ၂၅၂။ မ၊ ဋီ၊ ၁။ ၃၆၂။ သံ၊ ဋီ၊ ၂။ ၄၆၆။ ဝိသုဒ္ဓိ၊ ဋီ၊ ၁။ ၄၁၇။ (၂) ထဒ္ဓဘာဝန္တိ ဝိပက္ကဘာဝံ၊ တိက္ခဘာဝန္တိ အတ္ထော။ မ၊ ဋီ၊ ၂။ ၂၀၇။ (၃) (၄) ဝိပက္ကဘာဝ (အဘိ၊ ဋ္ဌ၊ ၁။ ၈၄) န္တိ ဧတ္ထ ဝိပစ္စန္တီတိ ဝိပက္ကာ၊ ဘဝန္တိ ဗုဒ္ဓိသဒ္ဒါ တသ္မာတိ ဘာဝေါ၊ ဝိပက္ကာနံ ဘာဝေါ ဝိပက္ကဘာဝေါတိ အယမတ္ထော နာမိပ္ပေတော၊ အထ ခေါ ဝိပစ္စန္တီတိ ဝိပါကာ၊ တေသံ ဘာဝေါ ဝိပက္ကံ၊ ကွစာဒိနာ အာကာရဿ ရဿတ္တံ, ယဝတမိစ္စာဒိမှိ ကာရဂ္ဂဟဏေန ကျဿ စ ကာဒေသော ကဿ စ ဒွိတ္တံ။ ဝိပစ္စနံ ဝါ ဝိပက္ကံ၊ သုသပစာဒိနာ တပစ္စယဿ က္ကာဒေသော, ဓာတွန္တလောပေါ စ၊ ဘာဝဝသေန ဝိပါကဘာဝိယန္တိ ပကာသိယန္တိ ဧတေနာတိ ဘာဝေါ၊ ဝိပက္ကဥ္စ တံ ဘာဝေါ စာတိ ဝိပက္ကဘာဝေါတိ အယမတ္ထောဝ အဓိပ္ပေတော။ မဏိဒီပ။

ဝိပက္ကမတိ (ကြိ) [ ဝိ + ပ + ကမု + အ + တိ။ နီတိ၊ ဓာတု။ ၁၃၁။ ဝိပြကြမတိ - သံ။ (ဝိပ္ပက္ကမတိ ?) ] ဖဲသွား၏။ ဝိပက္ကမန္တိ-ကြည့်။

ဝိပက္ကမန္တ (တိ) [ ဝိ + ပ + ကမု + အ + အန္တ။ ထီ-၌ ဝိပက္ကမန္တီ။ ] ဖဲသွားတတ်သော။

တာသံ တတော ဝိပက္ကမန္တိနံ ဝဏ္ဏနာနုတ္တခ္ခေဝ ပညာယတိ အာဘာနာနုတ္တဿ။ မ၊ ၃။ ၁၈၇။

ဝိပက္ကမန္တိ (ကြိ) [ဝိ + ပ + ကမု + အ + အန္တိ] ဖဲသွားကုန်၏။ ယာ တာ ဒေဝတာ တတော ဝိပက္ကမန္တိ။ မ၊ ၃။ ၁၈၇။

ဝိပက္ကမိံသု (ကြိ) [ဝိ + ပ + ကမု + ဥံ] ဖဲခွါ-ထွက်ခွါ- ပြန်- သွားကုန်ပြီ၊ အထူးထူးသောအပြားရှိသော အရပ်သို့ ဖဲသွားကုန်ပြီ။ ဘိက္ခုနိယော န တာဝ ဝီဝရံ ဘာဇိယိံသုတိတိ ဝိပက္ကမိံသု။ ဝိ၊ ၂။ ၃၇၃။ (သျှာ၊မူ)။ "ဝိပက္ကမိံသု" တိ ဧတ္ထ ဝိဝိဓံ ဌာနံ ပက္ကမိံသုတိ ဒဿေန္တော အာဟ "တတ္ထ တတ္ထ အဂမံသု" တိ။ ပါစိတ်၊ ယော။ ၁၆၈။

ဝိပက္ကဝိပါက (တိ) [ဝိပက္က + ဝိပါက] (၁) ရင့်ကျက်-အကျိုးပေး-ပြီးသော အကျိုးဝိပါက်၊ ရင့်စေ - ဖြစ်စေ - အပ်ပြီးသော အကျိုး ဝိပါက်။ (၂) ရင့်ကျက်-အကျိုးပေး-ပြီးသော အကျိုးဝိပါက်ရှိသော၊ ရင့်စေ-ဖြစ်စေ-အပ်ပြီးသော အကျိုးဝိပါက်ရှိသော။ (၁) အတီတဘဝေသု ကတဿ ကမ္မဿ အတီတဘဝေသုယေဝ ဝိပက္ကဝိပါကံ ဂဟေတွာ။ ပဋိသံ၊ ဋ္ဌ၊ ၂။ ၁၇၄-၅။ အံ၊ ဋီ၊ ၂။ ၁၀၇။ (၂) အတီတာ ဝိပက္ကဝိပါကာ ဓမ္မာ တေ နတ္ထိ။ အဘိ၊ က။ ၁၁၉။ ဝိပက္ကဝိပါကာတိ ဣဒံ ယေသံ သော နတ္ထိတံ ဣစ္ဆတိ၊ တေသံ ဝသေန စောဒေတုံ ဝုတ္တံ။ အဘိ၊ ဋ္ဌ၊ ၃။ ၁၅၇။ (-နေတ္တိ၊ ဋ္ဌ။ ၁၆၆။ သံ၊ ဋီ၊ ၂။ ၁၈၃။ မူလဋီ၊ ၁။ ၁၆၆။ မူလဋီ၊ ၂။ ၁၁၃။ အနုဋီ၊ ၃။ ၁၀၀။ ဝိသုဒ္ဓိ၊ ဋီ၊ ၂။ ၃၁၅)။

ဝိပက္ကသဘာဝ (ပု) [ဝိပက္က + သဘာဝ] (၁) ဝိပါက်၏အဖြစ်တည်းဟူသောသဘော။ (၂) ဖြစ်-ရင့်ကျက်-ခြင်းဟူသော သဘော။ ဝိပက္ကဘာဝ - လည်းကြည့်။ (၁) (၂) ဝိပက္ကဘာဝ (အဘိ၊ ဋ္ဌ၊ ၁။ ၈၄) န္တိ ဧတ္ထ ဘာဝ-သဒ္ဒေန သဘာဝေါ ဧဝ ဝုတ္တော။ တံ ယထာဝုတ္တံ ဝိပက္ကသဘာဝံ ဒုတိယဿ ဝုတ္တံ ဝိပစ္စနသဘာဝဥ္စ ဂဟေတွာ။ မူလဋီ၊ ၁။ ၃၈။

ဝိပက္ခ (တိ) [ဝိ + ပက္ခ။ ဓာန်၊ ဋီ။ ၃၄၄-၅။ ဝိပက္ခ-သံ။ ဝိပက္ခ-ပြာ၊ အဒ္ဓမာဂဓီ။ ဝိရုဒ္ဓေါ ပက္ခော ယဿ ဝိပက္ခော။ ကပ္ပဒ္ဒုမ။] (၁) ဆန့်ကျင် - ဆန့်ကျင်ဘက်ဖြစ် - သော (က) နိဗ္ဗာန်။ (ခ) နာမကာယ (နာမ်တရားအပေါင်း)။ (ဂ) စကား။ (ဃ) မိစ္ဆာဝါစာ။ (၂) ဆန့်ကျင်ဘက်ဖြစ်သောသူ၊ ရန်သူ။ သူ့အသင်းအပင်း။ (၁) (က) "ဇာနိတဗ္ဗ-တော" တိ ဟေတုနော ဝိပက္ခေပိ နိဗ္ဗာနေ ဝတ္တနတော ----------။ ဝိမတိ၊ ၂။ ၁။ မရိစိမာယာအတ္တာနံ ဝိပက္ခော ဘာဝေါ တစ္ဆာဝိပရီတဘူတဘာဝေါ။ မူလဋီ၊ ၂။ ၅၃။ (ခ) ဝိပက္ခေပိ ဘာဝတော အနေကန္တိကတ္တာ ရူပတ္တာသာကေတ္တံ။ အနုဋီ၊ ၁။ ၁၈၆။ (ဂ) ပထဝီဓာတု ဥပလဗ္ဘတီတိ ပုဂ္ဂလာဘာဝေ ဝိပက္ခဝသေန နိဒဿနမာဟ။ အနုဋီ၊ ၁။ ၁၉၄။ (ဃ) ပဋိပက္ခတော (နေတ္တိ၊ဋ္ဌ။ ၂၆)တိ ဝိပက္ခတော။ နေတ္တိ၊ဋီ။ ၃၂။ (၂) န ဘိက္ခဝေ အယံ ဘိက္ခု ဣဒါနေဝ ဝိပက္ခံ သေဝတိ။ ဇာ၊ ဋ္ဌ၊ ၂။ ၈၉။ (-သံ၊ ဋီ၊ ၂။ ၃၀၉)။

ဝိပက္ခက (တိ) [ဝိပက္ခ + က။ ထိ-၌ ဝိပက္ခိကာ။ ဝိပက္ခိက - သက္ကတပိဋ္ကက။] ပျက်စီးသော အတောင်ရှိ - အတောင်ပျက်စီး - အတောင်ကျိုး-သော၊ ငှက်။ ပသယှကာရာ ခါဒိံသု၊

ဖန္ဒမာနံ ဝိပက္ခကံ။ ဇာ၊ ၂။ ၅၅။ ဝိပက္ခကန္တိ ဝိဒ္ဓသ္တပက္ခကံ။ ဇာ၊ ဋ္ဌ၊ ၅။ ၂၇၁။

ဝိပက္ခဓမ္မ (ပု) [ ဝိပက္ခ + ဓမ္မ ] ဆန့်ကျင်-ဆန့်ကျင်ဘက်ဖြစ်-သောတရား။ ဝိပက္ခဓမ္မေဟိ အနန္တရိတတ္တာ အဝိစ္ဆိန္နသဿ။ အနုဋီ၊ ၂။ ၁၅၂။

ဝိပက္ခပဋိပက္ခ (ပု) [ ဝိပက္ခ + ပဋိပက္ခ ] ဖြောင့်ဖြောင့်ဆန့်ကျင်ဘက်။ ဝိပက္ခပဋိပက္ခဝသေန ဥဘယံ သမာသေတွာ။ ပဋိသံ၊ ဋ္ဌ၊ ၁။ ၂၄၃။ ဥပ္ပါဒါဒီနံ နိဗ္ဗာနတော ဝိသုံ ပက္ခတ္တာ, နိဗ္ဗာနဿ စ တံ ဝိဒ္ဓံသကတ္တာ အာဟ " ဝိပက္ခပဋိပက္ခဝသေနာ " တိ။ ပဋိသံ၊ ဂဏ္ဌိ။ ၁၇၆။

ဝိပက္ခဝိဂမ (ပု) [ ဝိပက္ခ + ဝိဂမ ] ဆန့်ကျင်ဘက်မှ ကင်းခြင်း။ ဇာတိသမ္ပန္နဿ ခတ္တိယကုမာရဿ ဝိပက္ခဝိဂမေန ပက္ခသင်္ဂဟေန ------။ သံ၊ ဋီ၊ ၂။ ၃၀၉။

ဝိပက္ခဝိဓုန (န) [ ဝိပက္ခ + ဝိဓုန ] ဆန့်ကျင်ဘက်- ရန်သူ- ကိုကြဉ်ရှောင်ခြင်း။ ဝိသောဓေန္တောတိ ဝိပက္ခဝိဓုနသပက္ခဝိသေဝနသရိက္ခူပနိဿယသင်္ဂဟနလက္ခဏေဟိ တီဟိ ကာရဏေဟိ ဝိသောဓနဝသေန သောဓေန္တော။ အံ၊ ဋီ၊ ၁။ ၂၄၇။

ဝိပက္ခသေဝက (တိ) [ ဝိပက္ခ + သေဝက။ ထီ-၌ ဝိပက္ခသေဝိကာ။ ] ဆန့်ကျင်ဘက်-ရန်သူ-ကို-ပေါင်းဖော်-မှီဝဲ-တတ်သော၊ သူ။ အညတရံ ဝိပက္ခသေဝကံ ဘိက္ခုံ အာရဗ္ဘ ကထေသိ။ ဓမ္မ၊ ဋ္ဌ၊ ၂။ ၃၆၆။ (-ဇာ၊ ဋ္ဌ၊ ၂။ ၈၉၊ ၉၀)။

ဝိပက္ခသေဝကဘိက္ခု (ပု) [ ဝိပက္ခသေဝက + ဘိက္ခု ] ဆန့်ကျင်ဘက် - ရန်သူ - ကို-ပေါင်းဖော် - မှီဝဲ - တတ်သော ရဟန်း။ တဒါ မဟိဠာမုခေါ ဝိပက္ခသေဝကဘိက္ခု အဟောသိ။ ဇာ၊ဋ္ဌ၊၁။ ၂၀၄။

ဝိပက္ခသေဝကဘိက္ခုဝတ္ထု (န) [ ဝိပက္ခသေဝကဘိက္ခု + ဝတ္ထု ] ဆန့်ကျင်ဘက်-ရန်သူ-ကို-ပေါင်းဖော်-မှီဝဲ-တတ်သောရဟန်း၏-အဖြစ်အပျက်-အကြောင်းအရာ။ ခုဒ္ဒကနိကာယ၊ ဓမ္မပဒပါဠိ၊ ၂၅-ဘိက္ခုဝဂ်၊ ၅-ဝတ္ထု။ ဓမ္မ။၆၆။ ဓမ္မ၊ ဋ္ဌ၊ ၂။ ၃၆၆-၇။

ဝိပက္ခသေဝီ (တိ) [ ဝိပက္ခ + သေဝ + ဏီ။ ကစ္စည်း။ ၅၃၂။ ရူ။ ၅၉၀။ နီတိ၊ ဓာတု။ ၁၇၁။ ထီ-၌ ဝိပက္ခသေဝိနီ။ ] ဆန့်ကျင်ဘက် -ရန်သူ -ကို -ပေါင်းဖော် -မှီဝဲ -လေ့ရှိသော၊ သူ။ ဧကံ ဝိပက္ခသေဝိံ ဘိက္ခုံ အာရဗ္ဘ ကထေသိ။ ဇာ၊ ဋ္ဌ၊ ၁။ ၅၁၃။ (-ဇာ၊ ဋ္ဌ၊ ၂။ ၈၉၊ ၉၂)။

ဝိပစ္စ[၁] (န) [ ဝိ + ပတ + ဏျ။ ဝိကာရဘာဝေန ပတတိ ပဝတ္တတီတိ ဝိပစ္စံ။ ပါစိတ်၊ ယော။ ၄၄၂။ ] စိတ်၏ဆင်းရဲခြင်း။ ဝိပစ္စတာယ ဝေါဟာရော (ဝိ၊ ၄။ ၂၁၂) တိ စိတ္တဒုက္ခတ္ထံ ဝေါဟာရော။ ဝိ၊ ဋ္ဌ၊ ၄။ ၃၉။ ဝိပစ္စတာယာတိ ဧတ္ထ ဝိကာရဘာဝေန ပတတိ ပဝတ္တတီတိ ဝိပစ္စံ၊ စိတ္တဒုက္ခံ၊ တဒေဝ ဝိပစ္စတာ၊ တဒတ္ထာယာတိ ဒဿေန္တော အာဟ " စိတ္တဒုက္ခတ္ထ " န္တိ။ ပါစိတ်၊ ယော။ ၄၄၂။

ဝိပစ္စ[၂] (န) [ ဝိ + ပစ + ယ + အ ] အကျိုးမပေးခြင်း။ ဝိပစ္စယန္တိ - ကြည့်။

ဝိပစ္စ[၃] (ကြိ၊ ဝိ) [ ဝိ + ပစ + တွာ။ နိရုတ္တိ။ ၅၀၈-နှာ။ ] ရင့်-ကျက်-၍။ ဝိပစ္စ၊ ပရိပစ္စ၊ ဝိမုစ္စ၊ အဓိမုစ္စ။ နိရုတ္တိ။ ၅၀၈-နှာ။

ဝိပစ္စဂါ (ကြိ) [ ဝိ + ပတိ + ဂမု + အာ။ ဂမိဿ ဂတ္တံ ယထာတန္တိ။ နီတိ၊ သုတ္တ။ ၁၀၉၅။ ] ဖောက်ပြန်ပျက်စီး၍ လားရပြီ။ သဋ္ဌိဝဿသဟဿာနိ၊ ယထာရူပီ ဝိပစ္စဂါ။ ပေဋကော။ ၂၀၁။

ဝိပစ္စတံ (ကြိ) [ ဝိ + ပစ + ယ + တံ ] ဝိပစ္စတု-ကြည့်။

ဝိပစ္စတာ (ထီ) [ ဝိပစ္စ + တာ။ (ပစ္စည်းအနက်မရှိ) ] ဝိပစ္စ² - ကြည့်။

ဝိပစ္စတိ (ကြိ) [ ဝိ + ပစ + ယ + တိ။ (ကမ္မကြိ) ဝိပစတေ-သံ။ ] (၁) အကျိုးကို ဖြစ်စေ၏၊ အကျိုးပေး၏။ (၂) ပြည့်စုံ၏။ (၃) လောင်ကျွမ်း-ကုန်ခန်း-၏။ (၄) ရင့်ကျက် - အကျိုး၏ အဖြစ်ဖြင့်ဖြစ် - ၏။ (၅) (ကုသိုလ်ကြောင့်) ရင့်ကျက်-ဖြစ်-တတ်၏။ (၁) အကျိုးကိုဖြစ်စေ၏၊ အကျိုးပေး၏။ ကိန္နု မညသိ ပါပိမ၊ န မေ ပါပံ ဝိပစ္စတိ။ မ၊ ၁။ ၄၁၅။ ယတ္ထဿ အတ္တဘာဝေါ နိဗ္ဗတ္တတိ၊ တတ္ထ တံ ကမ္မံ ဝိပစ္စတိ။ အံ၊ ၁။ ၁၃၃။ (-အဘိ၊ ဝိ။ ၃၅၁။ ဝိ၊ ဋ္ဌ၊ ၁။ ၂၄၂။ မ၊ ဋ္ဌ၊ ၄။ ၇၈။ အံ၊ ဋ္ဌ၊၁။ ၃၅၇။ အံ၊ ဋ္ဌ၊၂။၄)။ အလဒ္ဓါ တာဒိသံ ဟေတုံ၊ အဘိညာ န ဝိပစ္စတိ။ နာမရူပပရိစ္ဆေဒ။ ၄၇၄။ ဝိဘာဝိနီ။ ၁၈၅။ အလဒ္ဓါ အလဗ္ဘနတော ဒုဗ္ဗလတ္တာ န ဝိပစ္စတိ၊ ဝိပါကံ န ဒေတီတိ အတ္ထော။ မဏိမဥ္ဇူ၊ ၂။ ၇၆။ ယဒိ ဟိ တံ ကမ္မံ ကတောကာသံ ယဿ တဒပဒေသေန ဖလံ ဝိပစ္စတိ။ မ၊ ဋီ၊ ၃။ ၃၃၁။ (၂) ပြည့်စုံ၏။ သမ္မဒတ္ထော ဝိပစ္စတိ ( ဇာ၊ ၂။ ၁၅၁ ) တိ သမ္မာ ဥပါယေန ကာရဏေန ကတ္တဗ္ဗကိစ္စံ သမ္ပဇ္ဇတိ။ ဇာ၊ ဋ္ဌ၊ ၆။ ၁၉။ (-ဇာ၊ ဋ္ဌ၊ ၅။ ၁၂၉)။ (၃) လောင်ကျွမ်း - ကုန်ခန်း-၏။ ယဿာ ဟိ မဂ္ဂစေတနာယ ကမ္မံ ပစ္စတိ ဝိပစ္စတိ ဍယှတိ ပရိက္ခယံ ဂစ္ဆတိ။ မ၊ ဋ္ဌ၊ ၃။ ၂၃၆။ (၄) ရင့်ကျက် - အကျိုး၏အဖြစ်ဖြင့် ဖြစ် - ၏။ ကုသလဝိပါကစက္ခုဝိညာဏဥ္စ ------ ဒဿနကိစ္စံ သာဓယမာနံ စက္ခုဒွါရေ ဌတွာ ဝိပစ္စတိ။ အဘိ၊ ဋ္ဌ၊ ၁။ ၃၀၄။ (၅) ( ကုသိုလ်ကြောင့် ) ရင့်-ကျက်-ဖြစ်-တတ်၏။ ဖလတိ ဝိပစ္စတီတိ ဖလံ။ ပဋ္ဌိသံ၊ ဋ္ဌ၊ ၁။ ၂၇။

ဝိပစ္စတု (ကြိ) [ ဝိ + ပစ + ယ + တု ] အကျိုးကိုပေးလော၊ အကျိုးကို ပေးပါစေ။ တယာ သဒ္ဓိံ ဝိပစ္စတ (ဒီ၊ ၂။ ၂၁၃) န္တိ သဒ္ဓိံ တယာ သဒ္ဓိမေဝ ဝိပါကံ ဒေတု။ ဒီ၊ ဋ္ဌ၊ ၂။ ၂၉၅။ ----- ကမ္မံ ဝိပစ္စတု၊ တယာ သဟေဝ တဿ ကမ္မဿ ဖလံ အနုဘဝေယျန္တိ အဓိပ္ပါယော။ ဒီ၊ ဋီ၊ ၂။ ၂၄၉။

ဝိပစ္စတေ (ကြိ) [ ဝိ + ပစ + ယ + တေ ] အကျိုးပေး၏။ ဂတိကာလာဒိပစ္စယန္တရသမဝါယေ သတိ ဝိပစ္စတေ ဇေါတိ အတ္ထော။ ထေရီ၊ ဋ္ဌ။ ၂၁၃။

ဝိပစ္စန² (နု) [ ဝိ + ပစ + ယ + ယု။ ဝိ + ပစ္စန-သံ။ ] (၁) (အစာကို) ကြေ-ကျက်-စေခြင်း။ (၂) အကျိုးပေးခြင်း။ (၃) အကျိုး။ (၄) ဖြစ်စေခြင်း။ (၅) အကျိုးပေးရာ (ကာလ)။ (တိ) (၆) အကျိုးကို ဖြစ်စေတတ်သော။ (၁) (အစာကို) ကြေ-ကျက်-စေခြင်း။ ဝိပစ္စနံ ဝိပါကော။ မ၊ ဋီ၊ ၃။ ၁၄၄။ (၂) အကျိုးပေးခြင်း။ ---------- ပုညသမ္ဘာရဿ ဥဠာရတမတ္တာ ဝိပစ္စနဿ ပရိယန္တဂတတ္တာ။ သံ၊ ဋီ၊ ၂။ ၄၉၉။ ( -မူလဋီ၊ ၃။ ၂၂၁ )။ (၃) အကျိုး။ ဓမ္မာ ဥပ္ပဇ္ဇနေန ဝိပစ္စနေန စ နိပ္ဖန္နာ နာမ ဟောန္တိ။ အနုဋီ၊ ၁။ ၉၆။ (၄) ဖြစ်စေခြင်း။ တေန ကုသလာကုသလာနံ သာမညေ ဝိပါကဓမ္မာဘာဝေ သုခဝိပါက-ဝိပစ္စနသဘာဝံ ဒဿေတိ။ မူလဋီ၊ ၁။ ၃၁။ (၅) အကျိုးပေးရာ (ကာလ)။ ဝိပစ္စနကာလ-ကြည့်။ (တိ) (၆) အကျိုးကို ဖြစ်စေတတ်သော။ ဝိပစ္စနကမ္မ-ကြည့်။

ဝိပစ္စန² (န) | ဝိပစ္စန + တ္တ။ မောဂ်၊ ၄။ ၁၂၃။ တစ်နည်း- ဘာဝပ္ပစ္စာန်။ | ဖြစ်စေတတ်သည်၏အဖြစ်။ ဒုက္ခဿေဝ ဝိပစ္စနတော ဒုက္ခဝိပါကံ။ ဣတိဝုတ်။ ဋ္ဌ။ ၁၄၆။

ဝိပစ္စနက (တိ) | ဝိပစ္စန + က။ ဝိ + ပစ္စနိက-သံ။ | အကျိုးကို - ပေးတတ် - ပေးလတ္တံ့-ဖြစ်စေတတ်-သော။ ကာမဓာတုဝေပက္ကန္တိ ကာမဓာတုယာ ဝိပစ္စနကံ။ အံ၊ ဋ္ဌ၊ ၂။ ၂၀၄။ ---- ဝိပစ္စနကံ ဝိပါကဒါယကံ ကုသလကမ္မံ ကရောဟိ ပသဝေယျာသိ။ ပေတ၊ ဋ္ဌ။ ၁၇၅။ (-သံ၊ ဋီ၊ ၂။ ၄၁၈။ အံ၊ ဋီ၊ ၁။ ၂၀၈)။

ဝိပစ္စနကကမ္မ (န) | ဝိပစ္စနက + ကမ္မ | အကျိုးကို - ပေးတတ် - ပေးလတ္တံ့- ဖြစ်စေတတ်-သောကံ။ ဒိဋ္ဌဓမ္မဝေဒနီယန္တိ ဣမသ္မိံ-ယေဝတ္တဘာဝေ ဝိပစ္စနကကမ္မံ။ အံ၊ ဋ္ဌ၊ ၃။ ၂၆၅။ (-ဒီ၊ ဋီ၊ ၁။ ၁၅၅။ သီ၊ ဋီ၊ သစ်၊ ၁။ ၄၁၆)။

ဝိပစ္စနကမ္မ (န) | ဝိပစ္စန + ကမ္မ | အကျိုးကို ဖြစ်စေတတ်သောကံ။ ဥပမိမ္ဟိ ယထာနိဗ္ဗတ္တေ အတ္တဘာဝေ ဝိပစ္စနကမ္မံ ဧတိဿာတိ ဥပမိဝေပက္ကာ။ မူလဋီ၊ ၂။ ၆၉။

ဝိပစ္စနကရဏ (န) | ဝိပစ္စန + ကရဏ | အကျိုးပေးခြင်းကို ပြုခြင်း။ ဒိဋ္ဌဓမ္မိကဥ္စာ (မဟာနိ။ ၂၀၈) တိ ဒိဋ္ဌေ ပစ္စက္ခေ အတ္တဘာဝေ ဝိပစ္စနကရဏံ။ မဟာနိ၊ ဋ္ဌ။ ၂၀၈။

ဝိပစ္စနကာလ (ပု) | ဝိပစ္စန + ကာလ | အကျိုးပေးရာ-အချိန် -အခါ -ကာလ။ အညော ဝိပကစ္စနကာလော။ အဘိ၊ ဋ္ဌ၊ ၁။ ၃၂၉။ (-အံ၊ ဋ္ဌ၊ ၂။ ၁၁၀။ ဝိသုဒ္ဓိ၊ ဋီ၊ ၂။ ၁၀၊ ၃၁၂)။

ဝိပစ္စနဋ္ဌာန (န) | ဝိပစ္စန + ဋ္ဌာန | အကျိုးပေးရာ-အရပ်-ဌာန။ ဣဒါနိ ဣမေသံ အဋ္ဌန္နံ မဟာဝိပါကစိတ္တာနံ ဝိပစ္စနဋ္ဌာနံ ဝေဒိတဗ္ဗံ။ အဘိ၊ ဋ္ဌ။ ၁။ ၃၀၇။ (-အံ၊ ဋ္ဌ၊ ၂။ ၃၄၉)။

ဝိပစ္စနတ္ထ (ပု) | ဝိပစ္စန + အတ္ထ | အကျိုးပေးခြင်းဟူသောအကျိုး။ ဝတ္တု၊ အညံ န ဝိဇ္ဇတီတိ တဿ ကမ္မဿ ဝိပစ္စနတ္ထာယ အညံ ဝတ္ထု နတ္ထိ။ အံ၊ ဋ္ဌ၊ ၂။ ၁၁၅။

ဝိပစ္စနပကတိ (တိ) | ဝိပစ္စန + ပကတိ | အကျိုးကို-ဖြစ်စေ-ပေး-ခြင်းသဘောရှိသော။ ဝိပါကာရဟန္တိ ဒုတိယဘဝါဒီသု ဝိပစ္စန-ပကတိတံ သန္ဓာယ ဝဒတိ။ မူလဋီ၊ ၂။ ၂၁၀။

ဝိပစ္စနပကတိက (တိ) | ဝိပစ္စနပကတိ + က | ဝိပစ္စနပကတိ - ကြည့်။ ဝိပါကပကတိကာ (အဘိ၊ ဋ္ဌ၊ ၁။ ၈၄) တိ ဝိပစ္စနပကတိကာ။ မူလဋီ၊ ၁။ ၃၈။

ဝိပစ္စနပဝတ္တိ (ထီ) | ဝိပစ္စန + ပဝတ္တိ | အကျိုးပေးခြင်း၏ဖြစ်ရာ-အချိန်-အခါ။ ပစ္ဆာ စာတိ ဝိပစ္စနပဝတ္တိတော ပစ္ဆာ စ။ မူလဋီ၊ ၂။ ၁၁၃။

ဝိပစ္စနဝိဘာဂ (ပု) | ဝိပစ္စန + ဝိဘာဂ | အကျိုးပေးခြင်းကို - ဝေဘန် -ခွဲခြမ်း -ခြင်း။ ပါကာတိ "ဣဒမေတ္ထ ဝိပစ္စတိ၊ ဣဒံ န ဝိပစ္စတီ" တိ ဝိပစ္စနဝိဘာဂတော။ မ၊ ဋီ၊ ၃။ ၂၉၄။ အံ၊ ဋီ၊ ၁။ ၂၁၃။

ဝိပစ္စနသဘာဝ (တိ) | ဝိပစ္စန + သဘာဝ | (၁) အကျိုးကို-ဖြစ်စေ-ပေး-ခြင်း သဘောရှိသော။ (ပု) (၂) ဖြစ်-ရင့်ကျက်-ခြင်းဟူသော သဘော။ (၁) သတ္တမေ ဒိဝသေ ဝိပစ္စန-သဘာဝံ ဇာတံ။ စရိယာ၊ ဋ္ဌ။ ၁၅၆။ မ၊ ဋီ၊ ၃။ ၃၅။ (ပု) (၂) ဝိပက္ကသဘာဝ-ကြည့်။

ဝိပစ္စနသမတ္ထ (တိ) | ဝိပစ္စန + သမတ္ထ | အကျိုးကို-ဖြစ်စေ-ပေး-ခြင်းငှါ စွမ်းနိုင်သော။ တံ ပန စိရရတ္တံ ဝိပစ္စနသမတ္ထံ ဒါရုဏံ ဖရုသံ။ ဇာ၊ ဋ္ဌ၊ ၆။ ၁၀၂။

**ဝိပစ္စနာရဟ** (တိ) [ ဝိပစ္စန + အရဟ ] အကျိုးပေးခြင်းငှါထိုက်သော။ ဝိပါကာရဟတ္တိ ဒုတိယဘဝါဒိသု ဝိပစ္စနာရဟံ။ မ၊ ဋီ၊ ၃။ ၃၀၂။ အံ၊ ဋီ၊ ၁။ ၂၂၁။

**ဝိပစ္စနာရဟကာလ** (ပု) [ ဝိပစ္စနာရဟ + ကာလ ] အကျိုးပေးခြင်းငှါ ထိုက်တန်-သော-ရာ-အခါ-ကာလ။ ကာလောတိ ကမ္မဿ ဝိပစ္စနာရဟကာလော။ မ၊ ဋီ၊ ၂။ ၂၀။ အံ၊ ဋီ၊ ၃။ ၁၄၁၊ ၃၁၄။

**ဝိပစ္စနီက** (တိ) [ ဝိ + ပစ္စနီက။ ဓာန်၊ ဋီ။ ၃၄၅။ ဝိပြတျနီက-သံ။ ] (၁) ဆန့်ကျင်-ဆန့်ကျင်ဘက်ဖြစ်-သော။ (၂) ဆန့်ကျင်ဘက်ကိုယူခြင်း။ (၃) ဆန့်ကျင်ဘက်ပြုခြင်း။ (၁) တဿိမေ ဓမ္မာ အညမညံ ဝိပစ္စနီကာ ဂဟိတာ။ အံ၊ ၂။ ၄၇၀။ ဝိပစ္စနီကော တဝ ဒေဝဓမ္မော။ ဇာ၊ ၁။ ၂၃၂။ (-ဒီ၊ ဋ္ဌ၊ ၃။ ၁၆၁။ မူလဋီ၊၁။၁၀၁)။ (၂) ဝိပစ္စနီကသာတ (၁) အနက်ကြည့်။ (၃) ဝိပစ္စနီကသာတ (၂) အနက်ကြည့်။

**ဝိပစ္စနီကကာရီ** (တိ) [ ဝိပစ္စနီက + ကရ + ဏီ။ ကစ္စည်း။ ၅၃၂။ ရူ။ ၅၉၀။ ထီ - ၌ ဝိပစ္စနီကကာရိနီ။ ] ဆန့်ကျင်ဘက်ကို ပြုလေ့ရှိသော၊ သူ။ တုယှံ ဟိတေသိမ္ပိ ဝိပစ္စနီကကာရိနိံ ကတွာ မံ ဂဏှာသိ။ ပေတ၊ ဋ္ဌ။ ၈၂။

**ဝိပစ္စနီကဂါဟ** (ပု) [ ဝိပစ္စနီက + ဂါဟ ] ဆန့်ကျင်ဘက်ကို ယူတတ်သော။ ဒုက္ခံဝစော ဧတေသု ဝိပ္ပဋိကူလဂ္ဂါဟိတာယ ဝိပစ္စနီကဂါဟောသူတိ ဒုဗ္ဗစာ။ မ၊ ဋီ၊၁။ ၂၉၁။

**ဝိ◌ံစ္စနီကဝါဒ** (တိ) [ ဝိပစ္စနီက + ဝါဒ ] (၁) ဆန့်ကျင်ဘက်ဖြစ်သော -အယူ -ဝါဒ- ရှိသော၊ သူ။ (ပု) (၂) ဆန့်ကျင်ဘက်ကို ဆိုခြင်း၊ ငြင်းခုံခြင်း။ (၁) ဥဘိန္နံ အညမညံ ဝိပစ္စနီကဝါဒါနံ ကော သစ္စံ အာဟ ကော မုသာ။ အံ၊ ၃။ ၂၂၆။ (-သာရတ္ထ၊ ၂။ ၃၆၃)။ (ပု) (၂) ဝိဝါဒေါ ( ကင်္ခါ။ ၂၈၉ ) တိ ဝိပစ္စနီကဝါဒေါ။ ကင်္ခါ၊ ဋီ၊ သစ်။ ၄၄၅။

**ဝိပစ္စနီကသာတ** (တိ) [ ဝိပစ္စနီက + သာတ ] (၁) ဆန့်ကျင်ဘက်ကိုယူခြင်းဖြင့် သာယာခြင်းရှိသော၊ သူ။ (၂) ဆန့်ကျင်ဘက်ကို ပြုခြင်းဖြင့် သာယာခြင်းရှိသော၊ သူ။ (၃) ( ဓမ္မာနုဓမ္မပဋိပတ်အား ) ဆန့်ကျင်သည့် မကောင်းသော အကျင့်ဟုဆိုအပ်သော သာယာဖွယ်ရှိသော။ (၁) ဝိလောမဂဟဏ-သင်္ခါတေန ဝိပစ္စနီကေန သာတံ အဿာတိ ဝိပစ္စနီကသာတော။ အဘိ၊ ဋ္ဌ၊ ၁။ ၄၂၂။ (၂) ဝိပစ္စနီကသာတတာ (အဘိ၊ဝိ။ ၃၆၅)တိ ဝိပစ္စနီကေန ပဋိဝိရုဒ္ဓကရဏေန သုခါယနာ။ အဘိ၊ ဋ္ဌ၊ ၂။ ၄၅၉။ (၃) ဝိပစ္စနီကံ ဒုပ္ပဋိပတ္တိ သာတံ ဣဋ္ဌံ ဧတဿာတိ ဝိပစ္စနီကသာတော။ ဒီ၊ ဋီ၊ ၃။ ၁၇၃-၄။ (-ဒီ၊ ဋ္ဌ၊ ၃။ ၁၆၁)။

**ဝိပစ္စနောကာသ** (ပု) [ ဝိပစ္စန + ဩကာသ ] အကျိုးပေးခွင့်။ တာဒိသေ ဌာနေ အကုသလဿ ဝိပစ္စနောကာသော နတ္ထိ။ အဘိ၊ ဋ္ဌ၊ ၂။ ၄၂၂။ (-မ၊ ဋီ၊ ၃။ ၁၅၇။ ဝိသုဒ္ဓိ၊ ဋီ၊ ၂။ ၃၇၇)။

**ဝိပစ္စတ္တိ** (ကြိ) [ ဝိ + ပစ + ယ + အန္တိ ] (၁) အကျိုးပေးကုန်၏။ (၂) ရင့်ကျက်-အကျိုး၏အဖြစ်ဖြင့်ဖြစ် - ကုန်၏။ (၁) အဘ္ဘောကစ္စာနိ ပါပကာနိ ဂတိသမ္ပတ္တိပဋိ-ဗာဠှာနိ န ဝိပစ္စန္တိ။ အဘိ၊ ဝိ။ ၃၅၁။ အံ၊ ဋ္ဌ၊ ၂။ ၁၁၁။ (၂) သောတဝိညာဏာဒီနိ ------ သောတဒွါရာဒီသု ဌတွာ ဝိပစ္စန္တိ။ အဘိ၊ ဋ္ဌ၊ ၁။ ၃၀၄။

ဝိပစ္စမာန (တိ) [ ဝိ + ပစ + ယ + မာန။ ဝိပစမာန-သံ။ ဝိပစ္စမာဏ-ပြာ။ ] (၁) အကျိုးကို-ဖြစ်စေ-ပေး-တတ်သော။ (၂) ရင့်ကျက်-အကျိုး၏အဖြစ်ဖြင့်ဖြစ်-တတ်သော။ (၁) ယံ တေန ပါပကမ္မံ ကတံ၊ တံ ဝိပစ္စမာနံ အတိဝိယ ဒုက္ခဝိပါကံ ဟောတိ။ ဝိ၊ ဋ္ဌ၊ ၁။ ၁၈၅။ (-အံ၊ ဋ္ဌ၊ ၂။ ၁၀၉။ ဝဇီရ။ ၄၀၂)။ (၂) အတီတသေဿ ကမ္မဿ ---- ဝိပစ္စမာနံ ဝိပါကံ ဂဟေတွာ။ အံ၊ ဋီ၊ ၂။ ၁၀၇-၈။

ဝိပစ္စမာနက (တိ) [ ဝိပစ္စမာန + က ] အကျိုးကို-ဖြစ်စေ-ပေး-တတ်သော။ ပုဗ္ဗေ ကတူပစိတဿ တေရဟိ ဝိပစ္စမာနကဿ ပုညမေဿ ------။ သီ၊ ဋီ၊ သစ်၊ ၂။ ၂၄၁။

ဝိပစ္စမာနောကာသကရ (တိ) [ ဝိပစ္စမာန + ဩကာသ + ကရ + အ။ ကစ္စည်း။ ၅၂၇။ ရူ။ ၅၆၈။ ] အကျိုးပေးခွင့်ကို ပြုတတ်သော။ ကမ္မဿ ဝိပစ္စမာနောကာသကရတာယ ဝိနာ တာဒိသာယ ဥစ္စနိစကုလနိဗ္ဗတ္တိယာ အဘာဝတော။ မ၊ ဋီ၊ ၃။ ၂၀၃။

ဝိပစ္စယတာ (ထီ) [ ဝိပစ္စယ + တာ။ ဝိပစ္စယ-ပုဒ်ကို ဝိ၊ ဋ္ဌ၊ ၄။ ၃၉-၌ ကိစ္စယ-ပုဒ်ကဲ့သို့ (ဝိ + ပစ + ယ + ယ) ဟုကြံသင့်၏။ ဝိ၊ ၅။ ၂၇၆ - ၌ကား " ဝိပစ္စတာယ " ဟုရှိ၏။ ] ဖောက်ပြန်သောအားဖြင့် အကျိုးဖြစ်ခြင်း၊ အချင်းချင်း ဆင်းရဲကို ဖြစ်စေခြင်း။ ပါဠိယံ ဝိပစ္စယတာယ ဝေါဟာရောတိ ဝိရူပ-ဝိပါကာယ အညမညံ ဒုက္ခုပ္ပါဒနာယ ကာယဝစီဝေါဟာရော။ ဝိမတိ၊ ၂။ ၂၉၆။

ဝိပစ္စယတိ (ကြိ) [ ဝိပစ္စ + ဏာယ + တိ။ ကစ္စည်း။ ၄၃၉။ ] ရင့်ကျက်-ကျွမ်း-သွား၏၊ (အကျိုးမပေး)။ အောက်ပုဒ်ကြည့်။

ဝိပစ္စယန္တိ (ကြိ) [ ဝိပစ္စ + ဏာယ + အန္တိ ] ရင့်ကျက် - ကျွမ်း - သွားကုန်၏၊ (အကျိုးမပေးကုန်)။ ကမ္မာနိ ကုသလာဒီနိ ဝိပစ္စယန္တိ အပစ္စယန္တိ တေယာတိ ကမ္မဝိပါကော။ အပစ္စယဘာဝေါ နာမ အရိယမဂ္ဂစေတ-နာယာတိ အာဟ " မဂ္ဂစေတနာယာ " တိ။ မ၊ ဋီ၊ ၃။ ၁၅၈။ (ဝိပစ္စယန္တိ-ကား နာမဓာတ် ဖြင့်ပြီးသော ပုဒ်ဖြစ်သည်၊ အပစ္စယန္တိ-ဖြင့် ဝိပစ္စယန္တိ-၌ ဝိသဒ္ဒါ၏ ပဋိသေဓအနက်, ပစဓာတ်၏ အကျိုးပေးခြင်း အနက်ကို ပြသည်။)

ဝိပစ္စိတဗ္ဗ (တိ) [ ဝိ + ပစ + ယ + တဗ္ဗ။ ဝိပက္တဝျ-သံ။ ] ဖြစ်စေ - အကျိုးပေး - အပ်လတ္တံ့သော။ ဒိဋ္ဌဓမ္မဝေဒနီယန္တိ တသ္မိံ ကမ္မေယေဝ ဒိဋ္ဌဓမ္မေ ဝိပစ္စိတဗ္ဗံ ဝိပါကဝါရံ လဘန္တံ ဒိဋ္ဌဓမ္မဝေဒနီယံ ဟောတိ။ အံ၊ ဋ္ဌ၊ ၂။ ၂၂၆။ (-ပဋိသံ၊ ဋ္ဌ၊ ၂။ ၁၇၅)။

ဝိပစ္စိတဗ္ဗဝိပါက (ပု) [ ဝိပစ္စိတဗ္ဗ + ဝိပါက ] ဖြစ်စေ-အကျိုးပေး-အပ်လတ္တံ့သော-ဝိပါက်-အကျိုး။ အနာဂတဘဝေ ဝိပစ္စိတဗ္ဗဝိပါကံ ဂဟေတွာ။ အံ၊ ဋီ၊ ၂။ ၁၀၈။

ဝိပစ္စိတုံ (ကြိ၊ ဝိ) [ ဝိ + ပစ + ယ + တုံ ] အကျိုးပေးခြင်းငှါ။ ဝိပစ္စိတုံ န သက္ကောန္တိ။ အံ၊ ဋ္ဌ၊ ၂။ ၁၀၅။

ဝိပစ္စိဿတိ (ကြိ) [ ဝိ + ပစ + ယ + ဿတိ ] အကျိုးကို-ဖြစ်စေ-ပေး-အံ့-လတ္တံ့-လိမ့်မည်။ ကဒါ ဇေတံ ဝိပစ္စိဿတိ။ ဓမ္မ၊ ဋ္ဌ၊ ၂။ ၁၁။ (-ပေဋကော။ ၁၉၂။ ဥဒါန၊ ဋ္ဌ။ ၂၆၈)။

ဝိပစ္စိဿန္တိ (ကြိ) [ ဝိ + ပစ + ယ + ဿန္တိ ] အကျိုးကို -ဖြစ်စေ -ပေး -ကုန် -အံ့-လတ္တံ့-လိမ့်မည်။ နနု အတီတာ အဝိပက္ကဝိပါကာ ဓမ္မာ ဝိပစ္စိဿန္တိ။ အဘိ၊ က။ ၁၂၀။ (-အဘိ၊ ဋ္ဌ၊ ၃။ ၁၅၇။ မ၊ ဋီ၊ ၃။ ၂၆၅)။

ဝိပစ္စေတိ (ကြိ) | ဝိ + ပတိ + က္က + အ + တိ။ ဝိ + ပြတျေတိ-သံ။ | (၁) ဖောက်ပြန်သောအားဖြင့် ယုံကြည်၏၊ ယုံမှား-သံသယရှိ-၏။ (၂) ဖောက်ပြန်သောအယူကိုယူ၏။ အောက်ပုဒ်ကြည့်။

ဝိပစ္စေထ (ကြိ) | ဝိ + ပတိ + က္က + အ + ထ | (၁) ဖောက်ပြန်သောအားဖြင့် ယုံကြည်ကုန်၏။ (၂) ဖောက်ပြန်သောအယူကို ယူကုန်၏။ (၁) (၂) အဝိဇ္ဇာ အညာဏာ သမ္မောဟာ ဝိပစ္စေထ။ မ၊၃။၆။ ဝိပစ္စေထာတိ ဝိပရီတတော သဒ္ဒဟထ၊ ဝိပလ္လာသဂ္ဂါဟံ ဝါ ဂဏှထာတိ အတ္ထော။ မ၊ ဋ္ဌ၊ ၄။ ၃။

ဝိပစ္စေန္တ (တိ) | ဝိ + ပစ + ယ + ဏော + အန္တ | ဖြစ် - ရင့်ကျက် - စေသော၊ သူ။ ဘာဝေန္တော ဥပ္ပါဒေန္တော ဝိပစ္စေန္တော ဝဍ္ဎေန္တော စ။ သံ၊ ဋီ၊ ၁။ ၆၈။

ဝိပစ္စေယျ (ကြိ) | ဝိ + ပစ + ယ + ဧယျ | အကျိုးပေးရာ၏။ ယဒိ ဝိပစ္စေယျ၊ န ကောစိ ပါပကမ္မံ ကာတုံ ဝိသဟေယျ။ ဓမ္မ၊ ဋ္ဌ၊ ၁။ ၃၂၃။

ဝိပစ္စေယျုံ (ကြိ) | ဝိ + ပစ + ယ + ဧယျုံ | အကျိုးပေးကုန်ရာ၏။ တာနိ ဂတိဝိပတ္တိယံ ဌိတဿ ဝိပစ္စေယျုံ။ အဘိ၊ ဋ္ဌ၊ ၂။ ၄၂၁-၆။

ဝိပဇ္ဇတိ (ကြိ) | ဝိ + ပဒ + ယ + တိ။ ဝိပဒျတေ-သံ။ | (၁) ပျက်စီး၏။ (၂) မပြည့်စုံ၊ (အံ၊ ၃။ ၄၃၃-သျှ။ ဗား)။ (၃) အထူးထူးအပြားပြားရောက်၏။ (၁) ဝိပဇ္ဇန္တိ-ကြည့်။ (၂) ဧဝံ ဘိက္ခဝေ ဝိရေစနံ သမ္မဇ္ဇတိပိ ဝိပဇ္ဇတိပိ။ အံ၊ ၃။ ၄၃၃။ (၃) သမ္ပတ္တိ စ ဝိပတျန္တာ၊ နာနာဘာဝေါ ဝိပဇ္ဇတိ။ ထေရ၊ ၃၀၄။ သော ကဒါစိ ဝိပ္ပယုဥ္စကဿ ဝသေန, ကဒါစိ ဝိပ္ပယုဥ္ဇိတဗ္ဗဿ ဝသေနာတိ ဝိဝိဓံ ပဇ္ဇတိ ပါပုဏီယတိ။ ထေရ၊ ဋ္ဌ၊ ၂။ ၂၀၁။

ဝိပဇ္ဇတေ (ကြိ) | ဝိ + ပဒ + ယ + တေ | (၁) ပျက်စီး၏။ (၂) မပြည့်စုံ။ ဝိပဇ္ဇတိ-လည်းကြည့်။ (၁) (၂) ယေသု ဘာဝနာ န သမ္ပဇ္ဇတိ အညဒတ္ထု ဝိပဇ္ဇတေဝ။ ဝိသုဒ္ဓိ၊ ဋီ၊ ၁။ ၃၅၀။

ဝိပဇ္ဇန (န) | ဝိ + ပဒ + ယ + ယု | ပျက်-ပျက်စီး-ခြင်း။ အတိသီတေန အဘိဘူတဿ ကာယဿ ဝိပဇ္ဇနံ ------ ဒီပေတဗ္ဗံ။ ဝိသုဒ္ဓိ၊ ဋီ၊ ၁။ ၂၉၂။

ဝိပဇ္ဇနာကာရဒဿန (န) | (ဝိပဇ္ဇန+အာကာရ) ဝိပဇ္ဇနာကာရ + ဒဿန | ပျက်စီးပုံအခြင်းအရာကို-ပြခြင်း-ပြကြောင်းစကား။ သီလေသု အပရပူရကာရိနောတိအာဒိ တဿ ဝိပဇ္ဇနာကာရဒဿနံ။ မ၊ ဋီ၊ ၃။ ၂၀၅။

ဝိပဇ္ဇန္တ (တိ) | ဝိ + ပဒ + ယ + အန္တ | (၁) ပျက်စီးသော။ (၂) မပြည့်စုံသော။ (၁) (၂) တသ္မိံ သမ္ပဇ္ဇန္တေပိ ဝုဒ္ဓိ နတ္ထိ ဝိပဇ္ဇန္တေပိ။ မ၊ ဋ္ဌ၊ ၃။ ၇၂။

ဝိပဇ္ဇန္တိ (ကြိ) | ဝိ + ပဒ + ယ + အန္တိ | ပျက်စီးကုန်၏။ ဝိပဇ္ဇတိ - လည်းကြည့်။ က္ကမာနိ စတ္တာရိ ကမ္မာနိ ကတီဟာကာရေဟိ ဝိပဇ္ဇန္တိ။ ဝိ၊ ၅။ ၃၈၀-၃။ ဝိပဇ္ဇန္တိ (သံ၊ ၃။ ၅၀၉) တိ နဿန္တိ။ သံ၊ ဋီ၊ ၂။ ၃၈၃။

ဝိပဇ္ဇမာန (တိ) | ဝိ + ပဒ + ယ + မာန | (၁) ပျက်စီးသော။ (၂) မပြည့်စုံသော။ (၁) (၂) ဝိပဇ္ဇမာန (မ၊ ၂။ ၄၁၄) န္တိ အဝုဍ္ဎိအတိဝုဍ္ဎိအာဒီဟိ ကသိကမ္မံ, မဏိသုဝဏ္ဏာဒီသု အဋ္ဌေကတာဒီဟိ စ ဝဏိဇ္ဇကမ္မံ အပ္ပဖလံ ဟောတိ၊ မူလစ္ဆေဒမ္ပိ ပါပုဏာတိ။ မ၊ ဋ္ဌ၊ ၃။ ၃၀၂။

ဝိပဇ္ဇိသု (ကြိ) | ဝိ + ပဒ + ယ + ဦ | သေကြေ ပျက်စီးကုန်ပြီ။ တေ ထေရေ စက်မန္တေ ယေဘုယျေန ဝိပဇ္ဇိသု။ ဓမ္မ၊ ဋ္ဌ၊ ၁။ ၁၃။

ဝိပဇ္ဇေယျ (ကြိ) | ဝိ + ပဒ + ယ + ဧယျ | ပျက်စီးရာ၏။ ဝိပဇ္ဇေယျာ (အံ၊ ဋ္ဌ၊၃။၉၉) တိ ဝိပတ္တိံ ဂစ္ဆေယျ။ အံ၊ ဋီ၊ ၃။ ၉၉။

ဝိပဥ္စန (ထိ၊န) | ဝိ + ပစိ + ယု | (၁) ချဲ့-အကျယ်ပြု - ခြင်း။ (၂) ချဲ့- အကျယ်ပြု-ကြောင်းဖြစ်သော (နည်း)။ (၃) သိခြင်း။ (၁) တထာ ဝိပဥ္စနံ နိဒ္ဒိသနံ ဝိတ္ထာရဏံ ပဋိနိဒ္ဒိသနံ။ နေတ္တိ၊ ဋ္ဌ၊ ၆၀။ (- နေတ္တိ။ ၉။ နေတ္တိ၊ ဝိ။ ၇၉)။ (၂) ဝိပဥ္စနနယ-ကြည့်။ (၃) ယေန သုတ္တတ္ထေန ဝိပဥ္စိတညုနော စိတ္တသန္တာနဿ ဗောဓနေကိရိယာသင်္ခါတဿ ဝိပဥ္စနကမ္မဿ နိဗ္ဗတ္တိ။ နေတ္တိ၊ ဝိ။ ၄၇။

ဝိပဥ္စနကမ္မ (န) | ဝိပဥ္စန + ကမ္မ | သိခြင်းဟူသောအမှု။ ဝိပဥ္စန (၃) ကြည့်။

ဝိပဥ္စနကိစ္စ (န) | ဝိပဥ္စန + ကိစ္စ | ချဲ့-အကျယ်ပြု-ခြင်းကိစ္စ။

ဝိပဥ္စနကိစ္စသာဓက (တိ) | ဝိပဥ္စနကိစ္စ + သာဓက။ ထိ-၌ --- သာဓိကာ။ | ချဲ့-အကျယ်ပြု - ခြင်းကိစ္စကို ပြီးစေတတ်သော။ ဝိပဥ္စနာ (နေတ္တိ။၉) တိ ဝိပဥ္စနကိစ္စသာဓိကာ ဒေသနာ မဖွေ ဒေသနာ ဟောတိ။ နေတ္တိ၊ ဝိ။ ၇၉။

ဝိပဥ္စနနယ (ပု၊ န) | ဝိပဥ္စန + နယ | ချဲ့ - အကျယ်ပြု - ကြောင်းဖြစ်သော နည်း။ ဥဂ္ဃဋိတညူနာဒီဟိ အာဒိသဒ္ဒေန ဝိပဥ္စနနယာနိ သင်္ဂဏှာတိ။ နေတ္တိ၊ ဋီ။ ၃၆။

ဝိပဥ္စယတိ (ကြိ) | ဝိ + ပစိ + ဏယ + တိ။ နီတိ၊ ဓာတု။ ၂၉၂။ ဝိပဥ္စယတိ-သံ။ | ချဲ့-အကျယ်ပြု-၏။ ဝိပဥ္စေတွာ - ကြည့်။

ဝိပဥ္စိကာ (ထိ) | ဝိ + ပစိ + ဏွု။ ဝိပဥ္စိကာ-သံ။ ဝိပံစိ-ပြာ၊ အဒ္ဓမာဂဓီ။ | ဝိပဥ္စိကာမည်သော စောင်း။ ဝါဒယန္တိတိ မဟတိ ဝိပဥ္စိကာမကရ-မုခါဒယော ဝီဏာ စ တူရိယာနိ စ -------- ဝါဒန္တေ ပယောဇေန္တိ။ ဗုဒ္ဓဝံ၊ ဋ္ဌ။ ၅၉။

ဝိပဥ္စိတ (တိ) | ဝိ + ပစိ + တ။ ဝိပဥ္စိယတေ ဝိတ္ထာရိယတေ အတ္ထောတိ ဝိပဥ္စိတော။ နေတ္တိ၊ ဝိ။ ၆၅။ ဝိပဥ္စိတ - သက္ကတပိဋ္ဌက။ | (၁) ချဲ့-အကျယ်ပြု-အပ်သော။ (၂) ဖြည်းညှင်းနှေးကွေးသော။ (၁) (၂) ဝိပဥ္စိတညူ-ကြည့်။

ဝိပဥ္စိတညုနိဿိတ (တိ) | ဝိပဥ္စိတညူ + နိဿိတ | ဝိပဥ္စိတညူပုဂ္ဂိုလ်ကို မှီတတ်သော။ တန္နိဿိတော ဝါ (အံ၊ ဋ္ဌ၊၂။ ၈၉)တိ ဝိပဥ္စိတညုနိဿိတော ဝ ဟောတိ။ အံ၊ ဋီ၊ ၂။ ၉၁။

ဝိပဥ္စိတညုပုဂ္ဂလ (ပု) | ဝိပဥ္စိတညူ + ပုဂ္ဂလ | ဝိပဥ္စိတညူပုဂ္ဂလ - ကြည့်။ ဝိပဥ္စိယန္တော နိဒ္ဒိသိယမာနော--- သော အယံ ဓမ္မဝိနယော ဝိပဥ္စိတညုပုဂ္ဂလံ ဝိနေတိ။ နေတ္တိ၊ ဝိ။ ၇၉။

ဝိပဥ္စိတညုဝိနယန (န) | ဝိပဥ္စိတညူ+ဝိနယန | ဝိပဥ္စိတညူပုဂ္ဂိုလ်ကို ဆုံးမခြင်း။ ဝိပဥ္စိတညု-ဝိနယနေန မဖွေကလျာဏံ။ နေတ္တိ၊ ဋ္ဌ။ ၄၂။

ဝိပဥ္စိတညူ (တိ) | ဝိပဥ္စိတ + ဉာ + ရူ။ ကစ္စည်း။ ၅၃၅။ ရူ။ ၅၉၃။ ဝိပဥ္စိတံ ဝိတ္ထာရိ-တမေဝ အတ္ထံ ဇာနာတီတိ ဝိပဥ္စိတညူ။ အဘိ၊ ဋ္ဌ၊ ၃။ ၇၃။ ဝိပဥ္စိတံ ဝိတ္ထာရိတံ နိဒ္ဒိဋ္ဌံ ဇာနာတီတိ ဝိပဥ္စိတညူ။ ဝိပဥ္စိတံ ဝါ မန္ဒံ သဏိကံ ဓမ္မံ ဇာနာတီတိ ဝိပဥ္စိတညူ။ နေတ္တိ၊ ဋ္ဌ၊ ၄၆။ ဝိပဥ္စိယတေ ဝိတ္ထာရိယတေ အတ္ထောတိ ဝိပဥ္စိတော၊ တံ ဇာနာတီတိ

ဝိပဉ္စိတညူ။ နေတ္တိ၊ ဝိ။ ၆၅။ ဝိပဉ္စိတဇ-သက္ကတပိဋကေ။ | ဝိပဉ္စိတညုပုဂ္ဂိုလ်---(က) ချဲ့- အကျယ်ပြ - အပ်သောအနက်ကို သိတတ်သော၊ သူ။ (ခ) ဖြည်းညှင်း - နှေး ကွေး-စွာ (သစ္စာ ၄-ပါး) တရားကိုသိတတ်သော၊ သူ။ ( အကျဉ်းအားဖြင့် ဟောအပ်သော တရားဒေသနာတော်၏ အနက်ကို အကျယ်အားဖြင့် ဝေဖန်အပ်သည်ရှိသော် (သစ္စာ ၄-ပါး) တရားကိုထိုးထွင်း၍သိခြင်းငှါ စွမ်းနိုင်သည့်ပုဂ္ဂိုလ်ကို " ဝိပဉ္စိတညုပုဂ္ဂိုလ်" ဟုခေါ်သည်။ အံ၊ ၁။ ၄၅၂။ အဘိ၊ ပု။ ၁၀၇၊ ၁၄၇။ နေတ္တိ။ ၁၀၄။ ဒီ၊ ဋ္ဌ၊ ၂။ ၅၉၊ ၆၀။ မ၊ ဋ္ဌ၊ ၂။ ၈၅။ သံ၊ ဋ္ဌ၊ ၁။ ၁၈၄-၅။ သံ၊ ဋ္ဌ၊ ၂။ ၄။ အံ၊ ဋ္ဌ၊ ၂။ ၃၃၇။ အဘိ၊ ဋ္ဌ၊ ၃။ ၇၃။ မဟာနိ၊ ဋ္ဌ။ ၃၃၈။ နေတ္တိ၊ ဋ္ဌ။ ၄၆-၇၊ ၅၅)။ (က) ယဿ ပုဂ္ဂလဿ သံခိတ္တေန ဘာသိတဿ ဝိတ္ထာရေန အတ္ထေ ဝိဘဇီ-မာနေ ဓမ္မာဘိသမယော ဟောတိ။ အယံ ဝုစ္စတိ ပုဂ္ဂလော ဝိပဉ္စိတညူ။ အဘိ၊ ပု။ ၁၄၇။ ဝိပဉ္စိတံ ဝိတ္ထာရိတမေဝ အတ္ထံ ဇာနာတီတိ ဝိပဉ္စိတညူ။ အဘိ၊ ဋ္ဌ၊ ၃။ ၇၃။ (ခ) ထောင့်ကွင်းကြည့်။

ဝိပဉ္စိတညုပုဂ္ဂလ (ပု) [ ဝိပဉ္စိတညူ + ပုဂ္ဂလ ] ဝိပဉ္စိတညုပုဂ္ဂိုလ်-- (က) ချဲ့-အကျယ်ပြ-အပ်သောအနက်ကို သိသောပုဂ္ဂိုလ်။ (ခ) ဖြည်းညှင်း-နှေးကွေး-စွာ (သစ္စာ၄-ပါး)တရားကို သိသောပုဂ္ဂိုလ်။ (က) (ခ) ဝိပဉ္စိယန္တော ဝိပဉ္စိတညုပုဂ္ဂလံ ဝိနေတိ။ နေတ္တိ။ ၉။

ဝိပဉ္စိယန္တ (တိ) [ ဝိ + ပစိ + ယ + မာန ] ချဲ့-အကျယ်ပြ-အပ်သော။ ဝိပဉ္စိတညုပုဂ္ဂလ-ကြည့်။

ဝိပဉ္စိယမာန (တိ) [ ဝိ + ပစိ + ယ + မာန ] ချဲ့-အကျယ်ပြ-အပ်သော။ ဝေဋ္ဌာယံ ဓမ္မော ---- ဝိပဉ္စိယမာနော ဝိပဉ္စိတညုံ။ ဝိသုဒ္ဓိ၊ ဋ္ဌီ၊ ၁။ ၂၇၃။

ဝိပဉ္စီ (ထိ) [ ဝိ + ပစိ + အ + ဤ]။ ဝိပဉ္စိကာ-ကြည့်။ ] စောင်း။ ဝိပဉ္စီတိပိ ဝီဏာယ နာမံ။ ဝိပဉ္စီယတီတိ ဝိပဉ္စီ။ နဒါဒိ။ ဓာန်၊ ဋီ။ ၁၃၈။

ဝိပဉ္စီယတိ (ကမ္မ၊ ကြိ) [ ဝိ + ပစိ +ယ +တေ ] ချဲ့- အကျယ်ပြ - အပ်၏။ " သနရာမရ-လောကဂရု " န္တိအာဒိနာ ဝိပဉ္စီယတိ။ ဒီ၊ ဋီ၊ ၁။ ၈။ သီ၊ ဋီ၊ သစ်၊ ၁။ ၁၆။

ဝိပဉ္စီယတေ (ကမ္မ၊ ကြိ) [ ဝိ +ပစိ +ယ +တေ ] ဝိပဉ္စီယတိ-ကြည့်။ ဝိပဉ္စီယတေ ဝိတ္ထာရီယတေ အတ္တောတိ ဝိပဉ္စိတော။ နေတ္တိ၊ ဝိ။ ၆၅။

ဝိပဉ္စီယန္တ (တိ) [ ဝိ + ပစိ + ယ + မာန ] ဝိပဉ္စီယန္တ-ကြည့်။ ဝိပဉ္စီယန္တော (နေတ္တိ။ ၉)တိ နိဒ္ဒိသိယမာနော။ နေတ္တိ၊ ဋ္ဌ၊ ၆၀။

ဝိပဇ္ဇေတိ (ကြိ) [ ဝိ + ပစိ + ဏေ + တိ။ နီတိ၊ ဓာတု။ ၂၉၂။ ] ချဲ့- အကျယ်ပြ-၏။ ဝိပဇ္ဇေတွာ-ကြည့်။

ဝိပဇ္ဇေတွာ (ကြိဝိ) [ ဝိ + ပစိ + ဏေ + တွာ ] ချဲ့-အကျယ်ပြ-၍။ ဗျဥ္ဇနေဟိ ဝိပဇ္ဇေတွာ အာကာရေဟိ ဝိနေတိ ဝိပဉ္စိတညုံ။ ဝိသုဒ္ဓိ၊ ဋီ၊ ၁။ ၂၇၁။

ဝိပဏေတိ (ကြိ) [ ဝိ + ပဏ + ဏေ + တိ။ ဝိပဏတိ - သံ။ ] ရောင်း၏။ အောက်ပုဒ်ကြည့်။

ဝိပဏေန္တိ (ကြိ) [ ဝိ + ပဏ + ဏေ + အန္တိ ] ရောင်းကုန်၏။ ဥစ္စာဝစာနိ ပဏိယာနိ၊ ဝိပဏေန္တိ ဇနာဓိပ။ ဇာ၊၁။၃၀၄။ ဝိပဏေန္တီတိ ဝိက္ကိဏန္တိ။ ဇာ၊ ဋ္ဌ၊ ၄။ ၃၆၇။

ဝိပန္နာ (တိ) | ဝိ + ပဒ + တ။ ဝိပန္န-သံ။ ဝိပန္နာ၊ ဝိဝန္နာ - ပြာ။ | ဝိပန္န - ကြည့်။ အဝိပန္နာ-သဘာဝတော ဥဋ္ဌာတုံ အသက္ကောန္တော စ ဣဏံ ဂဏှန္တော သံသီဒန္တော၀ ဣဏံ ဝိဂါယတိ နာမ။ ဒီ၊ ဋီ၊ ၃။ ၁၃၄။

ဝိပတတိ (ကြိ) | ဝိ + ပတ + အ + တိ။ ဝိပတတိ - သံ။ ဝိပဉ္စတ္က - အဒ္ဓမာဂဓီ။ | (၁) တလွဲလွဲယပ်၏။ (၂) ကျ၏။ (၃) (ခုနစ်စိတ်) ကွဲ၏။ (၁) သုဝဏ္ဏဒဏ္ဍာ ဝိပတန္တိ စာမရာ။ ဒီ၊ ဋ္ဌ၊ ၂။ ၃၁။ မ၊ ဋ္ဌ၊ ၄။ ၁၃၂။ (၂) (၃) ဝိပတေယျာ(ဒီ၊ ၃။ ၁၀) တိ ဗန္ဓနာ မုတ္တတာလပက္ကံ ဝိယ ဂိဝတော ပတေယျ၊ သတ္တဓာ ဝါ ပန ဖလေယျ။ ဒီ၊ ဋ္ဌ၊ ၃။ ၉။ ဝိ-သဒ္ဒေါ ပဌမေ ဝိကပ္ပေ ဥပသဂ္ဂမတ္တံ၊ ဒုတိယေ ပန ဝိသရဏတ္ထောတိ အာဟ " သတ္တဓာ ဝါ ပန ဖလေယျာ "တိ။ ဒီ၊ ဋီ၊ ၃။ ၈။

ဝိပတန္တိ (ကြိ) | ဝိ + ပတ + အ + အန္တိ | တလွဲလွဲယပ်ကုန်၏။ ဝိပတတိ (၁) ကြည့်။

ဝိပတိတ (တိ) | ဝိ + ပတ + တ။ ဝိပတိတ-သံ။ ဝိဝဍိယ-ပြာ၊ အဒ္ဓမာဂဓီ။ | လဲ-ကျ-သော။ ယေဟိ ရက္ခာ အဇ္ဈာရုဠှာ သြဘဂ္ဂဝိဘဂ္ဂါ ဝိပတိတာ သေန္တိ။ သံ၊ ၃။ ၈၅။

ဝိပတေယျ (ကြိ) | ဝိ + ပတ + အ + ဧယျ | (၁) ကျရာ၏။ (၂) (ခုနစ်စိတ်) ကွဲရာ၏။ (၁) (၂) ဝိပတတိ (၂) (၃) ကြည့်။

ဝိပတ္တိ (ထီ) | ဝိ + ပဒ + တိ။ ဝိရူပံ ပဇ္ဇတီတိ ဝိပတ္တိ။ ဝိရူပံ ပဇ္ဇနံ ဝါ ဝိပတ္တိ။ မာန်၊ ဋီ၊ ၃၈၅။ ဝိပတ္တိ-သံ။ ဝိဝတ္တိ-ပြာ၊ အဒ္ဓမာဂဓီ။ | (၁) ပျက်စီး-ဖောက်ပြန်-ခြင်း။ (၂) ဝိပတ္တိ-စတုက္က။ (၃) ဝိပတ္တိသုတ်။ (၄) အပါယ်ခန္ဓာ။ (၅) (ကံတို့၏) ပျက်စီးကြောင်းဖြစ်သော။ (၆) ပျက်စီး - ဖောက်ပြန် - ရာ (ကာလ)။ (၁) ပျက်စီး - ဖောက်ပြန် - ခြင်း။ စတုန္နံ ဝိပတ္တီနံ ကတမာ ဝိပတ္တိ။ ဝိ၊ ၅။ ၁၊ ၅၊ ၁၁။ (၂) ဝိပတ္တိစတုက္က။ မဟာဝိကဋ္ဌကမ္မာနိ၊ ပုန ကမ္မေ ဝိပတ္တိယော။ ဝိ၊ ၅။ ၂၂၉။ (၃) ဝိပတ္တိသုတ်။ ဗောဓိသညာ ဒွေ စ ဟာနိ၊ ဝိပတ္တိ စ ပရာဘဝေါ။ အံ၊ ၂။ ၄၁၈။ (၄) အပါယ်ခန္ဓာ။ ဝိပတ္တိဘဝလောက-ကြည့်။ (၅) (ကံတို့၏) ပျက်စီးကြောင်းဖြစ်သော။ ဝိပတ္တိသိမာ - ကြည့်။ (၆) ပျက်စီး-ဖောက်ပြန် - ရာ (ကာလ)။ ကာလဝိပတ္တိ ( အဘိ၊ ဝိ။ ၃၅၁ ) တိ ဒုရာဇဒုမနုဿ-ကာလသင်္ခါတော ဝိပန္နကာလော။ အဘိ၊ ဋ္ဌ၊ ၂။ ၄၂၀။

(ဝိပတ္တိသည်-- သီလဝိပတ္တိ, စိတ္တဝိပတ္တိ, ဒိဋ္ဌိဝိပတ္တိ-ဟူ၍ ၃-ပါးရှိ၏။ အံ၊ ၁။၂၇၁-၃။ အံ၊ ဋ္ဌ၊ ၂။ ၂၃၄။ တစ်နည်း-- ကမ္မန္တဝိပတ္တိ, အာဇီဝဝိပတ္တိ, ဒိဋ္ဌိဝိပတ္တိ-ဟူ၍ ၃-ပါးရှိ၏။ အံ၊ ၁။ ၂၇၄။ တစ်နည်း-- သီလဝိပတ္တိ, ဒိဋ္ဌိဝိပတ္တိ, အာစာရဝိပတ္တိ-ဟူ၍ ၃-ပါးရှိ၏။ နေတ္တိ။ ၁၀၅။

ဝိပတ္တိသည်-- သီလဝိပတ္တိ, အာစာရ-ဝိပတ္တိ, ဒိဋ္ဌိဝိပတ္တိ, အာဇီဝဝိပတ္တိ-ဟူ၍ ၄-ပါး ရှိ၏။ ထိုတွင်-- ပါရာဇိက, သံဃာဒိသိသ်-အာပတ် ၂-ပုံသည် သီလဝိပတ္တိ၊ ထုလ္လစ္စည်း, ပါစိတ်, ပါဋိဒေသနီ, ဒုက္ကဋ်, ဒုဗ္ဘာသိတ-အာပတ် ၅-ပုံသည် အာစာရဝိပတ္တိ၊ မိစ္ဆာဒိဋ္ဌိ, အန္တဂ္ဂါဟိကဒိဋ္ဌိ-တို့သည် ဒိဋ္ဌိဝိပတ္တိ၊ အာဇီဝဟူသောအကြောင်းကြောင့် ပညတ်အပ်သော ၆-ပါးသော သိက္ခာပုဒ်တို့သည် အာဇီဝဝိပတ္တိမည်၏။ ဝိ၊ ၅။ ၁၇၈၊ ၂၅၇-၈။ ကင်္ခါ။ ၁၁၀။ ကင်္ခါ၊ ဋီ၊ သစ်။ ၁၈၇။ ဝိသုဒ္ဓိ၊ ၁။ ၂၂။

ဝိပတ္တိတရားသည်--- ဂတိဝိပတ္တိ, ဥပဓိဝိပတ္တိ, ကာလဝိပတ္တိ, ပယောဂဝိပတ္တိ-ဟူ၍ ၄-ပါးရှိ၏။ ထိုတွင် -- အပါယ် ၄-ဘုံတို့သည် ဂတိဝိပတ္တိ၊ ရုပ်အဆင်းအင်္ဂါချို့ယွင်းခြင်းသည် ဥပဓိဝိပတ္တိ၊ ယုတ်မာသောသူတို့ အုပ်စိုးရာကာလ, ခေတ်ပျက် အခါပျက်သည် ကာလဝိပတ္တိ၊ မကောင်းသောလုံ့လဝီရိယသည် ပယောဂဝိပတ္တိမည်၏။ အဘိ၊ ဝိ။ ၃၅၁။ အံ၊ ဋ္ဌ၊ ၂။ ၁၁၂။ အဘိ၊ ဋ္ဌ၊ ၂။ ၄၂၁။ အံ၊ ဋီ၊ ၂။ ၁၀၆။)

ဝိပတ္တိကထာ (ထီ) [ ဝိပတ္တိ + ကထာ ] သီလဝိပတ္တိစသည်ကို ဆိုရာဖြစ်သောစကား။ ဣတိ ဝိပတ္တိကထာ ဣမေဝ နိဋ္ဌိတာတိ၊ န နံ ဣတော ပရံ ဝိတ္ထာရယိဿာမ။ ကင်္ခါ။ ၁၅၇။ (-ကင်္ခါ၊ ဋီ၊ သစ်၊ ၂၈၈)။

ဝိပတ္တိကရဏမဟာမေဃ (ပု) [ ဝိပတ္တိ + ကရဏ + မဟာမေဃ ] ပျက်စီးခြင်းကို ပြုတတ်သော မိုးကြီး။ မဟာပယောဂေါ ( အဘိ၊ ဋ္ဌ၊ ၃။ ၃၈ ) တိ မဟာကိရိယော ဝိပတ္တိကရဏမဟာမေဃဋ္ဌာနာကာရဝိနာ-သော။ မူလဋီ၊ ၃။ ၃၄။

ဝိပတ္တိကရမဟာမေဃသမုပ္ပတ္တိ (ထီ) [ ဝိပတ္တိကရမဟာမေဃ + သမုပ္ပတ္တိ ] ပျက်စီးခြင်းကို ပြုတတ်သော မိုးကြီး၏-ပြင်းစွာ-သည်းထန်စွာ - ရွာသွန်း - ခြင်း - ရာအခါ။ ဝိပတ္တိကရမဟာမေဃသမုပ္ပတ္တိတော ပဋ္ဌာယ ဟိ ယာဝ အဏ္ဏသဟဂတောပိ သင်္ခါရော န ဟောတိ။ ဒီ၊ ဋီ၊ ၁။ ၁၅၄။ သီ၊ ဋီ၊ သစ်၊ ၁။ ၄၁၄။

ဝိပတ္တိကရမေဃာဘိဝုဋ္ဌ (တိ) [ ဝိပတ္တိကရမေဃ+ အဘိဝုဋ္ဌ ] ပျက်စီးခြင်းကို ပြုတတ်သော မိုးသည် ရွာသွန်းအပ်သော။ ဝိလီယတီတိ ဝိတ္တိကရမေဃာဘိဝုဋ္ဌေန ခါရုဒကေန လဝဏံ ဝိယ ဝိလယံ ဂစ္ဆတိ ဝိဒ္ဓံသတိ။ ဝိသုဒ္ဓိ၊ ဋီ၊ ၁။ ၄၅၁။

ဝိပတ္တိကာလ (ပု) [ ဝိပတ္တိ + ကာလ ] ဖောက်ပြန် - ပျက်စီး - ခြင်းနှင့်ယှဉ်သော - အခါ-ကာလ။ ဝိပတ္တိကာလေ (မ၊ ဋ္ဌ၊ ၁။ ၁၉၉) တိ သတ္တအသပ္ပါယာဒိဝိပတ္တိယုတ္တကာလေ။ မ၊ ဋီ၊ ၁။ ၂၉၆။ (-သံ၊ ဋ္ဌ၊ ၃။ ၁၄၈။ အံ၊ ဋ္ဌ၊ ၃။ ၃၃။ အံ၊ ဋီ၊ ၃။၂၉)။

ဝိပတ္တိစောဒနာ (ထီ) [ ဝိပတ္တိ + စောဒနာ ] သီလဝိပတ္တိစသည်ဖြင့်-စောဒနာ-စွပ်စွဲ-ခြင်း။ အနုသမ္ပဝင်္ကတာတိ ဝိပတ္တိစောဒနာယ အနုအနု သံယုဇ္ဇနဝသေန နိန္နတာ။ ဝိမတိ၊ ၂။ ၂၉၆။

ဝိပတ္တိဒဿန (န) [ ဝိပတ္တိ + ဒဿန ] (၁) ဖောက်ပြန်-ပျက်စီး-ခြင်းကိုပြခြင်း။ (၂) ပျက်စီးခြင်းကို ရှုခြင်း။ (၁) ပုဂ္ဂလာဒိဝသေန ဝိပတ္တိဒဿနတ္ထံ။ ဝိ၊ ဋ္ဌ၊ ၁။ ၂၂၀။ (၂) အောက်ပုဒ်ကြည့်။

ဝိပတ္တိဒဿနသဘာဂ (တိ) [ ဝိပတ္တိဒဿန + သဘာဂ ] ပျက်စီးခြင်းကို ရှုခြင်းသဘောတူသော။ ဂေဟဿိတံ ဒေါမနဿံ ဝိပတ္တိ-ဒဿနသဘာဂတာယ အာသန္နပစ္စတ္ထိကံ။ အဘိ၊ ဋ္ဌ၊ ၁။ ၂၃၉။ ဝိသုဒ္ဓိ၊ ၁။ ၃၁၂။

ဝိပတ္တိပစ္စယဝါရ (ပု) [ ဝိပတ္တိ+ ပစ္စယ + ဝါရ ] ဝိပတ္တိပစ္စယဝါရ၊ ဝိပတ္တိပစ္စယ - ဟူသော ပုဒ်ဖြင့် မှတ်အပ်သော ဝါရ။ ဝိနယပိဋကေ၊ ပရိဝါရပါဠိ၊ အန္တရပေယျာလ၊ ၄-ဝါရ။ ဝိ၊၅။ ၁၇၇-၈။ ဝိပတ္တိပစ္စယဝါရော နိဋ္ဌိတော စတုတ္ထော။ ဝိ၊ ၅။ ၁၇၉။ (-ဝိမတိ၊ ၂။ ၂၇၇)။

ဝိပတ္တိပရိယောသာန (တိ) [ ဝိပတ္တိ + ပရိယောသာန ] ပျက်စီးခြင်းလျှင် အဆုံးရှိသော။ ဧဝံ ဝိပတ္တိပရိယောသာနောဝေသ ဘဒ္ဒေ ဇီဝလောကော။ ဇာ၊ ဋ္ဌ၊ ၃။ ၃၇၃။ (-ထေရ၊ ဋ္ဌ၊ ၂။ ၂၀၁။ ဇာ၊ ဋ္ဌ၊ ၅။ ၁၁၈)။

ဝိပတ္တိပရိဟာရ (ပု) [ ဝိပတ္တိ + ပရိဟာရ ] ပျက်စီးခြင်းမှ စောင့်ရှောက်ခြင်း။ ဒူရတောပိ ဝိပတ္တိပရိဟာရတ္ထံ ဝုတ္တံ။ ဝိမတိ၊ ၂။ ၁၄၄။

ဝိပတ္တိပုစ္ဆာ (ထီ) [ ဝိပတ္တိ + ပုစ္ဆာ ] (သီလစသည်) ပျက်စီးခြင်းကို မေးမြန်းခြင်း။ ဝိပတ္တိပုစ္ဆာတိ သီလဝိပတ္တိပုစ္ဆာ ---------- အာဇီဝဝိပတ္တိပုစ္ဆာ။ ဝိ၊ ၅။ ၃၀၀။

ဝိပတ္တိဘဝ (ပု) [ ဝိပတ္တိ + ဘဝ ] ပျက်စီးသောဘဝ၊ အပါယ်လောက၊ အပါယ်ဘုံ။

ဝိပတ္တိဘဝလောက (ပု) [ ဝိပတ္တိဘဝ+လောက] ဝိပတ္တိဘဝ - ကြည့်။ ဝိပတ္တိဘဝလောကော ( ပဋိသံ။ ၁၁၇ ) တိ အပါယလောကော။ သော ဟိ အနိဋ္ဌဖလတ္တာ ဝိရူပေါ လာဘောတိ ဝိပတ္တိ၊ ဘဝတီတိ ဘဝေါ၊ ဝိပတ္တိ ဧဝ ဘဝေါ ဝိပတ္တိဘဝေါ၊ ဝိပတ္တိဘဝေါ ဧဝ လောကော ဝိပတ္တိဘဝလောကော။ ပဋိသံ။ ဋ္ဌ၊ ၂။ ၃။

ဝိပတ္တိဘာဝပုစ္ဆာ (ထီ) [ ဝိပတ္တိဘာဝ + ပုစ္ဆာ ] ဝိပတ္တိ (သီလဝိပတ္တိစသည်) ၏ အဖြစ်ကို မေးခြင်း။ " ကတိ ဝိပတ္တိယော " တိ အယံ အာပတ္တီနံ ဝိပတ္တိဘာဝပုစ္ဆာ။ ဝိ၊ ဋ္ဌ၊၄။ ၁၅၁။ ဝိပတ္တိဘာဝပုစ္ဆာတိ ဝိပတ္တိဘာဝဿ ပုစ္ဆာ။ ပါစိတ်၊ ယော။ ၅၅၇။

ဝိပတ္တိမူလ (နု) [ ဝိပတ္တိ + မူလ ] ပျက်စီးခြင်း၏အကြောင်း။ တဏှာ ဟိ နာမေသာ ဝိပတ္တိမူလာ (ဝိပတ္တိမူလံ)။ ဇာ၊ ဋ္ဌ၊ ၂။၁၉၇။

ဝိပတ္တိဝါရ (ပု) [ ဝိပတ္တိ + ဝါရ။ ပါစိတ်၊ ယော။ ၅၅၁။ ] ဝိပတ္တိဝါရ၊ ဝိပတ္တိ-ဟူသော ပုဒ်ဖြင့်မှတ်အပ်သော ဝါရ။ ဝိနယပိဋက၊ ပရိဝါရပါဠိ၊ ဘိက္ခုဝိဘင်း။ ၃-ဝါရ၊ ဝိ၊ ၅။ ၇၉၊ ၈၀။ ဝိပတ္တိဝါရော နိဋ္ဌိတော တတိယော။ ဝိ၊ ၅။ ၈၀။ (-ဝိ၊ ဋ္ဌ၊ ၄။ ၁၄၀။ သာရတ္ထ၊ ၁။ ၆၈)။

ဝိပတ္တိဝိဂတ (တိ) [ ဝိပတ္တိ + ဝိဂတ ] ဂတိဝိပတ္တိမှကင်းသော။ ဝိပတ္တိဝိဂတော သုခုမာလော။ အပ၊ ၁။ ၃၆၅။

ဝိပတ္တိဝိစာရဏာ (ထီ) [ ဝိပတ္တိ + ဝိစာရဏာ ] ဝိပတ္တိ ( သီလဝိပတ္တိစသည် ) ကို-စိစစ်-စစ်ဆေး-ခြင်း။ ဝိပတ္တိဝိစာရဏာ ဝုတ္တာယေဝ။ ကင်္ခါ။ ၂၇၇။

ဝိပတ္တိဝိရဟိတ (တိ) [ ဝိပတ္တိ + ဝိရဟိတ ] ပျက်စီးခြင်း (ဝိပတ္တိ) မှကင်းသော။ ဝိပတ္တိဝိရဟိတာနံ ကမ္မာနံ ဌာနပဘေဒဂမနတ္ထံ။ ဝိ၊ ဋ္ဌ၊ ၄။ ၂၆၀။ ဝိ၊ သင်္ဂဟ။ ၄၁၃။

ဝိပတ္တိသင်္ကမန (နု) [ ဝိပတ္တိ + သင်္ကမန ] ပျက်စီးခြင်း (ဝိပတ္တိ) တစ်ပါးသို့-ကူးပြောင်း-ပြောင်းရွှေ့-ခြင်း။ ဝိပတ္တိတော ဝိပတ္တိသင်္ကမနံ ---- ဝေဒိတဗ္ဗံ။ ဝိ၊ ဋ္ဌ၊ ၄။ ၂၁၀။

ဝိပတ္တိသင်္ကာ (ထီ) [ ဝိပတ္တိ + သင်္ကာ ] ပျက်စီးခြင်း၌-လျှဉ်းပါး-ယုံမှား-တွေးတော-ခြင်း။ နနု ခေါတိ သီမာယ ဝိပတ္တိသင်္ကာ ဘဝေယျ။ ဝိမတိ၊ ၂။ ၁၅၇။

ဝိပတ္တိသမ္ဘဝ (ပု) [ ဝိပတ္တိ + သမ္ဘဝ ] ပျက်စီးခြင်း၏အကြောင်း (အပါယ်သို့လားစေတတ်သောကံ)။ အောက်ပုဒ်ကြည့်။

ဝိပတ္တိသမ္ဘဝလောက (ပု) [ ဝိပတ္တိသမ္ဘဝ + လောက ] ပျက်စီးခြင်း၏အကြောင်းဖြစ်သော လောက (အပါယ်သို့ လားစေတတ်သောကံ)။

ဝိပတ္တိသမ္ဘဝေါ လောကော (ပဋိသံ။၁၁၇)တိ အပါယူပဂံ ကမ္မံ။ တံ ဟိ သမ္ဘဝတိ ဧတသ္မာ ဖလန္တိ သမ္ဘဝေါ၊ ဝိပတ္တိယာ သမ္ဘဝေါ ဝိပတ္တိသမ္ဘဝေါ၊ ဝိပတ္တိသမ္ဘဝေါ ဧဝ လောကော ဝိပတ္တိသမ္ဘဝလောကော။ ပဋိသံ၊ ဋ္ဌ၊ ၂။ ၃။

ဝိပတ္တိသီမာ (ထီ) | ဝိပတ္တိ + သီမာ | (ကံတို့၏) ပျက်စီးကြောင်းဖြစ်သော သိမ်၊ ဝိပတ္တိသိမ်၊ သိမ်ပျက်။ ဣမာ ဟိ "ဧကာဒသဟိ အာကာရေဟိ သီမတော ကမ္မာနိ ဝိပဇ္ဇန္တိ" တိ ဝစနတော ဧကာဒသ ဝိပတ္တိသီမာယော နာမ။ ကင်္ခါ။ ၈၇။ (-ဝိ၊ သင်္ဂဟ။ ၁၇၈)။

( ဝိပတ္တိသိမ်တို့သည်-- (၁) အလွန်ငယ်လွန်းသောသိမ် (၂) အလွန်ကြီးလွန်းသောသိမ် (၃) ကျိုးသောနိမိတ်ရှိသောသိမ် (၄) အရိပ်လျှင် နိမိတ်ရှိသောသိမ် (၅) နိမိတ်မရှိသောသိမ် (၆) သိမ်၏အပ၌တည်လျက်သမုတ်အပ်သောသိမ် (၇) မြစ်၌သမုတ်အပ်သောသိမ် (၈) သမုဒ္ဒရာ၌ သမုတ်အပ်သောသိမ် (၉) ဇာတဿရအိုင်၌ သမုတ်အပ်သောသိမ် (၁၀) သိမ်အချင်းချင်းဆက်စပ်သဖြင့် သမုတ်အပ်သောသိမ် (၁၁) သိမ်အချင်းချင်းလွှမ်းမိုးသဖြင့် သမုတ်အပ်သောသိမ် ဟူ၍ ၁၁ - မျိုး = ၁၁ - လုံးရှိကုန်၏။ ဝိ၊ ၅။ ၃၈၁။ ကင်္ခါ။ ၈၇။ ဝိ၊ သင်္ဂဟ။၁၇၈။)

ဝိပတ္တိသီမာလက္ခဏ (န) | ဝိပတ္တိသီမာ + လက္ခဏ | ဝိပတ္တိသိမ် - သိမ်ပျက် - ၏ လက္ခဏာ။ ပုဗ္ဗေ ဝုတ္တံ ဝိပတ္တိသီမာလက္ခဏံ သမတိက္ကန္တာယ -------- အကုပ္ပံ ဟောတိ။ ကင်္ခါ။ ၁၀၆။

ဝိပတ္တိသုတ္တ (န) | ဝိပတ္တိ + သုတ္တ | ဝိပတ္တိသုတ်။ အင်္ဂုတ္တရနိကာယ၊ သတ္တကနိပါတပါဠိ၊ ၃-ဝဂ်၊ ၁၀-သုတ်။ အံ၊ ၂။ ၄၁၇။

ဝိပတ္တိဟေတု (ပု) | ဝိပတ္တိ + ဟေတု | ပျက်စီးခြင်း၏အကြောင်း။ ပရာဇိကာယ သတ္တာ ဝိပတ္တိဟေတုတာယ သာသနဿ အနိယျာနဘာဝေါ။ မ၊ ဋီ၊ ၂။ ၅။

ဝိပတျန္တ (တိ) | ဝိပတ္တိ + အန္တ | ဝိပတ္တိပရိယောသာန-ကြည့်။ သမ္ပတ္တိ စ ဝိပတျန္တာ (ထေရ။ ၃၀၄) တိ ယာ ဧတ္ထ သမ္ပတ္တိ၊ သာ ဝိပတ္တိပရိယောသာနာ။ ထေရ၊ ဋ္ဌ၊ ၂။ ၂၀၁။

ဝိပထ (ပု) | ဝိ + ပထ။ (ပု၊ န) ဝိပထ-သံ။ | (၁) လမ်းခရီးမဟုတ်၊ လမ်းဘေး၊ လမ်းအနီး။ (၂) ဆန့်ကျင်-ဖောက်ပြန်-မညီညွတ်-သော လမ်းခရီး၊ လမ်းလွဲ၊ လမ်းမှား-- (က) အကုသိုလ်ကမ္မပထတရား ၁၀-ပါး။(ခ) မိစ္ဆာအယူ။ (၁) ဝိပထေ ( ဝိမာန။ ၇၀ ) တိ အပထေ၊ မဂ္ဂတော အပက္ကမိတွာတိ အတ္ထော။ ဝိမာန၊ ဋ္ဌ။ ၁၉၆။ (၂) (က) ဒသ အကုသလကမ္မပထာ သုဂတိဂမနပဋိပက္ခတ္တာ အပါယဂမနပထတ္တာ ဝိပထံ။ မဟာနိ၊ ဋ္ဌ။ ၃၇၂။ (ခ) အောက်ပုဒ်ကြည့်။

ဝိပထပက္ခန္ဒ (တိ) | ဝိပထ + ပက္ခန္ဒ | ဖောက်ပြန်-မညီညွတ်-သော ခရီး (မိစ္ဆာအယူ) သို့-ပြေးဝင်-ပြေးသွား-သော၊သူ။ ဝိပထပက္ခန္ဒော (ပဋိသံ။ ၁၂၄) တိ ဝိပရီတော, ဝိသမော ဝါ ပထော ဝိပထော၊ တံ ဝိပထံ ပက္ခန္ဒော ပဝိဋ္ဌော ပဋိပန္နောတိ ဝိပထပက္ခန္ဒော၊ မိစ္ဆာပထသင်္ခါတံ မိစ္ဆာဒိဋ္ဌိံ ပဋိပန္နောတိ အတ္ထော။ ပဋိသံ၊ ဋ္ဌ၊ ၂။ ၂၁။

ဝိပထာနုသာရီ (တိ) | ဝိပထ + အနုသာရီ။ ထီ - ၌ ဝိပထာနုသာရိနီ။ | ခရီးမှား-လမ်းမှား-ကို- အစဉ်လျှောက်- သွား- လေ့ရှိသော၊ သူ။ ပညာယ ဆေတွာ ဝိပထာနုသာရိန ( ထေရ။ ၃၆၁ ) န္တိ ဥပ္ပထဂါမိနံ

အာယတနသမုဒယံ ယာထာဝတော ဒိသွာ။ ထေရ၊ ဋ္ဌ၊ ၂။ ၄၇၈။

ဝိပန္ထ (ပု) [ဝိ + ပန္ထ] ဖောက်ပြန်-မညီ မညွတ်-သောလမ်း ခရီး၊ လမ်းလွဲ၊လမ်းမှား။

ဝိပန္ထပဋိပန္န (တိ) [ဝိပန္ထ + ပဋိပန္န] ဖောက်ပြန်- မညီမညွတ်-သော လမ်းခရီးကို-သွား-ရောက်-သော၊ သူ။ ဝိပန္ထပဋိပန္နံ ဒေဝဒတ္တံ ပန္ထေ ပဋိပါဒေသိ။ မိလိန္ဒ၊ ၁၁၈။

ဝိပန္န[၁] (တိ) [ဝိ + ပဒ + တ။ နိရုတ္တိ။ ၅၀၂-နှာ။ ဝိနာသံ ဝိကာရံ ဝါ ပဇ္ဇတီတိ ဝိပန္နံ။ ပါစိတ်၊ ယော။ ၆၁၇။ ဝိပန္န - သံ၊ ဝိဝဏ္ဏ၊ ဝိဝန္န-ပြာ၊ အဒ္ဓမာဂဓီ။] (၁) ပျက်စီး-ပျက်စီးခြင်းသို့ရောက်-သော။ (၂) (က) ဖောက်ပြန်-ဖောက်ပြန်ခြင်းသို့ရောက်-သော။ (ခ) ဖောက်ပြန်-ပုပ်သိုး-သော။ (၃) ဖောက်ပြန်-ချို့တဲ့ - မပြည့်စုံ - သော။ (၄) ကင်းသော။ (၅) ပျက်စီးရာ (ကာလ)။ (၆) လွတ်-ကင်း-မေ့ပျောက်-သော။ (၁) ပျက်စီး - ပျက်စီးခြင်းသို့ရောက် - သော။ ဒိဋ္ဌိဝိပန္နော (ပဋိသံ။ ၁၃၄) တိ ဝိပန္နာ ဝိနဋ္ဌာ သမ္မာဒိဋ္ဌိ အဿာတိ ဒိဋ္ဌိဝိပန္နော၊ ဝိပန္နဒိဋ္ဌီတိ ဝုတ္တံ ဟောတိ။ မိစ္ဆာဒိဋ္ဌိယာ ဝါ ဝိပန္နော ဝိနဋ္ဌောတိ ဒိဋ္ဌိဝိပန္နော။ ပဋိသံ၊ ဋ္ဌ၊ ၂။ ၄၇။ (၂) (က) ဖောက်ပြန် - ဖောက်ပြန်ခြင်းသို့ရောက်-သော။ ယံ တထာဂတဿ ------ အပ္ပဋိသမဿ ဆဝကံ လာမကံ ပရိတ္တံ ပါပံ အနရိယံ ဝိပန္နံ မာရော လာဘန္တရာယမကာသိ။ မိလိန္ဒ။ ၁၅၇။ ဝိရူပဘာဝံ ပန္နာ ဂတာ ဒိဋ္ဌိ ဧတေသန္တိ ဝိပန္နဒိဋ္ဌိ။ ပဋိသံ၊ ဋ္ဌ၊ ၂။ ၆၅။ (ခ) ဖောက်ပြန်- ပုပ်သိုး -သော။ ဝိပန္နစိတ္တ (၁) အနက်ကြည့်။ (၃) ဖောက်ပြန်-ချို့တဲ့-မပြည်စုံ-သော။ န ဗြာဟ္မဏ ဝိပန္နေ ဒေါမနဿံ သမ္ပန္နေ စ သောမနဿံ ကာတဗ္ဗံ။ သုတ္တနိ၊ ဋ္ဌ၊ ၂။ ၂၂၉။ (၄) ကင်းသော။ ဥဘယဝိပန္နာတိ ဥဘယေဟိ ဒေသနာပမာဏေဟိ ဝိပန္နာ ဝိရဟိတာ ဥဘယဝိပန္နာ။ ကင်္ခါ၊ ဋီ၊ သစ်။ ၂၄၀။ (၅) ပျက်စီးရာ (ကာလ)။ ဝိပန္နကာလ-ကြည့်။ (၆) လွတ် - ကင်း - မေ့ပျောက် - သော။ ဝိပန္နသတိ-ကြည့်။

ဝိပန္န[၂] (တိ) [ဝိ + ပဒ + ဏေ + တ] ဖောက်ပြန်စေအပ်-ပုပ်သိုး-သော။ ဝိပန္နစိတ္တ (၂) အနက်ကြည့်။

ဝိပန္နကာလ (ပု) [ဝိပန္န[၁] + ကာလ] ပျက်စီးရာဖြစ်သော -အချိန် -အခါ-ကာလ။ ကာလဝိပတ္တိ ( အဘိ၊ ဝိ။ ၃၅၁) တိ ဒုရာဇ-ဒုမနုဿကာလသင်္ခါတော ဝိပန္နကာလော။ အဘိ၊ ဋ္ဌ၊ ၂။ ၄၂၁။ အံ၊ ဋီ၊ ၂။ ၁၀၆။

ဝိပန္နဂတိ (တိ) [ဝိပန္န[၁] + ဂတိ] ဖောက်ပြန်-ပျက်စီး -မပြည့်စုံသော -ဂတိ (အပါယ် လေးဘုံ)။ ဂတိဝိပတ္တီတိ ဝိပန္နဂတိ စတ္တာရော အပါယာ။ အံ၊ ဋီ၊ ၂။ ၁၀၆။

ဝိပန္နဂဟဏိက (တိ) [ဝိပန္န[၁] + ဂဟဏီ။ သမာသန္တေ ကော။] ဖောက်ပြန်-ပျက်စီးသော ဝမ်းမီး (ပါစကတေဇောဓာတ်) ရှိသော၊ သူ။ ဒုဋ္ဌဂဟဏိကော (ဝိ၊ ၃။ ၂၉၉)တိ ဝိပန္နဂဟဏိကော၊ ကိစ္ဆေန ဥစ္စာရော နိက္ခမတီတိ အတ္ထော။ ဝိ၊ ဋ္ဌ၊ ၃။ ၃၇၄။

ဝိပန္နစိတ္တ (တိ) [ဝိပန္န + စိတ္တ] (၁) ဖောက်ပြန် - ပုပ်သိုး - သော စိတ်ရှိသော၊ သူ။ (၂) ဖောက်ပြန်စေအပ် - ပုပ်သိုး - ပုပ်ရိ -သော စိတ်ရှိသော၊ သူ။ (၁) ဗျာပန္နစိတ္တာတိ ပကတိဘာဝဝိဇဟနေန ဝိပန္နစိတ္တာ။ ကိလေသာနုဂတဉ္စိ စိတ္တံ ပကတိဘာဝံ

ဝိဇဟတိ၊ ပုရာဏဘာတ္တဖျဥ္စနံ ဝိယ ပူတိကံ ဟောတိ။ မ၊ ဋ္ဌ၊ ၁။ ၁၁၉။ ဝိပန္နစိတ္တာတိ ကိလေသာသုစိဒူသိတတာယ ကုထိတ-စိတ္တာ။ မ၊ ဋီ၊ ၁။ ၂၁၄။ (၂) ဝိပန္နစိတ္တော (မ၊ ဋ္ဌ၊ ၂။ ၂၃၂) တိ ဗျာပါဒေန ဝိပတ္တိံ အာပါဒိတစိတ္တော။ မ၊ ဋီ၊ ၂။ ၂၅၀။

ဝိပန္နဇ္ဈာသယ (တိ) [ ဝိပန္န² + အဇ္ဈာသယ ] ဖောက်ပြန် - ပျက်စီး - သော အလိုရှိသော။ ဝိပန္နဇ္ဈာသယောပိ မာယာယ သာဌေယျေန စ ပဋိစ္ဆာဒိတသဘာဝေါ။ နေတ္တိ၊ ဋ္ဌ။ ၁၂၄။

ဝိပန္နဉာဏ (တိ) [ ဝိပန္န² + ဉာဏ ] ဖောက်ပြန်-ပျက်စီး-ချို့တဲ့-သော-အသိ-ဉာဏ်-ရှိသော၊ အသိဉာဏ် - ဖောက်ပြန် - ပျက်စီး-သော။ တံ ပုဂ္ဂလံ ဝိပန္နဉာဏတာယ ------ ရာဂနိဿိတာ သက်ပ္ပါ ဝဟန္တီတိ အတ္ထော။ ဓမ္မ၊ ဋ္ဌ၊ ၂။ ၃၃၃။

ဝိပန္နဋ္ဌ¹ (တိ) [ ဝိ + ပ + နသ + ဏော + တ။ ဝိပ္ပနဋ္ဌ ဝိပြနပ - သံ၊ ဝိပ္ပကဋ္ဌ - ပြာ၊ အဒ္ဓမာဂဓီ။ ] အထူးအထူး အပြားပြား အားဖြင့် -ပျက်စီးစေ -ဖျက်ဆီး -အပ်သော။ ဝိပန္နဋ္ဌာ (ဝိပ္ပနဋ္ဌ-ဒီ၊ ဋ္ဌ၊၁။၁၁၆) တိ ဝိဝိဓေန နာသိတာ။ သီ၊ ဋီ၊ သစ်၊၁။ ၄၆၈။

ဝိပန္နဋ္ဌ² (တိ) [ ဝိ + ပ + နသ + တ။ ဝိပ္ပနဋ္ဌ။ တစ်နည်း- ဝိပန္န + ဋ္ဌ။ မအူ၊ သျှ။ ၃။၄၁၃။] (၁) ပျောက်ကွယ်သော။ (၂) ပျက်စီးသော။ အောက်ပုဒ်ကြည့်။

ဝိပန္နဋ္ဌနာဝါ (ထီ) [ ဝိပန္နဋ္ဌာ + နာဝါ။ ဝိပ္ပနဋ္ဌနာဝါ။ ] (၁) ပျောက်ကွယ်သောလှေ။ (၂) ပျက်စီးသောလှေ။ (၁) (၂) ဝိပန္နဋ္ဌနာဝါ ( ဝိပ္ပနဋ္ဌာ နာဝါ- ဝိ၊ ဋ္ဌ၊ ၁။ ၂၈၉ ) တိ ဝိသမဝါတေဟိ ဒေသန္တရံ ပလာတာ, ဘိဇ္ဇိတွာ ဝါ ဝိနာသံ ပတွာ ဥဒကေ နိမုဇ္ဇိတွာ ----- အပရိစ္စတ္တာလယာ ဝုစ္စတိ။ ဝိမတိ၊ ၁။ ၁၈၀။ (-သာရတ္ထ၊ ၂။ ၁၄၁)။

ဝိပန္နဒိဋ္ဌိ (တိ) [ ဝိပန္န² + ဒိဋ္ဌိ ] (၁) ဖောက်ပြန်ခြင်းသို့ရောက် -ဖောက်ပြန် -သော မိစ္ဆာအယူရှိသော၊ သူ။ (၂) ပျက်စီးသော သမ္မာအယူရှိသော၊ သူ။ (ထီ) (၃) ဖောက်ပြန်ခြင်းသို့ရောက် - ဖောက်ပြန် - သော မိစ္ဆာအယူ။ (၁) (၂) ဝိပန္နဒိဋ္ဌိ ( သုတ္တနိ။ ၂၉၈ ) တိ ဝိနဋ္ဌသမ္မာဒိဋ္ဌိ၊ ဝိပန္နာယ ဝါ ဝိရူပံ ဂတာယ ဒသဝတ္ထုကာယ မိစ္ဆာဒိဋ္ဌိယာ သမန္နာဂတော။ သုတ္တနိ၊ ဋ္ဌ၊ ၁။ ၁၅၉။ (-ပဋိသံ။ ၁၅၉။ ပဋိသံ၊ ဋ္ဌ၊ ၂။ ၆၅)။ (ထီ) (၃) တိဿန္နံ ဝိပန္နဒိဋ္ဌီနံ ဝိဘာဂဉ္စ ------ ပဋိတွာ ဝိဿဇ္ဇနံ ကတံ။ ပဋိသံ၊ ဋ္ဌ၊ ၂။ ၆၆။

ဝိပန္နဒိဋ္ဌိက (တိ) [ ဝိပန္န² + ဒိဋ္ဌိ။ သမာသန္တေ ကော။ ] ဝိပန္နဒိဋ္ဌိ - ကြည့်။ ပုတ္တကာ နော ဝိပန္နဒိဋ္ဌိကာ ဇာတာ။ ဓမ္မ၊ ဋ္ဌ၊၂။ ၃၀၇။

ဝိပန္နသီလ (တိ) [ ဝိပန္န² + သီလ ] ကျိုးပျက်-ပျက်စီး - သော သီလရှိသော၊ သီလ - ကျိုးပျက် - ပျက်စီး - သော၊ သူ။ ဝိပန္နသီလော (ထေရ၊ ၃၄၂) တိ ဘိန္နသီလော။ ထေရ၊ ဋ္ဌ၊ ၂။ ၃၆၇။ (-ဒီ၊ ဋ္ဌ၊ ၂။ ၁၂၈။ အံ၊ ဋ္ဌ၊ ၃။ ၇၉)။

ဝိပန္နသောဘ (တိ) [ ဝိပန္န² + သောဘ ] ပျက်စီးသော တင့်တယ်ခြင်းရှိသော၊ တင့်တယ်မှု-မရှိ-ကင်း-သော၊ သူ။ ဗုဒ္ဓုပ္ပါဒေန ပန ဝိသေသတော ဝိပန္နသောဘာ။ ဥဒါန၊ ဋ္ဌ။ ၉၉။

ဝိပန္နသတိ (တိ) [ ဝိပန္န² + သတိ ] လွတ်-ကင်း-မေ့ပျောက်-သော သတိရှိသော၊ သူ။ ဝိပန္နသတိ (မ၊ ဋ္ဌ၊ ၁။ ၁၄၇) တိ မုဋ္ဌသတိ။ မ၊ ဋီ၊ ၁။၂ ၄၈။

**ဝိပန္နာကာရ** (ပု) ‌‌| ဝိပန္န + အာကာရ | (၁) ဖောက်ပြန်-ချို့တဲ့-မပြည့်စုံ-သောအခြင်းအရာ။ (၂) ပျက်စီးသော အခြင်းအရာ။ (၁) အတ္တဝိပတ္တိ (အံ။ ၃။ ၉) န္တိ အတ္တနော ဝိပတ္တိံ ဝိပန္နာကာရံ။ အံ၊ ဋ္ဌ၊ ၃။ ၁၉၆။ (၂) သီလဝိပတ္တိ (အံ၊ ၁။ ၂၇၁) တိ သီလဿ ဝိပန္နာကာရော။ အံ၊ ဋ္ဌ၊ ၂။ ၂၃၄။

**ဝိပန္နာစာရဒိဋ္ဌိ** (တိ) | ဝိပန္န + အာစာရ + ဒိဋ္ဌိ | ပျက်စီးသောအကျင့်, ပျက်စီးသော အယူရှိသော။ ဝိပန္နာစာရဒိဋ္ဌိတာယ ပကာသနီယကမ္မကရဏတော ------- ဝိသုံ ဘူတော။ မ၊ ဋီ၊ ၂။ ၁၇၇။

**ဝိပန္နောပသမ္ပဒ** (တိ) | ဝိပန္နာ + ဥပသမ္ပဒါ | ပျက်စီးသော ရဟန်းပဥ္စင်းအဖြစ်ရှိသော၊ ရဟန်း ပဥ္စင်းမဖြစ်သော၊ သူ။ ဝတ္ထာဒိ- ဒေါသေန ဝိပန္နောပသမ္ပဒေါ ဝါ သံယံ ဘိန္နတ္တောပိ အနန္တရိယံ န ဖုသတိ။ ဝိမတိ၊ ၂။ ၁၂၄။

**ဝိပရက္ကမ္မ** (ကြိ၊ ဝိ) | ဝိ + ပရာ + ကမု + တွာ။ ဝိပရိကြမျ - သံ။ | အလွန်အားထုတ်၍။ ဝိပရက္ကမ္မာ ( သုတ္တနိ။ ၃၄၁ ) တိ အတိဝ ပရက္ကမိတွာ။ သုတ္တနိ၊ ဋ္ဌ၊ ၂။ ၁၁၄။

**ဝိပရာမောသ** (ပု) | (၁) ဝိ + ပရိ + အာ (ဝိ + ပရာ) + မုသ + ဏ။ (၂) ဝိ + ပရိ + အာ + မုသ + ဏေ + ဏ။ ဝိပရာမုသက္က- ကြိယာပုဒ်။ ပြာ-အဒ္ဓမာဂဓီ။ | (၁) ဆီးနှင်း, ချုံစသည်တို့ဖြင့် ဖုံးကွယ်၍ (ခရီးသွားသူကို) လုယက်ခြင်း၊ ဓားပြတိုက်ခြင်း။ (၂) (က) အထူးအားဖြင့် ထက်ဝန်းကျင်မှ ပြင်းစွာတွေ့ ဝေစေခြင်း။ (ခ) ခိုးယူခြင်း။ (၁) ဝိပရာ- မောသော(ဒီ၊၁။၅) တိ ဟိမဝိပရာမောသော ဂုမ္ဗဝိပရာမောသောတိ ဒုဝိဓော။ ယံ ဟိမပါတသမယေ ဟိမေန ပဋိစ္ဆန္နာ ဟုတွာ မဂ္ဂပဋိပန္နံ ဇနံ မုသန္တိ၊ အယံ ဟိမဝိပရာ- မောသော။ ယံ ဂုမ္ဗာဒီဟိ ပဋိစ္ဆန္နာ မုသန္တိ၊ အယံ ဂုမ္ဗဝိပရာမောသော။ ဒီ၊ ဋ္ဌ၊ ၁။ ၇၈။ မ၊ ဋ္ဌ၊ ၂။ ၁၁၅။ သံ၊ ဋ္ဌ၊ ၃။ ၃၃၉။ အံ၊ ဋ္ဌ၊ ၂။ ၃၇၉။ အဘိ၊ ဋ္ဌ၊ ၃။ ၉၁။ (၂) (က) (ခ) ဝိပရာ- မောသော (ဒီ၊ ဋ္ဌ၊ ၁။ ၇၈) တိ ဝိသေသေန သမန္တတော ဘုသံ မောသာပနံ မုယှနကရဏံ၊ ထေနနံ ဝါ။ သီ၊ ဋီ၊ သစ်၊ ၁။ ၃၅၄။

**ဝိပရာဝတ္တ**[1] (တိ) | ဝိ + ပရာ + ဝတု + အ (တ)။ | (၁) (က) ဖောက်ပြန်-ဖောက်ပြန်၍ တည်-သော။ (ခ) ဆုတ်နစ်သော။ (၂) တုံ့ ပြန်သော။ (၁) (က) အမိစိတ္တံ တေ ဝိပရာဝတ္တ ( ဒီ၊ ၁။ ၆၃။ မ၊ ၂။ ၁၉၆ ) န္တိ ---- တံ မယှံ ဧကဝစနေနေဝ ဝိပရိဝတ္တိတွာ ဋ္ဌိတံ။ ဒီ၊ ဋ္ဌ၊ ၁။ ၈၆။ မ၊ ဋ္ဌ၊ ၃။ ၁၆၄။ (ခ) အမိစိတ္တံ တေ ဝိပရာဝတ္တ (ဒီ၊ ၃။ ၉၇။ မ၊ ၃။ ၃၂) န္တိ ယံ တဝ အမိစိတ္တံ စိရကာ- လာသေဝနဝသေန ပဂုဏံ၊ တံ မမ ဝါဒံ အာဂမ္မ နိဝတ္တံ။ ဒီ၊ ဋ္ဌ၊ ၃။ ၈၉။ မ၊ ဋ္ဌ၊ ၄။ ၂၁။ (၂) ဝိပရာဝတ္တမန္တနပညာ-ကြည့်။

**ဝိပရာဝတ္တ**[2] (တိ) | ဝိ + ပရာ + ဝတု + ဏေ+ အ (တ) | ဖောက်ပြန်စေ - ဖျက်ဆီး - အပ်သော။ ဝိပရာဝတ္တ (ဒီ၊ ၃။ ၉၇။ မ၊ ၃။ ၃၂)န္တိ ဝိရောဓဒဿနဝသေန ပရာဝတ္တိတံ၊ ပရာဝတ္တံ ဒူသိတန္တိ အတ္ထော။ ဒီ၊ ဋီ၊ ၃။ ၈၇။ မ၊ ဋီ၊ ၃။ ၂၄၁။

**ဝိပရာဝတ္တမန္တနပညာ** (ထီ) | ဝိပရာဝတ္တ + မန္တန + ပညာ | တုံ့ပြန်-ပြန်လှန်-၍-တိုင်ပင်- ပြောဆိုနိုင်-သောပညာ။ ပဋိမန္တနပညာယာ (မ၊ ဋ္ဌ၊ ၃။ ၆၉) တိ သဗ္ဗပရပ္ပဝါဒါနံ ဝိပရာ- ဝတ္တမန္တနပညာယ။ မ၊ ဋီ၊ ၃။ ၄၂။

ဝိပရာဝတ္တိ (ထီ) [ ဝိ + ပရာ + ဝတု + တိ ] ဖောက်ပြန်ခြင်း။ ပုဗ္ဗပုဗ္ဗနပစ္စယဝိပတ္တိ (ပစ္စုပ္ပန္နပစ္စယဝိပတ္တိ။ အံ၊ ဋ္ဌ၊ ၂။ ၃၂၂ ) တိ ပဌမပုဗ္ဗနပစ္စယဝသေန ဝိပရာဝတ္တိ။ အံ၊ ဋီ၊ ၂။ ၃၁၇။

ဝိပရိဏတ (တိ) [ ဝိ + ပရိ + နမု + တ။ ဝိပရိဏတ-သံ၊ ဝိပရိဏယ-ပြာ၊အဒ္ဓမာဂဓီ။ ] (၁) (က) ဖောက်ပြန်သော။ (ခ) ပျက်စီးသော။ (၂) ဖောက်ပြန်၍လည်သော၊ ဖောက်ပြန်သော အခြင်းအရာအားဖြင့် လည်၍တည်သော။ (၃) သဘောမှကင်းသော။ (၁) (က) ဝိပရိဏတေနာ (ဝိ၊ ၁။ ၁၇၃) တိ ပရိသုဒ္ဓဘဝင်္ဂသန္တတိသင်္ခါတံ ပကတိံ ဝိဇဟိတွာ အညထာ ပဝတ္တေန။ ဝိ၊ ဋ္ဌ၊ ၂။ ၁၂ဝ။ ကင်္ခါ။ ၁၂၈။ (ခ) ဝိပရိဏတ (သံ၊ ၂။ ၅၉) န္တိ ဝိပရိဏာမံ ဂတံ ဝိနဋ္ဌံ။ သံ၊ ဋ္ဌ၊ ၂။ ၂၅၇။ ဝိပရိဏတ (မ၊ဋ္ဌ၊၄။၁၉၁) န္တိ အညထတ္တံ ဂတံ ဝိနဋ္ဌံ။ မ၊ ဋီ၊ ၃။ ၃၈၉။ (၂) ဝိပရိဏတေနာ (ဝိ၊ ၁။ ၁၇၃) န္တိ ------ ဝိရူပံ ဝါ ပရိဏတေန ဝိရူပံ ပရိဝတ္တေန၊ ယထာ ပရိဝတ္တမာနံ ဝိရူပံ ဟောတိ၊ ဧဝံ ပရိဝတ္တိတွာ ဋ္ဌိတေနာတိ အဓိပ္ပါယော။ ဝိ၊ ဋ္ဌ၊ ၂။ ၁၂ဝ။ ကင်္ခါ။ ၁၂၈။ (၃) ဝိပရိဏတ ( ဒီ၊ ဋ္ဌ၊ ၂။ ၃၁၆။ ဝိသုဒ္ဓိ၊ ၁။ ၃၁၂ ) န္တိ သဘာဝဝိဂမေန ဝိဂတံ။ ဒီ၊ ဋီ၊ ၂။ ၂၆၃။ ဝိသုဒ္ဓိ၊ ဋီ၊ ၁။ ၃၈၁။ (-ဒီ၊ ဋီ၊ ၂။ ၂ဝ၂)။

ဝိပရိဏတစိတ္တ (တိ) [ ဝိပရိဏတ + စိတ္တ ] ဖောက်ပြန်သောစိတ်ရှိသော၊ သူ။ တတိယေ ဩတိဏ္ဏတာ စ ဝိပရိဏတစိတ္တတာ စ ဒုဋ္ဌုလ္လဝါစဿာဒရာဂဝသေန ဝေဒိတဗ္ဗာ။ ကင်္ခါ။ ၁၂၉။

